
www.burmeseclassic.com

တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့သော
မြန်မာစုံထောက်ဝတ္ထုကောင်းများအစီအစဉ်



BURMESE CLASSIC

မိုးဝေ

# တင်မောင်ဆွေ နှင့် ပဒေသရာဇ်ရန်ရွယ်

www.burmeseclassic.com

www.burmeseclassic.com

အလွတ်စုံထောက်တင်မောင်ဆွေပါဝင်သော
ဆရာ မိုးဝေ၏ လက်ရာမြောက်
သည်းထိတ်ဖိုဝတ္ထုအား
ပြန်လည်တင်ဆက်ခြင်း၊




တင်မောင်ဆွေနှင့် ပဒေသရာဇ်ရန်စွယ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၉၉၈/၂၀၀၄(၉) နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၈၆၀၅၀၅ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၅ ခု၊ ဇူလိုင်လတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်၊

စာအုပ်ချုပ် - ကိုမြင့်

www.burmeseclassic.com

"တင်မောင်ဆွေကို ကျုပ်ဟာ လူအားဖြင့် မမုန်းပါဘူး။ ခုနက ပြောသလိုပဲ သူ့သတ္တိနဲ့ သူ့အရည်အချင်းတွေကို ကျုပ်က သဘောတောင်ကျမိပါသေးတယ်၊ ဒါပေမဲ့ ဒီသတ္တိ ဒီအရည်အချင်းတွေနဲ့ သူဟာ ကျုပ်တို့အကြံအစည်တွေကို လိုက်ဖျက်နေလေတော့ သူဟာ ကျုပ်တို့ရဲ့ အကြီးမားဆုံးသော ဆူးငြောင့်ခလုတ်ကြီး တစ်ခု ဖြစ်လာရတော့တာပဲ။ ဒီတော့ကာ...ဒီဆူးငြောင့်ခလုတ်ကြီးကို အမြန်ဆုံး ဖယ်ရှားပစ်ဖို့က ကျုပ်တို့အတွက် အရေးကြီးလာရပြီလေ"

(မင်းသားကြီး ဝဏ္ဏချွန်ဒရာ)

www.burmeseclassic.com

www.burmeseclassic.com

"စာနယ်မာလာကို မြောက်ပိုင်းသားတွေက တမင်သက်သက် နှိုးပြေးသွားကြတာလို့ ဇီဝရာနန်ကို အထင်ရောက်စေပြီး မြောက်ပိုင်းကို စစ်တိုက်ခိုင်းစေချင်လို့ မဟုတ်လား ဂျင်မီ။ ဒီတော့ တို့က ဇီဝရာနန်ကို ဒီခေါ်လာပြီး ဒေါက်တာဟိုးရဲ့အကြံပက်စက်ပုံကို အားလုံးလက်တွေ့ဖော်ပြလိုက်ရင်၊ ဇီဝရာနန်ဟာ ဒေါက်တာဟိုးရဲ့ စစ်မီးမွှေးဖို့ အကြံအစည်မှာ ဘယ်တော့မှ ပါမှာမဟုတ်ဘူးလို့ ငါ ထင်တယ်။ သူဟာ မြောက်ပိုင်းသားအုပ်စုနဲ့ စစ်တိုက်ခိုက်ရဖို့ကို စဉ်းစားတော့မှာ မဟုတ်ဘူး..."

(အလွတ်စုံထောက် တင်မောင်ဆွေ)

"ကဲ... လူကြီးမင်း ဇီဝရာနန်...

ကျုပ်ကို သူက ပစ်သတ်ပြီးတဲ့နောက်၊ သူက ခင်ဗျားကိုလည်း ပစ်သတ်ချင်မှာပဲ။ ဒီတော့ သူ့ရည်ရွယ်ချက်က ဘယ်လိုဆိုတာကို ခင်ဗျားကော ကျုပ်ကော သိရတော့မှာ မဟုတ်ပါဘူး။ တကယ်တော့ ခင်ဗျား ဇနီးလောင်းဟာ ပျောက်နေတယ်ဆိုရင်၊ သူ့ကိုဖမ်းခေါ်သွားတဲ့လူတွေဟာ သူနဲ့ သူ့အပေါင်းအသင်းတွေသာ ဖြစ်မှာပါ...။ သူတို့က ကျုပ်အပေါ် ဘာဖြစ်လို့ အပြစ် ပုံချချင်တယ်ဆိုတာကိုတော့ ကျုပ်လည်း မစဉ်းစားတတ်တော့ဘူး"

(ဒေါက်တာ ဖိုး)

www.burmeseclassic.com

www.burmeseclassic.com

"ကိုတင်မောင်ဆွေ··· ရှင်ဟာ ရုပ်မင်းတစ်ယောက် မဟုတ်ပေမဲ့၊ လေးစားအပ်တဲ့ သာမန်လူစား တစ်ယောက်ပါပဲ။ ရှင့်လိုလူစားတွေ ကမ္ဘာမှာ များများရှိနေရင် ကမ္ဘာပေါ်မှာ မတရားအနိုင်ကျင့်မှုဆိုတာဟာ ပျောက်ကွယ်သွားတော့မှာပဲ···"

(စောနမာလာ)

- ၁ -

## တင်မောင်ဆွေ လမ်းလျှောက်သီချင်းဆိုခြင်း

(က)

ကြည်နူးဖွယ်ရာ လသာသာ ညရိပ်မြုံထဲတွင် တင်မောင်ဆွေ၏ ရွှင်မြူးဖွယ်ရာ တေးချင်းသံက ကျယ်လောင်လှစွာ ပျံ့လွင့်ထွက်ပေါ်လာသည်။

*ထီးတရွှန်းနှိုက်ဆောင်၊ ညောင်ပန်လှ ခွန်နှိုက်ရပ်။ လနှင့်နီးအတူထွက်၊ အပျော့ ဘက်သမလေ။ သနိုင်လှပေါ်ချိုင်၊ သနိုင်ပေါ်ခိုက်၊ ကျားကိုလေမတွီ။ မြွေကိုလည်းမကရောက်၊ ညသန်းခေါင် မောင်းမောင်ဓာကိုက်စ၊ ကိုက်စ ကိုက်စ၊ မျိုက်ကိုက်စ။ တပွန့်ယန်၊ မန်ဥျမ်ရို့ စိတ်မပဟီပါ။ နိုက်ပွန့်ယန် မန်ဥျမ်ရို့ စိတ်မပဟီပါ။ ကျောင်းနားက ကညန်ယန်လို၊ အန့်ဆိုးလို့။*



www.burmeseclassic.com

www.burmeseclassic.com



*တပွန့်ပန် မန်ရွှမ်ချိုက်ချိုက် မဟုတ်လား…။*
*နိုက်ပွန့်ပန် မန်ရွှမ်ချိုက်ချိုက် မဟုတ်လား။*
*မယုံကေမောင်းကာ အောက်စမ်းကြမလား။*

'ဟော့လူ… ဟော့လူ… သိပ်ဆူဆူညံညံလုပ်မနေနဲ့လေဗျာ…'

တရားဥပဒေ၏ လက်ရုံးရဲတပ်ကြပ်သားကြီးက လမ်းလျှောက် သီချင်းဆိုလာသော တင်မောင်ဆွေအား ဟန့်တားလိုက်ခြင်း ဖြစ်သည်။

တင်မောင်ဆွေက သီချင်းဆိုရပ်လိုက်ပြီး ရဲတပ်သားကြီးဘက်သို့ ပြုံးချိုသောမျက်နှာဖြင့် လှည့်ကြည့်လိုက်သည်။

'ကောင်းသောညပါခင်ဗျာ… အမှန်တော့ သန်းခေါင်ကျော်နေပြီမို့ ကောင်းသော နံနက်ခင်းလို့ နှုတ်ဆက်ရမယ်ထင်ပါရဲ့…'

တင်မောင်ဆွေက ယဉ်ကျေးသိမ်မွေ့လှစွာ နှုတ်ဆက်လိုက်ရာ ဥပဒေ၏ လက်ရုံးကြီးခမျာသည် အနည်းငယ်တော့ အူကြောင်ကြောင် ဖြစ်သွားရှာလေသည်။

'ခင်ဗျားက ဘာလုပ်နေတာလဲ…'

'လကလေးသာသာနဲ့ လမ်းလျှောက်လာရတာ စိတ်ထဲမှာ ကြည်နူးလာတာနဲ့ သီချင်းဆိုနေတာလေ… သီချင်းကတော့ ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီးစာရေးဆရာ နန္ဒမိတ်ရဲ့ ရခိုင်လူပျိုလှည့် သီချင်းပဲဗျ…'

ဥပဒေ၏လက်ရုံးကြီးက တင်မောင်ဆွေအားသက်ာမကင်း အကဲခတ်ကြည့်လိုက်သည်။ သို့ရာတွင် တင်မောင်ဆွေအသွင် အပြင်





ကတော့ မသင်္ကာစရာ တစ်စုံတစ်ရာမှ မရှိလေသည်သာမက ပကတိ လေးစားဖွယ်ရာ ဖြစ်နေ၏။ သူ့အသွင်အပြင်နှင့်ဆိုလျှင် အဘယ်မျှ သီးသန့်ကျသော မင်းပွဲစိုးပွဲကြီးပင်ဖြစ်ပါစေ ဖိတ်စာ မပါဘဲ ဝင်ရောက်သွားနိုင်ပေ၏။

သူ၏မြင့်မားသော အရပ်သည် ယခုသူဝတ်ထားသော တက်ထရက်စ်ဝတ်စုံနှင့် အင်မတန်မှ လိုက်လျောပန်းရနေတော့သည်။ သူ့ရုပ်အင်္ကျီကလည်း ဖြူစင်နေကာ နူးညံ့ပျော့ပြောင်းလှသည့် တက်ထရွန်ထည်ဖြစ်နေ၏။ သူ့ခေါင်းတွင် ဝက်စ်တပ်ဖ် သက္ကလပ်ဦးထုပ်ပျော့ကလေး ဆောင်းထားပုံကလည်း အနောက်တိုင်းသား လူကုံထံတစ်ဦးဆန်လှပေတော့သည်။ လက်တစ်ဖက်တွင်တော့ ရွှေလက်ကိုင်ရိုးတပ် သေးသွယ်သော လမ်းလျှောက်တုတ်ကလေး ကိုင်ထား၏။ စီးနင်းထားသော ရှူးဖိနပ်များကလည်း ဖြူရော်၊ လရောင်အောက်မှာပင် ပေါလစ်ရှိုရောင် တဖိတ်ဖိတ်တောက်လျက်ရှိနေ၏။

အကယ်စင်စစ် သူက သီချင်းသာ အော်ကျယ်ဟစ်ကျယ် ဆိုမလာလျှင် ရဲတပ်သားကြီးက သူ့အား ဘယ်လိုမှဟန့်တားစစ်မေးမည်မဟုတ်ဘဲ လသာသာတွင် လမ်းလျှောက်ထွက်လာသည့် အထက်တန်းစား လူကုံထံကြီးတစ်ယောက်ပဲဟု ယူဆကာ ဆလံတောင်ရိုက်ချင်ရိုက်သွားဦးမည်ဖြစ်၏။

'ဆရာက အခုလိုနှစ်ချက်တီး အချိန်မတော် ဒီလိုရပ်ကွက်မျိုးမှာ လမ်းလျှောက်သီချင်းဆိုနေတာ မသင့်တော်ပါဘူးဗျာ…'

ရဲတပ်သားကြီးက ဤလူကုံထံကြီးတော့ ရေချိန်နည်းနည်းလွန်လာခြင်းဖြစ်သည်ဟု ယူဆလိုက်ကာ ဆုံးမစကားအနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်ပြောလိုက်သည်။ ပြီးတော့ လှူကုံထံတွေချည်းနေသော ရပ်ကွက်ထဲတွင် ယခုလို ညသန်းခေါင်အချိန်မျိုး၌ လှူကုံထံတစ်ယောက်က ဤလို အပြုအမူမျိုးမလုပ်သင့်ဟု ယူဆပုံလည်းရသည်။

တင်မောင်ဆွေကတော့ ရဲတပ်သားကြီး၏ဆုံးမစကားကို ခပ်ပြုံးပြုံးပင် နားထောင်လိုက်ပြီးမှ စောဒကပြန်တက်လိုက်၏။

'နေစမ်းပါဦး ဥပဒေလက်ရုံးကြီးရဲ့ ... ဒီလိုရပ်ကွက်မျိုးဆိုတော့ ဒီရပ်ကွက်က ဘယ်လိုရပ်ကွက်မျိုးမို့လဲ...'

'ဟာ... ဆရာကလည်းဗျာ... လှူကုံထံ အထက်တန်းစားတွေချည်းနေတဲ့ ရပ်ကွက်ဗျ... ဆရာကိုယ်တိုင်ကော ဒီရပ်ကွက်ထဲမှာပဲနေတာ မဟုတ်ဘူးလား...'

တင်မောင်ဆွေက ပြန်မဖြေသေး။ သူ၏ ပုံကျလှသော ကုတ်အင်္ကျီအတွင်းအိတ်ထဲသို့ လက်တစ်ဖက်နှိုက်လိုက်ကာ ရွှေစီးကရက်ဘူးပြားကလေးကို ထုတ်ယူလိုက်သည်။ ထို့နောက် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို သေချာစွာရွေးထုတ်လိုက်ပြီး နှုတ်ခမ်းပါးများနှင့် ခဲလိုက်ကာ ရွှန်ဆွန်ဓာတ်မီးခြစ်ကလေးနှင့် မီးညှိဖွာရှိုက်လိုက်သည်။ စီးကရက်ဘူးကိုတော့ ကုတ်အင်္ကျီအတွင်းအိတ်ထဲသို့ သေချာစွာ ပြန်ထည့်ထားလိုက်သည်။

ဤစီးကရက်ဘူးကား တင်မောင်ဆွေ့အတွက် အထူးအရေးပါလှသည့် ပစ္စည်းတစ်ရပ်ဖြစ်သည်။ သူ့လုပ်ငန်းစဉ်တွင် တွေ့ကြုံရစမြဲဖြစ်သော အခက်အခဲ အကျဉ်းအကျပ် အခြေအနေများမှ ရုံဖန်ရံခါဆိုသလို လွတ်မြောက်ရန် ထိုစီးကရက်ဘူးကလေးက အကူအညီပေးနိုင်ခဲ့၏။

'ကျုပ်က ဒီရပ်ကွက်ထဲမှာ မနေပါဘူးဗျာ... အလည်





လာတာဆိုပါတော့...'

'ဗျာ... အလည်လာတာ ဟုတ်လား...'

မနက်နှစ်နာရီလိုအချိန်မျိုးတွင် အလည်လာသည်ဆိုသောကြောင့် ရဲတပ်သားကြီးခမျာ အတန်ငယ်တော့ အူကြောင်ကြောင်ဖြစ်သွားရပြန်သည်။

'ဟုတ်တယ်လေ... လှူကုံထံကြီး ဦးပတေးရဲ့အိမ်ကို လာလည်တာပဲဗျ... အမှန်ကတော့ လူမမာလာကြည့်တာလို့လည်း ဆိုနိုင်တယ်... ဦးပတေးရဲ့အိမ်မှာ လူမမာမဟုတ်တဲ့ လူမမာတစ်ယောက် ရောက်နေတယ် ရဲတပ်သားကြီးရဲ့...'

'ဗျာ...'

ရဲတပ်သားကြီး၏နှုတ်မှ ဤစကားတစ်လုံးက ပွင့်ထွက်လာပြန်သည်။ တင်မောင်ဆွေ့စကားများကလည်း ဥပဒေကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရန် တာဝန်ယူထားရသော ဤ သာမန်ရဲတပ်သားကြီးအတွက်တော့ အဓိပ္ပာယ် ဘယ်လိုကောက်ရမှန်း မသိစရာ ဖြစ်နေပေတော့သည်။ ထို့ကြောင့်လည်း ဤလှူကုံထံကြီးသည် သူ့အား တမင်သက်သက် အရူးလုပ်နေတာလားဟု ရဲတပ်သားကြီးခမျာ ကွဲမြီးတိုချင်သလိုလို ဖြစ်သွားမိလေ၏။

'ဒီမှာဆရာ... ခင်ဗျား အရက်များ မူးလာသလားဗျ ဟင်...'

တင်မောင်ဆွေက စီးကရက်ကို တစ်ချက်ဖွာရှိုက်လိုက်ရာက ခပ်ပြုံးပြုံးခေါင်းခါပြလိုက်၏။

'ကျုပ်က အရက်သာသောက်တတ်တယ်။ အရက်တော့ မမူးတတ်ပါဘူးဗျာ... အမှန်ကတော့ ကျုပ်က ခင်ဗျားကို အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေရှင်းပြနေတာပါ…’

‘အခြေအနေကို ရှင်းပြနေတာ ဟုတ်လား… ဘာအခြေအနေလဲဗျ…’

တင်မောင်ဆွေက စိတ်ရှည်လက်ရှည်ပင် သူနှင့်မျက်စောင်းထိုးတွင်ရှိနေသည့် တိုက်တစ်တိုက်ဆီသို့ သူ့လက်ထဲမှ လမ်းလျှောက်တုတ်ဖြင့် ညွှန်ပြလိုက်၏။

‘ဟုတ်တယ်လေ… ကျုပ်က ဟောဟိုက တိုက်ထဲကို အခုဝင်သွားမလို့ဗျ… ခုနက ပြောသလိုပဲ အဲဒီတိုက်ထဲမှာရောက်နေတဲ့ လူမမာမဟုတ်တဲ့ လူမမာတစ်ယောက်ကို သွားကြည့်မလို့လေ… အဲ… ကျုပ် အဲဒီတိုက်ထဲဝင်သွားပြီး အထဲမှာ အလွန်ဆုံးနာရီဝက်ပဲနေမယ်… ဒီတော့ ကျုပ်နှစ်နာရီခွဲလို့မှ တိုက်ထဲက ပြန်မထွက်လာရင် ခင်ဗျားအနေနဲ့ တိုက်ထဲကိုဝင်လာပြီး ကျုပ်အလောင်းကို တောင်းပေတော့ဗျာ… ဟုတ်လား…’

တင်မောင်ဆွေက စကားအဆုံးသတ်လိုက်ပြီး ခေါင်းပေါ်မှ သူ့ဦးထုပ်ကို ပြင်ဆောင်းလိုက်ကာ လက်ထဲမှ လမ်းလျှောက်တုတ်ကိုလေထဲတွင် တစ်ချက်ဝှေ့ယမ်းလိုက်ပြီး သူညွှန်ပြခဲ့သော တိုက်ကြီးဆီသို့ လျှောက်သွားလေသည်။ သူ့နှုတ်မှလည်း သီချင်းသံက ထွက်ပေါ်လာပြန်၏။

*ထီးတရခွန်နိုက်ဆောင်၊ ညောင်ယန်လှခွန်နိုက်ရပ်၊*
*ရခွင့်နီအတူထွက်၊ အပျော့ ဘက်သမလေ…။*
*သဇိုင်လှပေါ်ချိုင်၊ သဇိုင်ပေါ်ခိုက်၊ ကျားကို*
*လေမထွီ၊ ကကိုလည်း မခြိုရောက်၊ ညသန်း*
*ခေါင်…။*





ဥပဒေ၏လက်ရုံး ရဲတပ်သားကြီးသည် တင်မောင်ဆွေအား ပါးစပ်အဟောင်းသားဖြင့် ကြည့်ကျန်ရစ်ခဲ့လေသည်။ ပြီးမှ သူက အာမေဋိတ်တစ်ခု ပြုလုပ်လိုက်သည်။

‘စံပါပဲကွာ…’

တင်မောင်ဆွေကတော့ ရဲကြီး၏အာမေဋိတ်မှတ်ချက်ကို ဘယ်လိုမှ ဂရုမစိုက်၊ သီချင်းကလေး တအေးအေးနှင့်ပင် သူ၏အသစ်သော စွန့်စားမှုတစ်ရပ်တည်းသို့ ရဲရဲဝံ့ဝံ့ပင် ဝင်ရောက်သွားလေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(ခ)

တင်မောင်ဆွေကိုတော့ ယခုလောက်ဆိုလျှင် သိပြီးကြပြီ ထင်သည်။

သို့သော်လည်း နည်းနည်းလောက်တော့ ရှင်းလင်းချက် ထုတ်ပါရစေဦး။

ပထမ တင်မောင်ဆွေသည် စုံထောက်တစ်ဦးဖြစ်သည်။ ပြီးတော့ သူသည် ပြည်သူ့ဘက်တော်သားတစ်ယောက်လည်း ဖြစ်ပြန်သည်။ မည်သည့်အရေးတွင်မဆို သူက ပြည်သူတွေဘက်က ရပ်တည်ဖို့ ကြိုးစားခဲ့သူ၊ ကြိုးစားနေသူ၊ ကြိုးစားဦးမည့်လူတစ်ယောက်ဖြစ်သည်။

သူက လူစွမ်းကောင်းတစ်ယောက်တော့ မဟုတ်ပါ။ သို့သော် သူတတ်အားသရွေ့တော့ ပြည်သူ့အကျိုးကို ထမ်းရွက်၏။ သူ့ယုံကြည်ချက်ကတော့ သူတစ်ယောက်တည်း ကောင်းစားဖို့ မဟုတ်၊ အများပြည်သူတွေ ကောင်းစားဖို့ဖြစ်သည်။ အများပြည်သူတွေ ကောင်းစားပါမှလည်း သူလည်း ကောင်းစားနိုင်မည်ဖြစ်သည်





ဟု သူက ခံယူနားလည်ထားသောကြောင့်ဖြစ်သည်။ သူတစ်ယောက်တည်း ကောင်းစားပြီး အများပြည်သူတွေ ဆင်းရဲနေရခြင်းသည် သူ့အတွက် တည်မြဲနိုင်ခန့်သော ကောင်းစားခြင်း မမည်သည်ကိုလည်း သူက သဘောပေါက်ထား၏။

ထို့ကြောင့်ပင် သူက လက်ဝါးကြီးအုပ်ခေါင်းပုံဖြတ် အညွန့်ခူး အရင်းရှင်စနစ်နှင့် ထိုစနစ်မှ ပေါက်ပွားလာသော နယ်ချဲ့စနစ်ကို အသေအလဲ ရွံမုန်း၏။ နယ်ချဲ့အရင်းရှင်စနစ်၏ အမွေအနှစ်တွေဖြစ်သော မတရားမှုမှန်သမျှ၊ ဖောက်ပြန်မှုမှန်သမျှ၊ အနိုင်ကျင့်မှုမှန်သမျှ၊ လိမ်လည်ကောက်ကျစ်မှုမှန်သမျှကို သူကတွေ့သည့်နေရာတွင် သူတတ်စွမ်းသရွေ့ တိုက်ဖျက်ခဲ့၏။ တိုက်ဖျက်နေ၏။ တိုက်ဖျက်ဦးမည်ဖြစ်၏။

တစ်ခုတော့ရှိသည်။ တင်မောင်ဆွေသည် မနုဿလူသားတစ်ဦးလည်းဖြစ်သည်။ လူသားပီပီ သူသည် လုံးဝဥဿုံပြည့်စုံနေသူတစ်ဦးတော့ မဟုတ်ပေ။ လူတိုင်းတွင်ရှိတတ်သော ချို့ယွင်းမှု၊ ကိမ်းစောင်းမှု၊ အားနည်းမှုကလေးတွေက သူ့ထံတွင်လည်း ရှိနေသည်သာ ဖြစ်သည်။ သူကား မဟာလူသားတစ်ယောက် မဟုတ်ပါချေ။

သို့ဖြစ်ရကား သူသည် အရက်ကလေးကိုလည်း သောက်တတ်၏။ တတ်နိုင်လျှင် သူက စကော့(ချ)ဝီစကီနှင့် ဟင်နက်ဆီဘရန်ဒီကိုမှ သောက်ချင်၏။ ပြီးတော့ သူက ကောင်းကောင်းဝတ်၏။ ကောင်းကောင်းစား၏။ တဖန် မိန်းကလေးချောချောကလေးတွေကိုလည်း သဘောကျတတ်၏။

သို့တစေလည်း သူ၏ ဤသို့ လူသားဆန်သော ချို့ယွင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်တွေ၊ အားနည်းမှုတွေ၊ ခံစားပြည့်ဝရေးအတွက် သူသည် မတရားသောနည်းတွေကို မသုံးမိဖို့ကိုတော့ အမြဲတမ်းကြိုးစား၍ ရှောင်ရှား၏။ သူ့အသက်ကိုရင်း၍ လုပ်ရသော သူ့လုပ်အားမှရသည့် ငွေကိုသာ ရက်ရက်ရောရော ဖောဖောသီသီ အသုံးပြု၏။ အခြား ဘယ်သူ့အပေါ်တွင်မှ အနိုင်ကျင့်၍ လည်းကောင်း၊ ခေါင်းပုံဖြတ်၍လည်းကောင်း၊ လိမ်လည်ကောက်ကျစ်၍လည်းကောင်း၊ ကိုယ့်တွင်ရှိသော အခွင့်အာဏာကို အသုံးပြု၍လည်းကောင်း ငွေမရှာတတ်၊ အခွင့်အရေးမရှာတတ်ပါချေ။

သူ့တွင် ချစ်စရာကောင်းသော အကျင့်ကလေးတစ်ခုက ရှိသေး၏။ အခြားမဟုတ် ရဲဘော်စိတ်ရှိခြင်း။

ကိုယ့်ရဲဘော်ရောင်းရင်းမိတ်ဆွေ သူငယ်ချင်းအတွက်ဆိုလျှင် သူက အမြဲတစေ ကူညီရိုင်းပင်းဖို့ အဆင်သင့်ရှိနေ၏။ ကိုယ့်ရဲဘော် မိတ်ဆွေရောင်းရင်း သူငယ်ချင်းအပေါ်တွင် သူက ဘယ်လိုမှ အခွင့်အရေးမယူတတ်။ အမြဲတမ်း သစ္စာရှိသူတစ်ယောက်ဖြစ်၏။

ဤကား ကျွန်တော်တို့၏ မိတ်ဆွေတို့၏ တင်မောင်ဆွေပင် ဖြစ်ပါ၏။

ယခုညတွင် တင်မောင်ဆွေသည် လသာသာ၌ အပျော်လမ်းလျှောက်ထွက်လာခြင်းတော့ မဟုတ်ပါပေ။ သူ့အား အဘယ်သူကမှမပေးသော လုပ်ငန်းတာဝန် တစ်ခုကို ကိုယ့်အသိဖြင့်ကိုယ် ထမ်းရွက်ရန် ထွက်လာခဲ့ခြင်းပင် ဖြစ်သည်။ ထိုလုပ်ငန်းတာဝန်ကား အခြားမဟုတ်။ ဥပဒေ၏လက်ရုံး ရဲတပ်သားကြီးအား သူခုနကပြောခဲ့သည့်အတိုင်း ဦးပတေး(ဝါ)မစ္စတာ ယူဆွတ်ပတေးလ်ဆိုသော အမျိုးသားတစ်ဦး၏နေအိမ်တွင် ရောက်သည့်နေ့ လူမမာ





မဟုတ်သော လူမမာတစ်ဦးကို လာရောက်ရှာဖွေခြင်းပင် ဖြစ်လေ၏။

ဦးပတေး၏အိမ်ထဲတွင်၊ ဤလူမမာမဟုတ်သော လူမမာကရှိနေသေးသည်ကို၊ တင်မောင်ဆွေက ကောင်းစွာသိထားနေသည်။ အကြောင်းမူ တင်မောင်ဆွေသည် ဥပဒေ၏လက်ရုံး ရဲတပ်သားကြီးနှင့်မတွေ့ဆုံမီအချိန်ကလေးကပင် သူ့ရဲဘော်ကြီး ဂျင်မီစမတ်နှင့် တွေ့ဆုံခဲ့ရသောကြောင့် ဖြစ်သည်။

ဂျင်မီစမတ်ဆိုသည်ကတော့ တင်မောင်ဆွေ၏ စုံထောက်ဘဝတစ်လျှောက်လုံးတွင် လက်တွဲလုပ်ခဲ့သည့် တွဲဖက်ရဲဘော်ကြီး တစ်ဦးလည်း ဖြစ်လေသည်။ ယခုညတွင်လည်း သူ့အား... တင်မောင်ဆွေက တာဝန်တစ်ခုပေးထားခဲ့သည်။ ထိုတာဝန်ကား အခြားမဟုတ်၊ ဦးပတေး၏အိမ်ကြီးကို စောင့်ကြည့်နေဖို့ပင် ဖြစ်၏။ ဂျင်မီကား တင်မောင်ဆွေပေးသမျှတာဝန်ကို အကျေပွန်ဆုံးထမ်းရွက်တတ်သော စိတ်အချရဆုံး လူတစ်ယောက်ဖြစ်ပေသည်။

ထို့ကြောင့်လည်း တင်မောင်ဆွေက ဂျင်မီအား ခပ်စောစောက တွေ့ဆုံခဲ့ရပြီး ၎င်းထံမှအခြေအနေ ဘယ်လိုမှမပြောင်းလဲသေး ပါဟူသော သတင်းပို့ချက်ကို ရရှိသည့်အခါတွင် ဦးပတေး၏အိမ်ထဲ၌ သူအင်မတန်မှ တွေ့ချင်နေသော လူမမာ မဟုတ်သည့် လူမမာက ရှိနေသေးကြောင်းကို သိရှိခဲ့ခြင်းဖြစ်လေ၏။

တင်မောင်ဆွေက ဥပဒေလက်ရုံး ရဲတပ်သားကြီးနှင့် တွေ့ဆုံခွဲခွာ ထွက်လာခဲ့ပြီးနောက် ရခိုင်လူမျိုးလှည့်သီချင်းကလေးကို တအေးအေးညည်းရင်းကပင်၊ ယခုည သူ၏ ပစ်မှတ်ဖြစ်သော ဦးပတေးခေါ် ယူဆွတ်ပတေးလ်၏ တိုက်ဂေဟာကြီးထံသို့ လမ်းလျှောက်တုတ်ကလေး လေထဲတွင် တယမ်းယမ်းဖြင့် လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သူ့အမူအရာက မည်မျှပင် ရွှင်မြူးပေါ့ပါးလျက်ရှိပါစေ… သူ့သတိကတော့ ဖျတ်လတ်လျက်ရှိနေပေသည်။

ထို့ကြောင့်လည်း သူ့မျက်လုံးများက တိုက်ကြီး၏ မျက်စောင်းထိုးလောက်ဆီတွင် လမ်းဘေး၌ ကပ်ရပ်ထားသော ဆလွန်းကားကြီးတစ်စင်းကို ချက်ချင်းသတိပြုမိပြီး ဖြစ်နေတော့သည်။ ဤတွင် သူ့စွန့်စားမှုကြီးအတွက် ဇာတ်ခုံက အဆင်သင့်ခင်းထားပြီး ဖြစ်နေသည်ကိုတော့ တင်မောင်ဆွေက နားလည်လိုက်ရ၏။ ကျေနပ်အားရစွာ ပြုံးလိုက်မိလေ၏။

ယခုညတွင် သူရင်ဆိုင်ရတော့မည့် စွန့်စားမှုကြီးအတွက် သူကြိုတင်ပြင်ဆင်ခဲ့သည်မှာ တစ်လကျော်ကျော်မျှပင် ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။ ထိုအချိန်အတောအတွင်း၌ပင် တင်မောင်ဆွေက လူနှစ်ယောက်ကို မြန်မာပြည်တစ်လျှောက်လုံးတွင် လိုက်၍ခြေရာခံ ရှာဖွေခဲ့ရ၏။

တစ်ယောက်သောသူမှာ အင်မတန်မှ မွန်ရည်ခံ့ညားလှသည့် ရုပ်အသွင်ရှိသော လူတစ်ယောက်ပင် ဖြစ်သည်။ ကျန်တစ်ယောက်ကတော့ ကိုယ်ခန္ဓာကြီးမားသန်စွမ်းသလောက် အရုပ်ဆိုးလှသည့် လူကြီးတစ်ယောက်ပင် ဖြစ်သည်။

အဓိက ဖြစ်သည်ကား ဤလူနှစ်ယောက်စလုံးသည် တိုင်းပြည်၏ ကြီးမားလှသော ရန်သူးရန်ငြောင့်တစ်ခု ဖြစ်နေသည်ကို တင်မောင်ဆွေက သိထားရခြင်းပေတည်း။ ထို့ကြောင့်လည်း တင်မောင်ဆွေက ၎င်းတို့နှစ်ယောက်စလုံးကို သုတ်သင်ရှင်းလင်း ပစ်ရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်နေသည်။

သို့ရာတွင် ၎င်းတို့နှစ်ဦးအနက် ဘယ်သူကမှ ဦးပတေး





ခေါ် မစ္စတာယူဆွတ်ပတေးလ်တော့ မဟုတ်ပေ။ ဦးပတေးကား အခြားလူ သပ်သပ်တစ်ယောက်ဖြစ်လေသည်။

သို့တစေလည်း မနေ့ညကပင် ဦးပတေးသည် ထိုလူနှစ်ယောက်နှင့်၊ မွန်ရည်ခန့်ညားလှသောသူ ခေတ္တတည်းခိုနေရာ၊ သီးသန့်ကျလှသည့် နန်းမဟာဟော်တယ်ကြီးတွင် တွေ့ဆုံဆွေးနွေးခဲ့သည်ကိုတော့ တင်မောင်ဆွေက သိထားရသည်။ ထို့ကြောင့်ပင် တင် မောင်ဆွေက ဦးပတေး၏အပေါ်တွင် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်လေ၏။

သို့အားဖြင့် ဤညတွင် တင်မောင်ဆွေအတွက် ဦးပတေး၏အိမ်တွင် ရောက်နေသော လူမမာမဟုတ်သည့် လူမမာတစ်ယောက်၏ကိစ္စက လွန်ခဲ့သည့် နှစ်နာရီခန့်ဆီတွင် စတင်ဖြစ်ပေါ်လာခဲ့ရပေ၏။

တင်မောင်ဆွေက အသံခပ်အေးအေးဖြင့်ပင် တက္ကသိုလ်နန္ဒမိတ်ကြီး၏ ရခိုင်လူပျိုလှည့်သီချင်းကို ဆက်၍ ညည်းလိုက်ပြန်သည်။

*ညသန်းခေါင် မောင်းမောင်ဇာကိုက်စ*
*ကိုက်စ ကိုက်စ ချိုက်ကိုက်စ…*
*တပွန့်ပန် မန်ဂျူမ်ရို့ စိတ်မဟီပါ၊*
*နှစ်ပွန့်ပန် မန်ဂျူမ်ရို့ စိတ်မဟီပါ၊*
*ကျောင်းနားက ကညန်ပန်လို အနံ့ဆိုးလို့…*
*တစ်ပွင့်ပန် မန်ဂျူမ်ချိုက်ချိုက် မဟုတ်လား၊*
*နှိုက်ပွန့်ပန် မန်ဂျူမ်ချိုက်ချိုက် မဟုတ်လား၊*
*မယုံကေမောင်းကာ အောက်စမ်းကြမလား။*



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်နန္ဒမိတ်ကြီး သင်ပေးထားသော ရခိုင်သီချင်းကို အဆုံးသတ်လိုက်ပြီးနောက်တွင် တင်မောင်ဆွေက ဦးပတေး၏ တိုက်အဝင်လှေကားခြေရင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိသွားလေတော့၏။ တိုက်အဝင် တံခါးမကြီးသည် ပကတိလုံခြုံစွာ ပိတ်ထားလျက်ရှိနေသည်ကို တင်မောင်ဆွေက သတိပြုလိုက်မိလေသည်။

ညအချိန်မတော် နှစ်နာရီခန့်တွင် လူကုံထံကြီးတစ်ဦး၏ အိမ်သို့ ဝင်ရောက်ဖို့ဆိုသည်မှာ လွယ်ကူလှသည်မဟုတ်သည်ကို တင်မောင်ဆွေက နားလည်ထားပြီး ဖြစ်နေသည်။ သို့ရာတွင် ထိုအခိုက်အတန့်ကလေးအတွင်းမှာပင် ထိုပြဿနာက တင်မောင်ဆွေအတွက် အလိုလိုပြေရှင်းသွားခဲ့ရလေ၏။

ချလွှမ်ခနဲအသံနှင့်အတူ တင်မောင်ဆွေ၏ဦးခေါင်းတည့်တည့်တွင်ရှိနေသော ပြတင်းတံခါးမှ မှန်ချပ်တစ်ခုသည် ကွဲထွက်သွားကာ မှန်စတွေက သူ့ပခုံးတစ်ဖက်နှင့်နံဘေးသို့ တဖျောက်ဖျောက် ကျလာကြသည်။ ထိုအသံနှင့်မရှေးမနှောင်းမှာပင် နာကျင်လှစွာ ရှူးရှူးရှရှအော်ဟစ်လိုက်သည့် လူတစ်ယောက်၏အော်လိုက်သံက တိုက်တွင်းမှနေ၍ ပြတ်သားထင်ရှားလှစွာ ထွက်ပေါ်လာပြန်တော့သည်။

‘ဒီမှာ… ဆရာ… ဆရာလာလည်တဲ့အိမ်က ဒီအိမ်ပဲလား ဆရာ…’

ကြားဖူးပြီးဖြစ်သော အသံတစ်သံက တင်မောင်ဆွေကျောဘက်မှနေ၍ မေးလိုက်ခြင်းဖြစ်လေသည်။ တင်မောင်ဆွေက လှည့်ကြည့်လိုက်၏။





ဥပဒေ၏လက်ရုံး ရဲတပ်သားကြီးသည် သူ့နောက်တွင် ရပ်လျက်ရှိရာက သူ့အားတစ်လှည့် တိုက်ကြီးဆီသို့တစ်လှည့် ကြည့်နေသည်။ ရဲတပ်သားကြီးသည် အရက်မူးမနေသည့်တိုင် ထူးထူးခြားခြား စကားတွေကိုပြောခဲ့သည့် လူကုံထံနောက်သို့ စိတ်မချလှဘဲ နောက်က လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

တင်မောင်ဆွေက အင်မတန်မှ အပြစ်ကင်းစင်လှသော အပြုံးကို ဥပဒေလက်ရုံးကြီးအား ပြုံးပြလိုက်လေသည်။

‘မှန်ပါတယ် ရဲတပ်သားကြီးခင်ဗျာ… ရဲဘော်ကြီးက အိမ်တံခါးဝအရောက် လိုက်ပို့တာကိုလည်း ကျေးဇူးတင်လှပါတယ်…’

တင်မောင်ဆွေက စကားအဆုံးတွင် တံခါး၏ဘေးတစ်ဘက်တွင်ရှိနေသည့် လျှပ်စစ်လူခေါ်ခေါင်းလောင်းဘုကလေးကို လက်မတစ်ဖက်ဖြင့် ငါးစက္ကန့်မျှ ဖိနှိပ်ထားလိုက်၏။ ခုနက ကြားလိုက်ရသော အသံများကြောင့်ဦးပတေး၏ တိုက်အိမ်ကြီးထဲတွင် ဤအချိန်၌ အနည်းဆုံးလူတစ်ယောက်ကတော့ နိုးကြားလျက်ရှိနေသေးသည်မှာ ယုံမှားဖွယ်ရာမရှိပါပေ။

လူခေါ်လျှပ်စစ်ခေါင်းလောင်းဘုကလေးမှ တင်မောင်ဆွေက လက်မကို ပြန်ခွာလိုက်သည်နှင့်တစ်ပြိုင်နက်ပင် ခိုင်ခန့်သော တံခါးကြီးက ပွင့်လာတော့သည်။ ဥပဒေ၏လက်ရုံး ရဲတပ်သားကြီးကတော့ သူ့ဘေးတွင် ရပ်နေဆဲသာဖြစ်၏။ ရဲတပ်သားကြီးကပင် တံခါးဖွင့်ပေးလိုက်သူကို ဆီး၍ မေးခွန်းထုတ်လိုက်သည်။

‘ဒီအထဲမှာ ဘာဖြစ်နေကြတာလဲဗျ… ခုနလေးက လူတစ်ယောက်အော်သံ ကြားလိုက်ရတယ်… ပြီးတော့ ပြတင်းမှန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်တစ်ခုလည်း ကွဲသွားတယ်…'

'ဘာမှမဖြစ်ပါဘူး ရဲဘော်ကြီး…'

တံခါးလာဖွင့်ပေးသူမှာ အိမ်ရှင်ဦးပတေးကိုယ်တိုင် ဖြစ်နေသည်။ ၎င်းသည် ခပ်တည်တည်ပင် ရဲတပ်သားကြီးအား ဆက်လက်၍ ရှင်းပြပြောဆိုလိုက်၏။

'ဒီလိုပါ ရဲဘော်ကြီး၊ ကျုပ်အိမ်ထဲမှာ အခုဝေဒနာသည်တစ်ယောက်ရှိပါတယ်။ စိတ်ဝေဒနာသည်တစ်ယောက်ပါပဲ။ တစ်ခါတစ်ခါကျရင် သူက အကြမ်းဖောက်လာတတ်တယ်ဗျ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး… သူ့ကိုစောင့်ကြည့်နေတဲ့လူတွေ ရှိပါတယ်…'

'ဟုတ်တာပေါ့ ရဲဘော်ကြီး… ဒီအိမ်က ကျုပ်ကို တယ်လီဖုန်းဆက်ခေါ်တာကြောင့် ကျုပ်အခု လိုက်လာရတာပါ…'

ရရှိသမျှ အခွင့်အရေးကို လျှပ်တစ်ပြက်အတွင်း မိမိရရ ဆုပ်ကိုင်ဖမ်းယူနိုင်သော တင်မောင်ဆွေက သွက်လက်စွာ ဝင်ပြောလိုက်ခြင်းဖြစ်၏။ သူက မိမိကိုယ်ကို ယုံကြည်စိတ်ချသော အပြုံးဖြင့် စကားဆက်လိုက်ပြန်သည်။

'ကျုပ်က ဒီဝေဒနာသည်ကို ကုနေတဲ့ဆရာဝန်ပဲလေ… ဒီတော့ ခင်ဗျား စိတ်ချလက်ချသာ ခင်ဗျား ထမ်းဆောင်စရာရှိတဲ့ တာဝန်ကို ဆက်ထမ်းဆောင်နိုင်ပါတယ်'

အိမ်ရှင်ဦးပတေးကလည်းကောင်း၊ ဥပဒေလက်ရုံး ရဲတပ်သားကြီးကလည်းကောင်း၊ ဘယ်လိုမှပြန်မဖြေနိုင်ခင်မှာပင် တင်မောင်ဆွေက တံခါးပေါက်အတွင်းသို့ စိတ်ချလက်ချကြီး လှမ်းဝင်ပြီးဖြစ်နေတော့သည်။

'ကောင်းသောညပါ ရဲတပ်သားကြီး…'





တင်မောင်ဆွေက အင်မတန်မှယဉ်ကျေးသိမ်မွေ့စွာ ရဲတပ်သားကြီးအား နှုတ်ဆက်လိုက်ပြီးနောက် တိုက်တံခါးမကြီးကို ဆွဲပိတ်လိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(ဂ)

တင်မောင်ဆွေသည် အင်မတန်မှ ကုသိုလ်ကံကောင်းလှသည်ဟု အချို့သောသူတွေက ဆိုချင်ဆိုမည် ဖြစ်လေသည်။

မှန်ပါ၏။ ကုသိုလ်ကံကောင်းသည်ဟု ဆိုချင်ကလည်း ဆိုနိုင်ပေမည်။

သို့တစေလည်း တင်မောင်ဆွေသည် ကြိုတင်ပြင်ဆင်မှုတွေကိုတော့ ပြုလုပ်နိုင်သလောက် ပြုလုပ်ခဲ့ပြီးဖြစ်နေသည်။ ဦးပတေး၏အိမ်တွင်းသို့ သူက ဝင်ရောက်ပြီး လူမမာမဟုတ်သည့် လူမမာ၏လှုံ့ဆော်မှုကို ဆန်းစစ်ခဲ့ဖြာတော့မည်ဟု တင်မောင်ဆွေက ဆုံးဖြတ်ခဲ့ပြီးသည့်နောက်တွင် သူက ဤသီးသန့်ကျသော ရပ်ကွက်ထဲသို့ ကိုယ့်ကိုကိုယ် ပကတိ ယုံကြည်စိတ်ချမှုဖြင့် ခပ်တည်တည် လျှောက်ဝင်လာခဲ့ခြင်းဖြစ်၏။

သူ့တွင် ပြုလုပ်ရမည့် အစီအစဉ်ကိုလည်း ခေါင်းထဲတွင် ချမှတ်ပြီးသားဖြစ်နေသည်။ သူဝင်ရောက်ရမည့် ဦးပတေး၏ အိမ်တံခါးဝသို့ ခပ်တည်တည် အရောက်သွားကာ လူခေါ်လျှပ်စစ်ခေါင်းလောင်းကိုတီးလျက် အိမ်တွင်းက လူတစ်ယောက်ယောက်ကို နှိုး





မည်။ ဖြစ်ပေါ်နေသော အခြေအနေအရ အိမ်တွင်းက လူတစ်ယောက်ယောက်ကလည်း မုချတံခါးလာဖွင့်ပေးရမည်ဟု သူက တွက်ထားပြီးသားဖြစ်နေသည်။

ထိုအခါတွင် သူက ဘာမှပြောမနေဘဲ အိမ်တွင်းသို့ ခပ်တည်တည်သာ အရောက်ဝင်မည်။ အိမ်ထဲရောက်သွားမှတော့ ဖြစ်ပေါ်လာသမျှ အခြေအနေကို ရင်ဆိုင်မည်။

ဤကား တင်မောင်ဆွေက သူ၏ဦးခေါင်းထဲတွင် ချမှတ်ပြီးသား အစီအစဉ်ဖြစ်လေသည်။

သူက လူခေါ်လျှပ်စစ်ခေါင်းလောင်းကလေးကို အတီးလိုက်တွင် မှန်တံခါးတစ်ချပ်ကွဲသွားခြင်းနှင့် အတွင်းမှအော်သံတစ်ခုက ပေါ်ထွက်လာပြီး ဥပဒေ၏ လက်ရုံးကြီးကလည်း ထိုအခိုက်အတန့်တွင် သူ့ဘေး၌ ရှိနေခဲ့ခြင်းမှာတော့ သူ့အစီအစဉ်တွင် မပါဝင်ခဲ့ခြင်းသည် အမှန်ဖြစ်၏။ ဒါတွေက အခြေအနေအရ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တင်မောင်ဆွေက ဖြစ်ပေါ်လာသော အခြေအနေကို ကိုယ့်အခွင့်အရေးတစ်ရပ်အဖြစ်နှင့် ဉာဏ်အသုံးပြုတတ်ခြင်းတွင် ကျင့်သားရနေပြီဖြစ်သည်။ ထို့ကြောင့်ပင်လည်း သူက ဖြစ်ပေါ်လာသော အခြေအနေက ဖန်တီးလိုက်သော အခွင့်အရေးကို မိမိရရကြီးဖမ်းဆုပ်ပြီး သူ့ရည်ရွယ်ချက် အောင်မြင်ရေးအတွက် အသုံးပြုခဲ့ခြင်းဖြစ်လေသည်။

ဘာပဲဖြစ်ဖြစ် သူ့ရည်ရွယ်ချက်ကတော့ အောင်မြင်ပြီးဖြစ်နေသည်။ သူသည် ရည်ရွယ်ခဲ့သည့်အတိုင်း ဦးပတေး၏ အိမ်တွင်းသို့ ဝင်ရောက်ခဲ့ရပြီ မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက တိုက်တံခါးကြီးကို ဆွဲပိတ်လိုက်ပြီး သည့်နောက်တွင် သူ့ရှေ့၌ရပ်နေသော ဦးပတေးအား သူက ခပ်ပြုံးပြုံးကြည့်လိုက်၏။ တင်မောင်ဆွေအပြုံးက ဟာသပါသော အပြုံးမျိုး မဟုတ်ချေ။ စိန်ခေါ်သောအပြုံးမျိုးဖြစ်၏။ ဘာကိုမှမထီသော အပြုံးမျိုးဖြစ်သည်။

ဦးပတေးက အရပ်ငါးပေ ငါးလက်မမျှရှိလေသည်။ သို့ရာတွင် သူ့ကိုယ်ခန္ဓာကတော့ ကြီးမားတုတ်ခိုင်လှ၏။ နဖူးကြီးကတော့ ပြောင်နေကာ ခပ်ကောက်ကောက် နှာခေါင်းကြီးတွင် ရွှေကိုင်းမျက်မှန်တစ်လက်ကို တပ်ဆင်ထားလေသည်။ မျက်မှန်နောက်မှ မျက်လုံးကြီးတွေက စာလက်လက်တောက်ပလျက်၊ တင်မောင်ဆွေအား စိုက်ကြည့်လိုက်ကြသည်။

'ဆိုစမ်းပါဦး၊ ခင်ဗျားအမိန့်ဟာယ် ဘယ်လိုလဲ…'

ဦးပတေးက တင်မောင်ဆွေအား ခြိမ်းခြောက်သော အသံကြီးဖြင့် ဟိန်းဟောက်လိုက်၏။

'ခင်ဗျားနဲ့ စကားပြောချင်လို့ ဆိုပါတော့…'

တင်မောင်ဆွေက ပကတိအပြစ်ကင်းစင်သော အပြုံးဖြင့် ပြန်ဖြေလိုက်သည်။

'ခင်ဗျားက ကျုပ်နဲ့စကားပြောရအောင် ခင်ဗျားကိုလည်း ကျုပ်က မသိပါကလား။ ခင်ဗျားက ဘယ်သူလဲ… ကျုပ်ဆီကို ဘယ်လိုအကြောင်းနဲ့ အခုလိုအချိန်မတော်ကြီး လာနှောင့်ယှက်ရတာလဲ…'

'ခင်ဗျားက ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မသိရသေးရင် နောက်မကြာခင် သိရမှာပါပဲ… အခုလို ညအချိန်မတော်ကြီး လာ





ခဲ့ရတာကလည်း၊ ခင်ဗျားကို တမင်သက်သက် အနှောင့်အယှက်ပေးဖို့ပါပဲ မစွတာ ပတေးလ်…'

တင်မောင်ဆွေက အပြုံးမပျက်ပင် ပြန်၍ အဖြေပေးလိုက်သည်။ သူ့မျက်လုံးတွေကတော့ ဦးပတေး၏ မျက်လုံးများထဲသို့ ပြောင်လှောင်သရော်သည့် အမူအရာဖြင့် စူးစိုက်လျက် ကြည့်လိုက်ကြ၏။ ထိုမျက်လုံးအစုံထဲသို့ ပြန်ကြည့်လိုက်ရသော ဦးပတေးမှာ အသည်းနှလုံးထဲတွင် စိမ့်သလိုလိုဖြစ်သွားမိလေ၏။

'ခင်ဗျား အရူးလား။ ကဲ… အခုချက်ချင်း ခင်ဗျား ကျုပ်အိမ်ထဲက ထွက်သွားလိုက်ပါ…'

ဦးပတေးက မျက်နှာကို အခက်ထန်ဆုံးထားလိုက်ကာ တံခါးဝဆီသို့ လက်ညှိုးညွှန်လျက် ပြောလိုက်၏။

'ဝမ်းနည်းပါတယ် ဦးပတေး… ကျွန်တော် ခင်ဗျားကို အနှောင့်အယှက်မှ မပေးရသေးတာ၊ ဘယ်သွားလို့ ဖြစ်ဦးမလဲ…'

'ဒီလိုဆို မင်းကို အတင်းမောင်းထုတ်ရမှာပဲ…'

ဦးပတေးက ပြောပြောဆိုဆို အိမ်တွင်းဘက်သို့လှည့်လိုက်ကာ တစ်စုံတစ်ယောက်ကိုခေါ်တော့မည့်ဟန်ဖြင့် ပါးစပ်ကြီးကို ဟလိုက်သည်။ သို့ရာတွင် ဦးပတေး၏ လည်မျိုထဲမှအသံက ထွက်မလာနိုင်ခင်မှာပင် တင်မောင်ဆွေ၏အောက်ပင့်လက်သီးက လျှပ်တစ်ပြက်အတွင်း သူ့မေးအောက်သို့ ဒုတ်ခနဲ ဝင်ရောက်လာကာ ဟထားသော ပါးစပ်ကြီးကို ပိတ်ပေးလိုက်လေ၏။

ဦးပတေးခမျာ မျက်ဖြူကြီးလန်တက်သွားကာ ကိုယ်ခန္ဓာကြီးကလည်း ရှေ့သို့ ထိုးကျလာသည်။ သို့ရာတွင် ကြီးမားလှသော ထိုကိုယ်ခန္ဓာကြီးက ကြမ်းပြင်ပေါ်သို့ ရောက်မလာမီ တင်မောင်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



က သူ့လက်မောင်းများကြားတွင် ကျင်လည်စွာ ဆီးဖမ်းထားလိုက်သည်။

'ကဲ… မိတ်ဆွေကြီး၊ ကျုပ်အလုပ်ခန်းထဲကို ကျေးဇူးပြုပြီးလိုက်ခဲ့ပါလားဗျာ…'

တင်မောင်ဆွေက ဦးပတေး၏အသံကို တု၍ ပြောလိုက်သည်။ ပြီးမှတစ်ဖန် သူ့အသံဖြင့်…

'ကျေးဇူးတင်ပါတယ်ဗျာ…'ဟု ပြန်ဖြေလိုက်ပြန်ပြီး ဦးပတေး၏ပျော့ခွေနေသော ကိုယ်ခန္ဓာကြီးကို အလွယ်တကူ သူ့ပခုံးတွင်ထမ်းလျက် ခန်းမကြီးကို ခြေလှမ်းကျဲကြီးများဖြင့် ကျော်ဖြတ်ကာ အနီးဆုံးတံခါးကို ဖွင့်လျက် ဝင်ရောက်ခဲ့လေ၏။ သူသည် မကျဉ်းမကျယ် အခန်းတစ်ခန်းထဲသို့ ရောက်သွားသည်။ သို့ရာတွင် တင်မောင်ဆွေက ထိုအခန်းထဲတွင်မနေ။

သူ့ပခုံးထက်မှ ဦးပတေးကို ဂုန်နီအိတ်ကြီးတစ်အိတ်အလား ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပြီး အခန်းထဲမှ ပြန်ထွက်ခဲ့ကာ တံခါးကိုပြန်ပိတ်လိုက်သည်။ တံခါးမှာသော့ခတ်၍ရသော ခေတ်မီတံခါးမျိုးဖြစ်ကာ သော့တံက သော့ပေါက်တွင် အသင့်တပ်လျက်သားရှိနေသည်။

တင်မောင်ဆွေက ခပ်အေးအေးပင် သော့ခတ်လိုက်ကာ သော့တံကို သူ့ဘောင်းဘီအိတ်ထဲသို့ ထည့်ထားလိုက်၏။ သူ့ကုသိုလ်ကံသည် ကောင်းနေဆဲသာ ဖြစ်ဟန်တူသည်။ အကြောင်းမူ ထိုအိမ်ကြီးထဲတွင် ပကတိတိတ်ဆိတ်လျက်ပင်ရှိနေသေးပြီး မည်သူတစ်ဦးတစ်ယောက်ကမှ ထွက်မလာသေးသောကြောင့် ဖြစ်လေ၏။

သို့ရာတွင် ဤတိုက်အိမ်ကြီးထဲ၌ ဦးပတေးအပြင် အခြား





လူများလည်း ရှိနေသေးသည်ကိုတော့ တင်မောင်ဆွေက ကောင်းစွာ သိထားနေပေသည်။

ထို့ကြောင့်လည်း သူက သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် ခန်းမကြီးကို တစ်ဖန်ဖြတ်ကျော်လိုက်ပြန်ကာ လှေကားကြီးမှနေ၍ အိမ်ပေါ်ထပ်သို့ တက်ခဲ့သည်။ ပြတင်းမှန်ကွဲသွားသည်မှာ အပေါ်ထပ်ကဖြစ်ရာ တင်မောင်ဆွေက ထိုအခန်းကို လွယ်ကူစွာပင် ရှာဖွေတွေ့ရှိရလေသည်။ တင်မောင်ဆွေသည် အခန်းတံခါးရှေ့တွင် ခေတ္တမျှရပ်ကာ အတွင်းမှအသံဗလံများကို ခေတ္တမျှနားစွင့်နေလိုက်ပြီးနောက်မှ ရုတ်တရက် တံခါးကိုတွန်းဖွင့်လျက် အတွင်းသို့လှမ်းဝင်လိုက်သည်။

သို့သော် အခန်းထဲတွင် ဘယ်သူတစ်ဦးတစ်ယောက်ကမှ ရှိမနေချေ။

တင်မောင်ဆွေက အသံမထွက်အောင် အသာလေချွန်လိုက်မိသည်။ ပြီးမှ သူက နားလည်သဘောပေါက်လာ၏။

ရဲတပ်သားကြီးက မှန်ကွဲသံနှင့်အော်သံတို့ကြောင့် တိုက်အိမ်ထဲသို့ ဝင်ကြည့်လိုပါသည်ဟု အတင်းအကြပ်ပြောလာခဲ့လျှင် ၄င်းက ဤအခန်းကို ဝင်ကြည့်မည်သာဖြစ်လေ၏။ ထို့ကြောင့်ပင် ဦးပတေးက သူ၏ 'လူမမာဝေဒနာသည်'ကို အရင်ဦးအောင် နေရာရွှေ့ထားလိုက်ခြင်း ဖြစ်ပေမည်။ ဦးပတေး၏ တပည့်တစ်ယောက်ယောက်က စိတ်ဝေဒနာသည်ဟန်ဆောင်၍ ရဲတပ်သားကြီးအား လှည့်စားလွှတ်မည်ဖြစ်၏။ သို့ဖြစ်လျှင် သူလိုချင်သော 'လူမမာ' သည် တိုက်အိမ်ကြီး၏ အခြားနေရာတွင် ရှိချင်ရှိနေမည်။

တင်မောင်ဆွေက ချက်ချင်းပင် အခန်းထဲမှပြန်ထွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကာ အိမ်ကြီး၏အတွင်းဘက်သို့သွားသော စင်္ကြံငယ်ကလေးတစ်ခု အတွင်းသို့ တိတ်ဆိတ်လျင်မြန်စွာ လျှောက်ဝင်လိုက်ပြန်သည်။ စင်္ကြံကလေး၏ တစ်ဆစ်ချိုးအကွေ့တွင်ကား သူသည် လူတစ်ယောက်နှင့် ရင်ဆိုင်တိုးမိတော့သည်။ အမွေးအမျှင်ထူထူနှင့် မျက်နှာပေါက်ဆိုးလှသော လူကြီးတစ်ယောက်ပင် ဖြစ်လေ၏။

'ဘယ့်နှယ့်လဲဟေ့... အခြေအနေကောင်းရဲ့လား'

တင်မောင်ဆွေက သွက်လက်သော ဟင်ဒီဘာသာစကားဖြင့် မေးလိုက်ရာ အမွေးထူလူကြီးကလည်း အလိုအလျောက်ပင်...

'ကောင်းပါတယ် ဆပ်'ဟု ပြန်ဖြေလိုက်၏။

တင်မောင်ဆွေ၏ ဖြတ်ထိုးဉာဏ်က ထိရောက်လှပေတော့သည်။ အမွေးထူလူကြီးက ဘယ်လိုမှမလုပ်နိုင်ခင်မှာပင် တင်မောင်ဆွေ၏ ညာဘက်လက်က ၎င်း၏ ရင်ဝတည့်တည့်တွင် ရောက်နေပြီဖြစ်တော့သည်။ ထိုလက်ထဲတွင်တော့ သေးသွယ်ချွန်မြနေသည့် မားမြှောင်ကလေးတစ်လက်က အသင့်ရှိနေ၏။

'ဒီလိုဆိုရင် ကောင်းတာပေါ့... မင်းပါးစပ်ကို ပိတ်ထားပြီး နောက်ကိုဆုတ်သွားလိုက်စမ်း... ဟိုအခန်းထဲကို ပြန်ဝင်လိုက်...'

အမွေးထူလူကြီးသည် တင်မောင်ဆွေအား အံ့အားသင့်စွာ ပါးစပ်အဟောင်းသားကြီးဖြင့် ကြည့်နေလိုက်သည်။ ချွန်မြသော မားဦးက သူ့ရင်ဝကို စစ်ခနဲလာ၍ ကလိလိုက်သည့်အခါတွင်မှ ၎င်းသည် မမျှော်လင့်ဘဲနှင့်ကြောက်စရာကောင်းသော ရန်သူတစ်ယောက်၏ အငိုက်ဖမ်းမိခြင်းကို ခံလိုက်ရပါကလားဟူသော အသိ ၁ ဦးခေါင်းထဲသို့ ဝင်လာတော့သည်။





ထို့ကြောင့်လည်း အမွေးထူလူကြီးသည် ဘာမှမလုပ်သာတော့ဘဲ ၎င်းထွက်လာသော အခန်းထဲသို့ နောက်ပြန်ဆုတ်၍ ဝင်လိုက်ရတော့သည်။ တင်မောင်ဆွေက အခန်းထဲသို့ရောက်သွားသည်နှင့်တစ်ပြိုင်နက် သွက်လက်စွာ လှုပ်ရှားလိုက်ပြန်သည်။ သူက ဘယ်လက်ဝါးစောင်းကို ပြင်းထန်သော အရှိန်ဖြင့် အမွေးထူကြီး၏ တုတ်ခိုင်သော လည်ပင်းစောင်းပေါ်သို့ ခုတ်ချလိုက်သည်။

အမွေးထူလူကြီးသည် ဘယ်လိုမှ အသံထွက်မလာနိုင်။ အရုပ်ကြိုးပြတ်ကျဘိ၏သို့သာ ကြမ်းပြင်ပေါ်သို့ ခွေကျသွားပြီး လောကကြီးကို ခေတ္တမျှတော့ ဘယ်လိုမှ စိတ်မဝင်စားနိုင်တော့ဘဲရှိလေ၏။

တင်မောင်ဆွေက ထိုအခါမှ သူရောက်နေသော အခန်းကို သေချာစွာ လှည့်ပတ်ကြည့်ရှုလိုက်သည်။ ခပ်ကျဉ်းကျဉ်း အိပ်ခန်းကလေးတစ်ခန်းဖြစ်သည်။ အခန်းနံရံတစ်ဘက်နှင့် ကပ်ထားသော တစ်ယောက်အိပ်ကုတင်တစ်လုံးပေါ်တွင် သူလိုချင်သော လူမမာက ရှိနေသည်။ မုတ်ဆိတ်မွေးဖြူဖြူကြီးတွေကိုထောက်လျှက် အဘိုးကြီးတစ်ယောက်ဟု ထင်မှတ်ရသည်။ အဝတ် ကက်ဦးထုပ်ပွပွကြီးကို နဖူးအုပ်ဆောင်းထားကာ... နေကာမျက်မှန်နက်ကြီးများကလည်း မျက်နှာတစ်ဝက်လောက်ကို ဖုံးထားနေသည်။ သူဝတ်စားထားသော အဝတ်အစားတွေကလည်း ပုံပန်းမကျဘဲ အားလုံး ပွရောင်းရောင်းကြီးတွေ ဖြစ်နေကြ၏။ ထူးခြားသည်က ၎င်း၏လက်နှင့်ခြေများကို ကြိုးတွေနှင့်ရစ်ပတ်ထားခြင်းပင် ဖြစ်လေ၏။

တင်မောင်ဆွေက တုံ့ဆိုင်း၍မနေနိုင်တော့ဘဲ 'လူမမာ' ကို သူ၏သန်မာသော လက်နှစ်ဖက်ဖြင့် ပွေ့ချီလိုက်သည်။ လူမမာ



www.burmeseclassic.com

www.burmeseclassic.com



သည် ကလေးလေးတစ်ယောက်လိုပင် ပေါ့လှပေတော့သည်။

တင်မောင်ဆွေသည် လူမမာကို ပွေ့ချီလျက်ပင် အခန်းထဲမှ တိတ်ဆိတ်လျှင်မြန်စွာ ပြန်ထွက်ခဲ့လေ၏။

သို့ရာတွင် တင်မောင်ဆွေအတွက် ဤမျှ လွယ်ကူလှသည် တော့မဟုတ်ပေ။ သူက လူမမာကိုပွေ့ချီလျက် လှေကားကြီးမှဆင်း လာစဉ်မှာပင် ဦးပတေးအား ပိတ်လှောင်ထားသည့် အခန်းတံခါး ကိုဖွင့်ပေးနေသည်ကို သူက တွေ့လိုက်ရသည်။ သို့တစေလည်း သူက အေးဆေးတည်ငြိမ်စွာပင် အောက်ထပ်သို့ရောက်သည်အထိ ဆက်ဆင်းလာခဲ့၏။

ခန်းမကြီးထဲသို့ ရောက်လာသည့်အခါတွင်တော့ တင်မောင် ဆွေက မည်းနက်သော အော်တိုမက်တစ်မောင်းပြန်သေနတ်နှစ်လက် ၏ ပြောင်းဝများကို ရင်ဆိုင်လိုက်ရ၏။ သူပိတ်ထားခဲ့သော တံခါး ကိုဖွင့်ပေးခဲ့သောသူ၏ လက်ထဲတွင်တစ်လက်၊ ကျန်တစ်လက်က တော့ ဦးပတေး၏လက်ထဲတွင် ဖြစ်သည်။

တင်မောင်ဆွေကတော့ ဦးပတေးအား မျက်ခုံးတစ်ဖက် ပင့်လျက် ကြည့်လိုက်သည်။

'စစ်တုရင်စကားနဲ့ ပြောရရင်တော့ ခင်ဗျားတို့ရွှေ့ဖို့ အလှည့်ပဲ… ဒီတော့ ခင်ဗျားဘယ်လိုရွှေ့မယ်ဆိုတာကို စဉ်းစားနေ တုန်းမှာ ကျွန်တော်က စီးကရက်သောက်ပြီး စောင့်နေပါရစေ လား…'

တင်မောင်ဆွေက လက်ထဲတွင် ပွေ့ချီထားသည့် လူမမာ ကို နီးရာကုလားထိုင်တွင် အသာချထားပြီး၊ သူ့ရွှေစီးကရက်ဘူး ကလေးကို အင်္ကျီအိတ်အတွင်းမှ ထုတ်ယူလိုက်သည်။





'ခင်ဗျားက ကျုပ်ကို ရဲလက်အပ်မလို့လား ဦးပတေး။ တကယ်လို့ ဒီလိုလုပ်ဖို့ စိတ်ကူးထားရင် ခင်ဗျားက ရဲဘက်ကို ဘယ်လိုရှင်းလင်းပြောပြမယ်ဆိုတာ အခုကတည်းက စဉ်းစားထား ပြီး ဖြစ်နေရလိမ့်မယ်နော်… အပြင်က ရဲတပ်သားကြီးက ကျုပ်ဟာ ခင်ဗျားတို့ရဲ့ ဆရာဝန်ပါလို့ ပြောခဲ့တာကိုကြားသွားခဲ့ရတယ်… အဲဒီတုန်းကတော့ ခင်ဗျားဘာမှမပြောခဲ့တာကို သူက သိချင်မှာ မှချပဲ… ပြီးတော့လည်း ဟောဟိုက လူမမာ… အဲ… အဘိုး ကြီးကလည်း ရှိနေသေးတယ်…'

တင်မောင်ဆွေက ကုလားထိုင်ပေါ်တွင်ရှိနေသော 'လူ မမာ' ထံသို့ အသာမေးငေါ့ပြလိုက်သည်။ 'လူမမာ' သည် ပါးစပ် တွင် စည်းနှောင်ထားသော အဝတ်ကိုထိုးဖောက်၍ တစ်စုံတစ်ရာ ကို ပြောဆိုဖို့ ကြိုးစားလျက်ရှိနေသည်။

'စိတ်ဝေဒနာသည် တစ်ယောက်ကိုတောင် ဒီလိုမလှုပ်နိုင် အောင် ကြိုးတုပ်ပြီး ပါးစပ်ကိုပါ အဝတ်စည်းထားလေ့ မရှိပါ ဘူး…'

'စိတ်ချပါလေ… မင်းကို တို့က ရဲလက်ကိုအပ်မှာ မဟုတ်ပါဘူး…'

ဦးပတေးက ပါးစပ်ကိုမဲ့လျက် ပြန်ဖြေလိုက်သည်။ ယခု တော့ သူသည် ကိုယ့်ကိုကိုယ် ပကတိယုံကြည်စိတ်ချလျက် ရှိနေပုံ ရ၏။

တင်မောင်ဆွေက သူ့မျက်ခုံးထောင့်တစ်ဖက်ကို ဟန်ပါပါ ပင့်တင်လိုက်ရင်းကပင် စီးကရက်ဘူးကိုဖွင့်ကာ အတွင်းမှ စီးကရက် တစ်လိပ်ကို သေချာစွာရွေးထုတ်ပြီး ပါးစပ်တွင် တပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ရွှန်ဆွန်မာတ်မီးခြစ်ကို ထုတ်ပြန်လျက် မီးညှိကာ မီးခိုးများကို ဖွာထုတ်လိုက်၏။

'ဒီလိုဆိုလည်း ခင်ဗျားက ကျုပ်ကို ဒီမှာထားလို့ရမှာ မဟုတ်ဘူး မစ္စတာပတေး… ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ရဲတပ်သားကြီးနဲ့ ဒီကိုဝင်မလာခင်မှာ စကားနည်းနည်းပါးပါး ပြောခဲ့တယ်လေ… ကျုပ်ဒီအိမ်ထဲက နာရီဝက်အတွင်းပြန်ထွက် မလာရင် ဝင်လိုက်ကြည့်လှည့်ပါလို့ မှာထားခဲ့မိတယ်ခင်ဗျ… ပြီးတော့ ကျုပ်ဒီအိမ်ထဲကို မဝင်ခင်ကလေးမှာ သူကြားခဲ့ရတဲ့ အသံတွေ ကြောင့် သူဟာ အပြင်ဘက်ကနေ စောင့်ကြည့်နေဦးမယ်ဆိုတာ သေချာလှပါတယ်…'

ဦးပတေးက အစေခံဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ… ဟူစိန်… ပြတင်းပေါက်ကနေ သွားကြည့်စမ်း၊ ဟိုရဲတပ်သား အပြင်ဘက်မှာ ရှိနေသေးသလားဆိုတာ သွားကြည့်စမ်း…'

'အင်း… ခင်ဗျားအတွက် အခြေအနေကတော့ တော်တော်ကလေး ခွကျနေတာပဲနော်…'

တင်မောင်ဆွေက စီးကရက်ကို ဂရုစိုက်၍ ဖွာလိုက်ပြန်ရာက၊ ဦးပတေးအား, ခပ်ထေ့ထေ့ကလေး ပြောလိုက်၏။

'ကျုပ်ဟာ ရဲဘက်မှာဆိုရင် တော်တော်ကြီးကို လူသိများနေတဲ့ လူတစ်ယောက်ဗျ… အခု ကျုပ်နာမည်ကို အခု ခင်ဗျားကိုဖွင့်ပြောလိုက်ရင်လည်း ကျုပ် ဘယ်သူဘယ်ဝါဆိုတာကို ခင်ဗျားသိချင်သိနေမှာပဲ… ကျုပ်နာမည်က တင်မောင်ဆွေတဲ့ဗျ…'

တင်မောင်ဆွေဟူသော နာမည်ကို ကြားလိုက်ရလျှင်





ဦးပတေးသည် မျက်လုံးကြီးများ ပြူးကျယ်သွားလေတော့သည်။ တင်မောင်ဆွေက ပြုံးကာ စကားဆက်လိုက်ပြန်၏။

'ဘာပဲဖြစ်ဖြစ်၊ ခင်ဗျားရဲ့မိတ်ဆွေတွေကတော့ ကျုပ်ကို သိနေကြပါတယ်လေ… မင်းသားကြီးကကော… ပြီးတော့ ဒေါက်တာ ဟိုးကကော သူတို့ကို ကျုပ်က နှုတ်ဆက်လိုက်တယ်လို့ ပြောပါဗျာ… လူ့လောကကြီးမှာ နေခွင့်ရနေတုန်းမှာ ကောင်းကောင်းနေကြပါလို့…'

တင်မောင်ဆွေက စကားကို အဆုံးသတ်ကာ ရယ်မောလိုက်လေသည်။ ဦးပတေးကတော့ မျက်မှောင်ကြီးကြုတ်လိုက်သည်။ သို့ရာတွင် သူ့မျက်လုံးထဲတွင်တော့ တစ်စုံတစ်ရာကို ကြောက်ရွံ့စိုးရိမ်နေသည့် အရိပ်အရောင်တွေက ခိုကပ်လာကြသည်။

ထိုစဉ်မှာပင် ၎င်း၏အစေခံက ပြန်ရောက်လာပြီး ရဲတပ်သားကြီးသည် တိုက်အိမ်၏မျက်နှာချင်းဆိုင် လမ်းတစ်ဘက်မှနေ၍ အိမ်ကြီးကို စောင့်ကြည့်နေပြီး၊ ၎င်းနှင့်အတူ အရပ်သားတစ်ယောက်လည်းရှိနေပါသည်ဟု အစီရင်ခံလိုက်၏။ ဦးပတေးကား တော်တော်အကြံရကြပ်သွားပုံရလေသည်။

'ခင်ဗျားကို ကြည့်ရတာ တော်တော်ပဲ စိတ်အနှောင့်အယှက် တွေ့သွားပုံရပါတယ်…'

တင်မောင်ဆွေက ခပ်ထေ့ထေ့ကလေးပင် ပြောလိုက်သည်။ ဦးပတေး၏ ရွှေကိုင်းမျက်မှန်နောက်မှ မျက်လုံးကြီးများသည် တင်မောင်ဆွေ့ထံသို့ မုန်းတီးမှုရောင်ခြည်တွေကို စေလွှတ်လိုက်ကြသည်။ တတ်နိုင်ပါက သူသည် မိမိအား ဤနေရာတွင်ပင် တစ်ခါတည်း အသေသတ်ပစ်လိုက်မည်ဖြစ်သည်ကို တင်မောင်ဆွေက



www.burmeseclassic.com

www.burmeseclassic.com



နားလည်လိုက်မိ၏။

သို့ရာတွင် သူက ပြုံးပြုံးပင် စကားဆက်ပြန်သည်။

'ခင်ဗျားမိတ်ဆွေကြီး မင်းသားကြီးဆိုရင်တော့ ဘယ်တော့မှစိတ်အနှောင့်အယှက်ဖြစ်တာကို မပြဘူးဗျ။ သူက ခင်ဗျားထက်ပိုပြီး စိတ်ခါတ်ကြံ့ခိုင်တယ်ထင်ပါရဲ့ ဦးပတေးရယ်...'

တင်မောင်ဆွေက စကားပြောရင်းနှင့် သူ့စီးကရက်ထိပ်ဖျားမီးကလေးကို ကြည့်လိုက်သည်။ သူ့မျက်လုံးများသည် ရုတ်တရက် အရောင်တလက်လက် တောက်ပလာကြ၏။

'ကဲ... ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကို စောင့်နေရတုန်း အပျင်းကလေးပြေရအောင် ကျုပ်က မျက်လှည့်တစ်ခု ပြဦးမယ်ဗျာ... ဒီမှာ ဦးပတေး... ကြည့်စမ်း...'

တင်မောင်ဆွေက ပြောပြောဆိုဆို သူ့လက်ထဲမှ အငွေ့တလူလူနှင့် စီးကရက်ကို ဦးပတေးနှင့် အစေခံနှစ်ယောက်၏ ခြေရင်းသို့ ပစ်ချလိုက်ပြီး သူ့မျက်လုံးများကို မှိတ်ထားလိုက်သည်။ ဦးပတေးနှင့် ၎င်း၏အစေခံကတော့ ၎င်းတို့၏ခြေရင်းတွင် ကျလာသည့် စီးကရက်ကို မျက်မှောင်ကြုတ်လျက် ကြည့်နေလိုက်၏။

ပထမ သူတို့သည် ရှဲခနဲ အသံကလေးကို ကြားလိုက်ကြရသည်။ ထို့နောက်တွင်တော့ ရုတ်တရက် တစ်ခန်းလုံးကို မျက်စိကန်းသွားစေမတတ် လင်းသွားသောဖြူဝင်းသည့် အလင်းရောင်တန်းကြီးတစ်ခုက ဟုတ်ခနဲ ထ၍လင်းလာတော့သည်။ ထိုအလင်းရောင်ကြီးသည် သူတို့နှစ်ယောက်၏ မျက်လုံးများကိုသာမက ဦးနှောက်ကိုပါ ဝင်ဟပ်သွားသည်ဟု ထင်မှတ်လိုက်ရ၏။

နောက်တစ်ခဏတွင်တော့ တစ်ခန်းလုံးတွင် ဖြူရော်သော





မီးခိုးကြီးတွေက အူတက်ဖုံးလွှမ်းသွားပြန်သည်။ တင်မောင်ဆွေကတော့ လူမမာအဘိုးကြီးကိုပွေ့ကာ အခန်းတံခါးဝတွင် ရောက်ရှိနေလေပြီ။

ထူထပ်သော မီးခိုးလုံးကြီးတွေကို ဖောက်ထွင်းလျက် ဦးပတေးက တင်မောင်ဆွေ၏ လှောင်ပြောင်သောအသံကို ကြားလိုက်ရသည်။

'ဒီနည်းက မကောင်းဘူးလားဗျ... နောက်တစ်ခါ ခင်ဗျားညီခံပွဲများ ကျင်းပရင် ကျုပ်ကိုဖိတ်ပေါ့ဗျာ... အခုတော့ သွားပြီဗျို့...'

ဖောက်ခနဲအသံတိုတိုကိုရိုယာ တပ်ဆင်ထားသည့် သေနတ်ပစ်လိုက်သံက ထွက်ပေါ်လာကာ ကျည်ဆန်ထိပ်ဖူးတစ်တောင့်က တင်မောင်ဆွေ၏ ဦးခေါင်းဘေးမှ သစ်သားတံခါးပေါင်ထဲသို့ ရှူးဝင်နစ်မြုပ်သွား၏။ တင်မောင်ဆွေကလည်း တုံ့ဆိုင်းမနေတော့ဘဲ တံခါးကိုဖွင့်လိုက်ကာ အပြင်ဘက်သို့ ခုန်ထွက်သည်။ ထို့နောက် အသံကုန်ဟစ်အော်လိုက်လေ၏။

မီးဗျို့... မီး... မီး... မီးလောင်နေတယ်ဗျ...'

အော်ရင်းကပင် တင်မောင်ဆွေက လူမမာအဘိုးကြီးကို ပွေ့ချီလျက် လမ်းပေါ်သို့ ပြေးထွက်ခဲ့ရာ လမ်းတစ်ဘက်က ပြေးလာသော ရဲတပ်သားကြီးနှင့် ရင်ဆိုင်တိုးမိတော့သည်။

'ဒီမှာ ရဲတပ်သားကြီး... အိမ်ထဲမှာ လူတွေကျန်ရစ်ခဲ့သေးတယ်... သူတို့ကို သွားကယ်ပါဦး...'

ဥပဒေ၏လက်ရုံး ရဲတပ်သားကြီးသည် မီးခိုးတွေထူထွက်နေသော တံခါးဝအတွင်းသို့ ရဲဝံ့စွာပင် အပြေးကလေး ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားရှာ၏။

တင်မောင်ဆွေကတော့ လမ်းဘေးတွင်ရပ်ကာ သဘော ကျစွာ ရယ်မောနေလိုက်မိသည်။ ထိုစဉ်မှာပင် စောစောက သူသတိ ပြုမိခဲ့သော ဆလွန်းကားကြီးက သူ့ဘေးတွင်အသာ ထိုးရပ်လိုက် ၏။ ကားမောင်းလာသူကား ခုနက ရဲသားကြီးနှင့် စကားပြောနေ ခဲ့သော အရပ်သားပင်ဖြစ်သည်။

တင်မောင်ဆွေက ကားနောက်ပိုင်းတွင် ဝင်ထိုင်လိုက်ကာ သူ့လက်မောင်းကြားထဲမှ လူမမာအဘိုးကြီးကို သူ့ဘေးတွင် ညင်သာစွာပင် ချပေးလိုက်သည်။

'ကဲ… ဂျင်မီရေ… လစ်ပေတော့…'

တင်မောင်ဆွေ၏ လက်ရုံးတွဲဖက်ကြီး ဂျင်မီစမတ်က လည်း ကားကြီးကို အရှိန်ပြင်းစွာဖြင့် ထိုနေရာမှ ဝူးခနဲ မောင်းထွက် ခဲ့တော့သည်။

❖ ❖ ❖

(ဃ)

'အင်း… တော်တော်တော့ အစကောင်းတယ် ခေါ်ရမှာ ပဲ ဂျင်မီရေ…'

ဂျင်မီစမတ်က ကားကြီးကို လမ်းကြားတစ်ခုထဲသို့ ကျင် လည်စွာ ထိုးဝင်လိုက်စဉ်တွင် တင်မောင်ဆွေက ကျေနပ်စွာ ပြော လိုက်ခြင်းဖြစ်လေသည်။

'ငှက်ပျောသီးအခွံနှာစားသလို လွယ်လှတယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ… ဒါပေမဲ့ နေရာတကာမှာတော့ ကိုယ့်အလိုကျ အတိုင်း ဘယ်ဖြစ်နိုင်မှာလဲ၊ အခက်အခဲကလေးတစ်ခုတော့ တွေ့နေ ရသေးတယ်… ဒါပေမဲ့ ငါ့ရဲ့မဂ္ဂနီဆီယမ် စီးကရက်ကလေးက ဒီအခက်အခဲကို ဖြေရှင်းပေးလိုက်နိုင်ပါတယ်။ မင်းကတော့ ဘယ့် နှယ်လဲ ရဲတပ်သားကြီးနဲ့ ဘာတွေများ ပြောနေခဲ့သလဲ…'

'ကျွန်တော်က ကိုယ့်ကိုကိုယ် သတင်းထောက်တစ် ယောက်လို့ လိမ့်ရတာပေါ့ဗျာ… ဒီည ဒီအိမ်ကို အထူးထောက်လှမ်း ရေးဘက်က ဝင်စီးလိမ့်မယ်လို့ သတင်းရထားတယ်လို့ ရဲတပ်သား ကြီးကို ခပ်တည်တည် လိမ့်ထားလိုက်တယ်။ ဒါနဲ့ သူ့ခမျာလည်း



www.burmeseclassic.com

www.burmeseclassic.com



အရေးအကြောင်းရှိရင် အကူအညီပေးရအောင်ဆိုပြီး စောင့်နေရှာတာပဲ...'

တင်မောင်ဆွေက သဘောကျစွာရယ်မောလိုက်ပြန်၏။

'အခုဆိုရင် ဦးပတေးကြီးခမျာ ရဲတပ်သားကြီးနဲ့တွေ့ပြီး တော်တော် အကြပ်ရိုက်တော့မယ်... ငတိကြီးက ရဲတပ်သားကြီးကို ဘယ်လိုများ ဖြီးလိမ့်မလဲ မဆိုနိုင်ဘူး...'

တင်မောင်ဆွေက ပြောရင်းကပင် ဦးပတေးတစ်ယောက် တော်တော် အကြပ်ရိုက်နေမည့်အရေးကို တွေးကာ သဘောကျစွာ ထပ်၍ရယ်မောလိုက်ပြန်သည်။ ပြီးမှ အရယ်ရပ်လိုက်ကာ သူ့ဘောင်းဘီအကျႌအိတ်ထဲက စီးကရက်ဘူးကလေးကို ထုတ်ရင်းက သူ့ဘေးတွင် ရှိနေသော လူမမာအဘိုးကြီးကို သတိပြုလာမိလေသည်။ ၎င်းသည် ကိုယ်ခန္ဓာကို တွန့်လိမ်နေရာက စကားပြောဖို့လည်း ကြိုးစားနေသည်။

တင်မောင်ဆွေက ၎င်းအား ပြုံးပြလိုက်၏။

'ဆောရီးပဲဗျာ... အဘိုးတော့ ဒီအတိုင်းပဲလိုက်ခဲ့ပေဦး... ဒါပေမဲ့ ကျွန်တော်တို့ ခရီးလမ်းဆုံးကျတော့ ကြိုးတွေဖြေပေးပါ့မယ်... အဘိုးအားရှိသွားအောင် ဟောလစ်လည်းဖျော်တိုက်ပါ့မယ်... ပြီးတော့မှ အဘိုးက အဘိုးရဲ့အဖြစ်ကို ပြောပြပေါ့ဟုတ်လား...'

လူမမာအဘိုးအိုက ၎င်း၏ဦးခေါင်းကို သွက်သွက်ကြီး ခါယမ်းပြလိုက်သည်။ သို့ရာတွင် တင်မောင်ဆွေက ၎င်းအား ဘယ်လိုမှ ဂရုမစိုက်တော့လျှင်တော့ စိတ်အားလျော့သွားဟန်ဖြင့် ငြိမ်သက်သွားလေ၏။





နောက် မိနစ်အနည်းငယ်အကြာတွင် ဂျင်မီစမတ်က ကားကြီးကို လမ်းငယ်ကလေးတစ်လမ်းအတွင်းသို့ ချိုးဝင်ပြီး လမ်းကလေး၏အဆုံးတွင်ရှိသော နှစ်ထပ်အုတ်တိုက်ကလေးဆီသို့ မောင်းလာခဲ့သည်။ ထိုအုတ်တိုက်ကလေးကို တင်မောင်ဆွေက ယခုအခိုက်အတန့်အတွင်း သူ၏လျှို့ဝှက်ဌာနချုပ်လုပ်ရန် ငှားရမ်းထားခြင်းဖြစ်သည်။ အောက်ထပ်တစ်ခုလုံးမှာ ကားရုံကြီးဖြစ်ပြီး အပေါ်ထပ်တွင်တော့ လူနေရန် တိုက်ခန်းကျယ်ကြီးရှိပေ၏။

ဂျင်မီစမတ်က ကားကို ကားရုံထဲတွင် ထိုးရပ်လိုက်သည်နှင့်တစ်ပြိုင်နက်၊ တင်မောင်ဆွေက အဘိုးကြီးအားကောက်ချီလိုက်ပြန်ကာ ကားပေါ်မှဆင်းလိုက်သည်။ ထို့နောက် ဧည့်ခန်းကျယ်ကြီးထဲရှိ ဆိုဖာရှည်ကြီးတစ်လုံးပေါ်တွင် အဘိုးကြီးအား ချထားလိုက်၏။

တင်မောင်ဆွေက အခန်းပြတင်းပေါက်များရှိ အခန်းဆီးများကို လုံခြုံစွာ လိုက်လံဆွဲပိတ်လိုက်ပြီးမှ၊ ဆိုဖာပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေသော အဘိုးအိုထံပြန်လျှောက်လာလျက် ငုံ့ကြည့်လိုက်၏။

'ကဲ... အဘိုး၊ အဘိုးစကားပြောစရာရှိရင် ပြောနိုင်ပါပြီ... အဘိုးအတွက် ဟောလစ်ကိုလည်း မကြာခင်ရစေပါ့မယ်'

တင်မောင်ဆွေက ပြောပြောဆိုဆို အဘိုးကြီး၏ပါးစပ်တွင်ချည်ထားသောအဝတ်ကို ဖြည်ပေးလိုက်သည်။ ထို့နောက် နှုတ်မှ အာမေဋိတ်သံတစ်ချက် ထွက်သွားလေသည်။ အကြောင်းမူ သူက ပါးစပ်တွင်စည်းထားသော အဝတ်ကို ဖြည်လိုက်သည့်အခါတွင် ထိုအဝတ်နှင့်အတူ အဘိုးကြီး၏ မုတ်ဆိတ်မွေးတစ်ပြုံလုံးကပါ ကျွတ်ကျလာသောကြောင့် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ခေတ္တမျှ ကြက်သေသေကာ အဘိုးကြီးအားငေးစိုက်ကြည့်နေသည်။ ထို့နောက်တွင် အဘိုးကြီး၏မျက်နှာမှ မျက်မှန်နက်ကြီးကို ဆွဲဖြုတ်လိုက်ကာ ခေါင်းတွင်ဆောင်းထားသော အဝတ်ဦးထုပ်ပျော့ကြီးကိုလည်း ချွတ်ပစ်လိုက်သည်၌၊ ပိတုန်းရောင်တောက်နေသည့် ရှည်လျားသော ဆံကေသာများသည် လှပသော မျက်နှာကလေးပေါ်တွင် ရစ်ဝဲလျက် ကျလာကြလေ၏။ တင်မောင်ဆွေခေါ်ယူခဲ့သော ဦးပတေး၏ လူမမာအဘိုးကြီးသည် အကယ်စင်စစ်တော့ လှပသော မိန်းမပျိုကလေးတစ်ယောက်သာ ဖြစ်နေပေ၏။

❖ ❖ ❖

- ၂ -

## တင်မောင်ဆွေက ညော်ခံခြင်း။

(က)

ဂျင်မီစမတ်သည် အခန်းထဲသို့လေကလေးချွန်လျက် ဝင်လာ၏။ ထို့နောက် ဝတ်ထားသော ကုတ်အင်္ကျီကိုချွတ်ကာ တင်မောင်ဆွေ့ထံသို့ လှမ်းကြည့်ကာ စကားပြောမည်ပြုပြီးမှ အသံထွက်မလာတော့ဘဲ ပါးစပ်ကြီးအဟောင်းသား ဖြစ်နေလေတော့၏။

တင်မောင်ဆွေသည် ဆိုဖာကြီးဘေး၌ ဒူးထောက်လျက်ရှိကာ သူ၏ ချွန်မြသောဓားကလေးဖြင့် မိန်းကလေး၏ လက်နှင့်ခြေထောက်များတွင် ချည်ထားသော ကြိုးတွေကို ဖြတ်ပစ်လျက်ရှိနေ၏။

ဘယ်လိုလဲ ကိုဆွေ… ခင်ဗျားက မျက်လှည့်ပြအတော်ကြီးပါလား၊ မုတ်ဆိတ်မွေးနဲ့ အဘိုးကြီးကနေပြီးတော့၊ အင်မတန်လှတဲ့မိန်းကလေးတစ်ယောက်ဖြစ်လာအောင် ဘယ်လိုများ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တာလဲဗျာ…’

ဂျင်မီစမတ်ထံမှ အံ့သြသံကြီးထွက်ပေါ်လာခြင်း ဖြစ်လေသည်။ တင်မောင်ဆွေက ဂျင်မီအား ဘယ်လိုမှပြန်မဖြေဘဲ ဆိုဖာပေါ်မှ သူ့ဧည့်သည်အမျိုးသမီးကိုသာ ငုံ့ကြည့်လိုက်သည်။

‘ဘယ့်နှယ်နေသေးသလဲ ခင်ဗျာ…’

အမျိုးသမီးကလေးက တင်မောင်ဆွေအား ပြန်မဖြေသေးဘဲ လက်ကလေးတစ်ဖက်ဖြင့် သူမ၏နဖူးကလေးကို ညှစ်လိုက်၏။

‘ကျွန်မ ခေါင်းသိပ်ကိုက်နေတာပဲရှင်…’

အမျိုးသမီးကလေး ပြန်ဖြေသံမှာ ခပ်ဝဲဝဲကလေး ဖြစ်နေ၏။

‘ဒါဟာ ခင်ဗျားကို သူတို့က ဆေးခတ်ခဲ့တဲ့ဒဏ်ပဲ… ဒါပေမဲ့ ကိစ္စ မရှိပါဘူး… ကျွန်တော် ခင်ဗျားကို ဖြေဆေးပေးပါ့မယ်…’

တင်မောင်ဆွေက ပြောပြောဆိုဆို ဂျင်မီစမတ်ထံသို့ လှည့်ကြည့်လိုက်၏။

‘ကဲ… ဂျင်မီရေ… မင်း ရေနွေးအိုးသွားတည်ပြီး လက်ဖက်ရည်ဖျော်ခဲ့ပါလားကွာ… ငါကတော့ ဧည့်သည်ကို ဆေးတိုက်လိုက်ဦးမယ်…’

ဂျင်မီက နောက်ဖေးမီးဖိုချောင်သို့ ထွက်သွားစဉ် တင်မောင်ဆွေက အခန်းနံရံတွင်တစ်ဖက်တွင် ရှိသော ဗီရိုပုကလေးတစ်ခုဆီသို့လျှောက်သွားပြီး အထဲမှပုလင်းငယ်တစ်လုံးနှင့် ဖန်ခွက်တစ်ခွက်ကို ထုတ်ယူလိုက်လေသည်။ ပုလင်းငယ်ကလေးထဲမှ ပန်းရောင်အဆင်းရှိသော ဆေးပြားကလေးနှစ်ပြားကို ဖန်ခွက်ထဲသို့ထည့်လိုက်ပြီးနောက် ဗီရိုထဲမှ ဆော်ဒါပုလင်းတစ်လုံးကို ထုတ်ယူပြန်ကာ





ပုလင်းကိုဖောက်လိုက်ပြီး ဖန်ခွက်ထဲသို့ တစ်ဝက်ခန့်မျှ လောင်းထည့်လိုက်လေသည်။ ထို့နောက် ဖန်ခွက်ကို အမျိုးသမီးကလေးဆီသို့ ယူလာပြီး လှမ်းပေးလိုက်၏။

‘ကဲ… ခင်ဗျား အဲဒါကို သောက်ချလိုက်ပေတော့။ လက်ဖက်ရည် ပူပူတစ်ခွက်သောက်ဖို့ရင် ခင်ဗျားခေါင်းကိုက်နေတာ ယူပစ်လိုက်သလို ပျောက်သွားပါလိမ့်မယ်…’

အမျိုးသမီးကလေးသည် ဖန်ခွက်ထဲ၌ ဆူပွက်နေသော ရေတွေကိုတစ်လှည့်၊ တင်မောင်ဆွေကိုတစ်လှည့် ကြည့်နေလိုက်သည်။ တင်မောင်ဆွေက သူမအား အားပေးသော အပြုံးကိုပြုံးပြလိုက်သည့်အခါတွင်မှ စိတ်ချသွားသည့်အလား၊ ဖန်ခွက်ထဲမှ အရည်များကို ကုန်စင်သွားအောင် မော့သောက်ချလိုက်လေသည်။

‘သိပ်အဝင်မဆိုးလှပါဘူး မဟုတ်လား… ဂျင်မီက အခုပဲ လက်ဖက်ရည်ယူလာပါလိမ့်မယ်…’

‘ကျေး… ကျေးဇူးတင်ပါတယ်ရှင်…’

‘ကျေးဇူးတင်ဖို့မလိုပါဘူးခင်ဗျာ၊ ကဲ… ဆိုဖာပေါ်မှာ ခဏကလေး ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်နော်…’

အမျိုးသမီးက သက်ပြင်းကလေးတစ်ချက်ချလိုက်ပြီး မျက်လုံးများမှေးလိုက်လျက် ဆိုဖာနောက်မှီတွင် ခေါင်းကလေးတင်ထားလိုက်လေသည်။ တင်မောင်ဆွေကတော့ စီးကရက်တစ်လိပ်ကို မီးညှိလိုက်ကာ ဆိုဖာကြီးတစ်ခု၏ လက်ရမ်းပေါ်တွင် အသာမှေးထိုင်နေလိုက်ပြီး၊ အမျိုးသမီးကလေးအား အကဲခတ်ကြည့်နေလိုက်သည်။

အမျိုးသမီးကလေး၏ နက်မှောင်သော ဆံပင်များသည် ကပိုကရို ဖြစ်လျက်ရှိနေသော်လည်း ထိုဆံပင်များဝန်းရံထားသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလေးကတော့ အင်မတန်မှ လှပလှလေသည်။ သူမ၏ အသားကလေးလည်း ပကတိဖြူဝင်းလျက် ရှိနေ၏။ မှိတ်ထားသော မျက်လုံးများမှ မျက်တောင်ကော့ကြီးများသည် သူမ၏ပါးပြင်ကလေး နှစ်ဖက်ပေါ်တွင် ယှက်ဖြာကျလျက် ရှိနေပေသည်။

တကယ်တော့ သူမ၏မျက်နှာကလေးသည် မဟာဆန်လှသည်ဟု ခေါ်ရမည်လားမသိပေ။ ကျယ်ဝန်းသော နဖူးပြင်၊ ဖြောင့်စင်းသောနှာတံနှင့် ပန်းနုသွေးပြေးနေသော နှုတ်ခမ်းကလေးများသည် သမားရိုးကျထက် ပို၍ပြတ်သား ထင်ရှားလှပေ၏။

တင်မောင်ဆွေက ထိုမျက်နှာကလေးကို ကြည့်ရာက သူမသည် မည်သူမည်ဝါဖြစ်သည်ကို စိတ်ထဲတွင် မှတ်မိလာ၏။ သူ့ဘေးရှိစားပွဲပေါ်တွင် ထိုနေ့ထုတ် ကြေးမုံသတင်းစာက ရှိနေ၏။ တင်မောင်ဆွေက သတင်းစာကို ကောက်ယူလိုက်ပြီး မျက်နှာဖုံးတွင် ပါသော ဓာတ်ပုံကို ကြည့်လိုက်၏။ ထိုဓာတ်ပုံတွင် ဖော်ပြထားသည့်အမျိုးသမီးက ယခု သူ့ရှေ့တွင်ရောက်နေသော အမျိုးသမီးကလေးပင် ဖြစ်၏။ ထိုဓာတ်ပုံကို တင်မောင်ဆွေက ထိုနေ့နံနက်ကပင် အသေအချာ ကြည့်ရှုနေခဲ့သေး၏။

ဂျင်မီစမတ်က လက်ဖက်ရည်ပွဲတင်ထားသော လင်ပန်းကို မလျက် အခန်းထဲသို့ဝင်လာသည့်အခါတွင်၊ တင်မောင်ဆွေမှာ အမျိုးသမီးကလေးအား ငေးကြည့်လျက်ပင် ရှိနေသေး၏။

'လက်ဖက်ရည်ပူပူရပါပြီခင်ဗျား…'

ဂျင်မီစမတ်က တမင်တကာ ကျို့ကျို့ရို့ရို့ အမူအရာနှင့် ပြောလိုက်သည့်အခါတွင်မှ တင်မောင်ဆွေက ၄င်းဘက်သို့လှည့်ကြည့်ပြီး ပြုံးလိုက်လေ၏။





'အေး… ကောင်းပြီ ဘိုင်၊ စားပွဲပေါ်မှာ ချထားခဲ့လေ…'

'ကောင်းပါပြီ ဆပ်…'

ဂျင်မီစမတ်က လက်ဖက်ရည်ပွဲကို ခါးကလေးကုန်းလျက် တရိုတသေ စားပွဲပေါ်သို့ချထားပေးလိုက်ပြီးမှ တင်မောင်ဆွေအား ပါးစပ်ကြီးမဲ့ပြလိုက်၏။

'ကဲ… လက်ဖက်ရည်ပူပူကလေး သောက်ချလိုက်ပါဦးလေ…'

အမျိုးသမီးက မျက်လုံးများကို ပြန်ဖွင့်ကာ တိုက်တွန်းလိုက်သူ တင်မောင်ဆွေအား မော့ကြည့်လိုက်သည်။ သူမ၏ နှုတ်ခမ်းကလေးများကလည်း အပြုံးကလေးဖြင့် လွန့်လာကြသည်။

'ကျွန်မ အခုတော် တော်တော်ကြီးနေကောင်းသွားပါပြီ ရှင်… ခေါင်းအုံနေတာ ပျောက်သွားပါပြီ…'

'ဒီလက်ဖက်ရည်ကို သောက်လိုက်ရင်တော့ ပိုပြီးတော်နေကောင်းလာဦးမှာပေါ့… တစ်ခါတည်းကို လန်းဆန်းလာမယ်။ ကဲ… သကြားဘယ်နှစ်ဇွန်းထည့်ရမလဲ…'

'တစ်ဇွန်းပဲထည့်ပါရှင်…'

တင်မောင်ဆွေက ကရားထဲမှ လက်ဖက်ရည်အကျရည်ကို ပန်းကန်လုံးထဲသို့ ငှဲ့ထည့်ပြီး သကြားတစ်ဇွန်းနှင့် နို့ထပ်ရောကာ မျော့ပေးလိုက်သည်။ အမျိုးသမီးစကားပြောသည့် မြန်မာစကား ခပ်ဝဲဝဲကလေးသည် တစ်မျိုးပင် နားထောင်၍ကောင်းလှသည်ဟုလည်း စိတ်ထဲက မှတ်ချက်ချနေလိုက်မိသည်။

တင်မောင်ဆွေက လက်ဖက်ရည်ပန်းကန်ကို အမျိုးသမီး၏လက်ထဲသို့ ထည့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်ရှင်…'

အမျိုးသမီးက လက်ဖက်ရည်ကို တစ်ကျိုက်ကျိုက်ချလိုက်ပြီးနောက်မှ၊ ရုတ်တရက် တင်မောင်ဆွေ့အား မော့ကြည့်လိုက်ပြန်သည်။

'ဒါနဲ့… ရှင်တို့က ကျွန်မကို ဘယ်လိုရှာတွေ့ခဲ့တာလဲဟင်…'

'ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပေါ့ခင်ဗျာ…'ဟု တင်မောင်ဆွေက ခပ်ပြုံးပြုံးပြန်ဖြေလိုက်သည်။ 'လိုရင်းကို ပြောရရင်တော့ ကျွန်တော်တို့က ဦးပတေးကို စိတ်ဝင်စားနေကြတယ်ဗျ… ဦးပတေးဆိုတာ ခင်ဗျားကို ကျွန်တော်တို့ရှာတွေ့ခဲ့တဲ့ အိမ်ကြီးက ကုလားသူဌေးတစ်ယောက်ပဲ… ဟောဒီက ကျွန်တော့်ရောင်းရင်းကြီး ဂျင်မီစမတ်က ဦးပတေးကို စောင့်ကြည့်နေခဲ့တယ်လေ။ ညသန်းခေါင်လောက်ဆီကတော့ အဘိုးအိုကြီးတစ်ယောက်ကို ကားတစ်စင်းနဲ့ ဆေးခတ်ပြီး ခေါ်လာတာကို တွေ့ခဲ့ရတယ်…'

'နေပါဦး… ကျွန်မကို ဆေးခတ်ထားတယ်ဆိုတာ ဘယ်လိုလုပ်သိသလဲ…'

'သူတို့က အိမ်ထဲက လက်တွန်းလှည်းကုလားထိုင်တစ်လုံးကို ထုတ်ယူလာကြတယ်။ သူတို့က အလောသုံးဆယ်ပဲလေ… ခင်ဗျားကို ကားပေါ်က ပွေ့ချီထုတ်ကြတော့ ခင်ဗျားခေါင်းဟာ ကားတံခါးနဲ့ ဒေါင်ခနဲနေအောင် တိုက်မိသွားကြတယ်… ဒါပေမဲ့ ခင်ဗျားဆီက ဘယ်လိုမှအသံထွက်မလာဘူး… လှုပ်တောင်မလှုပ်ဘူး… ခင်ဗျားကိုလည်း ဘယ်သူကမှ မတောင်းပန်ခဲ့ကြဘူး… ဒါကြောင့် ခင်ဗျားဟာ ဆေးခတ်ခံထားရတယ်လို့ ကျွန်တော်တို့က





တွက်ကြတာပေါ့ဗျာ…'

အမျိုးသမီးက ခေါင်းကလေးကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။ တင်မောင်ဆွေကတော့ ဂျင်မီစမတ်ကို မေးငေါ့ပြပြီး စကားဆက်ပြန်၏။

'ဒါနဲ့ ဂျင်မီက ကျွန်တော့်ဆီကို သတင်းပို့လိုက်တယ်… ကျွန်တော်ကလည်း ဦးပတေးကို ညတွင်းချင်းသွားတွေ့ဖို့ ဆုံးဖြတ်လိုက်တာပဲ…'

တင်မောင်ဆွေက ပြုံးကာ ဦးပတေးအိမ်တွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက်၊ ဖြစ်ပျက်ခဲ့သမျှကို၊ ဂျင်မီစမတ်အတွက် ပြန်လည်ပြောပြလိုက်သည်။

နောက်ဆုံးပိုင်းကို အမျိုးသမီးက သိပြီးဖြစ်သော်လည်း အမျိုးသမီးကလေးကပါ ဂျင်မီစမတ်နှင့်အတူရောရှ၍ ရယ်မောလိုက်၏။

'ကျွန်တော် နားမလည်တာက ကျွန်တော်အိမ်ထဲကို ဝင်မယ်အလုပ်မှာ၊ အိမ်ထဲက မှန်ပြတင်းပေါက်တစ်ပေါက်ကို တစ်ယောက်ယောက်က ခွဲပစ်လိုက်တာပဲ… ပြီးတော့ လူတစ်ယောက်အနာတကျင်အော်သံကို ကြားလိုက်ရတယ်…'

'မှန်ခွဲလိုက်တာ ကျွန်မပါ… လူတစ်ယောက်အော်လိုက်တာက၊ ကျွန်မက သူ့လက်ချောင်းတစ်ချောင်းကို ကိုက်ဆွဲလိုက်လို့ပါ…'

တင်မောင်ဆွေက အမျိုးသမီးကို အံ့သြချီးကျူးသော အမူအရာဖြင့် ကြည့်လိုက်၏။

'ခင်ဗျား ပြန်သတိရလာပြီး ဘယ်ရောက်နေမှန်းမသိတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက အကူအညီတောင်းဖို့ ကြိုးစားခဲ့တယ်ဆိုပါတော့…’

အမျိုးသမီးကလေးက တည်ကြည်သော မျက်နှာကလေးဖြင့် ဦးခေါင်းကို ညိတ်ပြလိုက်သည်။

‘ဒါနဲ့ ရှင် ကျွန်မ ဘယ်သူဆိုတာကို သိသလား…’

‘ဟုတ်ကဲ့… သိပါတယ်…’

❖ ❖ ❖

## (၁)

တင်မောင်ဆွေက ပြောပြောဆိုဆို စားပွဲပေါ်တွင်ရှိနေသော ကြေးမုံသတင်းစာကို တဖန်ပြန်၍ ကောက်ယူလိုက်ပြန်၏။

‘ဟောဒီ သတင်းစာထဲမှာပါတဲ့ ခင်ဗျားဓာတ်ပုံကြောင့် ခင်ဗျားကို ကျွန်တော်မှတ်မိပါတယ်…’

တင်မောင်ဆွေက လက်ထဲက ကြေးမုံသတင်းစာကို သူ့အား မေးမြန်းသောအကြည့်ဖြင့် ကြည့်နေသည့် ဂျင့်မီစမတ်ထံသို့ လှမ်းပေးလိုက်၏။ ဂျင်မီက သတင်းစာကို ကြည့်နေစဉ် အမျိုးသမီးကလေးက သူမ၏လက်ထဲမှ လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ်သို့ ပြန်ချထားလိုက်ပြီး စကားစတင် ပြောလိုက်ပြန်သည်။

‘ကျွန်မက သံရုံးက ညှိခံပွဲမှာရှိနေတာ။ ကျွန်မတို့က သံရုံးမှာပဲ တည်းကြတာလေ။ ညှိခံပွဲကလည်း သိပ်ကိုပျင်းစရာကောင်းတာပါပဲ။ ဒါနဲ့ ကျွန်မလည်း ၁၁နာရီခွဲလောက်မှာ အနားယူဖို့ ကျွန်မအခန်းထဲကို ပြန်လာခဲ့တယ်။ ကျွန်မက ချော့ကလက်ကို သိပ်ကြိုက်တတ်တာရှင့်…’

အမျိုးသမီးက စကားကို ခေတ္တရပ်ထားလိုက်ကာ သူမ၏



www.burmeseclassic.com

www.burmeseclassic.com



လှပသော ပခုံးကလေးများကို လှုပ်လိုက်သည်။ ပြီးမှ စကားကို ဆက်ပြန်၏။

'ကျွန်မအခန်းထဲကို ပြန်ရောက်သွားတော့ မှန်တင်ခုံပေါ်မှာ ချောကလက်သေတ္တာကလေးကို သံအမတ်ကြီးကတော်က ကျွန်မစားဖို့ လာထားသွားတယ်လို့ထင်မိပြီး ကျွန်မလည်း သေတ္တာကလေးထဲက ချောကလက်တစ်ခု ယူစားလိုက်မိတာပေါ့··· ချောကလက်ကစားရတာ ခါးခါးကြီးဖြစ်နေတာကိုပဲ ကျွန်မသိလိုက်ရတယ်။ နောက်တော့ ကျွန်မဘာမှမသိတော့ဘူး။ ကျွန်မ သတိရလာတော့လည်း အဲဟိုအိမ်ထဲမှာရောက်နေတာကို တွေ့ရတော့တာပါပဲရှင်···'

အမျိုးသမီးကလေးက လက်ကလေးနှစ်ဖက်ကို ပိုက်လျက် ပခုံးကလေးများကို ကျုံ့ပစ်လိုက်သည်။ ပြီးမှ တင်မောင်ဆွေ့အား မော့ကြည့်ကာ ပြုံးလိုက်၏။

'နောက်ကျတော့ ရှင်ရောက်လာတော့တာပါပဲ'

တင်မောင်ဆွေက ပြုံးလိုက်ပြီး ဂျင်မီစမတ်ဘက်သို့ လှည့်ကြည့်လိုက်၏။ ဂျင်မီစမတ်မှာ ကြေးမုံသတင်းစာကို လက်ထဲတွင် ကိုင်ထားရာမှ၊ အမျိုးသမီးကလေးအား ငေးစိုက်ကြည့်ရှုလျက်ရှိနေ၏။ အမျိုးသမီးကလေးကလည်း ဂျင်မီစမတ်၏ မျက်လုံးဒဏ်ကြောင့် ပါးကလေးနှစ်ဖက်တွင် သွေးရောင်များ မသိမသာ ဖြန်းတက်လာ၏။

'ကျွန်မက တောင်တန်းနယ်စားကြီးရဲ့ သမီးဖြစ်ပေမယ့် ရှင်တို့လို သာမန်လူတစ်ယောက်ပါပဲရှင်··· ဒီတော့ကာ ကျွန်မကို စီးကရက်တစ်လိပ်လောက်တော့ ပေးသောက်ပါလား···'

အမျိုးသမီးကလေးက အရှက်ပြေပြောလိုက်ရာ··· တင်





မောင်ဆွေက သူ၏ ရွှေစီးကရက်ဘူးပြားကလေးကို ထုတ်ဖွင့်ပေးလိုက်၏။

'ဟောဒီ စီးကရက်တွေက ထပြီး မီးမတောက်တတ်တဲ့ ရိုးရိုးစီးကရက်တွေပါပဲ···'

တင်မောင်ဆွေက သူ့စီးကရက်ဘူးထဲမှ သာမန်စီးကရက် အကန့်ကို ညွှန်ပြပြီး၊ သူ့အတွက်လည်း စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်သည်။ အမျိုးသမီးကလေးအား စီးကရက် မီးညှိပေးလိုက်ပြီးနောက်၊ သူက မေးခွန်းတစ်ခု ထုတ်လိုက်၏။

'ဒီည ဖြစ်ရတဲ့ကိစ္စမှာ ဘယ်သူတာဝန်ရှိတယ်ဆိုတာကို ခင်ဗျား စဉ်းစားမကြည့်မိသေးဘူးလား···'

'ကျွန်မ စဉ်းစားဖို့ ဘယ်မှာအချိန်ရှိခဲ့လို့လဲရှင်···'

'အခုတော့ ခင်ဗျား အချိန်ရပြီ မဟုတ်လား။ ဒီတော့ ဘယ်သူများဖြစ်နိုင်တယ်ဆိုတာကို ခင်ဗျားတွေးမကြည့်နိုင်ဘူးလား သံရုံးထဲမှာ ခင်ဗျားကိုဝင်ပြီး ဆေးခတ်ရုပ်ဖျက်ခေါ်သွားနိုင်တဲ့လူဟာ၊ တော်ရုံတန်ရုံ လူတစ်ယောက်တော့ ဟုတ်မယ်မထင်ဘူး···'

အမျိုးသမီးကလေးက နဖူးရေများတွန့်လျက်··· ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

'ကျွန်မတော့ ကိုယ့်အဖြစ်ကို အခုထက်ထိ မယုံကြည်နိုင်အောင်ဖြစ်နေတာပဲရှင်···'

တင်မောင်ဆွေက အမျိုးသမီးအား ခပ်ပြုံးပြုံးရှုးစိုက်၍ ကြည့်လိုက်သည်။

'ဒီလိုဆိုရင် ခင်ဗျား ဒီညကြုံတွေ့ရတဲ့ အဖြစ်တွေကို ဘယ်သူက ကြံစည်ဖန်တီးခဲ့တယ်ဆိုတာ ကျွန်တော်ပြောပြနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်… ခင်ဗျားသိချင်သလား…’

အမျိုးသမီးကလေး၏မျက်လုံးများသည် မသိမှသာ ကျယ်ဝန်းလာကြ၏။

‘အို… သိချင်တာပေါ့ရှင်… ဘယ်သူများလဲဟင်…’

‘ဒီလူ့ကို ခင်ဗျား အခုည သံရုံးက ဧည့်ခံပွဲမှာတွေ့ပြီး စကားပြောချင်တောင် ပြောခဲ့ရမှာ…’

‘ဧည့်ခံပွဲမှာ ကျွန်မတွေ့ပြီး စကားပြောခဲ့ရတဲ့လူတွေက အများကြီးပဲရှင်…’

‘ဟုတ်ပြီလေ… ဒါပေမဲ့ ဒီလူဟာ ခင်ဗျားနဲ့ အရင်းနှီးဆုံး စကားပြောခဲ့ရတဲ့လူတစ်ယောက် ဖြစ်ချင်ဖြစ်လိမ့်မယ်… သူ့ပုံပန်းသဏ္ဍာန်ကို ကျွန်တော်ပြောပြမယ်လေ… အရပ်ငါးပေ ခြောက်လက်မလောက်ရှိမယ်… ကိုယ်လုံးကိုယ်ထည်ကတော့ ပိန်ပိန်ပါးပါးပဲ၊ နှုတ်ခမ်းမွေးရေးရေးရှိတယ်။ အမူအရာကလည်း အင်မတန်မှ မွန်ရည်သိမ်မွေ့တယ်…’

တင်မောင်ဆွေက ပြောနေရင်းကပင် အမျိုးသမီး၏မျက်နှာကို အကဲခတ်ကြည့်နေခဲ့ရာ၊ သူက မည်သူမည်ဝါကို ရည်ညွှန်း၍ ပြောနေခြင်းဖြစ်မှန်း၊ သူမက ရုတ်တရက် နားလည်လာပုံရသည်ကို တွေ့လိုက်ရ။

‘ဟုတ်တယ်ခင်ဗျ… ကျွန်တော်ပြောနေတာက၊ မင်းသားကြီး ဝဏ္ဏချန်ဒရာပါပဲ…’

‘အို… မဖြစ်နိုင်တာပါပဲရှင်…’

‘မဖြစ်နိုင်ဘူးဆိုပေမယ့် ကျွန်တော်ပြောတာက အမှန်ပါပဲ… မှန်ကြောင်းကိုလည်း ကျွန်တော်က အထောက်အထားပြနိုင်ပါ





တယ်… အခုည အဖြစ်အပျက်တွေဟာ သူကြံရည်ဖန်ရည်နဲ့ အင်မတန်ကို အံကိုက်နေတာပါပဲခင်ဗျာ…. သူ့တစ်ယောက်မှာသာ ဒီလို ကြံဖန်ရဲတဲ့စွမ်းရည်ရှိနေတာပဲ…’

တင်မောင်ဆွေသည် စကားပြောရင်းကပင် စိတ်တော်တော်လှုပ်ရှားလာပုံရ၏။ သူသည် အငြိမ်ထိုင်မနေဘဲ အခန်းထဲတွင် လှည့်ပတ်လျှောက်လျက် ရှိနေ၏။ သူ့မျက်လုံးများကလည်း အရောင်တလက်လက် တောက်ပလာကြသည်။ ဂျင်မီစမတ်က တင်မောင်ဆွေ၏အမူအရာကို အကဲခတ်ကာ၊ ၎င်းမည်မျှစိတ်လှုပ်ရှားထက်သန်နေကြောင်းကို နားလည်လိုက်မိ၏။ တင်မောင်ဆွေသည် သူဘာဆိုလိုသည်ကို မကြာခင်အတွင်း အချက်အလက်များ ပြည့်ပြည့်စုံစုံနှင့်အတိအကျ ရှင်းလင်းပြောပြတော့မည် ဆိုသည်ကိုလည်း ဂျင်မီစမတ်က သိလိုက်၏။

သို့သော်လည်း အမျိုးသမီးကလေးကမူ ကောင်းစွာနားမလည်ဘဲ၊ စိတ်ရှုပ်ထွေးသည့် အမူအရာကလေးဖြင့်သာ ကြည့်နေလိုက်၏။

‘ကျွန်တော်က အသေအချာကို သိပါတယ်ဗျာ…’

တင်မောင်ဆွေက အင်မတန်မှ သေချာသောအသံဖြင့် ပြောလိုက်ရင်းက လမ်းလျှောက်ရပ်လိုက်ကာ အမျိုးသမီးကလေးအား ကြည့်လိုက်၏။

‘မင်းသားကြီး ဝဏ္ဏချန်ဒရာရဲ့ လက်ချက်ဆိုတာ ကျွန်တော့်အတွက်တော့ သိပ်ကို ထင်ရှားနေတာပဲ…’

တင်မောင်ဆွေက ပြောပြောဆိုဆို အမျိုးသမီးကလေး၏ ရှေ့တည့်တည့်တွင် သွားရပ်ကာ သူမအား ငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က ဦးပတေးကို ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာ ပြောပြတာ ခင်ဗျား ကြားခဲ့ရတယ်မဟုတ်လား…'

'ဟုတ်ကဲ့… ရှင်ဟာ တင်မောင်ဆွေလို့ ပြောပြတာ ကျွန်မ ကြားခဲ့ရပါတယ်…'

'တင်မောင်ဆွေဆိုတာ ဘယ်သူဆိုတာကိုကော ခင်ဗျား သိသလား…'

အမျိုးသမီးကလေးက ခပ်သွဲ့သွဲ့ပြုံးကာ ဦးခေါင်းကိုယမ်းခါပြလိုက်သည်။

'ရှင်ဟာ အင်မတန် ရဲရင့်ဖျတ်လတ်တဲ့လူတစ်ယောက်ဆိုတာကလွဲလို့ ကျွန်မ မသိပါဘူးရှင်…'

တင်မောင်ဆွေက အမျိုးသမီး၏ဘေးတွင် ဝင်ထိုင်လိုက်ကာ သူမ၏ မျက်လုံးများထဲသို့ စူးစိုက်ကြည့်လိုက်၏။

'ကျွန်တော်ဟာ နယ်ချဲ့ဆန့်ကျင်ရေးသမားတစ်ယောက်ပါပဲ… အရင်းရှင်တွေကို တိုက်ဖျက်နေတဲ့ လူတစ်ယောက်ပါပဲ'

အမျိုးသမီးကလေး၏ မျက်လုံးများက မသိမသာ ကျယ်ဝန်းသွားကြပြန်သည်။ တင်မောင်ဆွေက ပြုံးလိုက်ကာ စကားဆက်ပြန်၏။

'ကျွန်တော့်ရဲ့အလုပ်ကတော့ စုံထောက်ပါ… ဒါပေမဲ့ အစိုးရစုံထောက်တစ်ယောက်တော့ မဟုတ်ပါဘူး။ တစ်ခါတစ်ခါမှာ အစိုးရကပေးတဲ့ တာဝန်တွေကို ထမ်းရွက်ခဲ့ရပါတယ်… တစ်ခါတစ်ခါမှာတော့လည်း ကိုယ့်သဘောနဲ့ကိုယ် ဘယ်သူကမှမပေးတဲ့ တာဝန်တွေကို ယူတတ်ပါတယ်… အဲသလို တာဝန်တွေကို ထမ်းရွက်တဲ့အခါမှာ လူတွေကို ကျွန်တော် သတ်ခဲ့ရပါတယ်… လူတွေ





က ကျွန်တော့်ကို သတ်ပစ်ဖို့ကြံစည်ကြိုးစားကြတာကိုလည်း ကျွန်တော် ရင်ဆိုင်ခဲ့ရပါတယ်… ဒါပေမဲ့ ကျွန်တော်သတ်ခဲ့ရတဲ့ လူတွေက သေထိုက်တဲ့လူတွေချည်းပါပဲ… သူတို့ဟာ သူတို့ရဲ့ ကိုယ်ကျိုးအတွက် လူအများကို အနိုင်ကျင့် ဒုက္ခတွေအများကြီးပေးခဲ့တဲ့ လူတွေချည်းပါပဲ… ကျွန်တော်ဟာ မကြာခင်ကဘဲ အဲသလို လူမျိုးတစ်ယောက်ကို သတ်ခဲ့ရပါတယ်… ဒီလူဟာ ကျွန်တော်တို့ အရှေ့တောင်အာရှမှာ သူတို့ကိုယ်ကျိုးအတွက် လာရောက်ခြေရှုပ်ချင်ကြတဲ့ အရင်းရှင်ကြီးတစ်စုရဲ့ ကိုယ်စားလှယ်သူလျှိုကြီးတစ်ယောက်ပါပဲ… သူဟာ ကျွန်တော်တို့ တိုင်းပြည်ကသာ ပိုင်ဆိုင်တဲ့ရွှေတွေကို ခိုးယူပြီး ဒီရွှေတွေနဲ့ပဲ ကျွန်တော်တို့ရဲ့ ပြည်တွင်းရေးမှာ ဝင်ရှုပ်ဖို့ ကြိုးစားခဲ့ပါတယ်… ဒါကြောင့်လည်း နောက်ဆုံးတော့ ကျွန်တော်ဟာ သူ့ကို သတ်ပစ်ခဲ့ရပါတယ်…'

အမျိုးသမီးကလေးကတော့ တင်မောင်ဆွေပြောသမျှကို ပါးစပ်ကလေးဟလျက် မျက်လုံးကလေးအဝိုင်းသားဖြင့် နားထောင်နေလိုက်လေသည်။

တင်မောင်ဆွေက ယခု သူတင်ပြလိုက်သော ကိစ္စကို အမျိုးသမီးကောင်းစွာ နားလည်သဘောပေါက်နိုင်ဖို့အတွက် ထိုအကြောင်းအရာတွေကို တမင်တကာ ပြောပြနေရခြင်းဖြစ်၏။ ယခု သူက စကားဆက်လိုက်ပြန်သည်။

'အဲဒီလူရဲ့ နာမည်ကတော့ မစ္စတာယူနပ်စ်ဆိုတာပါပဲ… ခုနက ကျွန်တော်ပြောပြခဲ့သလိုပါပဲ… သူဟာ ကျွန်တော်တို့ရဲ့ အရှေ့တောင်အာရှပိုင်းမှာ ကျက်စားအမြတ်ထုတ်လိုကြတဲ့၊ စစ်မီးတွေ မွှေးလိုကြတဲ့၊ နယ်ချဲ့အရင်းရှင်ကြီးတစ်စုရဲ့ လက်ကိုင်ဒုတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါပဲ… အဲဒီနယ်ချဲ့ အရင်းရှင်ကြီးတစ်စုဟာ အရှေ့တောင်အာရှမှာ သူတို့ရည်ရွယ်ချက်အောင်မြင်ရေးနဲ့ သူတို့အကျိုးကျေးဇူး ကာကွယ်ရေးအတွက် ကွန်မြူနစ်ဆန့်ကျင်ရေးကို ဗန်းပြပြီး ကျွန်တော်တို့ရဲ့ ပြည်တွင်းရေးတွေမှာ ခြေဝင်ရှုပ်ဖို့ အဖွဲ့အစည်းကြီး တစ်ခု ဖွဲ့ထားသေးတယ်ဗျ…'

အမျိုးသမီးကလေးက ထိုအခါတွင်မှ ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

'ဟုတ်ကဲ့… အဲဒါကိုတော့ ကျွန်မလည်း နားလည်နိုင်ပါတယ်… ကျွန်မတို့တိုင်းပြည်ဆိုရင် အဲဒီအရင်းရှင်ကြီးတွေရဲ့ ပယောဂစနက်ကို တော်တော်ကြီးခံနေရတယ်လို့ ကျွန်မရဲ့ ခမည်းတော်ကြီးကလည်း မကြာခဏတော့ ကျွန်မကို ပြောပြဖူးပါတယ်ရှင်…'

'မှန်ပါတယ်ခင်ဗျာ… အရှေ့တောင်အာရှမှာ သက်သက်ခြေရှုပ်ပြီး၊ စစ်မီးမွှေးဖို့ ဖွဲ့စည်းထားတဲ့ အရင်းရှင်ကြီးတစ်စုရဲ့ ဒီအဖွဲ့အစည်း ကို ဦးဆောင်နေသူကတော့ ဒေါက်တာဟိုးဆိုတဲ့ တရုတ်သူဌေးကြီး တစ်ယောက်ပါပဲ… သူဟာ အရှေ့တောင်အာရှရဲ့ သန်းကြွယ် သူဌေးကြီးတစ်ယောက်ဆိုတော့၊ ခင်ဗျားတောင် သူ့နာမည်ကို ကြားဖူးချင် ကြားဖူးနေမှာပါ…'

အမျိုးသမီးကလေးက ခေါင်းညိတ်ပြလိုက်ပြန်သည်။

'ဟုတ်ကဲ့… ကျွန်မ ဒေါက်တာဟိုးရဲ့ နာမည်ကို ကြားဖူးပါတယ်… သူ့ကိုတော့ လူတိုင်းလိုလိုက သိနေပါတယ်'

'အခု သူဟာ အရှေ့တောင်အာရှတိုင်းမှာ စစ်မီးကြီးမွှေးဖို့ ကြိုးစားကြံစည်နေတဲ့အထဲမှာ ထိပ်တန်းက ပါနေပါတယ်…





အရှေ့တောင်အာရှမှာ သူ့စိတ်ကြိုက်အခြေအနေ ရှုပ်ထွေးစေပြီး သူကြိုးကိုင်ထားနိုင်မယ့် အစိုးရအဖွဲ့တွေ ဖွဲ့နိုင်ပါမှ သူ့အကျိုးစီးပွား တက်လာရမှာကိုး… ဒါဟာ အရင်းရှင်ကြီးတိုင်းရဲ့ မျှော်လင့်ချက်ပါပဲလေ… အခုလည်း သူဟာဒါကိုပဲဦးတည်ပြီးကြိုးစားနေတာပဲ… အဲသလို ကြိုးစားရာမှာ သူဟာ ခင်ဗျားတို့တိုင်းပြည်က မင်းသားကြီး ဝဏ္ဏချန်ဒရာကို အသုံးပြုနေတယ်… ခုနက ကျွန်တော်ပြောတဲ့ မစ္စတာယူနပ်စ်ဆိုတာဟာ သူ့လူတစ်ယောက်ပဲ။ မစ္စတာယူနပ်စ်ရဲ့ လက်ချက်ကြောင့် ကျွန်တော့်ရဲ့ ညီအရင်းလိုချစ်တဲ့ ကျွန်တော့်မိတ်ဆွေတစ်ဦးဟာ ငါးမန်းစာဖြစ်ဖို့အရေးက ခြေတစ်ဖက်စွန့်ပြီးမှ သီသီကလေး လွတ်လာခဲ့ရတယ်'

ပြောနေရင်းကပင် တင်မောင်ဆွေ့မျက်နှာသည် တင်းမာခက်ထန်လာကာ သူ့မျက်လုံးများကလည်း အေးစက်မာကျောလာကြသည်ကို အမျိုးသမီးကလေးက တွေ့လိုက်ရသည်။ ဤလူကား ရန်သူဖြစ်ရဖို့ တော်တော်ကြောက်စရာကောင်းမည့်လူပဲဟု သူမက ကြိတ်တွေးလိုက်၏။

တင်မောင်ဆွေက စကားဆက်နေပြန်သည်။

'ဒါနဲ့ပဲ ကျွန်တော်ဟာ ဒီလို ဝါဒီကြီးတွေရဲ့ ပက်စက်တဲ့ အကြံအစည်တွေကို တွေ့ရာနေရာမှာလိုက်ပြီး တိုက်ဖျက်ပစ်မယ်လို့ သန္နိဋ္ဌာန်ချထားခဲ့တယ်… ကိုယ့်ကိုကိုယ် တာဝန်ပေးထားခဲ့တယ်…'

'ကျွန်မ နားလည်ပါတယ် ကိုတင်မောင်ဆွေ…'

'အဲဒီကစပြီး ကျွန်တော်ဟာ ဒီအကြံအစည်တွေရဲ့ နောက်ကွယ်မှာ၊ ဒေါက်တာဟိုးနဲ့ ခင်ဗျားတို့ရဲ့ မင်းသားကြီး ဝဏ္ဏချန်ဒရာ



www.burmeseclassic.com

www.burmeseclassic.com



က ရှိနေတယ်ဆိုတာကို စုံစမ်းသိခဲ့ရတယ်။ မစ္စတာ ယူနပ်စ်ကို ကျွန်တော်တို့က သုတ်သင်ပစ်လိုက်နိုင်ပေမယ့် သူတို့ဟာ သူတို့ရဲ့ ပက်စက်တဲ့အကြံအစည်တွေကို လက်မလျှော့ခဲ့ကြသေးပါဘူး… အရှေ့တောင်အာရှ ကျွန်းဆွယ်တစ်ခုလုံးကို စစ်မီးဟုန်းဟုန်းတောက် လာနိုင်စေမယ့် တခြား အကြံအစည်ကြီးတစ်ခုကို ကြံစည်နေပြန် တယ်ဆိုတာကို ကျွန်တော်နဲ့ ဂျင်မီစမတ်တို့က ကံကောင်းစွာပဲ စုံစမ်းသိရှိခဲ့ရပါတယ်… အဲဒီ အကြံအစည် အောင်မြင်ရေးမှာ ခင်ဗျားကလည်းပါနေတာ မုချပဲ… ဒါကြောင့်လည်း ခင်ဗျားဟာ ဒီညကအဖြစ်မျိုးကို ကြုံတွေ့ခဲ့ရတာပါပဲ…’

အမျိုးသမီးကလေးကတော့ ကောင်းစွာနားမလည်သေးဟန် ဖြင့် တင်မောင်ဆွေ့အား ကြည့်လိုက်သည်။

‘ဒေါက်တာဟိုးက အရှေ့တောင်အာရှမှာ စစ်မီးမွေးဖို့ ကြံစည်နေတယ်ဆိုတာကိုတော့ ကျွန်မကလည်း ယုံကြည်လက်ခံပါ တယ်ရှင်… ဒါပေမဲ့ သူ့အကြံအစည်ထဲမှာ ကျွန်မက ပါဝင်နေတယ် လို့ ရှင်ပြောတာကိုတော့ ကျွန်မ နားမလည်ပါဘူး… ကျွန်မက ဘယ်လိုများ ပါဝင်နေရတာလဲ…’

တင်မောင်ဆွေက ပြုံးလိုက်ကာ သူမ၏ဘယ်လက်ကို ငုံ့ကြည့်လိုက်သည်။ အမျိုးသမီးကလေးကလည်း လိုက်ငုံ့၍ကြည့် လိုက်ရာ သူမ၏လက်သူကြွယ်တွင် မီးရောင်ဟပ်ပြီး အရောင် တဖျပ်ဖျပ် တောက်လက်နေသော စိန်လက်စွပ်ကလေးကို သွားတွေ့ လိုက်ရသည်။

ဤတွင် သူမ၏မျက်နှာကလေးတွင် တစ်စုံတစ်ရာကို ကြောက်ရွံ့စိုးရိမ်သည့် အရိပ်အရောင်များ ပေါ်လွင်လာသည်ဟု





တင်မောင်ဆွေက ထင်မှတ်လိုက်မိ၏။

‘အဲဒါနဲ့ ရှင်ပြောနေတာနဲ့ ဘာဆိုင်လို့လဲရှင်’

အမျိုးသမီးကလေးက တင်မောင်ဆွေအား မော့ကြည့်လိုက် ပြန်ကာ မေးခွန်းထုတ်လိုက်ပြန်၏။

‘ဆိုင်တာပေါ့… ကျွန်တော်လည်း ခုနက ခင်ဗျားကို မင်းသားကြီးဝဏ္ဏချန်ဒရာရဲ့ နာမည်ကိုပြောပြီးတော့မှပဲ အဲဒါကို သွားတွေ့လိုက်မိတာခင်ဗျာ…’

‘ရှင်က ဘာဆိုလိုတာလဲ…’

‘ဒေါက်တာဟိုးက သူနဲ့တကွ အပေါင်းအသင်း အရင်းရှင် ကြီးတစ်စုရဲ့ တိုးတက်အကျိုးအမြတ်ထုတ်ရေးအတွက် အရှေ့တောင် အာရှမှာ စစ်မီးမွေးဖို့ ကြိုးစားကြံစည်နေတယ်ဆိုတာကိုတော့ ခင်ဗျား လက်ခံပြီနော်…’

အမျိုးသမီးကလေးက နှုတ်ခမ်းများကို တင်းကျပ်စွာ စေ့ ထားလိုက်ရာက ဦးခေါင်းကလေး ညိတ်ပြလိုက်သည်။

‘သူ့အကြံအစည်ဟာ တချို့တစ်ဝက်လည်း အောင်မြင်နေ ကြပြီ။ အခုဆိုရင် စစ်မီးတောက်နေတဲ့ ကျွန်တော်တို့ရဲ့ အိမ်နီးနား ချင်းနိုင်ငံတွေဟာ ဘယ်နှစ်နိုင်ငံရှိနေပြီလဲ… စစ်မီးမတောက်ဘဲ ငြိမ်သက်ပြီး နိုင်ငံရေးဝါဒနဲ့ ရှေ့သို့ မှန်မှန်ကြီးချီတက်နေတဲ့ အရှေ့ တောင်အာရှနိုင်ငံဆိုလို့ ကျွန်တော်တို့တိုင်းပြည်နဲ့ ခင်ဗျားတို့ရဲ့တိုင်း ပြည်ပဲရှိတော့တယ်… ဒါပေမဲ့ ခင်ဗျားတို့ရဲ့တိုင်းပြည်တောင် အခြေ အနေက တော်တော်ကလေး လှုပ်နေပြီဆိုတာကို ခင်ဗျား ဝန်ခံရမှာ ပဲ…’

အမျိုးသမီးကလေးက နှုတ်ခမ်းကလေးကိုက်လိုက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ရာတွင် တင်မောင်ဆွေ့အား ဘယ်လိုမှတော့ ပြန်မငြင်းပေ။ တင်မောင်ဆွေက သူဆိုလိုသည်ကို အမျိုးသမီး သဘောပေါက်အောင် ဆက်လက်ရှင်းပြပြန်သည်။

'ခပ်ရှင်းရှင်းပြောရရင် ခင်ဗျားတို့ တိုင်းပြည်မှာက ပဒေသရာဇ်စနစ်က ကောင်းကောင်း ကုန်သေးတာမဟုတ်ဘူး။ အမြစ်စွဲပြီး ကျန်နေတုန်းပဲ... ပါလီမန်အစိုးရဖွဲ့ထားနိုင်ပေမယ့် ခင်ဗျားတို့ဘုရင်က ဒီအစိုးရကို ချုပ်ကိုင်ထားနိုင်တယ်... ပြီးတော့ မှူးကြီးမတ်ကြီးတွေကလည်း အာဏာကိုယ်စီရှိနေကြတယ်... ခင်ဗျားရဲ့ဖခမည်းတော်ကြီးကိုယ်တိုင်ကပဲ ခင်ဗျားတို့တိုင်းပြည်ရဲ့ တောင်တန်းဒေသတွေမှာ အာဏာတော်တော်ကြီးကိုရှိနေတဲ့ နယ်စားကြီးတစ်ယောက်မဟုတ်လား...'

'မှန်ပါတယ်လေ... ကျွန်မတို့တိုင်းပြည်က နယ်ချဲ့လောင်းရိပ်မှာ အတော်ကြီးကြာအောင် နေလာရပြီး၊ နယ်ချဲ့လောင်းရိပ်အောက်က လွတ်လာရတာကလည်း မကြာသေးလှတာမို့၊ တိုးတက်သင့်သလောက် မတိုးတက်သေးဘူးဆိုတာကို ဝန်ခံပါတယ်... ဒီတော့ ခေတ်အဆက်ဆက်က ကျွန်မတို့တိုင်းပြည်မှာ အမြစ်စွဲလာခဲ့တဲ့ ပဒေသရာဇ်စနစ်ဟာလည်း ကျန်သင့်သလောက်တော့ ကျန်နေသေးတာပေါ့ရှင်... အဲဒါက ဘာဖြစ်သလဲ ကိုတင်မောင်ဆွေ...'

အမျိုးသမီးကလေးက သူမတို့တိုင်းပြည်၏ ခေတ်နောက်ကျန်နေမှုကို ဝန်ခံလိုက်ရင်းက တင်မောင်ဆွေက ဘာကိုရည်ရွယ်၍ပြောနေကြောင်း သူမသိသေးကြောင်းကိုလည်း ထုတ်ဖော်ပြောပြလိုက်၏။

'အဲဒါ ဘာဖြစ်တယ်ဆိုတာကို ကျွန်တော်က အခုရှင်းပြ





နေတာပဲလေ... ခင်ဗျားတို့တိုင်းပြည်မှာ ပဒေသရာဇ်စနစ်က မကုန်သေးဘူး။ နယ်စားကြီးတွေ မှူးကြီးမတ်ကြီးတွေဟာ ကိုယ့်အာဏာနဲ့ကိုယ် အာဏာချင်းပြိုင်နေကြတယ်။ သူ့အုပ်စု ကိုယ့်အုပ်စုကွဲနေကြလို့၊ တိုင်းပြည်အခြေအနေက မငြိမ်သက်ဘဲ တလှုပ်လှုပ်ဖြစ်နေရတယ် မဟုတ်လား... ဒီလို အခြေအနေဟာ ဒေါက်တာဟိုးတို့အတွက် စစ်မီးမွှေးပေးဖို့၊ အခွင့်လမ်း အသာဆုံးဖြစ်နေတော့တာပေါ့...'

'ဟုတ်ပြီလေ... ဒါပေမဲ့ အဲဒီအခြေအနေဟာ ကျွန်မနဲ့ ဘယ်လိုသက်ဆိုင်မှာလဲရှင်...'

တင်မောင်ဆွေ့မျက်လုံးတွေက တလက်လက်တောက်ပနေကြသည်။ သူက အမျိုးသမီးကလေးအား အပြုံးကလေးဖြင့်ကြည့်လိုက်၏။

'အခု ခင်ဗျားဟာ ခင်ဗျားတို့တိုင်းပြည်ရဲ့ မှူးကြီးမတ်ရာတစ်ယောက်ဖြစ်ပြီး၊ တောင်ပိုင်းမှာ တန်ခိုးအထွားဆုံးဖြစ်တဲ့ ဇီဝရာနန်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ လက်ဆက်ဖို့ စေ့စပ်ကြောင်းလမ်းပြီးသားမဟုတ်လား။ ဇီဝရာနန်းဟာ... တောင်ပိုင်းရဲ့ မကြေညာတဲ့ အာဏာရှင်ကြီးတစ်ယောက်ဖြစ်သလို၊ ခင်ဗျားတို့တိုင်းပြည်မှာ အချမ်းသာဆုံး အကြွယ်ဝဆုံး မင်းသားတစ်ယောက်ဖြစ်တယ်... ပြီးတော့ မြောက်ပိုင်းဘက်က အုပ်စုနဲ့လည်း မသင့်မြတ်ဘူး... ဒီတော့ကာ သူ့ရဲ့ သတို့သမီးလောင်းဟာ ရုတ်တရက် ပျောက်သွားပြီး၊ မြောက်ပိုင်းသားတစ်ယောက်က၊ အထူးသဖြင့်၊ သူနဲ့ အတိုက်အခံဖြစ်နေတဲ့ အုပ်စုဝင်တစ်ယောက်ယောက်က ခိုးပြေးသွားတယ်ဆိုတာကို သူသိရရင်၊ သူ့အနေနဲ့ ဘယ့်နှယ်နေမလဲ... သူ နဂိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မှန်းတီးနေတဲ့ မြောက်ပိုင်းအုပ်စုကို သူ့မှာရှိသမျှ အစွမ်းအာထောနဲ့ ချေမှုန်းပစ်ဖို့ ကြိုးစားတော့မှာပဲ မဟုတ်လား။ သူဟာ အစကတည်းက မြောက်ပိုင်းအုပ်စုကို ချေမှုန်းပစ်မယ် တကဲကဲ ဖြစ်နေတာ… သူ့ဦးရီးတော်,တော်တဲ့ ဘုရင်ကြီးက ဟန့်တားထားလို့သာ ငြိမ်နေရတာမဟုတ်လား… အခု ခင်ဗျားကိုသာ မြောက်ပိုင်းသား အုပ်စုဝင်တစ်ယောက်က ခိုးပြေးသွားတာဖြစ်လာရင် သူ့အတွက် မြောက်ပိုင်းအုပ်စုကို ချေမှုန်းပစ်ဖို့ အကြောင်းက ရှိလာတော့တာပေါ့… သူက မြောက်ပိုင်းအုပ်စုကို ချေမှုန်းရင် ဟိုဘက်ကလည်း ပြန်လှန်တိုက်ခိုက်မှာ အမှန်ပဲ… ဒီတော့ ခင်ဗျားတို့ တိုင်းပြည်မှာ ပြည်တွင်းစစ်ဖြစ်ကရော စစ်မီးတောက်ကရော… အဲဒီအခါမှာ… ဒေါက်တာဟိုးဆန္ဒလည်း ပြည့်ကရောလေ… သူတို့က ခင်ဗျားတို့ ပြည်တွင်းစစ်ကနေ အမြတ်ထုတ်တာပေါ့… အလွယ်ဆုံးနည်းက နှစ်ဖက်စလုံးကို လက်နက်ရောင်းမယ်… စစ်ရိက္ခာ ပစ္စည်းတွေရောင်းမယ်… မရောင်းတောင် အထောက်အပံ့ပေးမယ်… အဲသလို အထောက်အပံ့ပေးရတဲ့အတွက် နောက်ဆုံးမှာ သူတို့က ခင်ဗျားတို့တိုင်းပြည်မှာ အရနိုင်ဆုံး အခွင့်အရေးတွေကိုရပြီး၊ တိုင်းပြည်ရဲ့ စီးပွားရေးမှာဝင်ပြီး လက်ဝါးကြီးအုပ် သွေးစုပ်တော့မှာပေါ့…’

❖ ❖ ❖

(ဂ)

တင်မောင်ဆွေက စကားအဆုံးသတ်လိုက်လျှင် အခန်းထဲတွင် တိတ်ဆိတ်မှုက လွှမ်းမိုးသွားသည်။ ဂျင်မီစမတ်က အမျိုးသမီးကလေးအား လှမ်း၍ အကဲခတ်ကြည့်လိုက်သည်။

သူမ၏ မျက်နှာကလေးသည် ဖြူရော်လျက်ရှိနေသည်။

သူမ၏ မျက်လုံးအစုံထဲတွင်တော့ ကြောက်ရွံ့စိုးရိမ်သော အရိပ်အရောင်တွေက သိသိသာသာကြီး လွှမ်းမိုးလျက်ရှိနေသည်။ ပြီးမှ သူမက ဦးခေါင်းကလေးကို ဖြည်းညင်းစွာ ယမ်းခါလိုက်၏။

‘အိုရှင်… ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို ဖြစ်နေတော့ပါကလား… ဒါပေမဲ့လည်း… ရှင်ပြောတာတွေဟာ အများကြီးကိုဖြစ်နိုင်တာပဲ…’

အမျိုးသမီးသည် ပြောရင်းကပင် တော်တော်… ဦးနှောက်ခြောက်လာသည့်အလား သူမ၏နဖူးပြင်ကလေးကို လက်တစ်ဖက်နှင့် အသာသပ်လိုက်ပြန်သည်။ တင်မောင်ဆွေက သူမအား ကြင်နာမကင်း ကြည့်လိုက်သည်။ သူပြောပြလိုက်သော အကြောင်းအရာတွေကြောင့် သူမ၏စိတ်တွေ အဘယ်မျှ ရှုပ်ထွေးနောက်ကျိသွားမည်



www.burmeseclassic.com

www.burmeseclassic.com



ကို သူက ကိုယ်ချင်းစာကြည့်လိုက်သည်။

'ကဲ... ခင်ဗျားလည်း ဒီည တော်တော်ကို ပင်ပန်းလှပါပြီဗျာ... ကျွန်တော်တို့ ဆွေးနွေးစရာရှိတာကို နောက်မှဆက်ပြီး ဆွေးနွေးကြရအောင်လား... ဒီညတော့ ခင်ဗျားအိပ်ဖို့သင့်ပါပြီ... ခင်ဗျား ဘယ်မှာအိပ်ရမယ်ဆိုတာကို ကျွန်တော်လိုက်ပြပါ့မယ်... မနက်ဖြန်ကျတော့မှ ဟောဒီက ဂျင်မီစမတ်က ခင်ဗျားအတွက် သင့်တော်တဲ့ အဝတ်အစားတွေကို သွားရှာပေးပါလိမ့်မယ်...'

အမျိုးသမီးက မသိမသာ ပြုံးကျယ်သွားသော မျက်လုံးများဖြင့် တင်မောင်ဆွေ့အား မော့ကြည့်လိုက်သည်။

'ရှင်... ရှင်က ကျွန်မကို ပြန်မပို့ပေးသေးဘူးလား။ ကျွန်မကို ဒီမှာပဲထားမလို့လား...'

တင်မောင်ဆွေက သူမအား အပြုံးကလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်ခင်ဗျ... ဒီညတော့ ခင်ဗျား ဒီမှာပဲနေရဦးမယ်...'

'ဒါပေမဲ့ ကျွန်မတို့ သံရုံးကလူတွေ...'

'သူတို့ကတော့ တော်တော့်ကို စိတ်ပူနေကြမှာ အမှန်ပဲပေါ့...'

'ဒီလိုဆို ရှင်တို့ဟာလည်း သူတို့နဲ့ဘာထူးသေးသလဲ... ကျွန်မကို အတင်း...'

အမျိုးသမီးကလေးက ပြောပြောဆိုဆို ထိုင်ရာမှထလိုက်သည်။ တင်မောင်ဆွေကလည်း သူမအား ရုတ်တရက် တည်ကြည်သွားသော မျက်နှာဖြင့် ပြန်ကြည့်လိုက်သည်။





'ကျွန်တော်တို့ဟာ သူတို့နဲ့မတူပါဘူး... မတူတာကိုလည်း ခင်ဗျားသိပါတယ်... ကျွန်တော်တို့က ခင်ဗျားကို အခုထက်ထိ လက်ဖျားနဲ့တို့ခဲ့သေးလို့လား... ကျွန်တော့် ရည်ရွယ်ချက် ဘယ်လိုရှိတယ်ဆိုတာကိုလည်း ခင်ဗျားကို ပွင့်ပွင့်လင်းလင်း ရှင်းပြပြီးပြီမဟုတ်လား... အခု ကျွန်တော်က ခင်ဗျားကို ဒီခေါ်လာတာမှာ အကြောင်းရှိနေပါတယ်...'

တင်မောင်ဆွေက စကားကိုရပ်နားလိုက်ကာ အမျိုးသမီးကလေးအား ပြုံးပြလိုက်သည်။ ထိုအပြုံးကား ဘယ်အမျိုးသမီးမှ မလွန်ဆန်နိုင်သော အပြုံးမျိုးဖြစ်သည်။

'ခင်ဗျား... ဒီည ခင်ဗျားတို့သံရုံးကို ပြန်မသွားသေးရင် ခင်ဗျားတို့ တိုင်းပြည်မှာ ပြည်တွင်းစစ်ကြီးထတောက်လာဦးမှာ မဟုတ်သေးပါဘူး... ခင်ဗျား ၂၄နာရီ၊ ၄၈-နာရီပျောက်နေဦးတော့ ကျွန်တော်ခုနကပြောသလို ခင်ဗျားတို့ တိုင်းပြည်မှာ ပြည်တွင်းစစ်ကြီးက ရုတ်ခြည်းတော့ ထတောက်လာဦးမှာမဟုတ်ပါဘူး... ဒီအချိန်ကလေး အတောအတွင်းမှာ ကျွန်တော်လုပ်ချင်တဲ့ အကြံအစည်ကလေးတစ်ခုက ရှိနေတယ်... တခြားမဟုတ်ပါဘူး... ဒေါက်တာဟိုးကို သူ့ရှူးသူပြန်ပတ်အောင်လုပ်ဖို့ပဲ... ဘယ်လိုလုပ်ရမယ်ဆိုတာကို အသေးစိတ်တော့ ကျွန်တော်ကိုယ်တိုင်လည်း မသိသေးဘူး... ဒါပေမဲ့ ဒီညမှာ ကျွန်တော်က အဲဒါကိုတွေးလိုက်ပါ့မယ်... ဒီအတောအတွင်းမှာတော့ ကျွန်တော်အများကြီး ဝမ်းနည်းပါတယ်... ခင်ဗျား အိမ်ပြန်သွားလို့မဖြစ်သေးပါဘူး...'

'ဒီလိုဆို ရှင်က ကျွန်မကို အကျဉ်းသားအဖြစ်နဲ့ထားမလို့ပေါ့...'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးခင်ဗျာ… ကျွန်တော့်ရဲ့ အထူးဧည့်သည်တော်အဖြစ်နဲ့ ထားမှာပါ… နောက် ၁၂နာရီအတွင်းမှာ ခင်ဗျားကျွန်တော့်ဆီက ထွက်မသွားပါဘူးဆိုတဲ့ ခင်ဗျားရဲ့ ကတိစကားကိုသာ ကျွန်တော်လိုချင်ပါတယ်…'

အမျိုးသမီးက ရုတ်တရက် ဘယ်လိုမှပြန်မဖြေ၊ တင်မောင်ဆွေကလည်း သူမ၏မျက်နှာကလေးကိုသာ အပြုံးကလေးတစ်ဝက်ဖြင့် စူးစိုက်ကြည့်နေလိုက်သည်။

သူက သူ့တွင်ရှိသမျှသော ဆွဲဆောင်မှု ညို့မာတ်တွေကို ထုတ်အသုံးပြု၍ တိုင်းတစ်ပါးမှ ဤနယ်စားကြီး၏ သမီးပျိုအား ပန်ကြားခဲ့သည်။ ထိုပန်ကြားချက် အောင်မြင်မည်ဟုလည်း သူက မျှော်လင့်ထားမိ၏။

အကယ်၍ သူ့ပန်ကြားချက်ကို အမျိုးသမီးက လက်မခံပါက တင်မောင်ဆွေက သူ့စိတ်ထဲတွင် ပခုံးများကို တွန့်လိုက်မိ၏။ နိုင်ငံခြားတိုင်းတစ်ပါးမှ နယ်စားကြီး၏သမီးပျိုကလေးတစ်ယောက်ကို အလိုမတူဘဲခေါ်ထားမိခြင်းအတွက် ကျသင့်သမျှသော အပြစ်ဒဏ်ကို သူက ရင်ဆိုင်ဖို့အသင့်ရှိနေ၏။ အရင်းရှင်ကြီးတွေ၏ ယုတ်မာပက်စက်သော အကြံအစည်ကို သူက သူ့နည်းနှင့်သူ တိုက်ဖျက်သွားဖို့ သူ့ရည်ရွယ်ချက်ကိုတော့ သူက စွန့်လွှတ်မည်မဟုတ်ပေ။

အမျိုးသမီး၏ နက်မှောင်သော မျက်လုံးများကလည်း တင်မောင်ဆွေ့မျက်နှာကို စူးစူးစမ်းစမ်း ကြည့်ရှုလျက်ရှိသည်။ သူမက တင်မောင်ဆွေ၏ ယောကျ်ားပီသမှုကိုလည်းကောင်း၊ ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချသော အမူအရာကိုလည်းကောင်း၊ လုပ်မိ





လျှင် တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်မည့်ခွဲသတ္တိကိုလည်းကောင်း စိတ်ထဲတွင် ခံစားလာရဟန်တူသည်။ အထူးသဖြင့် ပါးလှပ်သော နှုတ်ခမ်းများ တွန့်ထားသော တင်မောင်ဆွေအပြုံးနှင့် ကြည်လင်စူးရှလျက် ပန်ကြားနေသော မျက်လုံးများ၏ အကြည့်က သူမအား ဆွဲဆောင်လျက်ရှိနေတော့သည်။

တစ်မိနစ်ကျော်ကျော်မျှ တိတ်ဆိတ်နေပြီးမှ အမျိုးသမီးကလေးက တည်ကြည်သော မျက်နှာကလေးဖြင့် ဦးခေါင်းကို ညိတ်ပြလိုက်သည်။

'ကောင်းပါပြီရှင်… ကျွန်မ ကတိပေးပါတယ်…'

'ကျေးဇူးတင်ပါတယ်ခင်ဗျား…'

တင်မောင်ဆွေကလည်း တည်ကြည်စွာ ပြန်ပြောလိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(ဃ)

ထို့နောက် တင်မောင်ဆွေက အမျိုးသမီးအား သပ်ရပ်စွာ ခင်းကျင်းပြင်ဆင်ထားသော အိပ်ခန်းတစ်ခန်းသို့ လိုက်ပို့လိုက်သည်။

'ဟောဒီခြေရင်းက ဗီရိုကြီးထဲမှာ ဒရက်ဆင်ဂေါင်း (ညဝတ်အင်္ကျီ)တွေ ရှိပါတယ်… ကြိုက်ရာအင်္ကျီကို ယူဝတ်ပေတော့။ ဟောဟိုတံခါးကတော့ ရေချိုးခန်းထဲကိုသွားတာ၊ ကဲ… ဂွတ်နိုက်၊ တစ်နေ့ကျရင်တော့ ကျွန်တော်က ဒီအတွက် ခင်ဗျား ကျေနပ်အောင် တောင်းပန်ပါဦးမယ်ခင်ဗျာ…'

အမျိုးသမီးကလေးက ဝင်းပသော အပြုံးကလေး ပြုံးလိုက်သည်။

'တစ်နေ့ကျရင်တော့ ကျွန်မကလည်း ရှင့်ကို ခွင့်လွှတ်ဖို့ ကြိုးစားရမှာပေါ့ရှင်… ဒါနဲ့ ရှင် ကျွန်မနာမည်ကို တစ်ခါမှမမေးသေးဘူး… ကျွန်မနာမည်ကို ရှင်သိတယ်မဟုတ်လား…'

'ခင်ဗျား မြန်မာနာမည်ကို ကျွန်တော်သိပါတယ်… ဂွတ်နိုက် ဇောနမာလာ…'





'ဂွတ်နိုက် ကိုတင်မောင်ဆွေ…'

တင်မောင်ဆွေက ဧည့်ခန်းထဲသို့ ပြန်ထွက်လာလျှင် ဗီရိုပုကလေးထဲမှ ဟင်နကက်ဆီဘရန်ဒီပုလင်းကို ထုတ်၍ ဝမ်းပက်မော့နေသော ဂျင်မီစမတ်ကို တွေ့လိုက်ရသည်။

'ဝမ်းပက်စီချပြီး အိပ်ကြတာပေါ့ဂျင်မီရာ… ဒီကနေ့ မင်းရောငါပါ အပင်ပန်းခံရကျိုးနပ်တယ်လို့ ဆိုရမှာပဲကွ…'

ဂျင်မီက တင်မောင်ဆွေအား ဘရန်ဒီဝမ်းပက်ကို ငှဲ့ပေးလိုက်ပြီး မကျေမနပ်အမူအရာဖြင့် ကြည့်လိုက်သည်။

'ခင်ဗျားကြီးကတော့ တကယ့်ကို ဖိုးစွံပါပဲ ကိုဆွေ… သူက ခင်ဗျားနဲ့ချည်း စကားပြောသွားတယ်… ကျွန်တော်ဆို တစ်ခွန်းနှစ်ခွန်းသာ ဝင်ပြောလိုက်ရတယ်… ပြီးတော့ အမျိုးသမီးက ခင်ဗျားကိုချည်းပဲ ဂရုစိုက်နေတာပဲ…'

'ဒါကတော့ သူ့မှာ ဂရုစိုက်စရာအကြောင်းက ရှိနေတာကိုးကွ…'

တင်မောင်ဆွေက ခပ်ပြုံးပြုံးပြန်ဖြေရာက ဘရန်ဒီကို တစ်ကျိုက် အရသာခံ၍ စုပ်လိုက်သည်။

'တကယ်လို့ အမျိုးသမီးကို ကျွန်တော်တို့က သူ့ခမည်းတော်ကြီးဆီ သွားပြန်ပို့ပေးလိုက်ရင် ငတိကြီးက သိပ်ကျေးဇူးတင်ပြီး သူ့သမီးကို ကယ်ဆယ်ခဲ့တဲ့အတွက် ကျွန်တော်တို့ကို ဆုတော်ငွေတွေ ချချင်ချနေဦးမှာဗျ… အခုအတိုင်းဆိုရင်တော့ ကျွန်တော်တို့ ထောင်ထဲမရောက်ရရင် ကံကောင်းလို့ပဲ ကိုဆွေ…'

'ထောင်ကျရင် တော်သေးတာပေါ့ ဂျင်မီရာ… ဒေါက်တာ ဟိုးရဲ့ သေနတ်ကျည်ဆန်က မင်းဗိုက်ကို ဖောက်ဝင်သွားချင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားဦးမှာကွ…'

တင်မောင်ဆွေက ခပ်ပြုံးပြုံးပြန်ပြောလိုက်ရာက မျက်နှာကြီးပြန်လည် တည်ကြည်သွားလေသည်။

'အခု အချိန်လောက်ဆိုရင် သူတို့ အကြံအစည်ကို ဝင်ဖျက်ဆီးခဲ့တဲ့ လူတွေဟာ ဘယ်သူတွေဆိုတာကို ဒေါက်တာဟိုးနဲ့ မင်းသားကြီး ဝဏ္ဏချန်ဒရာကို သိနေကြပြီဖြစ်နေမှာပဲ… သူတို့ကို ငါက လိုက်စောင့်ကြည့်နေတယ်ဆိုတာကို၊ ဒေါက်တာဟိုးက သိထားနေတာကွ… ဒါပေမဲ့ အခုညဖြစ်ရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရဲဘက်ကတော့ ဘယ်လိုသိထားနေမယ် မသိဘူး။ ပတေးကြီးကတော့ ရဲဘက်ကိုတော့ တစ်ခုခုပြောရမှာပဲ။ ပတေးကြီးက ပထမတော့ ဒေါက်တာဟိုးနဲ့ မင်းသားကြီးကို တိုင်ပင်ရဦးမှာပဲ…'

'ဒေါက်တာဟိုးက ရဲတွေဆီမှာ ရဲအကူအညီတောင်းခိုင်းမှာပေါ့ ကိုဆွေ…'

တင်မောင်ဆွေက ဘရန်ဒီဖန်ခွက်ကို စားပွဲပေါ်တွင် တင်ထားလိုက်ရာက ခေါင်းကိုဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

'ငါတော့ သိပ်မထင်ဘူး… ဂျင်မီ… စောနမာလာဟာ ငါတို့လက်ထဲ ရောက်နေပြီဆိုတာကို သူသိသွားပြီးတဲ့နောက်တော့ သူကိုယ်တိုင်က သူ့လူတွေနဲ့ တို့နောက်ကိုလိုက်လာဖို့က ပိုလမ်းများတယ်… မနက်ဖြန်ကျရင် စောနမာလာဟာ သူတို့သံရုံးကို ပြန်မရောက်သေးဘူးဆိုတာ သူသိသွားတော့မှာပဲ…'

ဂျင်မီစမတ်က သူ့စီးကရက်မှပြာကို ချွေချလိုက်သည်။ ၎င်းသည် အင်္ဂလိပ်မြန်မာကပြားတစ်ယောက် ဖြစ်သည်။ တချို့ကပြားတွေလို မြန်မာနာမည်ကို ယခုထက်ထိ သူမယူထားသေး





သော်လည်း မြန်မာစိတ်ကတော့ ရာနှုန်းပြည့်ရှိသူဖြစ်သည်။ ဂျပန်ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်ဆင်နွှဲခဲ့ရင်းက တင်မောင်ဆွေနှင့် တွေ့ဆုံခင်မင်ခဲ့ရကာ ထိုအချိန်မှစ၍ တင်မောင်ဆွေ၏ ရောင်းရင်းရဲဘော်ကြီးတစ်ဦးဖြစ်ခဲ့ပြီး တင်မောင်ဆွေ၏ စွန့်စားခန်းနှင့် လုပ်ဆောင်ချက်များတွင် အများဆုံးလက်တွဲပါဝင်ခဲ့သူတစ်ယောက်လည်း ဖြစ်လေသည်။

'ဒါနဲ့ ကိုဆွေ… ခင်ဗျား ခုနက စောနမာလာကို တင်ပြလိုက်တဲ့ တွေးထင်ချက်တွေမှာ အခြေအမြစ်က ဘယ်လောက်ရှိသလဲဗျ…'

ဂျင်မီစမတ်က ဘရန်ဒီခွက်ဆီသို့ လက်လှမ်းလိုက်ပြန်ရာက စဉ်းစဉ်းစားစား အမူအရာဖြင့် မေးလိုက်သည်။ တင်မောင်ဆွေက ပခုံးများကို တွန့်ပြလိုက်သည်။

'ငါတွေးရတဲ့အတိုင်းသာ ပြောလိုက်တာပဲ ဂျင်မီ… အဖြစ်အပျက်တွေကို ထောက်ကြည့်ရင် အဲဒီအတိုင်းပဲ ဖြစ်စရာရှိတယ်လို့ ငါက တွေးမိတယ်ကွ… ငါတင်ပြတဲ့အတိုင်းမဟုတ်တဲ့ တခြားရည်ရွယ်ချက်တွေ တခြားအကြောင်းတွေကလည်း သူတို့ဆီမှာ ရှိနေဦးမှာပဲ။ ဒါကြောင့် စောနမာလာကို သူ့သံရုံးပြန်မပို့သေးဘဲ ဒေါက်တာဟိုးမှာ ရည်ရွယ်ချက် ဘယ်လိုရှိနေတယ်ဆိုတာကို ငါတို့က ထပ်စူးစမ်းကြည့်နိုင်ဖို့ နည်းလမ်းရှာဖွေရဦးမယ် ဂျင်မီ…'

'စောနမာလာကို ကိုဆွေက သံရုံးကို ပြန်မပို့သေးဘူးဆိုရင် ဘာလုပ်မလို့လဲ… သူ့ကို ဘယ်လိုများ အသုံးချဦးမလို့လဲ…'

'အခု လောလောဆယ်တော့ ဒါကို ငါကိုယ်တိုင်လည်း စဉ်းစားလို့မရသေးဘူးကွ… သူ့ကို ငါတို့ဆီမှာပဲထားပြီး ချန်သူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ခြေလှမ်းကို စောင့်ကြည့်ရမှာပေါ့… ဘာပဲဖြစ်ဖြစ် စာနုမာလာက ငါတို့လက်ထဲမှာရှိနေတာဟာ ငါတို့အတွက် တစ်ပန်းသာတာပဲ…’

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိလိုက်ကာ ဆိုဖာကြီးတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး စဉ်းစားခန်းဝင်နေလိုက်လေသည်။

အမှန်ကတော့ သူရင်ဆိုင်နေရသော ပြဿနာသည် တော်တော်ကြီး ခက်ခဲလှပေသည်။ သံလက်သီးဂိုဏ်းတို့၊ ခနရှင်ကြီးမစ္စတာယူနပ်စ်တို့ကို ရင်ဆိုင်ခဲ့ရစဉ်ကလို ယခုကိစ္စတွင် နိုင်ငံလျှို့ဝှက်ထောက်လှမ်းရေးမှ ဦးဘငြိမ်းက သူ့နောက်တွင်ရှိနေသည်မဟုတ်။ ရဲတပ် မှုခင်းစုံစမ်းရေးမှ ဒုကြီးကြပ်ရေးမှူး ဦးသောင်းဖေကြီးကိုလည်း သူက အားကိုးနိုင်သည်မဟုတ်။

အကယ်စင်စစ် ဒေါက်တာဟိုးအား တိုက်ဖျက်ရန် တာဝန်ကြီးကို သူ့အား ဘယ်သူကမှ ပေးထားသည်မဟုတ်ဘဲ၊ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ်၊ ကိုယ့်ဘာသာကိုယ်ယူ ထားသည်ဖြစ်ရာ၊ သူသည် ယခင့်ယခင်အခါများထက် စွန့်စားရမည်ဖြစ်ပြီး၊ ယခင့်ယခင်အခါများထက် အနှောင့်အယှက်အဟန့်အတားတွေ ရင်ဆိုင်ရမည်ဖြစ်သည်ကို တင်မောင်ဆွေက ကောင်းစွာနားလည်ထားလိုက်မိလေ၏။

တင်မောင်ဆွေက ပခုံးများကို တွန့်လိုက်ကာ ထိုင်ရာမှ ထလိုက်၏။

‘ကဲ… ဂျင်မီရေ အိပ်ကြပါစို့ကွာ… တစ်ရေးနိုးသော် အကြံပေါ်လာလိမ့်မယ်…’





အမှန်ပင် တင်မောင်ဆွေ့အတွက် တစ်ရေးနိုးသော် အကြံတစ်ခုက ပေါ်လာခဲ့ပေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

- ၃ -

## တယ်လီဖုန်းဖြင့်စစ်များခြင်း

(က)

နောက်တစ်နေ့ နံနက် ၁၀နာရီခန့်တွင် စောနုမာလာက အိပ်ခန်းထဲမှ ထွက်လာသည်၌ အလယ်ခန်းထဲတွင် နံနက်စာ အသင့် ပြင်ဆင်ထားပြီးဖြစ်နေသည်ကို တွေ့ရလေသည်။

အသစ်ဖောက်ပြီးကာစ လတ်ဆတ်သော ကော်ဖီနံ့က သင်းကြိုင်နေသည်။ ကော်ဖီပွဲနှင့်အတူ ကြက်ဥမကျက်တကျက် ကြော်များ ပေါင်မုန့်ထောပတ်သုတ်နှင့် အသီးအနှံပွဲများကလည်း ရှိနေ၏။ တင်မောင်ဆွေသည် အစားအသောက်ကို အကောင်းဆုံးနှင့် အာဟာရအဖြစ်ဆုံး စားသောက်တတ်သူတစ်ဦး ဖြစ်လေသည်။

ထိုစဉ်မှာပင် ဂျင်မီစမတ်ကလည်း မီးဖိုချောင်ထဲမှ ဝက်ပေါင်ခြောက်ကြော်တစ်ပန်းကန်ကိုင်လျက် ထွက်လာလေသည်။

'ဟော… နိုးလာပြီလား ဠတ်မောနင်း…'





ဂျင်မီစမတ်က စောနုမာလာအား ရွှင်လန်းစွာ နှုတ်ဆက်လိုက်ရာက သူမသည် တကယ့်ကို လှပသည့် အမျိုးသမီးကလေး တစ်ယောက်ဖြစ်ပါကလားဟု စိတ်ထဲကကြိတ်၍ ချီးမွမ်းလိုက်မိလေသည်။

အိပ်ရာမှ ထလာခါစဖြစ်သည့်တိုင် သူမ၏မျက်နှာကလေးသည် လန်းဆန်းကာ ပါးကလေးနှစ်ဖက်တွင်လည်း နှင်းဆီသွေးယှက်သန်းလျက်ရှိနေသည်။ ပိတုန်းရောင်ဆံကေသာများကိုလည်း သူမက သေသပ်စွာ နောက်တွဲကလေး ထုံးထားလေသည်။ သူ့ပင်ကိုယ်တွင်တော့ မြစိမ်းရောင်ပိုးသား ညဝတ်အင်္ကျီရှည်ကြီးကို လုံခြုံစွာ ဝတ်ဆင်ထားလေ၏။

မိန်းမချော မိန်းမလှတွေကို တွေ့ဖူးပေါင်းများလှပြီဖြစ်သည့် ဂျင်မီစမတ်အတွက်ပင် သူမမှာအချောဆုံး အလှဆုံးမိန်းမတစ်ယောက် ဖြစ်နေပေတော့သည်။

'နံနက်စာ အဆင်သင့်ဖြစ်နေပြီကိုး…'

သူမက စားပွဲပေါ်တွင် ခင်းကျင်းပြင်ဆင်ပြီး ဖြစ်နေသော စားသောက်ဖွယ်ရာများကိုကြည့်ကာ ခပ်ပြုံးပြုံးကလေး ပြောလိုက်သည်။

'ဝက်ပေါင်ခြောက်နှင့် ကြက်ဥကြော်ဟာ ကျွန်မ အနှစ်သက်ဆုံးနံနက်စာပါပဲ…'

'ကျွန်တော့်အတွက်လည်း ဒီလိုပါပဲဗျာ…'

စောနုမာလာနှင့် ဂျင်မီစမတ်တို့သည် တစ်ယောက်ကို တစ်ယောက်ကြည့်လျက် ခင်မင်စွာ ပြုံးလိုက်ကြလေ၏။ ဂျင်မီစမတ်သည် စောနုမာလာက တစ်စုံတစ်ယောက်အား ရှာဖွေနေပုံရသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုအကဲခတ်လိုက်မိကာ သူမက မမေးရခင် ပြောပြလိုက်၏။

'ကိုတင်မောင်ဆွေကတော့ စောနမာလာအတွက် အဝတ်အစားတွေ သွားယူနေတယ်လေ… သူ မကြာခင်ပြန်လာတော့မှာပါ…'

'သူက မိန်းမအဝတ်အစားတွေအကြောင်း နားလည်လို့လားရှင်…'

ဂျင်မီစမတ်က ပြုံးလိုက်၏။

'ကိုတင်မောင်ဆွေနားမလည်တာဟာ မရှိသလောက်ပါပဲ စောနမာလာ… ပြီးတော့ သူ့ကို အကူအညီပေးမယ့် မိန်းကလေးတစ်ယောက်ကလည်း ရှိနေပါတယ်…'

'သူ့မိန်းကလေး မိတ်ဆွေလား…'

'ဆိုပါတော့ သူ့စက္ကရီတေရီဆိုလည်း ဟုတ်တာပဲ… နာမည်က မေစီတဲ့… သူတို့က အဲ… လက်ထပ်ကြဖို့ သဘောတူထားပြီးသားလေ…'

စောနမာလာက မျက်ခုံးကလေးတစ်ဖက် ပင့်လိုက်သည်။

'ကိုတင်မောင်ဆွေဟာ ဆွဲဆောင်မှုအတော်ရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ… အခုထက်ထိ သူလက်မထပ်ရသေးတာတောင် အံ့သြစရာအတော်ကောင်းတယ်…'

'ကိုတင်မောင်ဆွေနဲ့ မေစီဟာ ချစ်နေကြတာ အတော်ကို ကြာခဲ့ပါပြီ… ဒါပေမဲ့ ကိုတင်မောင်ဆွေဟာ သူလိုက်နေရတဲ့ ဘဝလမ်းစဉ်က ဘေးအန္တရာယ်များလှပြီး မသေချာမရေရာလှတဲ့အတွက် မေစီကို အခုထက်ထိ လက်ထပ်မယူသေးတာပဲ…'

'ဒီလိုဆို အဲဒီအမျိုးသမီးအပေါ် ဘယ်တရားရာကျ





မလဲရှင်…'

စောနမာလာက မိန်းမသားချင်းစာလျက် ပြောလိုက်သည်။

'ကိုဆွေက မေစီကို သူ့ကို စောင့်မနေနိုင်ရင် တခြားယောကျ်ားတစ်ယောက်ယောက်ကို ယူလိုက်ဖို့အခွင့်အရေးပေးထားတာပဲလေ… ဒါပေမဲ့ မေစီကတော့ ကိုဆွေ့ကို သစ္စာရှိရှိနဲ့ စောင့်နေတာပဲဗျ…'

ထိုစဉ် အိမ်ရှေ့တွင် ကားတစ်စင်းထိုးဆိုက်လိုက်သံကို သူတို့နှစ်ယောက် ကြားလိုက်ရသည်။

'ဟော ပြောရင်းဆိုရင်း သူပြန်လာပြီ စောနမာလာ…'

သူတို့နှစ်ယောက် အိမ်ရှေ့ထွက်ခဲ့ကြစဉ် လှေကားပေါ်သို့ တက်လာသော ခြေသံများကို ကြားလိုက်ရသည်။ သို့ရာတွင် တံခါးဝမှ ဝင်လာသူကား ဆံပင်တစ်ပိုင်းဖြူလျက် ခါးမသိမသာကိုင်းပြီး မျက်မှန်တပ်ထားသည့် အဘိုးကြီးတစ်ယောက် ဖြစ်နေသည်။ သူ့လက်တစ်ဖက်တွင် လမ်းလျှောက်တုတ်တစ်ချောင်းကို ကိုင်ထားကာ အခြားလက်တစ်ဖက်တွင် သတင်းစာစက္ကူနှင့်ထုပ်ထားသော အထုပ်ကြီးတစ်ထုပ် ပါသည်။

'မနက်ကလေးက သာယာလိုက်တာကွယ်… မနက်စာကိုတောင် အဘိုးမစားရသေးဘူး ငါ့မြေးတို့ရဲ့… အဘိုးကို မနက်စာကျွေးကြပါလားကွယ်…'

အဘိုးကြီးက တုန်ယင်သောအသံဖြင့် ပြောလိုက်ပြီးနောက်မှ ရုတ်တရက် ခါးကိုဆန့်လိုက်ကာ ဂျင်မီစမတ်အား ပြုံးပြလိုက်သည်။

'ကဲ… ခွေးမသား ဂျင်မီ၊ ငါစားဖို့ ဘာကျန်သေးသလဲ



www.burmeseclassic.com

www.burmeseclassic.com



ကွ…'

တင်မောင်ဆွေက ပြောပြောဆိုဆို သူ့ခေါင်းမှဆံပင်အတုကိုဆွဲဖြုတ်လိုက်ကာ နှာခေါင်းမှမျက်မှန်ကြီးကိုလည်း ချွတ်လိုက်ပြန်ပြီး ကုလားထိုင်တစ်လုံးပေါ်သို့ လက်ကိုင်တုတ်နှင့်အတူ ပစ်တင်လိုက်ပြန်၏။

'ကျွန်တော်က ခါတိုင်းဆို ရုပ်ပြောင်းရုပ်လွှဲ သိပ်လုပ်လေ့လုပ်ထသိပ်မရှိပါဘူး စောနမာလာ… ဒါပေမဲ့ အခုကိစ္စမှာတော့ တင်မောင်ဆွေ့အနေနဲ့ မြို့ထဲကိုပြောင်ပြောင်ကြီးထွက်လို့မဖြစ်တဲ့ အခြေအနေမှာရောက်နေပါတယ်… ရဲဘက်ကလူတွေက ကျွန်တော့်ကို အပူတပြင်း လိုက်ရှာနေကြပြီလေ… ရန်ကုန်မြို့လည်ခေါင်မှာ စုံထောက်ဘက်က လူသုံးယောက်တိတိကို ကျွန်တော်တွေ့ခဲ့ရတယ်… ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ခင်ဗျားအတွက် အဝတ်အစားတွေတော့ ရလာပါတယ်…'

တင်မောင်ဆွေက ပြောပြောဆိုဆို သူ့လက်ထဲမှအထုပ်ကို စောနမာလာအား လှမ်းပေးလိုက်သည်။ ထို့နောက် သူတို့အားလုံး အလည်ခန်းထဲသို့ ပြန်ဝင်လိုက်ကြ၏။

'ဟော့… ဖိုးဂျင်မီ ကြက်ဥက တစ်လုံးထဲလားကွာ… ကြက်မတွေ သပိတ်မှောက်ထားကြလို့လား…'

'ကိုဆွေ ကြက်ဥတစ်လုံးနဲ့ မဝရင်၊ ကိုဆွေ့ဘာသာ ကိုဆွေ ဥပေတော့… အိမ်မှာက စုစုပေါင်းမှ ကြက်ဥလေးလုံးရှိတယ်… နှစ်လုံးက ဧည့်သည်အတွက်ပေးရတယ်…'

တင်မောင်ဆွေက စောနမာလာဘက်သို့ အပြုံးကလေးဖြင့် လှည့်ကြည့်လိုက်သည်။





'ဒီကနေ့ အစားကောင်းကောင်း စားနိုင်ပုံထောက်တော့ တော်တော်နေကောင်းသွားပြီနဲ့ တူတယ်…'

'ဟုတ်ကဲ့… ကိုတင်မောင်ဆွေ… ညက ရှင်ပေးလိုက်တဲ့ ဆေးက တော်တော်စွမ်းတာပဲ… ခေါင်းထဲ ရှင်းသွားရုံတင်မကဘူး… ဗိုက်လည်းရှင်းသွားပြီး တော်တော့်ကို ဆာနေမိတာရှင့်…'

'ဒီဆေးစွမ်းတာကတော့ မပြောနဲ့၊ ကျွန်တော့်လက်စွဲပဲလေ။ ဆေးဖော်နည်းကားကို ကျွန်တော်က ခင်ဗျားကို ပေးထားပါ့မယ်… ဒါမှ ခင်ဗျား နောက်တစ်ခါ ဆေးခတ်ခံရရင် အသုံးပြုနိုင်တာပေါ့…'

တင်မောင်ဆွေက ခပ်ရွှန်းရွှန်းကလေး ပြန်ဖြေလိုက်ပြီး စားပွဲတွင် ဝင်ထိုင်လိုက်ကာ ပေါင်မုန့်တစ်ချပ်ကို ထောပတ်သုတ်နေလိုက်၏။

'ကိုဆွေက စုံထောက်တွေနဲ့ တွေ့ခဲ့ရတယ်ဆိုတာ သေချာတယ်နော်…'

'သေချာပါတယ်ကွာ။ အရပ်ဝတ်အရပ်စား စုံထောက်တွေချည်းပဲ… အဲဒီတော့ ဒါဟာလည်း ပတေးလက်ချက်ပဲ ဖြစ်ရမယ်… သူညက တိုင်ချက်တစ်ခု ဖွင့်လိုက်ပြီနဲ့တူတယ်လေ…'

ဂျင်မီစမတ်က မေးလိုက်သည်ကို တင်မောင်ဆွေက ပေါင်မုန့်ဝါးရင်းက ပြန်ဖြေလိုက်ကာ ကော်ဖီကျကျတစ်ကျိုက်ကို ကျိုက်ချလိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁)

စောနုမာလာက တင်မောင်ဆွေ့အား စိုးရိမ်မကင်းသော အမူအရာဖြင့် ကြည့်လိုက်သည်။

'ရဲဘက်က ရှင့်နောက်ကိုလိုက်နေပြီပေါ့… ဟုတ်လား ကိုတင်မောင်ဆွေ…'

တင်မောင်ဆွေက သိပ်အရေးမစိုက်သော အမူအရာဖြင့် ပခုံးများကို တွန့်လိုက်သည်။

'ရဲဘက်က ကျွန်တော့်နောက်ကို အရေးတကြီးလိုက်တာဟာ ဒီတစ်ကြိမ်တင် မဟုတ်ပါဘူးဗျာ… အရင့်အရင်တုန်းကလည်း ဒီလိုပဲလိုက်ခဲ့ကြဖူးတာပါပဲ… အခုဆိုရင် ရဲဌာနချုပ်မှာ ကျွန်တော့်အတွက် တော်တော်ကလေး ပွက်လောရိုက်နေပြီဆိုတာ သေချာပါတယ်…'

'ဒါကတော့ သူတို့ကိုလည်း အဆိုးမဆိုနဲ့လေ… ကိုဆွေက တိုင်းတစ်ပါးက နယ်စားကြီးတစ်ယောက်ရဲ့ သမီးကိုမှ လစ်ပြေးလာတာ မဟုတ်လားဗျ…'





ဂျင်မီစမတ်က စောနုမာလာအား ပြုံးကြည့်ရင်းက ဝင်ပြောလိုက်သည်။

'မင်းပြောတာ မှန်သင့်သလောက် မမှန်သေးဘူး ဂျင်မီ… ရဲဘက်က ငါ့နောက်ကို လိုက်နေတာဟာ စောနုမာလာတစ်ယောက် ငါ့ဆီမှာ ရောက်နေတယ်ဆိုတာ သူတို့သိလို့တော့ဟုတ်မယ် မထင်ပါဘူး… ဦးပတေးက စောနုမာလာကို သူ့လက်တွင်းက ငါအတင်းလုယူသွားပါတယ်လို့ ရဲဘက်ကို ဘယ်နည်းနဲ့မှ ဖွင့်ပြောရဲမှာ မဟုတ်ပါဘူး။ နို့မဟုတ်ရင် စောနုမာလာက သူ့လက်ထဲ ဘယ်လိုရောက်နေတယ်ဆိုတာကို ရဲဘက်ကို သူက ရှင်းပြနေရဦးမှာကိုးကွ… အဲဒီတော့ ရဲဘက်ကို သူတခြားအကြောင်းတစ်ခုခုပြပြီး တိုင်ခဲ့မှာတော့ သေချာတယ်… ညက အဖြစ်အပျက်တွေက သတင်းစာတွေအတွက် နောက်ကျခဲ့တော့ သတင်းစာတွေထဲမှာလည်းမပါဘူးကွ… ဒီတော့ ညက ပတေးကြီး ရဲဘက်ကိုဘယ်လို တိုင်ခဲ့တယ်ဆိုတာ ငါကိုယ်တိုင်သွားပြီး စုံစမ်းရတော့မှာပေါ့ကွာ…'

တင်မောင်ဆွေက ကြက်ဥကြော်ဖတ် တစ်ဖတ်ကို ပါးစပ်ထဲသွင်းလိုက်ပြီး ကော်ဖီတစ်ကျိုက် ကျိုက်ချလိုက်ပြန်သည်။ ဂျင်မီစမတ်ကတော့ ၎င်းအား တအံ့တသြကြီး ကြည့်လိုက်၏။

'ဘာဗျ… ကိုဆွေက ဘယ်လို ကိုယ်တိုင်သွားပြီး စုံစမ်းမှာလဲ…'

'ငါလား… မင်းသားကြီး ဝဏ္ဏချန်ဒရာ တည်းခိုနေတဲ့ ဟော်တယ်ကို ငါကလိုက်သွားပြီး မင်းသားကြီးကိုယ်တိုင်ကိုတွေ့လို့ စုံစမ်းကြည့်ရမှာပေါ့ကွ…'

ဂျင်မီစမတ်ကတော့ တင်မောင်ဆွေအားကြည့်ကာ သူ့ဦး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို အသာအယာ ယမ်းခါလိုက်၏။

'ကိုဆွေတော့ ဦးနှောက်နည်းနည်းချောင်နေပြီနဲ့ တူတယ်။ မင်းသားကြီး ဝဏ္ဏချန်ဒရာကို ကိုဆွေက သွားတွေ့ပြီးမေးမယ်ဆိုတော့၊ သူက ခင်ဗျားသိချင်တာတွေကို ပြောပြမှာတဲ့လားဗျာ…'

တင်မောင်ဆွေက ဝက်ပေါင်ခြောက်ကြော်နှင့်ပေါင်မုန့် ဝါးနေရာက ဂျင်မီအား သနားသော အမူအရာဖြင့် ကြည့်ကာ ပြုံးလိုက်၏။

'မင်း မသိပါဘူး ဂျင်မီရာ… သူပြောပြမယ့်နည်းကို ငါကအသုံးပြုရမှာပေါ့၊ နောက်ကျတော့ ဘယ်လိုနည်းဆိုတာ မင်း သိရမှာပေါ့ကွာ… အခုအတောအတွင်းမှာတော့…'

တင်မောင်ဆွေက သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်ကာ ကုလားထိုင်ကျောမှီတွင် ကျောမှီချလိုက်သည်။ သူ၏ စူးရှန်းတောက်သော မျက်လုံးများက အမျိုးသမီး၏ လှပလန်းဆန်းသော မျက်နှာကလေးကို စူးစိုက်ကြည့်လိုက်သည်။

အမှန်ကတော့ သူက စောနမာလာအား စူးစမ်းအကဲခတ်လိုက်ခြင်းပင်ဖြစ်သည်။ သူမသည် ယနေ့နံနက်တွင် သူ့အစီအစဉ်နှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးရတော့မည် မဟုတ်ပါကလား၊ စောနမာလာ၏ မျက်လုံးများထဲသို့ သူက စူးစိုက်ကြည့်လိုက်ပြီးနောက် သူမသည် ဆုံးဖြတ်ချက်ချထားပြီးဖြစ်နေသည်ကို တင်မောင်ဆွေက နားလည်လိုက်မိသည်။

'ခင်ဗျား ကျွန်တော့်ကိုပေးထားတဲ့ ကတိအရ ခင်ဗျားဟာ ဒီမှာနောက်ထပ် လေးနာရီဆက်နေရဦးမယ် စောနမာလာ… ဒါပေမဲ့ ခင်ဗျား အခုပြန်ချင်တယ်ဆိုရင်လည်း ပြန်သွားနိုင်ပါပြီ…'





ထိုစကားများအရ စောနမာလာက သူ့အား ကျေးဇူးတင်စကားပြောကာ ထထွက်သွားနိုင်၏။ သို့မဟုတ် သူ့အားကျေးဇူးတင်စကားပြောကာ စိတ်ထဲတွင် ဝေတေတေဖြင့် ပြန်သွားနိုင်၏။ ဤသို့ပြန်သွားပါကလည်း တင်မောင်ဆွေက မည်သို့မျှတားမည်မဟုတ်။ သူမ၏ စိတ်ဆန္ဒမပါဘဲ သူ့အကြံအစည်တွင် သူမအား အသုံးပြု၍ ဖြစ်နိုင်တော့မည်မဟုတ်တော့ပါချေ။

သို့ရာတွင် စောနမာလာက ထိုင်ရာမထ သူ့အားတည်ကြည်သောမျက်နှာကလေးဖြင့်ကြည့်ကာ မေးခွန်းတစ်ခုပြန်ထုတ်လိုက်သည်။

'ကျွန်မကို ရှင်က ဘာဖြစ်လို့ ပြန်လွှတ်တာလဲ… ရှင့်မှာ အကြံအစည် မရတော့လို့လား…'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(ဂ)

တင်မောင်ဆွေသည် စိတ်ထဲတွင် တော်တော် အားရကျေနပ်လာမိတော့သည်။

စောနှမာလာက သူမ ယခုပင် ပြန်နိုင်ပါပြီဟု သူကခွင့်ပေးလျက်နှင့် မပြန်သေးဘဲ ဘာကြောင့်သူမအား ပြန်လွှတ်ရသလဲဟု ပြန်မေးနေခြင်းသည် သူမ၏စိတ်ဝင်စားမှုကို ပြလိုက်ခြင်းပင် မဟုတ်ပါလား။

'ကျွန်တော့်မှာ အကြံအစည်တစ်ခုတော့ ရပြီးသားပါ စောနှမာလာ... ဒီအကြံအစည်ကို ကျွန်တော် ညကပဲစဉ်းစားမိခဲ့ပါတယ်...'

တင်မောင်ဆွေက စောနှမာလာအား တည်ကြည်စွာ ကြည့်ကာ တည်ငြိမ်သောအသံဖြင့်ပင် ပြန်ဖြေလိုက်သည်။

'ဟုတ်လား... ဒီလိုဆိုရင် ကျွန်မစဉ်းစားမိတာနဲ့ များတူနေမလား မဆိုနိုင်ဘူး...'

စောနှမာလာ၏ စကားများကြောင့် တင်မောင်ဆွေက





မျက်ခုံးတစ်ဖက် ပင့်လိုက်မိသည်။

'ကျွန်တော့် အကြံအစည်မျိုးကိုပဲ ခင်ဗျားက စဉ်းစားမိတယ် ဟုတ်လား...'

စောနှမာလာက ခပ်သဲ့သဲ့ကလေး ပြုံးလိုက်၏။

'ကျွန်မမှာလည်း ဦးနှောက်ကလေး ရှိပါသေးတယ် ကိုတင်မောင်ဆွေ... ညက ကျွန်မဟာ ဒီဦးနှောက်ကို တော်တော် အသုံးချခဲ့ပါတယ်... ကျွန်မဟာ ရှင်ပြောခဲ့သမျှကို ခေါင်းအေးအေး ထားပြီး စဉ်းစားမိခဲ့ပါတယ်... ရှင် ဘယ်လိုလူစားမျိုးဆိုတာကို လည်း ကျွန်မဘာသာ ဝေဖန်သုံးသပ်ပြီး ဆုံးဖြတ်ချက်ချခဲ့ပါတယ်... ရှင်ပြောတာတွေဟာ အမှန်အတိုင်းဖြစ်ရမယ်လို့ ကျွန်မ ခံယူလိုက်ပါတယ်... ဒီတော့ ကျွန်မမှာလိုက်နာစရာ တစ်နည်းထဲသာ ရှိတော့တယ်လို့ သဘောပေါက်လာရပါတယ်...'

'ဟုတ်လား သဘောပေါက်ချက်က ဘယ်လိုပါလိမ့်'

'ညက ရှင်ပြောခဲ့တဲ့အတိုင်းဆိုရင် ကျွန်မဟာ ဒေါက်တာဟိုးအတွက် လက်နက်တစ်ခု ဖြစ်နေပါတယ်... ဒါပေမဲ့ ဒီလက်နက်ကို သူက ဘယ်လိုအသုံးပြုမယ်... ပြီးတော့ ဒီလက်နက်အပြင် သူ့မှာ တခြားဘာလက်နက်တွေ ရှိသေးတယ်ဆိုတာကိုတော့ ကျွန်မတို့က အတိအကျသိရသေးတာမဟုတ်ဘူး... သူအသုံးပြုဖို့ ရည်ရွယ်ထားတဲ့ လက်နက်တစ်ခုကို ရှင်က သူ့ဆီက ယူလာနိုင်ခဲ့တာတစ်ခုပဲ ရှိသေးတယ်... သူ့မှာ ဒီလက်နက်မရှိလည်း သူဟာ တခြားလက်နက်ကိုရှာပြီး အသုံးပြုနိုင်သေးတာပဲ... ဒီတော့ ရှင့်အတွက် သူ့ရန်ကို စိတ်ချရအောင်၊ သူ့ဆီက လက်နက်ကိုပါ ယူရုံမကဘဲ၊ သူ့လက်မောင်းကိုပါ ချိုးပစ်ရလိမ့်မယ်...'



www.burmeseclassic.com

www.burmeseclassic.com



'သူ့လက်မောင်းတင်မကဘူး… သူ့ဇက်ကိုပါ တစ်ခါတည်း ချိုးပစ်လိုက်တာ အကောင်းဆုံးပဲ…'

တင်မောင်ဆွေက ရုတ်တရက် တင်းမာသွားသော မျက်နှာကြီးဖြင့် ပြောလိုက်သည်။ စောနုမာလာက ပြုံးလိုက်ပြန်သည်။

'ကဲ… ကျွန်မ ခုနက ပြောပြလိုက်သလိုပဲ ရှင်ကကောသဘောပေါက်ထားတယ် မဟုတ်လား… ကိုတင်မောင်ဆွေ…'

'မှန်ပါတယ်…'

'အဲဒီတော့ ရှင့်အကြံအစည်က ဘယ်လိုလဲ…'

တင်မောင်ဆွေက စောနုမာလာ၏မျက်လုံးများထဲသို့ တည့်တည့်ကြီး စိုက်ကြည့်လိုက်သည်။

'ခင်ဗျားကို ဦးပတေးဆီပြန်သွားပါလို့ ကျွန်တော်က ပြောမလို့ပဲ စောနုမာလာ…'

'အင်း… ကျွန်မလည်း ဒီနည်းပဲရှိတာကို စဉ်းစားမိခဲ့ပါတယ်…'

စောနုမာလာက တည်ငြိမ်သော အသံကလေးဖြင့် ပြန်ဖြေလိုက်၏။

ဂျင်မီစမတ်တစ်ယောက်ကတော့ အံ့ဩလှစွာဖြင့် စောနုမာလာအားတစ်လှည့်၊ တင်မောင်ဆွေအားတစ်လှည့် ကြည့်နေလိုက်သည်။ တင်မောင်ဆွေသည် သူတို့ အိပ်ရာနိုးခဲ့စဉ်က ဤအကြံအစည်ကို ဘယ်လိုမှသူ့အား ဖွင့်ပြောပြထားခဲ့သည် မဟုတ်ပါပေ။ ရေမိုးချိုးရင်းက သီချင်းတွေ အော်ဆိုနေခဲ့သည်ကို ထောက်၍ တင်မောင်ဆွေသည် စိတ်ကျေနပ်မှုရနေပြီဟုသာ သူက အကဲခတ်မိခဲ့သည်။





တင်မောင်ဆွေ့တွင် ဘယ်လိုစိတ်ကျေနပ်စရာ အကြောင်းရှိနေပါသလဲဟု သူက တွေးမိသော်လည်း ဖွင့်၍ကား မမေးခဲ့ချေ။ တင်မောင်ဆွေကလည်း ဘာမှမပြောဘဲ အဘိုးကြီးသဏ္ဌာန် ရုပ်ပြောင်းကာ ထွက်သွား၏။ ယခုမှပင် စောနုမာလာနှင့်ပတ်သက်၍ တင်မောင်ဆွေ့တွင် ဘယ်လိုအကြံအစည်ရှိနေသည်ကို ဂျင်မီက သိ နားလည်လိုက်ရခြင်း ဖြစ်လေ၏။

ဂျင်မီစမတ်အတွက် ပို၍ အံ့ဩစရာကောင်းနေရသည်ကား စောနုမာလာကိုယ်တိုင်ကပင် ထိုအကြံအစည်ကို သဘောတူညီနေသည်သာမက သူမကလည်း ထိုအတိုင်းစဉ်းစားမိခဲ့ခြင်းပင်တည်း။ မြန်မာပြည်က ဤဟစ်ဦးတည်းသော စုံထောက်ကျော်နှင့် နိုင်ငံခြားတိုင်းတစ်ပါးမှ နယ်စားကြီး၏သမီးပျိုကလေးတို့၏ ဦးနှောက်နှစ်လုံးသည် ဆီလျော်ပဲဆီလျော်နိုင်လွန်းလှတော့သည်။ တွေးပုံတွေးနည်းကလည်း တူပဲတူနိုင်လွန်းလှတော့သည်ဟု ဂျင်မီက အံ့ဩမိခြင်းဖြစ်လေတော့သည်။

ဂျင်မီစမတ်သည် ဘာမှဝင်မပြောဘဲ သူတို့နှစ်ယောက် တည်ငြိမ်သောအသံဖြင့် အပြန်အလှန်ဆက်ပြောနေကြသည်ကို တိတ်ဆိတ်၍သာ နားထောင်နေလိုက်မိသည်။

'ပတေးတို့လက်ထဲ ခင်ဗျားပြန်ရောက်သွားရင် ဘေးအန္တရာယ်တွေကို ရင်ဆိုင်ရမယ်ဆိုတာကိုကော ခင်ဗျား စဉ်းစားပြီးပြီလား စောနုမာလာ…'

'စဉ်းစားပြီးပါပြီ… တကယ်တော့ ကျွန်မအတွက် လုံခြုံမှုဆိုတာဟာ ဘယ်တုန်းကမှ မသေချာခဲ့ပါဘူး…'

'နောက်တစ်ခုရှိသေးတယ် စောနုမာလာ… ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အားကိုးနဲ့ ခင်ဗျားက သူတို့လက်ထဲပြန်သွားပြီး၊ ကျွန်တော့်ကြိုးစားချက် မအောင်မြင်ရင်ကော၊ တကယ်တော့ ကျွန်တော်ဟာ လူသားတစ်ယောက်ပဲ… အဲဒီအခါကျရင် ဒေါက်တာဟိုးလက်ထဲက ခင်ဗျား ဘယ်လိုပြန်လွတ်လာနိုင်ဦးတော့မှာလဲ…'

'ကျွန်မ ရှင့်ကို လုံးဝယုံကြည်စိတ်ချပါတယ် ကိုတင်မောင်ဆွေ… ရှင်ကြိုးစားသမျှဟာ အောင်မြင်ရမှာပါ…'

စောနုမာလာက သူမ၏ ကြည်လင်သော မျက်လုံးများဖြင့် တင်မောင်ဆွေ့မျက်လုံးများထဲသို့ စိုက်ကြည့်ရာက တည်ငြိမ်သော အသံကလေးဖြင့် ပြန်ဖြေလိုက်သည်။

တင်မောင်ဆွေ၏တည်ကြည်နေသော မျက်နှာတွင် အင်မတန်အားရသည့်အပြုံးက ယှက်သန်းလာ၏။

'ကျွန်တော်က အစကတည်းက မေးထားရတာပါ စောနုမာလာ… စောနုမာလာက ကျွန်တော့်အပေါ်မှာ ယုံကြည်စိတ်ချထားသလိုပဲ၊ ကျွန်တော်ကလည်း အောင်မြင်အောင် အစွမ်းကုန်ကြိုးစားပါမယ်… အသက်စွန့်ရမယ်ဆိုရင်တောင် ကျွန်တော်က အသက်စွန့်ဖို့အဆင်သင့်ပါပဲ…'

စောနုမာလာကလည်း ပြုံးလျက် သူမ၏လက်တစ်ဖက်ကို ဖြန့်ပေးလိုက်ရာ တင်မောင်ဆွေက ဆွဲယူလိုက်ပြီး ဆွဲဖျစ်ထားလိုက်သည်။

'ကျွန်တော်တို့ အာရှတိုက်တွေ နှစ်ပေါင်းရာချီပြီး အရင်းရှင်စနစ်ရဲ့ စားကျက်ကြီးဖြစ်ခဲ့ရပါပြီ… ကျွန်တော်တို့ အာရှတိုက်သား ပြည်သူလူထုကိုလည်း သူတို့ကထင်သလို ခြယ်လှယ်ပြီး အမျိုးမျိုးခေါင်းပုံဖြတ် သွေးစုပ်ခဲ့ကြပါပြီ။ ကျွန်တော်တို့ အာရှတိုက်





ရဲ့ကြွယ်ဝသမျှ အဆီအနှစ်တွေမှန်သမျှကိုလည်း၊ သူတို့ဟာ ဝအီအောင် လက်ဝါးကြီးအုပ် ထုတ်နှုတ်ယူခဲ့ကြပါပြီ… ကျွန်တော်တို့ အာရှတိုက်သားတွေရဲ့ ယဉ်ကျေးမှုမှန်သမျှကိုလည်း သူတို့ဟာ အတတ်နိုင်ဆုံး ဖျက်ဆီးပစ်ခဲ့ကြပါပြီ… ကျွန်တော်တို့ အာရှတိုက်သားတွေဟာ အခုမှ သွေးနဲ့ချွေးနဲ့ရင်းပြီး သူတို့လက်က ရုန်းထွက်လွတ်လပ်လာခဲ့ကြရတယ်။ ကျွန်တော်တို့လုပ်သား ပြည်သူအကျိုးနဲ့ ကိုက်ညီတဲ့စီးပွားရေးစနစ်၊ လူမှုရေးစနစ်တွေနဲ့ ပြန်လည်ထူထောင်ဖို့ကို ကြိုးစားနေကြရပါတယ်'

တင်မောင်ဆွေက လှုပ်ရှားသောအသံဖြင့် ပြောနေရင်းကပင် သူ့မျက်လုံးများသည် တလက်လက်တောက်ပလာကြသည်။ သူ့မျက်နှာကလည်း တင်းမာခက်ထန်လာသည်။

'ဒါကို သူတို့က မကြည်ဖြူနိုင်ဘဲ ဖျက်ဆီးပစ်ဖို့ အမျိုးမျိုးကြိုးစားနေခဲ့ကြတယ်… ကွန်မြူနစ်ရန် ကာကွယ်ဖို့ဆိုပြီး အာရှတိုက်မှာ စစ်မီးကြီး မွှေးပေးနေကြတယ်… ညီအစ်ကိုတိုင်းရင်းသားအချင်းချင်း ပြန်လည်တိုက်ခိုက် သတ်ဖြတ်ကြရတဲ့ ပြည်တွင်းစစ်ကြီးတွေကို ဖန်တီးနေကြတယ်။ ဒီနည်းတွေနဲ့ သူတို့က ကျွန်တော်တို့ အာရှတိုက်သားတွေအပေါ် ပြန်လွှမ်းမိုးနိုင်၊ သွေးစုပ်နိုင်၊ အမြတ်ထုတ်နိုင်ဖို့ ကြိုးစားနေကြတယ်။ အဲဒီတော့ သူတို့ရဲ့ ယုတ်မာပက်စက်လှတဲ့ အကြံအစည်တွေကို တွေ့တဲ့နေရာမှာ ကိုယ်တတ်နိုင်သမျှနည်းနဲ့ တိုက်ဖျက်ပစ်ဖို့ဟာ လူတိုင်းရဲ့ တာဝန်ပါပဲ စောနုမာလာ၊ အခု စောနုမာလာက ဒီတာဝန်ကို ရဲရဲဝံ့ဝံ့ကြီးယူလိုက်တာမို့ စောနုမာလာရဲ့စိတ်ဓာတ်ကို ကျွန်တော် အများကြီးချီးကျူးပါတယ်…'

တင်မောင်ဆွေက သူ၏တည်ကြည်နေသော မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



အပြုံးဖြင့် ချက်ချင်း ပြောင်းလဲပစ်လိုက်သည်။ သူက ဂျင်မီဘက်သို့ ဖျတ်လတ်စွာ လှည့်ကြည့်လိုက်၏။

'ကဲ… လာကြ… တို့သွားကြစို့…'

'ဘယ်ကိုသွားမှာလဲဗျ' ဟု ဂျင်မီစမတ်က အူလည်လည် ပြန်မေးလိုက်၏။

'တို့အလုပ်တာဝန်ရှိရာကိုပေါ့ ဂျင်မီရာ… ပထမ ငါ တယ်လီဖုန်းဆက်လိုက်ဦးမယ်…'

တင်မောင်ဆွေက ပြောပြောဆိုဆို အိမ်ရှေ့ခန်းရှိ တယ်လီဖုန်းရှိရာသို့ ထွက်သွားကာ ဖုန်းကိုပုခက်မှ ကောက်ယူလိုက်ပြီး ဒိုင်ခွက်တွင် နံပါတ်တစ်ခုကို လှည့်နေလိုက်သည်။ တင်မောင်ဆွေ့ မျက်နှာသည် ရွှင်မြူးမှုကို ဖော်ပြနေကာ တစ်ဖက်တွင် တယ်လီဖုန်းခေါင်းလောင်းမြည်နေသံကို နားထောင်နေရင်းက တေးသွားတစ်ပုဒ်ကိုပင် ညည်းနေလိုက်သည်။ သူသည် ကိုယ့်ဘာသာ ကိုယ်ယူထားသော တာဝန်ကြီးကို လက်တွေ့ဆက်လုပ်ရတော့မည့်အတွက် ပျော်ရွှင်အားရဖြစ်နေဟန်တူ၏။

'ဟလို… ကျွန်တော် ဒေါက်တာဟိုးနဲ့ စကားပြောပါရစေ… ဟုတ်တယ်… အခုခေါ်နေတာက တင်မောင်ဆွေပါ… ကျေးဇူးတင်ပါတယ်ခင်ဗျာ…'

သူ့နောက်တွင် ရပ်နေသော ဂျင်မီစမတ်ကတော့ ဝါးစပ်ကြီးအပေါင်းသားဖြစ်သွားပြီးမှ ကပျာကယာ ကန့်ကွက်လိုက်သည်။

'ဟာ… ကိုဆွေ… ခင်ဗျား ဘာလုပ်တာလဲဗျာ… ဒေါက်တာဟိုးဆီကို တိုက်ရိုက်ဖုန်းဆက်တယ်လို့…'





'ငါလုပ်နေတာကို ငါသိပါတယ် ဂျင်မီရာ…'

တင်မောင်ဆွေက ဂျင်မီ့အား ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်ပြီး၊ တယ်လီဖုန်းစကားပြောခွက်ထဲသို့ ဆက်၍ ပြောလိုက်ပြန်သည်။

'ဟလို… ကျုပ်မိတ်ဆွေ ထောင်ကဲကြီး ဒေါက်တာဟိုးလားခင်ဗျ… ကျုပ် ခင်ဗျားနဲ့ စကားစမြည်ပြောချင်စိတ်ပါလာတာနဲ့၊ အခု ခင်ဗျားဆီကို ကောက်ဖုန်းဆက်လိုက်တာပဲဗျာ… ပတေးကြီးတစ်ယောက်ကော ဘယ့်နှယ်လဲဗျ… အင်း… ကျုပ်အကြောင်း ခင်ဗျား သူ့ဆီက ကြားပြီးရောပေါ့လေ… ကျုပ်က ခင်ဗျားဆီ စောစောကတည်းက ဖုန်းဆက်မလို့ပါပဲ၊ ဒါပေမဲ့ ကျုပ်က အလုပ်ကလေးတွေ တော်တော်များနေခဲ့လို့ဗျ… ညကပဲ ကျုပ်ဟာ ဆရာဝန်တစ်ယောက်အနေနဲ့ တော်တော်ထူးခြားတဲ့ လူမမာတစ်ယောက်ကို သွားတွေ့ခဲ့ရသေးတယ်လေ… ပတေးကြီးဆီက ခင်ဗျား ဒီအကြောင်းကို သိပြီးရောပေါ့ဗျာ… ဟဲ… ဟဲ… ပတေးကြီးက ကျုပ်သုံးခဲ့တဲ့နည်းကို တော်တော် အံ့ဩခဲ့မှာပဲ ထင်တယ်။ မျက်စိတော်တော် ကျိန်းသွားရှာတယ်ထင်တယ်။ ဟင့်အင်း… အကြောင်းထူးကိစ္စ သိပ်မရှိပါဘူး… ကိုယ့်မိတ်ဆွေကြီးရဲ့အသံကိုကြားချင်လို့ ဆိုပါတော့… ခင်ဗျားနဲ့ ကျုပ် အားရပါးရ စကားမပြောရတာ အတော်ကြာသွားပြီမဟုတ်လား… ခင်ဗျား… လက်ရုံးကြီး မစ္စတာယူနပ်စ်ကို သူနဲ့ထိုက်တန်တဲ့နေရာကို ပို့လိုက်ပြီးတဲ့နောက်မှာ ခင်ဗျားနဲ့ကျုပ်တွေ့ခဲ့ရတာ တစ်ခါတည်း ရှိသေးတယ်လေ…. လူမမာလား… သူကတော့ ကျုပ်ကုပေးလိုက်လို့ အတော်နေလို့ ကောင်းသွားပါပြီ… ကျုပ် ပညာစွမ်းကြောင့် လိင်ပြောင်းသွားပြီး အသက်လည်း ပိုငယ်သွားတယ်လေ… ဟဲ… ဟဲ…



www.burmeseclassic.com

www.burmeseclassic.com



အဲ… မနက်ဖြန်ကျရင်တော့ သူဟာ သံရုံးကို ပြန်သွားနိုင်ကောင်းပါတယ်ဗျာ… ဟင့်အင်း… ဒီကနေ့တော့ ပြန်မလွှတ်သေးပါဘူး… ခင်ဗျားတို့ သူ့ကို ခတ်လိုက်တဲ့ဆေးက တော်တော် ထိရောက်တယ်ဗျာ… ကဲ… မိတ်ဆွေမင်းသားကြီးကိုလည်း ကျုပ်က နှုတ်ဆက်တယ်လို့ ပြောပါဗျာ။ နေ့လည်စာမစားခင် ကျုပ်က သူ့ကို လာတွေ့ပြီး ကော့တေးလ်ကလေး ဘာကလေးသောက်မလားလို့ စိတ်ကူးထားတယ်ဗျာ… ကဲ… လောကကြီးမှာနေရတုန်း ကောင်းကောင်းနေစမ်းပါဗျာ။ ဟုတ်လား… ဂွတ်ဘိုင်…'

တင်မောင်ဆွေက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး ကျေနပ်အားရသော အမူအရာဖြင့် လက်ဝါးနှစ်ဖက်ကိုပွတ်ကာ အားရပါးရကြီး ပြုံးလိုက်သည်။

'ဟဲ… ဟဲ… တေိကြီးတော့ ငါချပေးလိုက်တဲ့ ငါးမျှားစာကို ဟပ်လိုက်မိပြီ ဂျင်မီ။ ဟပ်လိုက်တာမှ အာခေါင်ကို သွားချိတ်မိတာတောင် ငါကြားလိုက်ရသေးသကွ…'

ဂျင်မီစမတ်ကတော့ သဘောမပေါက်သည့် အမူအရာကြီးဖြင့်သာ တင်မောင်ဆွေအား ကြည့်လိုက်သည်။

'နေစမ်းပါဦး ကိုဆွေရာ… ခင်ဗျားက ဘယ်လိုငါးမျှားစာမျိုးကို ချပေးလိုက်လို့ ဒေါက်တာဟိုးက ဟပ်လိုက်ရတာလဲ…'

တင်မောင်ဆွေက ဂျင်မီအား ပြန်မဖြေသေးဘဲ… သူ့အား စူးစမ်းသော အမူအရာကလေးဖြင့် ကြည့်နေသူ စောနမာလာအား ပြန်ကြည့်လိုက်သည်။

'စောနမာလာကကော သဘောပေါက်လား…'

'ဆောရီးပဲ ကိုတင်မောင်ဆွေ၊ ရှင် ဘာဆိုလိုတယ်ဆိုတာ





ကို ကျွန်မ လုံးဝနားမလည်ပါဘူး…'

'ခင်ဗျားဟာ ကျွန်တော့်လက်ထဲမှာ ရောက်နေတယ်ဆိုတာကို ဒေါက်တာဟိုးက သိထားတယ်… ပြီးတော့ ကျွန်တော် ခုနက ပြောလိုက်တဲ့ စကားတွေအရ ခင်ဗျားဟာ သူတို့ခတ်ထားတဲ့ဆေးက ကောင်းကောင်းမပြယ်သေးဘူးလို့ ထင်သွားပြီ… နောက်တစ်ခုက စောနမာလာ ကျွန်တော့်လက်ထဲမှာ ရှိနေတာကို ကျွန်တော်က တခြားလူတွေကို ဘယ်တော့မှ ဖွင့်ပြောမှာမဟုတ်ဘူးဆိုတာကိုပါ သူက သိထားတယ်လေ… ဒီတော့ သူ့မှာ အချိန်ရှိနေသေးတာကို သူသဘောပေါက်သွားပြီး ၂၄နာရီအတွင်းမှာ ခင်ဗျားဟာ ကျွန်တော့်လက်ထဲမှာရှိနေဦးမယ်ဆိုတာကို သူသိသွားလေတော့ ဒီအချိန်အတောအတွင်းမှာ သူက ကျွန်တော့်ကို တွေ့အောင်လိုက်ရှာပြီး ကျွန်တော့်လက်ထဲကနေ ခင်ဗျားကို ပြန်ရအောင် အစွမ်းကုန်ကြိုးစားတော့မှာပေါ့ဗျ…'

'သူက ကြိုးစားတော့ကော ရမတဲ့လား… ကိုဆွေ… ဘယ်မှာရှိနေတယ်ဆိုတာကို ၂၄နာရီအတွင်းမှာ သူက ဘယ်လိုလုပ်သိနိုင်မှာလဲ…'

ဂျင်မီက စောဒက ပြန်တက်လိုက်ခြင်းဖြစ်သည်။

'သူသိရအောင် ငါက ခုနကပဲ သူ့ကို အခွင့်အရေးပေးခဲ့ပြီပဲကွာ…'

'ဘယ်လိုအခွင့်အရေးပေးခဲ့တာလဲ…'

'ငါက သူ့ဆီကို တယ်လီဖုန်းဆက်ခဲ့တယ်… မဟုတ်လား… ဒီတော့ ငါဘယ်ကနေ တယ်လီဖုန်းဆက်ခဲ့တယ်ဆိုတာကို သူက အခုဆိုရင် အိပ်ချိန်းမှာ စုံစမ်းနေရောပေါ့…'



www.burmeseclassic.com

www.burmeseclassic.com



'သူစုံစမ်းလည်း အပိုနေမှာပေါ့… အိပ်စ်ချိန်းက ပြောပြမှာမှ မဟုတ်တာပဲ'… 'ဒါပေမဲ့ သူ့ကို ငါက အများသုံးတယ်လီဖုန်းရုံးက ဆက်တာ မဟုတ်ဘူးဆိုတာကိုတော့ သူသိသွားမှာပါပဲ… အဲဒီအခါကျရင် သူဟာ ပါဝါရှိတဲ့လူတစ်ယောက်ပဲ။ ပြီးတော့ တပည့်တပန်းတွေကလည်း အများကြီး၊ အခုဆိုရင်ပဲ သူ့တပည့်တွေဟာ တယ်လီဖုန်းလမ်းညွှန်စာအုပ်မှာ ပါသမျှနံပါတ်တွေကို လူစုခွဲပြီး လိုက်ချက်ကင် လုပ်နေကြပြီဆိုတာ ငါလောင်းရဲတယ်… ဒီတော့ သူက ငါသူ့ကိုဘယ်ကနေ တယ်လီဖုန်းဆက်ခဲ့တယ်ဆိုတာကို သူမသိသွားဖို့ကို မင်းက ပူမနေပါနဲ့ကွာ… သူဟာ မုချသိသွားမှာပါပဲ…'

'သူက သိသွားတဲ့အခါကျရင်ကောဗျာ…'

ဂျင်မီစမတ်က တင်မောင်ဆွေရှင်းပြသည်ကို လက်ခံလိုက်ကာ ပြန်၍ မေးခွန်းထုတ်လိုက်သည်။

'အေး… သူက သိသွားတဲ့အခါကျရင် တို့က ဘာလုပ်ရမယ်ဆိုတာကို အခု ငါက ပြောမယ်… ကောင်းကောင်းနားထောင်ပေတော့ ဂျင်မီ…'

တင်မောင်ဆွေက ဂျင်မီစမတ်အား သူ့ခြေလှမ်းအစီအစဉ်ကို အသေးစိတ်ရှင်းလင်းပြောပြလိုက်လေ၏။

❖ ❖ ❖

- ၄ -

## သွားတိုက်ဆေးအသုံးပြုနည်း အသစ်တစ်ခု

(က)

သူတို့၏လျှို့ဝှက်ဌာနချုပ်အသစ်မှနေ၍ ဒေါက်တာဟိုးနှင့် မင်းသားကြီး ဝဏ္ဏချန်ဒရာတို့ တည်းခိုနေသောသီးသန့်ဟော်တယ်ကြီးသို့ သွားဖို့မှာ သာမန်အားဖြင့်ဆိုလျှင် ဆယ်မိနစ်မျှသာ ကြာမြင့်မည်ဖြစ်လေသည်။

သို့ရာတွင် အချိန်အခါက တင်မောင်ဆွေ့အတွက် သာမန်အချိန်အခါမဟုတ်ပါချေ။ အများအားဖြင့် သူနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် ရဲအဖွဲ့သည် ယခုတစ်ကြိမ်တွင်တော့ သူ့အား အပြင်းအထန် လိုက်လံရှာဖွေလျက်ရှိနေ၏။ ထိုအထဲတွင် တစ်ဖက်က အင်မတန်မှဉာဏ်များ၍ စွမ်းပကား ထက်မြက်လှသည့် နယ်ချဲ့အရင်းရှင် ရန်သူတော်ကြီးနှစ်ယောက်က ရှိနေပြန်သည်။

ထို့ကြောင့်ပင် တင်မောင်ဆွေက သူအင်မတန်အသုံးပြုခဲ



www.burmeseclassic.com

www.burmeseclassic.com



သော ရုပ်ပြောင်းရုပ်လွှဲနည်းကို ထပ်မံ၍ အသုံးပြုရပြန်သည်။

နံနက် ၁၁-နာရီခန့်တွင် အောက်ထပ်ကားရုံကြီး လုပ်ထားသော နှစ်ထပ်တိုက်ကြီးထဲမှ ခါးကိုင်းကာ ဆံပင်တစ်ပိုင်းဖြူလျက် ကျွဲကော်ကိုင်းမျက်မှန် တပ်ထားသော အဘိုးကြီးတစ်ယောက်က လက်ထဲက လက်ကိုင်တုတ်ကို အားပြုလျက် ထွက်လာသည်ကို တွေ့ကြရမည်ဖြစ်သည်။

၎င်းသည် လမ်းကြားကလေးထဲမှနေ၍ လမ်းမကြီးဆီသို့ တုန်ချည့်တုန်ချည့် လျှောက်လာကာ လမ်းဆေးတွင် ရပ်လျက် ဥဒဟို သွားနေသော ကားတွေကိုကြည့်ပြီး လမ်းကို ဘယ်လိုဖြတ်ကူးရမှန်း မသိသကဲ့သို့ ရပ်နေ၏။ ဤသည် အဖြစ်ကိုတွေ့ရသော အရပ်ဝတ် အရပ်စား စုံထောက်တစ်ယောက်သည် အဘိုးကြီးအား ကြင်နာလာ မိပြီး ဂရုတစိုက် လက်မောင်းတစ်ဖက်မှ တွဲကိုင်လျက် လမ်းဖြတ် ရန် အကူအညီပေးလိုက်၏။

သူက သဘောကောင်းလှစွာ ဤသို့ အကူအညီပေးလိုက် သော အဘိုးကြီးသည် အကယ်စင်စစ်တော့ သူ တစ်မှနက်လုံး လိုက်၍ ရှာဖွေနေသော တင်မောင်ဆွေပင် ဖြစ်သည်ကိုတော့ ထို အရပ်ဝတ်အရပ်စား စုံထောက်ခမျာက ဘယ်လိုမှမရိပ်မိလိုက်ချေ။

အဘိုးကြီးသည် ထိုအရပ်ဝတ်အရပ်စား စုံထောက်အား ကျေးဇူးတင်စကား လိုက်လှဲစွာပြောပြီး ဘတ်စကားတစ်စင်းကို လက်တားပြလျက် အပေါ်သို့ တုန်ချည့်စွာ တက်သွားရာ စပယ်ယာ လုပ်သူ၏ မကြားတကြားဆဲလိုက်ခြင်းကိုပင် ခံလိုက်ရသေး၏။ ၁၅ပြားတန်လက်မှတ်တစ်စောင်ကို ဝယ်ယူပြီးနောက် အဘိုးကြီး သည် ဘတ်စကားပေါ်တွင် ငိုက်၍ လိုက်ပါလာလေသည်။





မင်းသားကြီး ဝဏ္ဏချန်ဒရာ တည်းခိုနေသော ဟော်တယ်သို့ မရောက်ခင်မှတ်တိုင်တွင် အဘိုးကြီးက ဘတ်စကားကို ရပ်ခိုင်းကာ တုန်ချည့်တုန်ချည့်နှင့် ဘတ်စကားပေါ်မှ ဆင်းလိုက်သည်။ ဘတ် စကားဒရိုင်ဘာသည် စပယ်ယာထက် သဘောကောင်းသူဖြစ်ရာ အဘိုးကြီးမြေပေါ်ရောက်သည်အထိ စောင့်နေလိုက်ပြီးမှ သူ့ဘတ်စ ကားကို ဂူးခနဲ ပြန်မောင်းထွက်သွားလေသည်။

အဘိုးကြီးကတော့ သူ့လက်ကိုင်တုတ်ကို အားပြုကာ တုံ့နေးတုံ့နေးနှင့် တစ်လှမ်းချင်း ရှေ့သို့ ဆက်လျှောက်ခဲ့ပြီး သီးသန့်ဟော်တယ်နှင့် ဆက်စပ်လျက်ရှိသော ပန်းခြံကလေးထဲသို့ ဝင်ခဲ့ကာ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ချထားသည့် ခုံတန်းလျားတစ်ခုပေါ်၌ မောပန်းနွမ်းနယ်သွားသည့် အလား ထိုင်ချလိုက်၏။

ထိုခုံတန်းလျားပေါ်တွင် အဘိုးကြီးသည် တစ်နာရီမျှ တစ်ကိုယ်တည်းထိုင်လျက် ငိုက်မျဉ်းနေပြီး ပြန်ထလိုက်ကာ ဖုတ် ဖက်ခါပြီး လာလမ်းအတိုင်း ပန်းခြံအတွင်းမှ ပြန်ထွက်လိုက်သည်။ ထို့နောက် အနည်းငယ် သွက်လက်သော ခြေလှမ်းများဖြင့် သီးသန့် ဟော်တယ် အဆောက်အဦကြီး၏ တံခါးမကြီးဆီသို့ ချဉ်းကပ်သွား လေသည်။

ဟော်တယ်တံခါးစောင့်က အဘိုးကြီးအား မှန်တံခါးကို ဖွင့်ပေးလိုက်သော်လည်း ဆလံကားမပေးချေ။ အဘိုးကြီးကလည်း ကုလားအား ဂရုမစိုက်ဘဲ 'စုံစမ်းရန်'ဟူသော ဆိုင်းဘုတ်ကလေး တင်ထားသည့် ကောင်တာဆီသို့ ခပ်တည်တည် ချဉ်းကပ်သွားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းရန် ကောင်တာနောက်တွင် တရုတ်ကပြားစာရေးသည် သူ့ကောင်တာရှေ့တွင် လာရပ်သော အဘိုးကြီးကို အကဲခတ်ကြည့်ကာ… ‘အင်း… ကပြား အဘိုးကြီးတစ်ယောက်ပဲ၊ ကြည့်ရတာ မွန်မွန်ရည်ရည်ပါပဲ’ဟု စိတ်ထဲတွင် ဆုံးဖြတ်ချက်ချလိုက်ရာက နှုတ်ခမ်းကို ပြုံးသည်ဆိုရုံမျှ တွန့်လိုက်သည်။

‘ကျွန်တော် ဘာများ ကူညီနိုင်ပါသလဲ ခင်ဗျာ…’

‘ငါ မင်းသားကြီး ဝဏ္ဏချုန်ဒရာနဲ့ တွေ့ချင်တယ်ကွယ်…’

အဘိုးကြီးက ခပ်ခန့်ခန့်ကြီးပင် ပြန်ဖြေလိုက်သည်။ ဝဏ္ဏချုန်ဒရာ၏ နာမည်ကိုကြားရလျှင် ကောင်တာစာရေး၏ အမူအရာမှာ သိသိသာသာကြီး ပြောင်းလဲသွားတော့သည်။ မင်းသားကြီးကား သူတို့ဟော်တယ်၏ ဂုဏ်ထူးဆောင်ဧည့်သည်တစ်ယောက်ဖြစ်ရာ ထိုမင်းသားကြီးအား လာတွေ့သည့်ပုဂ္ဂိုလ်မှာလည်း နယ်နယ်ရရ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်တန်ရာဟု တွေးလျက် သူ့အမူအရာက လေးစားမှုကို ပို၍ ပြလာ၏။

‘ဟုတ်ကဲ့ ခင်ဗျာ… ဘယ်သူက တွေ့ချင်တယ်လို့ ပြောရမလဲ ခင်ဗျာ…’

‘ငါ့ကတ်ကို သူ့ဆီပို့လိုက်ကွယ်…’

အဘိုးကြီးက ပြောပြောဆိုဆို သူ့ကုတ်အင်္ကျီအတွင်းအိတ်ထဲက ကတ်ပြားကလေးတစ်ချပ်ကို ထုတ်ပေးလိုက်သည်။ ထိုကတ်ပြားပေါ်တွင် မစ္စတာဆိုင်းရပ်စ် တောင်းဆင်း၊ ဗြိတိသျှသံရုံးဟူသည့် စာတမ်းကလေးကို သပ်ရပ်စွာ ရိုက်နှိပ်ထား၏။

အဘိုးကြီးက ကတ်ပြားကို စာရေးလက်ထဲသို့ မထည့်မီ ကတ်ပြားကျောဘက်တွင် အင်္ဂလိပ်ဘာသာဖြင့် ညက ပတေးအိမ်





တွင် ဖြစ်ရသောကိစ္စကို ဆွေးနွေးရန်ဟု ဖောင်တိန်ဖြင့်ရေးခြစ်လိုက်သေးသည်။

ကောင်တာစာရေးသည် ကတ်ပြားကလေးမှစာတမ်းကို ဖတ် ကြည့်လိုက်ပြီးနောက် ပို၍ ရိုရိုသေသေဖြစ်လာတော့သည်။

‘ထိုင်ပါဦးလား လူကြီးမင်းခင်ဗျား… ကျွန်တော် လူကြီးမင်းရဲ့ ကတ်ပြားကို မင်းသားကြီးဆီ ချက်ချင်းပို့လိုက်ပါ့မယ်…’

တင်မောင်ဆွေက စိတ်ထဲက ကြိတ်ပြုံးကာ ကောင်တာရှေ့တွင်ရှိနေသော ဆိုဖာရှည်ကြီးတစ်လုံးတွင် အခန့်သား ဝင်ထိုင်လိုက်၏။ ကောင်တာစာရေးက ခေါင်းလောင်းကလေးတစ်ခု တီးလိုက်ကာ ရောက်လာသော ဟော်တယ်လုလင်တစ်ယောက်အား တင်မောင်ဆွေ၏ ကတ်ပြားကလေးကို ပေးလျက် မင်းသားကြီး ဝဏ္ဏချုန်ဒရာထံ သွားပေးရန် ညွှန်ကြားလိုက်၏။

ခေတ္တကြာလျှင် ထိုဟော်တယ်လုလင်က ပြန်ရောက်လာကာ မစ္စတာ ဆိုင်းရပ်စ်တောင်းဆင်အား မင်းသားကြီးက တွေ့ပါမည်။ ၎င်းနှင့်အတူ လိုက်ခဲ့ပါဟု ပြောလာသည်။ တင်မောင်ဆွေသည် ထိုင်ရာမှထလိုက်ကာ ဣန္ဒြေရရနှင့် လက်ကိုင်တုတ်ကို ထောက်ကာ ထောက်ကာဖြင့် ဟော်တယ်လုလင်၏နောက်မှ ဓာတ်လှေကားကြီးထဲသို့ ဝင်လိုက်၏။

ဒုတိယထပ်သို့ ရောက်လျှင် ဟော်တယ်လုလင်က တင်မောင်ဆွေ့အား စင်္ကြံရှည်ကြီးတစ်ခုအတိုင်း ခေါ်သွားကာ ပိတ်ထားသော ကျွန်းတံခါးကြီးတစ်ချပ်ရှေ့တွင် ရပ်ပြီး တံခါးရွက်ကို ညင်သာစွာ ခေါက်လိုက်သည်။

‘ဗြိတိသျှသံရုံးက မစ္စတာဆိုင်းရပ်စ်တောင်းဆင်း ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပါပြီ ခင်ဗျာ...'

တံခါးသည် ချက်ချင်းပွင့်လာရာ တင်မောင်ဆွေက အထဲသို့ လှမ်းဝင်လိုက်သည်။ တံခါးချပ်ကြီးသည် ချက်ချင်း ပြန်ပိတ်သွားလေ၏။

တင်မောင်ဆွေသည် သူ့ရှေ့တွင် ရပ်နေသောလူကို ဖြူဖွေးသောသွားများပေါ်အောင်ပြုံးကြည့်လိုက်သည်။

သူ့ရှေ့တွင် ရပ်နေသူကား သူနှင့်တကွ အာရှတိုက်သားလုပ်သားပြည်သူ အားလုံးတို့၏ မဟာရန်သူတော်ကြီးဟု သူက သတ်မှတ်ထားသော အရင်းရှင်ကြီး ဒေါက်တာဟိုး၏ ကြံရာပါ မင်းသားကြီး ဝဏ္ဏချန်ဒရာပင် ဖြစ်နေသည်။

သို့ရာတွင် ၎င်း၏ရုပ်အသွင်ကိုကြည့်၍တော့ သူ့တွင် ကိုယ့်တိုင်းပြည်ကို ပြန်၍ စစ်မီးတိုက်လျက် အမြတ်ထုတ်ရန် ယုတ်မာပက်စက်လှသည့် အကြံအစည်ကြီးရှိနေသူတစ်ယောက်ဟု ဘယ်လိုမှ ထင်နိုင်မည်မဟုတ်ပေ။

မင်းသားကြီးဝဏ္ဏချန်ဒရာ၏ အသွင်အပြင်သည်ကား သူသည် ပကတိ လူရည်မွန်ကြီး ဖြစ်ပါသည်ဆိုသော အချက်ကို ထင်ရှားတည်ငြိမ်စွာ ဖော်ပြနေ၏။ အသားက ဝါ၍ ညက်ညောလှသည်။ ဆံပင်က မည်းနက်နေကာ အလယ်တည့်တည့်မှခွဲ၍ ပိရိနေအောင် ဖြီးထားသည်။ နဖူးက ကျယ်ဝန်းညီညာ၏။ မျက်လုံးများကလည်း တည်ငြိမ်စူးရှလှသည်။ အနည်းငယ်ထူသယောင်ရှိသော နှုတ်ခမ်းအထက်မှ တိရိသေသပ်သော နှုတ်ခမ်းမွေးက သူ့မျက်နှာကို ပို၍ ခန့်ညားနေစေသည်။

ဝတ်ဆင်ထားသည်ကတော့ သပ်ရပ်သော အနက်ရောင်





အနောက်တိုင်းဝတ်စုံ ဖြစ်နေသည်။

ယခု သူသည် ပကတိ တည်ငြိမ်သော အမူအရာဖြင့် တင်မောင်ဆွေအား စူးစိုက်ကြည့်ရှုနေသည်။

'ခင်ဗျားဟာ တော်တော့်ကို ချီးမွမ်းဖို့ကောင်းတဲ့ လူတစ်ယောက်ပါပဲ မင်းသားကြီး...'

တင်မောင်ဆွေက အင်္ဂလိပ်စကားဖြင့် မင်းသားကြီးအား စတင်၍ စကားပြောလိုက်သည်။ မင်းသားကြီးက သူ၏သေသပ်လှပသော ပခုံးများကို မသိမသာ တွန့်လိုက်သည်။

'ခင်ဗျား ချီးမွမ်းတာကို ကျုပ်ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားက ကျုပ်ကို ဘာအတွက် ချီးမွမ်းပြီး၊ ခင်ဗျား ဘယ်သူ ဘယ်ဝါဆိုတာကိုတော့ ကျုပ်မသိရသေးပါကလား'

မင်းသားကြီး၏ အင်္ဂလိပ်စကားက ပီသလှကာ အသံကလည်း တည်ငြိမ်လျက်ရှိနေ၏။ သူ့မျက်လုံးများကလည်း တင်မောင်ဆွေ့မျက်နှာကို တည်ငြိမ်စွာ စူးစိုက်ကြည့်ရှုလျက် ရှိနေသည်။

'မင်းသားကြီးက ကျွန်တော့်ကို မေ့နေပြီလား ခင်ဗျ...'

'ကျုပ်ဟာ လူပေါင်းများစွာနဲ့ တွေ့ဆုံခဲ့ရတာပဲ'

တင်မောင်ဆွေက ထိုအခါမှ သူ့ခေါင်းမှဆံပင်တုနှင့် မျက်မှန်ကြီးကို ဖြုတ်လိုက်ကာ ခါးကိုလည်း ဆန့်လိုက်၏။ ထို့နောက် မင်းသားကြီးအား ခပ်ပြုံးပြုံး ကြည့်လိုက်သည်။

'ကဲ... ကျွန်တော့်ကို မှတ်မိပြီလား မင်းသားကြီး၊ ရှမ်းပြည်နယ်မှာ တွေ့ခဲ့ကြရတာလေ...'

မင်းသားကြီးက သူ၏ ထူထဲမည်းနက်သော မျက်ခုံးတစ်ဖက်ကို ပင့်လိုက်သည်။ ပြီးမှ ခပ်သဲ့သဲ့ကလေး ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ကျုပ်ရဲ့ မိတ်ဆွေကြီး ဦးတင်မောင်ဆွေပါလား… ဒါပေမဲ့ ဘာဖြစ်လို့ ရုပ်ပြောင်းရုပ်လွှဲလုပ်လာရတာလဲ ဘာပြုလို့ ဗြိတိသျှသံရုံးကလို့ ညာခဲ့ရတာလဲ…'

သည်တစ်ခါတော့ တင်မောင်ဆွေအတွက် ပခုံးတွန့်ဖို့ အလှည့်ဖြစ်လေသည်။

'ကျွန်တော့်အတွက် ဒီလိုရုပ်ပြောင်းရုပ်လွှဲလုပ်ဖို့ အခုအချိန်မှာ လိုအပ်နေတယ်ဆိုတာကို မင်းသားကြီး ကောင်းကောင်းသိပါတယ်လေ… အင်း… မင်းသားကြီးကို ကျွန်တော် ခုနက ဒါကြောင့် ချီးမွမ်းခဲ့တာပါ… မင်းသားကြီးဟာ ကျွန်တော့်ကို တွေ့လိုက်ရတဲ့အတွက် အံ့အားသင့် ထိတ်လန့်မှုကို ဘယ်လိုမှ မပြခဲ့ဘူး… အင်းလေ… မင်းသားကြီးဟာ ကိုယ့်ကိုကိုယ် ထိန်းချုပ်နိုင်တဲ့ဘက်မှာတော့ ပြိုင်စံရှားတဲ့လူတစ်ယောက်ပါပဲ…'

'အို… ကျုပ်က ခင်ဗျားနဲ့ တွေ့ရတာကို ဘာဖြစ်လို့ စိုးရိမ်ထိတ်လန့်ဖြစ်ရမှာတဲ့လဲ… မဖြစ်တဲ့အပြင် ဝမ်းတောင်သာပါသေးတယ်…'

'ဝမ်းသာတယ်ဆိုတာ အမှန်ပဲလား မင်းသားကြီး'

တင်မောင်ဆွေက ညင်သာသော အသံဖြင့်ပင် ပြန်မေးလိုက်လေသည်။

❖ ❖ ❖

(၁)

မင်းသားကြီးက ပြုံးလိုက်ကာ သူ့ကုတ်အင်္ကျီဘေးအိတ်ထဲက ပလက်တီနမ် စီးကရက်ဘူးပြားကလေးကို ထုတ်ယူပြီး တင်





မောင်ဆွေအား လှမ်းပေးလိုက်သည်။

'စီးကရက်သောက်ပါဦး ဦးတင်မောင်ဆွေ…'

တင်မောင်ဆွေက အပြုံးကလေးဖြင့် ငြင်းပယ်လိုက်၏။

'ကျေးဇူးတင်ပါတယ်… မင်းသားကြီး၊ ဒါပေမဲ့ ကိုယ့်စီးကရက် ကိုယ်ပဲသောက်ပါရစေ… ကိုယ်သောက်ဓလေ့ရှိတဲ့ စီးကရက်ကို သောက်ရတာဟာ၊ ကျွန်တော့်ကျန်းမာရေးအတွက် ပိုပြီး စိတ်ချရပါတယ်…'

မင်းသားကြီးက ပခုံးတွန့်လိုက်ကာ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိလိုက်သည်။

'ဦးတင်မောင်ဆွေ… တကယ်တော့ ခင်ဗျားဟာ လူတော်တစ်ယောက်ပါ… ခင်ဗျားဆီမှာ ကျုပ် ချီးမွမ်းသဘောကျနိုင်တဲ့ အရည်အချင်းတွေ အများကြီးရှိနေပါတယ်…'

တင်မောင်ဆွေက မသိမသာ ဦးညွှတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ် မင်းသားကြီး…'

'ရှမ်းပြည်နယ်မှာ ခင်ဗျားနဲ့ ကျုပ် တွေ့ကြရတုန်းက၊ ခင်ဗျားကို ကျုပ်ဆီမှာ ဝင်အမှုထမ်းဖို့ ဖိတ်ခေါ်ခဲ့သေးတယ်နော်…'

'မှန်ပါတယ် မင်းသားကြီး…'

'ဒါပေမဲ့ ခင်ဗျားက ငြင်းပယ်ခဲ့ပါတယ်…'

တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်သည်။ မင်းသားကြီးက ချိုသာသော မျက်နှာထားဖြင့် စကားဆက်လိုက်ပြန်သည်။

'အခုကော ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကို ပြန်မစဉ်းစားဘူးလား ဦးတင်မောင်ဆွေ…'

'ကဲ… မင်းသားကြီးကို ကျွန်တော်တစ်ခု ပြန်မေးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့လက်ချက်နဲ့ ကျွန်တော့်ညီလိုချစ်တဲ့ လူတစ်ယောက်ဟာ ခြေတစ်ဖက်ပြတ်ပြီး လူစဉ်မမီဖြစ်ခဲ့ရတာကို ကျွန်တော်က မေ့ပစ်ပြီ ထားပါတော့၊ ကျွန်တော် ယုံကြည်သမျှ ဒီယုံကြည်ချက်အရ တိုက်ခိုက်ခဲ့ရသမျှတွေကိုလည်း ကျွန်တော်က ကျော်ခိုင်းခဲ့ပြီ ဆိုပါတော့။ အဲဒီအခါကျရင်ကော ခင်ဗျားက ကျွန်တော့်ကို တကယ်ပဲ ကြိုဆိုမှာလား မင်းသားကြီး…’

‘အမှန်ကိုပြောရရင်တော့ အဲဒီအခါမျိုးကျရင် ကျွန်တော်က ခင်ဗျားကို မကြိုဆို လက်မခံနိုင်တော့ပါဘူး။ ခင်ဗျားမှာရှိတဲ့ အရည်အချင်းတွေဟာ ခင်ဗျားရဲ့ယုံကြည်ချက်ကို အရင်းခံနေတာပဲ… ခင်ဗျားမှာ ယုံကြည်ချက်မရှိတော့တဲ့နောက်မှာ ဒီအရည်အချင်းတွေဟာလည်း ဘယ်ရှိတော့မှာလဲ ဦးတင်မောင်ဆွေ’

တင်မောင်ဆွေက ကုလားထိုင်တစ်လုံးဆီသို့ လျှောက်သွားကာ ခပ်အေးအေးအမူအရာဖြင့် ဝင်ထိုင်လိုက်သည်။ ထို့နောက် သူ့စီးကရက်ဘူးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို မီးညှိလျက် ရစ်ခွေ၍ တက်သွားကြသော စီးကရက်မီးခိုးပြာပြာကလေးတွေကြားမှနေ၍ မင်းသားကြီးအား စိုက်ကြည့်နေလိုက်သည်။ မင်းသားကြီးကလည်း တင်မောင်ဆွေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး တင်မောင်ဆွေအား ခပ်ပြုံးပြုံးပြန်ကြည့်လိုက်သည်။ ပြီးနောက် အင်မတန်မှ ခမ်းနားလှသော ဟန်ဖြင့် လက်တစ်ဖက်ကို အသာယမ်းလိုက်၏။

‘ကဲ… ဦးတင်မောင်ဆွေ ခင်ဗျားက ကျုပ်ဆီကို အမှုထမ်းရအောင် လာတာမဟုတ်တော့၊ တခြားအကြောင်းတစ်ခုတော့ ရှိရဦးမှာပေါ့… ဘာအကြောင်းလဲဆိုတာ ကျုပ်သိပါရစေလား’





‘ကျွန်တော် လာခဲ့တာကတော့ မင်းသားကြီးနဲ့ စကားစမြည်ပြောဖို့ပဲ ဆိုပါတော့… အခုတလော လေထဲမှာ အနံ့အသက်ကလေးတွေပါပါလာနေတာကို ကျွန်တော် တွေ့ရတယ်… ဒီတော့ လေကိုပြန်ပြီး သန့်စင်သွားအောင် ခင်ဗျားက တစ်စုံတစ်ခုတော့ ပြောပြနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်မိတာပဲလေ… အဲ… ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး… ဒေါက်တာဟိုးလည်း မင်းသားကြီးနဲ့အတူ ရှိနေမယ်လို့ ကျွန်တော်က မျှော်လင့်နေမိတာဗျ…’

မင်းသားကြီးက သူ့လက်ကောက်ဝတ်မှ ရိုးလက်စ်ရွှေလက်ပတ်နာရီကို ခန့်ညားသောဟန်ဖြင့် မြှောက်ကြည့်လိုက်သည်။

‘သူ့ကို ကျုပ်ကလည်း မျှော်နေတာပါပဲ ဦးတင်မောင်ဆွေ… မကြာခင် သူရောက်လာတော့မှာပါ… အဲ… တစ်ခုတော့ ရှိတယ်… ဒေါက်တာဟိုးက အင်မတန် စိတ်လိုက်မာန်ပါ လုပ်တတ်တဲ့ အကျင့်ကလေးတစ်ခု ရှိသဗျ… အင်းလေ ဒါကိုလည်း ခင်ဗျားက သိပြီးရောပေါ့ ဦးတင်မောင်ဆွေ…’

‘ကိုယ်တွေ့မကြုံရသေးပေမယ့် ကြားဖူးထားပါတယ်… ဒါကြောင့်လည်း ကျွန်တော်က သူနဲ့နောက်တစ်ခါထပ်ပြီး လူချင်းတွေ့ချင်တာပါပဲ။ သူ့လက်ရုံးကြီးဖြစ်တဲ့ မစ္စတာယူနပ်စ်ဆိုတာနဲ့တော့ ကျွန်တော်က တွေ့ခဲ့ဖူးပြီလေ…’

တင်မောင်ဆွေ၏မျက်လုံးများသည် စိန်တွေအလား အေးမြစွာ တောက်ပလာကြသည်။ သူ့အသံတွင်လည်း အေးစက်မာကျောမှုက သိသိသာသာကြီး ပါလာ၏။

‘သူ ရောက်လာရင် လူပိုစုံသွားတာပေါ့ဗျာ…’ဟု တင်မောင်ဆွေက စကားဆက်ပြန်သည်။ ‘ကျွန်တော်တို့ ပြောစရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အများကြီးရှိနေမှာပဲ… ဒါနဲ့ ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး မစ္စတာ ယူဆွတ်ပဒေးလ်ကကော ဘယ့်နှယ်လဲဗျ… ကျန်းကျန်းမာမာပဲရှိတယ် မဟုတ်လား…'

'ဟုတ်ကဲ့… ကျုပ်သိရသလောက်တော့ သူဟာ ကျန်းကျန်းမာမာပဲ ရှိပါတယ်…'

'သူက ညက ဖြစ်ခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး၊ ရဲဘက်ကို ဘယ်လိုများ ပြောခဲ့သလဲဆိုတာကိုကော မင်းသားကြီး သိပါသလား…'

မင်းသားကြီးက ခပ်သဲ့သဲ့ပြုံးလိုက်သည်။

'အား… ဒါကို ခင်ဗျားသိပ်သိချင်မှာပဲလို့ ကျုပ်ကလည်း တွက်ထားမိပါတယ်လေ…'

တင်မောင်ဆွေကလည်း ခပ်ပြုံးပြုံးပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့… မစ္စတာ ပဒေးလ်က ဘယ်လိုများ ညဏ်နီဉာဏ်နက် ထုတ်ခဲ့သလဲဆိုတာကို ကျွန်တော် သိချင်တာကတော့ အမှန်ပါပဲ မင်းသားကြီး…'

မင်းသားကြီးက သူ့လက်ထဲမှ စီးကရက်ကို ဘေးတွင်ရှိသော ငွေပြာခံခွက်ကလေးထဲတွင် ထိုးချေပစ်လိုက်သည်။

'အင်း… ခင်ဗျားသိချင်ရင်တော့ ပြောပြရတာပေါ့ ဦးတင်မောင်ဆွေ… မစ္စတာ ပဒေးလ်က ဇဝနဉာဏ်တော့ အကောင်းသားဗျ… သူက ရဲဘက်ကို တိုင်ချက်ဖွင့်ခဲ့တာကတော့ ဒီလိုလေ… သူ့ဘကြီးဟာ ဝက်ရူးပြန်ရောဂါစွဲကပ်နေလို့၊ သူ့အိမ်ကိုဆေးကုရအောင် မနေ့ညက ရောက်လာခဲ့တယ်တဲ့။ အဲဒါ ခင်ဗျား





က ဆရာဝန်ယောင်ဆောင်ပြီး သူ့အိမ်ထဲကို ဝင်လို့ ချက်ချင်းပဲ သူ့ကို သေနတ်တစ်လက်နဲ့ ခြိမ်းခြောက်ခဲ့သတဲ့၊ ပြီးတော့ သူ့ဘကြီးကို အတင်းဖမ်းဆီးခေါ်ဆောင် သွားသတဲ့… ခင်ဗျားက သူ့ဘကြီးကို ဘယ်လိုရည်ရွယ်ချက်နဲ့ ဖမ်းခေါ်သွားခဲ့တယ်ဆိုတာကို သူကလည်း မပြောတတ်ဘူးတဲ့။ ရဲအဖွဲ့ကြီးကသာ ဒီပြဿနာကို ဖြေရှင်းပေးပါတဲ့'

တင်မောင်ဆွေက ချီးကျူးသဘောကျသော အမူအရာဖြင့် ခေါင်းညိတ်လိုက်သည်။

'အင်း… ဒီလိုဆို ပဒေးကြီးက ဘယ်ခေလို့လဲ မင်းသားကြီး၊ ခင်ဗျားပြောသလိုပဲ ဇဝနဉာဏ်တော်တော်လျင်တာပဲဗျ…'

'သူ့တိုင်ချက်က တော်တော် ယုတ္တိရှိတာကိုတော့၊ ခင်ဗျား ဝန်ခံရမှာပဲ ဦးတင်မောင်ဆွေ'

'ဝန်ခံပါတယ်ဗျာ…'

မင်းသားကြီးက တင်မောင်ဆွေ့အား သဘောကျသော အမူအရာဖြင့် ကြည့်လိုက်သည်။

'ဒါပေမဲ့ ညက ခင်ဗျားအသုံးပြုခဲ့တဲ့သေနဂ်ဗျူဟာကတော့ တကယ့်ကို ရှားပါတယ် ဦးတင်မောင်ဆွေ… ရတဲ့အခွင့်အရေးကို လက်မလွတ်သုံးသွားခဲ့တာပဲ… ညက အဲသလို လုပ်သွားတဲ့လူဟာ ခင်ဗျားပါလို့ ခင်ဗျားကပြောမသွားတောင်၊ ခင်ဗျားရဲ့ လက်ချက်ပဲဆိုတာကို ကျုပ်က အတတ်သိမှာပါပဲ…'

'ကျွန်တော်တို့က ဒါမျိုးကိုပဲ လုပ်စားနေတာမဟုတ်လား ခင်ဗျာ…'

'ဒါပေါ့လေ… ခင်ဗျားက အမျိုးသမီးကို ဘယ်ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သလဲဗျ…'

ထိုမေးခွန်းကို မင်းသားကြီးက ပေါ့ပေါ့ကလေးပင် မေးလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေက မင်းသားကြီး၏'အတို့'ကလေးကို သဘောကျသွားမိကာ အသံထွက်အောင် ရယ်မောလိုက်မိတော့သည်။

'မင်းသားကြီးကလည်း အတော်အလာသားပဲဗျ…'

'ဘာလာတာလဲဗျ… ခင်ဗျားသိချင်တာကို ခင်ဗျားမေးခဲ့တုန်းက ကျုပ်ကလည်း ပြန်ဖြေခဲ့တယ်မဟုတ်လား… အခု ကျုပ်ကလည်း ကျုပ်သိချင်တာကို ပြန်မေးလိုက်တာပါ…'

ဝဏ္ဏချွန်ဒရာ မင်းသားကြီးက ခပ်ပြုံးပြုံးကလေး ပြန်ဖြေလိုက်သည်။ တင်မောင်ဆွေကလည်း ခပ်ပြုံးပြုံးပင်ပြန်၍ ခေါင်းခါပြလိုက်ကာ၊ သူ့ကုလားထိုင်တွင် ပို၍ သက်သက်သာသာဖြစ်အောင် ထိုင်လျက်၊ နောက်ထပ်စီးကရက် တစ်လိပ်ကို မီးညှိပြီး၊ မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်နေလိုက်၏။ မီးခိုးများကို ကြည့်ရင်းကလည်း သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသော လူ၏ဦးခေါင်းထဲတွင် ဘယ်လိုသော အကြံအစည်၊ ဘယ်လိုသော အတွေးတွေက ရှိနေမည်နည်းဟု တွေးနေလိုက်မိသည်။

သို့ရာတွင် မင်းသားကြီး၏မျက်နှာကို အကဲခတ်ကြည့်ရှုရုံဖြင့်တော့ ၎င်း၏အတွေးတွေကို ဘယ်နည်းနှင့်မျှ ရိပ်စားမိနိုင်မည်မဟုတ်သည်ကိုလည်း တင်မောင်ဆွေက နားလည်မိလေသည်။ တကယ်တော့ သူတို့နှစ်ယောက်သည် ကျွမ်းကျင်လှသော ဓားသိုင်းသမားနှစ်ယောက်လိုပင် ဖြစ်နေပေသည်။

ယခု သူတို့နှစ်ယောက် ပြောခဲ့ကြသည့်စကားတိုင်းတွင်





တစ်ယောက်ကို တစ်ယောက် ပညာစမ်းမှုတွေက အပြည့်အဝပါခဲ့ပေသည်။ ဘယ်သူက ဘယ်သူ့ကိုမှလည်း မရှုံးခဲ့ကြသေးပေ။ ဒါကို နှစ်ယောက်စလုံးကပင် သိကြကာ ယခုနှစ်ဦးသဘောတူ ခေတ္တရပ်နားထားလိုက်ခြင်း ဖြစ်သည်။

၎င်းတို့နှစ်ယောက်၏ မျက်လုံးများက သွားဆုံမိကြရာ အသီးသီး၏ မျက်လုံးများတွင် ရယ်မောသရော်သော အရိပ်အရောင်များက ရှိနေကြလေ၏။

'ကျုပ်တို့ဟာ မမြင်ရတဲ့ လက်နက်တွေနဲ့ တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်နေကြတဲ့ အခြေအနေမှာ ရောက်နေကြရတာပဲနော်…'

နောက်ဆုံးတွင် မင်းသားကြီးက စကားပြန်၍ စတင်လိုက်သည်။ တင်မောင်ဆွေက ဦးခေါင်းကို မသိမသာ ညွှတ်ပြလိုက်ရာ မင်းသားကြီးက လက်တစ်ဖက်ကို ခမ်းနားစွာ ယမ်းပြလိုက်ပြီး စကားဆက်ပြန်သည်။

'ခင်ဗျားဟာ ကျုပ်ကို လိုက်အနှောင့်အယှက်ပေးနေတဲ့ ဆူးပြောင့်ခလုတ်တစ်ခု ဖြစ်နေတာမို့၊ ခင်ဗျားကို ဖယ်ရှားပစ်ချင်တယ်ဆိုတာကို ကျုပ်က ဝန်ခံပါတယ်… ခင်ဗျားကို ကျုပ်ကရဲအဖွဲ့လက်ထဲကို အပ်လိုက်ရင်လည်း ဖြစ်တာပါပဲ…'

'ဒီလိုဆိုရင် မင်းသားကြီးအတွက် အဖြေပေးစရာ ခက်တဲ့မေးခွန်းတွေကို ဖြေနေရမှာပေါ့…'

'မှန်ပါတယ် ဦးတင်မောင်ဆွေ… ဒီတော့ ခင်ဗျားကို ကျုပ်တို့ဘာသာ ကျုပ်တို့ ဖယ်ရှားပစ်ရလိမ့်မယ် ထင်တာပဲ…'

'ဒီဟော်တယ်ထဲမှာ ဒီလိုလုပ်ဖို့ဆိုတာက၊ မင်းသားကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွက်ပိုလို့တောင် ခက်ပါလိမ့်မယ်…'

'ဒါလည်း မှန်တာပါပဲ၊ ဒါပေမဲ့ ခင်ဗျားလက်ထဲမှာ ကျုပ်က အင်မတန်မှ လိုချင်နေတဲ့ လူတစ်ယောက်က ရှိနေပြန်တယ်'

'ပဝေးကြီးရဲ့ ဘကြီးပေါ့လေ…'

'ဒီလူကို ကျုပ်က ဘာကြောင့်ပြန်လိုချင်တယ် ဘယ်လိုအသုံးချမယ်ဆိုတာကို ခင်ဗျားက သိချင်နေမှာပဲဆိုတာကိုလည်း ကျုပ်က နားလည်ပါတယ်… ဒါပေမဲ့ ဒါကို ခင်ဗျားက ဘယ်လိုမှ သိရမှာမဟုတ်ဘူး… ဒီတော့က ကျုပ်တို့နှစ်ယောက်စလုံးဟာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမှာ ရောက်နေကြရတာပေါ့…'

မင်းသားကြီးက သူ့စကားကို အဆုံးသတ်လိုက်ပြီး တင်မောင်ဆွေ့အား မျက်ခုံးတစ်ဖက် ပင့်လျက် ကြည့်လိုက်သည်။ တင်မောင်ဆွေက ပြုံးလျက် ခေါင်းကိုအသာ ယမ်းခါလိုက်၏။

'မင်းသားကြီးပြောတဲ့အခြေအနေမှာ လုံးဝရောက်နေရပြီတော့ မဟုတ်သေးပါဘူး ခင်ဗျာ…'

မင်းသားကြီး၏ မျက်လုံးများက မသိမသာ ကျဉ်းမြောင်းသွားကြသည်။

'ဟုတ်လား… ကျုပ်က ဘာအချက်ကိုများ မေ့ထားမိသလဲဗျ…'

'ပြန်စဉ်းစားကြည့်ပါဦးလေ…'

အခန်းထဲတွင် ပြန်လည်တိတ်ဆိတ်သွားပြန်တော့သည်။ ထိုတိတ်ဆိတ်မှုထဲတွင် တင်မောင်ဆွေ၏ လှစ်လှသောနားတွေက အခန်းအပြင်ဘက် စင်္ကြံထဲမှ အသံတစ်ခုကို ကြားလိုက်ရသည်။





ခေတ္တကြာလျှင် တံခါးရွက်ကို တစ်စုံတစ်ယောက်က ခေါက်လိုက်ပြီး တံခါးကို တွန်းဖွင့်လိုက်သည်။

'မင်းသားကြီး…'

ဤသို့ခေါ်လျက် ဝင်လာသူကား ဒေါက်တာဟိုးကိုယ်တိုင်ပင် ဖြစ်လေ၏။ ၎င်းသည် တံခါးဘုကို လက်တစ်ဖက်ဖြင့် ကိုင်ထားရာမှ၊ မင်းသားကြီးအား တစ်စုံတစ်ရာကို ကျေနပ်အားရလာသည့် အမူအရာကြီးဖြင့် လှမ်းကြည့်လိုက်ကာ ခေါ်လိုက်ခြင်းဖြစ်သည်။ ထို့နောက်တွင်မှ ၎င်းသည် ကုလားထိုင်တစ်လုံးတွင် အကျထိုင်နေသော တင်မောင်ဆွေအား တွေ့သွားကာ ပါးစပ်ကြီးအဟောင်းသားဖြင့်ပင် တိတ်ဆိတ်သွားလေတော့သည်။

'ကျုပ်တို့ရဲ့ မိတ်ဆွေကြီး ဦးတင်မောင်ဆွေက၊ ကျုပ်ဆီကိုလာလည်ပြီး စကားစမြည်ပြောနေတာလေ…'

မင်းသားကြီးက တင်မောင်ဆွေဆီသို့ လက်တစ်ဖက် ဟန်ပါပါ ယမ်းပြလိုက်ရာက ချောမွတ်စွာ ပြောပြလိုက်လေ၏။

(ဂ)

'ဟလို… ဒေါက်တာဟိုး… ကျန်းမာပါရဲ့နော်…'

တင်မောင်ဆွေက ထိုင်ရာမှ ထရပ်လိုက်ကာ လက်နှစ်ဖက် ခါးတွင် ထောက်လိုက်ပြီး ဒေါက်တာဟိုးအား ခပ်ပြုံးပြုံးကြီး နှုတ်ဆက်လိုက်သည်။ သူ့မျက်လုံးတွေက အရောင်တဖျပ်ဖျပ် တောက်နေကြကာ သူ့ပါးစပ်ကတော့ ဒေါက်တာဟိုးအား ဘယ်လိုမှ ဂရုမစိုက်သော အပြုံးဖြင့် တွန့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားနဲ့ ကျွန်တော် ရှမ်းပြည်နယ်မှာနောက်ဆုံး တွေ့ခဲ့ကြရတုန်းကတော့၊ ခင်ဗျားက ကျုပ်ကိုသေနတ်နဲ့ ချိန်ခဲ့ပြီး၊ ကျွန်တော်က ခင်ဗျားကို ဆီးစပ်ကိုကန်ခဲ့လို့ ခင်ဗျားဟာ ဗိုက်အောင့်တဲ့ဝေဒနာကို တော်တော်ကလေး ခံစားခဲ့ရတာပဲဆိုတာ၊ ကျွန်တော် မှတ်မိနေသေးတယ်...'

ဒေါက်တာဟိုး၏ အရုပ်ဆိုးလှသော မျက်နှာကြီးသည်ပို၍ အရုပ်ဆိုးသွားသည်ဟု ထင်မှတ်ရ၏။ သူ၏မျက်ခွံအစ်အစ်ကြီးတွေထဲမှ မျက်လုံးကြီးတွေက တင်မောင်ဆွေ့အား မုန်းတီးမှုအပြည့်ဖြင့် ကြည့်လိုက်သည်။ သူက တင်မောင်ဆွေ့အား မုန်းချင်လည်း မုန်းပေမည်။ သူ၏အကြံအစည်ဟူသမျှတွင် ဤမြန်မာကောင်သည် အမြဲတမ်းကြားက ကန့်လန့်ကန့်လန့်နှင့် လိုက်ဖျက်နေခဲ့သည် မဟုတ်ပါလား။

မင်းသားကြီးကတော့ တင်မောင်ဆွေ့အား ခပ်ပြုံးပြုံးပင် ကြည့်လိုက်သည်။

'ဒေါက်တာဟိုးကလည်း မှတ်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပါပဲ ဦးတင်မောင်ဆွေ'

'ဟုတ်လား... ဒီလိုဆို အခုလို ကျွန်တော်နဲ့ ပြန်တွေ့ရတာကို သူ တော်တော် ဝမ်းသာမယ်ထင်ပါရဲ့...'

ဒေါက်တာဟိုးက မင်းသားကြီးအား ချာခနဲ လှည့်ကြည့်လိုက်ကာ၊ ၄င်းတို့၏ ဘာသာစကားဖြင့် တစ်စုံတစ်ရာကို လျှင်မြန်စွာ ပြောလိုက်၏။ မင်းသားကြီးက အေးဆေးသော အမူအရာဖြင့် လက်တစ်ဖက် မြှောက်ပြလိုက်သည်။

'ကျုပ်တို့ အင်္ဂလိပ်စကားကို အသုံးပြုကြရအောင်လား





ဒေါက်တာဟိုး၊ ဦးတင်မောင်ဆွေအတွက် ပိုပြီးစိတ်ဝင်စားစရာ ကောင်းပါလိမ့်မယ်...'

'သူ ဒီကို ဘယ်လိုရောက်လာတာလဲ...'

ထိုအခါမှ ဒေါက်တာဟိုးက အင်္ဂလိပ်စကားဖြင့် ပြန်မေးလိုက်သည်။

'သူ ဒီလိုပဲ အခန်းထဲကို ဝင်လာတာပဲလေ...'

'ဒါပေမဲ့ ပုလိပ်တွေက...'

မင်းသားကြီးက လက်တစ်ဖက်ထောင်ပြလိုက်ပြန်သည့်အတွက် ဒေါက်တာဟိုးက စကားရပ်သွား၏။

'ရဲအဖွဲ့ကိစ္စကို ကျုပ်နဲ့ ဦးတင်မောင်ဆွေက ဆွေးနွေးပြီးပါပြီ။ ပဝေးဟာ သူ့ကိုယ်သူ ကာကွယ်ဖို့အတွက် ဦးတင်မောင်ဆွေကို၊ ရဲအဖွဲ့မှာ တိုင်ချက် ဖွင့်ခဲ့ရတာကတော့ မှန်ပါတယ်... ဒါပေမဲ့ ဦးတင်မောင်ဆွေကို ကျုပ်တို့က ရဲလက်အပ်လိုက်ရင်၊ သူက ရဲအဖွဲ့ကို ပြောစရာအကြောင်းတွေကလည်း ရှိနေသေးတယ် မဟုတ်လား... ဒေါက်တာဟိုး...'

'ကျုပ်က ရဲအဖွဲ့ကို ကျုပ်ပြောစရာရှိတာတွေ ပြောပြလိုက်ရင် ခင်ဗျားတို့အတွက် အခြေအနေတွေက တော်တော် ခွကျသွားလိမ့်မယ် မဟုတ်လားဗျာ...'

တင်မောင်ဆွေက ဒေါက်တာဟိုးအား သရော်သော အကြည့်ဖြင့် ကြည့်ရာက ခပ်ပြုံးပြုံး ဝင်ပြောလိုက်သည်။ မင်းသားကြီးက သူ၏ ပလက်တီနမ်စီးကရက်ဘူးကို ဖွင့်လိုက်ပြန်ကာ စီးကရက်တစ်လိပ်ကို ရွေးထုတ်လိုက်သည်။

'ကဲ... ဒေါက်တာဟိုး ဆိုစမ်းပါဦး... ခင်ဗျားက ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြစရာ ရှိတယ်မဟုတ်လား… ခင်ဗျား ခုနက ရောက်လာတုန်းကတော့ ခင်ဗျားကို ကြည့်ရတာတစ်ခုခုအတွက် တော်တော်ကို ကျေနပ်အားရလာသလိုပါပဲ…'

'ကျုပ် အောင်မြင်မှုတစ်ခုရလာတယ်… မင်းသားကြီး'

'ဟုတ်လား… ဒီလိုဆိုရင် ခင်ဗျားရဲ့အောင်မြင်မှုကို ကျုပ်တို့ ဧည့်သည်ကြီးက မုချစိတ်ဝင်စားမှာပါပဲ…'

ဒေါက်တာဟိုးက တင်မောင်ဆွေ့အား လှည့်ကြည့်လိုက်သည်။ ၎င်း၏မျက်နှာကြီးက အင်မတန်မှ အားရကျေနပ်မှုနှင့် တင်မောင်ဆွေ့အား အထင်သေးမှုကို ရောယှက်ဖော်ပြနေကြ၏။

တင်မောင်ဆွေကလည်း ၎င်း၏အမူအရာကိုကြည့်ကာ နှလုံးခုန်မသိမသာ မြန်လာ၏။ သူက တမင်သက်သက်ချပေးခဲ့သော ငါးမျှားစာကို ဒေါက်တာဟိုးက ဟပ်မိခဲ့လေပြီလား။

'စောနမာလာဟာ အခု ကျုပ်တို့လက်ထဲကို ချောချောမောမော ပြန်ရောက်လာပါပြီ မင်းသားကြီး…'

ဒေါက်တာဟိုးက အောင်နိုင်သော စစ်သူကြီး၏ အသံကြီးဖြင့်ပြောလိုက်သည်။ တင်မောင်ဆွေက ဘာမှပြန်မပြောဘဲ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

'မင်းက လူပါးဝပြီး ငါ့ဆီကို ဖုန်းဆက်ခဲ့တာကို မှတ်မိတယ်မဟုတ်လား။ ငါက မင်းဖုန်းဆက်နေတုန်းမှာပဲ တခြားဖုန်းတစ်ခုကနေ၊ အိပ်(စ်)ချိန်းကို ချက်ချင်းပြန်ပြီး ငါ ဘယ်သူဘယ်ဝါဆိုတာကို ပြောပြလို့၊ မင်းရဲ့ ဖုန်းနံပါတ်ကို အရမေးနိုင်ခဲ့တယ်။ ဒီနံပါတ်ကို ငါ့လူတွေက လမ်းညွှန်စာအုပ်မှာ ရှာကြည့်တော့၊ မင်းဘယ်ကနေ ဖုန်းဆက်တယ်ဆိုတာကို ငါသိရတော့တာပဲ… အဲဒီ





ကို ငါတို့လိုက်သွားတော့ အဆင်သင့်ပဲ စောနမာလာကိုတစ်ယောက်တည်း တွေ့လိုက်ရတယ်… မင်းက မင်းကိုယ်မင်း ယုံကြည်စိတ်ချလွန်းအားကြီးခဲ့တာဟာ မင်းရဲ့အမှားပဲပေါ့ တင်မောင်ဆွေ…'

'ခင်ဗျား ကျုပ်ကို ဖြီးနေတာပါဗျာ…'

တင်မောင်ဆွေက မယုံကြည်သော အသံဖြင့် ပြန်ပြောလိုက်သည်။

'ဟုတ်မယ် မထင်ပါဘူး ဦးတင်မောင်ဆွေ… 'ဟု မင်းသားကြီး ဝဏ္ဏချန်ဒရာက ဝင်ပြောလိုက်သည်။ 'ဒေါက်တာဟိုးဟာ အင်မတန်မှ အားထားရတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ။ ကျုပ်တို့ ပြုလုပ်မိခဲ့တဲ့အမှားဟာ ကျုပ်ကြောင့် မှားခဲ့တာပါ… ကျုပ်ကို အဲသလို မလုပ်ဖို့ သူကပဲ တားမြစ်ခဲ့ပါသေးတယ်…'

ဒေါက်တာဟိုးက တင်မောင်ဆွေ့အနားသို့ တိုးကပ်လာ၏။ ၎င်းကား အင်မတန်မှ ကြီးမားထွားကျိုင်းလှသည့် ကိုယ်ခန္ဓာရှိသူတစ်ယောက်ဖြစ်၏။ ၎င်း၏အရပ်အမောင်းသည် တင်မောင်ဆွေ့ထက်ပင် ဦးခေါင်းတစ်ဝက်မျှ ပိုမြင့်နေသေးသည်။

'တင်မောင်ဆွေ မင်းဟာ ငါ့အကြံအစည်ကို ဖျက်ဆီးနိုင်ခဲ့ဖူးတယ်… မင်းကြောင့် ငါ အင်မတန်မှ အားထားရတဲ့ လူဟာ အသက်ဆုံးရှုံးခဲ့ရတယ်… အေး… ငါ့လူက မင်းရဲ့မိတ်ဆွေတစ်ယောက်ကို တစ်ခါတည်းမှတ်သွားလောက်အောင် ဆုံးမနိုင်ခဲ့ပါတယ်။ မင်းကို ငါအခုတည်းက ပြောထားလိုက်ပါရဲ့။ မင်းဟာ ငါ့ကိုတော့ ဘယ်တော့မှ အန်တုလို့ရနိုင်မှာ မဟုတ်ပါဘူး။ ငါ့ကို အန်တုတဲ့လူမှန်သမျှကို၊ ငါက မရှုမလှကြီးဖြစ်သွားရအောင် ခေါ်ခတ်တတ်တယ်နော်…'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကလည်း ကျုပ်ရန်သူတွေကို ရက်ရက်စက်စက်ကြီး ဒဏ်ခတ်တတ်ပါတယ် ဒေါက်တာဟိုး…'

တင်မောင်ဆွေ၏ အသံက အေးစက်မာကျောနေသည်။ ဒေါက်တာဟိုးက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြန်သည်။

'တင်မောင်ဆွေ… မင်း'

'ဒီမှာ… ဒေါက်တာဟိုး … ကျုပ်တို့ဟာ လက်တွေ့ကိုပဲ ပြောကြတာ ကောင်းပါတယ်လေ'…. မင်းသားကြီးက တည်ငြိမ်သော အသံဖြင့်ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'ခင်ဗျားရဲ့ကြိုးစားမှုဟာ အောင်မြင်ခဲ့ပြီ။ အများကြီး ကောင်းတာပေါ့၊ ဟောဒီက ဦးတင်မောင်ဆွေက၊ ကျုပ်တို့ရဲ့ အကြံအစည်တွေမှာ ဝင်နှောင့်ယှက်နေတယ်… အခု သူက လူစွမ်းကောင်းလုပ်ပြီး သူ့ဘာသာသူ ကျုပ်တို့ လက်ထဲကို ရောက်လာစေခဲ့တော့…'

တင်မောင်ဆွေရယ်မောသံက မင်းသားကြီး၏ စကားများကို ရပ်တန့်သွားစေသည်။

'ခင်ဗျားတို့က ကျုပ်ကို ဘာလုပ်မယ်ဆိုတာကို ဆုံးဖြတ်ကြပါလေ… ဒီအတောအတွင်းမှာ ဒေါက်တာဟိုးက စာနမာလာကို သူ့လက်ထဲ ပြန်ရပြီလို့ ပြောတာကို ကျုပ်က ယုံယုံကြည်ကြည် လက်ခံလိုက်ပြီလို့တော့ ခင်ဗျားတို့ ထင်မနေကြပါနဲ့။ ဒီလို လှိမ့်လုံးဖြန်းလုံးတွေဟာ ကျုပ်အတွက်တော့ ရိုးနေပါပြီဗျာ…'

'မင်းကို ငါက ညာနေတယ်လို့များ ထင်နေသလား တင်မောင်ဆွေ…. မင်း မကြာခင် သိရစေမယ်…'

'ကျုပ်ဘာသာကျုပ် သိမှာပါပဲ ဒေါက်တာဟိုး… ဒါနဲ့





ဟောဒီဆံပင်တုကို ခင်ဗျား ဘယ်လိုသဘောရသလဲဗျ…'

တင်မောင်ဆွေက ပြောပြောဆိုဆို ကုလားထိုင်တွင် သူချထားသည့် ဆံပင်တုကို အမှုမဲ့ အမှတ်မဲ့ အမူအရာဖြင့် ကောက်ယူလိုက်ကာ သူ့ဦးခေါင်းတွင် စွပ်လိုက်သည်။ ပြီးလျှင် သူချွတ်ထားသော ကျွဲကော်ကိုင်းမျက်မှန်ကြီးကိုလည်း သူ့နှာခေါင်းတွင် ချိတ်လိုက်၏။ သူ့ဦးထုပ်ကတော့ ကြမ်းပြင်တွင်ကျနေရာ တင်မောင်ဆွေက ဦးထုပ်ဆီသို့ လျှောက်သွားရင်းက ခြေတစ်ဖက်ဖြင့် ဦးထုပ်ကိုရှေ့သို့ ကန်ပစ်လိုက်သည်။ ထို့နောက် ဦးထုပ်ဆီသို့ ထပ်လျှောက်သွားကာ နောက်တစ်ခါ ကန်လိုက်ပြန်၏။

တင်မောင်ဆွေ၏ နည်းပရိယာယ်ကို ဒေါက်တာဟိုးနှင့် မင်းသားကြီးတို့က မရိပ်စားမိကြချေ။ ဒီလူ ဘာလုပ်နေပါလိမ့်ဟူသော အမူအရာဖြင့် ကြည့်နေကြ၏။

နောက်တစ်ခါ ကန်လိုက်သည်၌ ဦးထုပ်သည် တံခါးကြီးနှင့်, ခြေတစ်လှမ်းအကွာသို့ ရောက်သွားသည်။ ထိုအခါမှ တင်မောင်ဆွေက ဦးထုပ်ကို ကောက်ယူကာ ဦးခေါင်းတွင် အေးအေးဆေးဆေး အမူအရာဖြင့် ဆောင်းလိုက်၏။

'ကဲ… မင်းသားကြီးနဲ့ ဒေါက်တာဟိုး… ကျုပ်ကို ခင်ဗျားတို့ ဘာလုပ်မယ်ဆိုတာ စဉ်းစားပြီးပြီလား… ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့နဲ့တော့ ကျုပ်နောက်ထပ် တွေ့ရဦးမှာပါလေ… အခုတော့ ဥတ်ဘိုင်ပဲဗျို့….'

တင်မောင်ဆွေက စကားအဆုံးတွင် လျှပ်စစ်၏ လျင်မြန်မှုဖြင့် တံခါးမကြီးမှ လှစ်ခနဲထွက်သွားတော့သည်။ နောက်တစ်ခဏအကြာတွင်တော့ စကြံသို့ထွက်သော တံခါးကြီးပိတ်လိုက်သံက



www.burmeseclassic.com

www.burmeseclassic.com



ဂျိုင်းခနဲ ထွက်ပေါ်လာသည်။

မင်းသားကြီးထံသို့ တင်မောင်ဆွေ ရဲတင်းစွာလာခဲ့ခြင်းကား ၄င်းထံမှ သတင်းရယူဖို့ဖြစ်သည်။ သို့ရာတွင် ရောက်ပင်လာခဲ့ရသော်လည်း၊ သူ့ခေါင်းထဲတွင် အစီအစဉ်ဆို၍ အတိအကျရှိနေခဲ့သည် မဟုတ်ပေ။ ပေါ်လာသမျှသော အခွင့်အရေးကို မိမိရရဆုပ်ကိုင် အသုံးချတတ်သည့် သူ့စွမ်းရည်ကိုသာ အားထားလျက် လာခဲ့ခြင်းဖြစ်လေသည်။

ဒေါက်တာဟိုးက စောနမာလာတစ်ယောက် သူ့လက်ထဲသို့ ပြန်ရောက်နေပြီဟု ဝမ်းသာအားရကြီးပြောခဲ့သည့်အခါမှာတွင်ပင်၊ အစီအစဉ်တစ်ခုက တင်မောင်ဆွေဦးခေါင်းထဲသို့ ဝင်ရောက်လာခဲ့၏။ ယခု သူက ထိုအစီအစဉ်အတိုင်း လိုက်နာပြုလုပ်လိုက်ခြင်းဖြစ်လေသည်။

(ဃ)

တင်မောင်ဆွေ ထွက်သွားပုံသည် လျှင်မြန်လှပေရာ အခန်းထဲတွင် မင်းသားကြီးနှင့်ဒေါက်တာဟိုးတို့မှာ လုံးဝအံ့အားသင့် ကြက်သေ သေလျက် ကျန်ရစ်နေခဲ့ကြတော့သည်။ စက္ကန့်အနည်းငယ်ကြာသွားသည့်အခါတွင်မှ၊ ဒေါက်တာဟိုးက တံခါးဆီသို့ ခြေလှမ်းလိုက်သည်။

သို့သော် မင်းသားကြီး ဝဏ္ဏချွန်ဒရာက လက်တစ်ဖက်မြှောက်လျက် ၄င်းအား တားထားလိုက်သည်။

'ဒေါက်တာဟိုး… သူ့နောက်ကို လိုက်မနေပါနဲ့တော့။





ဒီဟော်တယ်ထဲမှာ ရုတ်ရုတ်ရက်ရက်ဖြစ်လို့လည်း မကောင်းပါဘူး…'

'အို… သူ့ကို ရဲအဖွဲ့လက်ထဲ အပ်လိုက်ရင်ရတာပဲ'

'ခင်ဗျားရဲ့ဦးခေါင်းကို သုံးစမ်းပါ ဒေါက်တာဟိုး၊ စိတ်လိုက်မာန်ပါ မလုပ်စမ်းပါနဲ့။ ကျုပ်တို့အကြောင်းတွေကို သူက ရဲဘက်ကိုပြန်ပြောပြရင်၊ ကျုပ်တို့က ပြန်ဖြေရှင်းနေရဦးမယ် မဟုတ်လား… သူ့ကို ဒီအတိုင်း လွှတ်ထားရင် အချိန်ကျတော့ သူ့ကို ကျုပ်တို့စိတ်တိုင်းကျ စီစဉ်နိုင်ပါတယ်'

'အင်း… မင်းသားကြီးပြောတာလည်း ဟုတ်တာပဲ… ဒီအကောင်ဟာ ကျုပ်တို့ကို နောက်ထပ် အနှောင့်အယှက်မပေးနိုင်တော့အောင် တစ်ခါတည်း အဆုံးစီရင်ပစ်ရမယ်…'

မင်းသားကြီးက ကုလားထိုင်များဆီသို့ လက်ယမ်းပြလိုက်သည်။

'ကဲ… ကျုပ်တို့ အေးအေးဆေးဆေးထိုင်ပြီး စကားပြောကြရအောင်ပါ။ ကျုပ်တို့မှာ တိုင်ပင်စရာတွေက ရှိနေသေးတယ် မဟုတ်လား…'

ဒေါက်တာဟိုးက သူ၏ကြီးမားသော ကိုယ်ခန္ဓာကြီးကို ဆိုဖာကြီးတစ်လုံးပေါ်သို့ ထိုင်ချလိုက်သည်။ မင်းသားကြီးကတော့ ပကတိ တည်ငြိမ်အေးဆေးသော အမူအရာဖြင့် စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။

'ကဲ… ခင်ဗျား ပြောစရာရှိတာကို ကြားပါရစေလား'

'ကျုပ် စောနမာလာကို ဟိုကောင့်ဆီက ခေါ်လာခဲ့ပြီ… အခု သူ့ကို သေလာချမ်းမြေ့ကိုပို့ထားတယ်။ ညကျရင် သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



က မြကန်သာအိုင်ကြီးကိုဖြတ်ပြီး လာလိမ့်မယ်။ သင်္ဘောနဲ့အတူ ပွတ်ရုကပ်ပါလာလိမ့်မယ်။ သင်္ဘောပေါ်ကို စောနမာလာရောက်ပြီး နယ်ခြားဘက်ကို ပြန်မောင်းလိုက်တာနဲ့ တစ်ပြိုင်နက် သူတို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်ရုံပဲ…'

မင်းသားကြီးက ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

'ဒီလိုလုပ်တာနဲ့ပဲ လုံလောက်ပြီလို့ ထင်သလား'

'လုံလောက်ပါတယ် မင်းသားကြီး… ကျုပ် ဓီဝရာနန် အကြောင်းကို ကောင်းကောင်းသိပါတယ်… ကျုပ်ကိုယ်တိုင်က လည်း သူနဲ့တိတ်တဆိတ် သွားတွေ့ဦးမှာပါ… ဒီတစ်ခါတော့ သူက ကျုပ်အစီအစဉ်ကို လက်ခံမှာသေချာပါတယ်… နောက်တစ်ပတ်အတွင်းမှာ ကျုပ်တို့ဟာ မြောက်ပိုင်းကိုဝင်သိမ်းပြီး တိုးတက်တယ်ဆိုတဲ့ လက်ဝဲအုပ်စုကို လုံးဝချေမှုန်းနိုင်တော့မှာပါ…'

သူတို့နှစ်ယောက်ပြောနေကြသော စကားတွေကို တင်မောင်ဆွေက အတိုင်းသား ကြားနေရလေသည်။ အကြောင်းမူ သူသည် မင်းသားကြီးနှင့် ဒေါက်တာဟိုးတို့ ထင်ကြသည့်အတိုင်း မင်းသားကြီး၏ဟော်တယ်ခန်းမှ လုံးဝထွက်ခွာသွားသေးသည် မဟုတ်။

အပြင်ဘက် စင်္ကြံထဲသို့ထွက်သော တံခါးကိုသာ အသံမြည်အောင် အတွင်းမှနေ၍ ဆောင့်ပိတ်လိုက်ပြီး၊ သူကိုယ်တိုင်ကတော့ ပွင့်နေသော အိပ်ခန်းတံခါးထဲသို့ လှစ်ခနဲဝင်ခဲ့ခြင်း ဖြစ်၏။ မင်းသားကြီးရှိနေသော ဧည့်ခန်းနှင့် အိပ်ခန်းကို ဆက်စပ်ထားသည့် တံခါးချပ်မှာ ပွင့်နေကာ အိပ်ခန်းနှင့် ရေချိုးခန်းကို ဆက်စပ်ထား





သည့် တံခါးချပ်မှာလည်း ထို့အတူသာ ဖြစ်နေသည်။

ထို့ကြောင့် ရေချိုးခန်းထဲဝင်ပုန်းနေသော တင်မောင်ဆွေသည် မင်းသားကြီးနှင့် ဒေါက်တာဟိုးတို့ ပြောကြသမျှ စကားတွေကို အတိုင်းသား ကြားနေရခြင်းဖြစ်လေ၏။

တင်မောင်ဆွေသည် စန်းနုရောင်ငွေထည်ဖြင့် ပြုလုပ်ထားသော ရေချိုးဇလုံရှည်ကြီး၏အစွန်းတွင် အကျအနထိုင်ကာ ဘေးကမှန်ချပ်ပေါ်တွင် သွားတိုက်ဆေးတစ်ဘူးမှ ဆေးဖြူများကို ညှစ်ထုတ်လျက် သူ့နှာမည်ကို ရေးနေရာမှ သူကြားနေရသော စကားသံတွေကို ဆက်လက်နားစွင့်နေလိုက်သည်။

'နို့… တခြားအစီအစဉ်တွေကကော ဒေါက်တာဟိုး အားလုံးပြည့်စုံကုန်ကြပြီလား…'

'ပြည့်စုံကုန်ကြပါပြီ… မင်းသားကြီးလည်း ရေဒီယိုက နေ သတင်းတွေကို နားထောင်နေခဲ့တာပဲ မဟုတ်လား… ကျွန်တော်တို့တိုင်းပြည်မှာ အခြေအနေက အတော်တင်းမာနေပြီပဲ… စောနမာလာရဲ့ကိစ္စသာ ပေါ်ပေါက်လာပြီးတဲ့နောက် အခြေအနေကို ဘယ်လိုမှ ထိန်းထားနိုင်တော့မှာ မဟုတ်ဘူး… ဘုရင်ကြီးကိုယ်တိုင်ကလည်း ဘယ်လိုမှ ဝင်ဟန့်တားနိုင်တော့မှာ မဟုတ်ဘူး'

ဒေါက်တာဟိုးက အားရကျေနပ်သော အသံကြီးဖြင့် ပြောနေလိုက်သည်။

'ဟောဒီမှာ ကျုပ်တို့မြို့တော်က ကြေးနန်းတစ်စောင်၊ ကျုပ်ဆီကို ဒီကနေ့ပဲ ရောက်လာတယ်… ကျုပ် အယုံကြည်ရဆုံး ကိုယ်စားလှယ်တစ်ယောက်ဆီကပဲ…'

ဒေါက်တာဟိုး လှမ်းပေးသော ကြေးနန်းစာရွက်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီးက ယူဖတ်ကြည့်လိုက်သည်။ ထို့နောက် ထိုင်ရာမှထ ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်နေလိုက်၏။

သို့ရာတွင် စိတ်မငြိမ်သက်သော လမ်းလျှောက်ဟန်ကား မဟုတ်… ကျားကြီးတစ်ကောင် သားကောင်ချောင်းသည့်ဟန်မျိုး သာ ဖြစ်သည်။ ညက်ညောညီညာသော ခြေလှမ်းများဖြင့် တစ်လှမ်း ချင်း မှန်မှန်လျှောက်နေခြင်း ဖြစ်၏။ သူ့ပါးစပ်တွင်တော့ စီးကရက် ကို မီးခိုးတလူလူနှင့် ခဲထားနေသည်။

ဒေါက်တာဟိုးကတော့ ကုလားထိုင်ကြီးတွင် သူ၏ကြီးမား သော ပခုံးများကို ကျုံ့၍ ထိုင်စောင့်နေလိုက်သည်။ တလဲ့လဲ့တောက် ပြောင်နေသော မျက်လုံးကြီးများဖြင့်၊ ၎င်းက မင်းသားကြီးအား စောင့်ကြည့်နေ၏။

တင်မောင်ဆွေကတော့ ရေချိုးခန်းထဲတွင် မှန်ကြီးပေါ်၌ သွားတိုက်ဆေးဖြင့် သူ့နာမည်စာလုံးများကို လှပသေသပ်စွာ ဆက် ၍ ပေါင်းနေလိုက်သည်။ မင်းသားကြီးနှင့် ဒေါက်တာဟိုးတို့သည် အင်္ဂလိပ်စကားဖြင့် ဆက်ပြောနေကြခြင်းဖြစ်ရာ ၎င်းတို့ပြောသမျှ ကို တင်မောင်ဆွေက နားလည်သဘောပေါက်ခဲ့သည်။

ဧည့်ခန်းထဲတွင် ခေတ္တမျှ တိတ်ဆိတ်နေပြန်ပြီးမှ မင်းသား ကြီး၏အသံကို တင်မောင်ဆွေက ကြားလိုက်ရပြန်သည်။

'ဒီ… တင်မောင်ဆွေဆိုတဲ့ လူနဲ့ပတ်သက်လို့၊ ဘယ်လို စီမံကြမလဲ ဒေါက်တာဟိုး… သူ့သတ္တိနဲ့ဉာဏ်ကို ကျုပ်က ချီးကျူး မိတယ်… ဉာဏ်လည်း အင်မတန်ကောင်းတာပဲ။ အဲဒီအတွက်ကို ပဲ၊ သူဟာ ကျုပ်တို့အတွက် ကြောက်စရာအကောင်းဆုံး ရန်သူကြီး ဖြစ်နေရတော့တာပဲ…'





'ဒီကောင်ဟာ တော်တော့်ကို လူပါးဝတာပဲ မင်းသားကြီး၊ ရှမ်းပြည်မှာတုန်းက ဒီကောင်ဝင်စွက်ခဲ့လို့သာ ကျုပ်တို့ အကြံ အစည်တွေ ပျက်ခဲ့ရတယ်… တနင်္သာရီတိုင်းမှာ ကျုပ်လုပ်ထားတဲ့ အကြံအစည်တွေကိုလည်း ဒီကောင်ပဲ ဝင်ဖျက်ခဲ့တာပဲ… ကျုပ်အား အထားရဆုံးလူ မစ္စတာ ယူနပ်စ်ဟာကျဆုံးသွားရပြီး ယိုးဒယား ဝှိုက်ရဲ့ ရွှေတွေကိုပါ ကျုပ်ဆုံးရှုံးခဲ့ရတယ်။ ဒီကောင့်ကို ကျုပ် စိစိညက်ညက် ချေပစ်မယ်'

ဒေါက်တာဟိုး၏ အသံကြီးမှာ အင်မတန်မှ မချင့်မရဲရှိလှ ပေရာ တင်မောင်ဆွေက ရေချိုးခန်းထဲမှနေ၍ ကျေနပ်စွာ တစ်ကိုယ် တည်း ပြုံးလိုက်မိသည်။ ထိုစဉ် မင်းသားကြီး၏ တည်ငြိမ်သော အသံက ထွက်ပေါ်လာပြန်သည်။

'ဒီမှာ ဒေါက်တာဟိုး၊ ခင်ဗျားဟာ ဒေါသသိပ်ကြီးတာကိုး၊ ဘယ်ကိစ္စမှာမဆို… ခေါင်းအေးအေးထားပြီး လုပ်တာဟာ အကောင်းဆုံးပါပဲ… တင်မောင်ဆွေကို ကျုပ်ဟာ လူအားဖြင့် မမုန်းပါဘူး… ခုနက ပြောသလိုပဲ သူ့သတ္တိနဲ့ သူ့အရည်အချင်း တွေကို ကျုပ်က သဘောတောင်ကျမိသေးတယ်… ဒါပေမဲ့ ဒီသတ္တိ ဒီအရည်အချင်းတွေနဲ့ သူဟာ ကျုပ်တို့ရဲ့ အကြီးမားဆုံးသော ဆူး ငြောင့်ခလုတ်ကြီးတစ်ခု ဖြစ်လာရတော့တာပဲ… ဒီတော့ကာ ဒီဆူး ငြောင့်ခလုတ်ကြီးကို အမြန်ဆုံးဖယ်ရှားပစ်ဖို့က ကျုပ်တို့အတွက် အရေးကြီးလာရပြီလေ… အခု စောနမာလာဟာ ကျုပ်တို့လက်ထဲ အမှန်ရောက်နေပြီဆိုတာကို သူသိသွားရရင် စောနမာလာနောက်ကို သူအတတ်နိုင်ဆုံး ခြေရာခံလိုက်ဦးတော့မှာပဲ…'

ဒေါက်တာဟိုးက ရုတ်တရက် ကျေနပ်သောအသံကြီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလိုက်သည်။

'စောနမာလာနဲ့ သူ့ကိုမှားပြီး ကျုပ်တို့က သူ့အတွက် ထောင်ချောက်ဆင်ရမှာပဲ… မင်းသားကြီး… စောနမာလာနောက် ကို သူခြေရာခံလိုက်နိုင်ဖို့ ကျုပ်တို့က သူ့ကို အကူအညီပေးလိုက် ပါဦးမယ်…'

'ပြီးတော့မှ ခင်ဗျားက၊ သူ့ကို ခင်ဗျားနည်းနဲ့… ခင်ဗျား ဖယ်ရှားပစ်လိုက်မယ်ဆိုပါတော့…'

'မှန်ပါတယ် မင်းသားကြီး… ဒီတင်မောင်ဆွေဆိုတဲ့ ကောင်ဟာ နောက်မကြာခင်အတွင်းမှာ လောကကြီးက အပြီး အပိုင်ပျောက်သွားရတော့မှာပါ…'

မင်းသားကြီး၏ ရယ်မောလိုက်သံ ခပ်ညင်းညင်းက ထွက် ပေါ်လာပြန်သည်။

ရေချိုးခန်းထဲတွင်တော့ တင်မောင်ဆွေက မှန်ချပ်ပေါ်တွင် သွားတိုက်ဆေးဖြင့်ရေးထားသည့် သူ့နာမည်ကို ခပ်ပြုံးပြုံးကြည့်နေ လေ၏။

❖ ❖ ❖

- ၅ -

## သေလာချမ်းမြသို့ခရီးထွက်ခြင်း

(က)

မင်းသားကြီး ဝဏ္ဏချန်ဒရာထံသို့ လာရကျိုးနပ်သည်ဟု တွေးရင်းကပင် တင်မောင်ဆွေသည် ဘေးတံခါးပေါက်မှ ထွက်လာ ခဲ့သည်။

မင်းသားကြီးထံသို့ သူဗြောင်ကျကျ စွန့်စားလာရောက်ခြင်း မှာ ၎င်းတို့၏အကြံအစည် အစီအစဉ်တွေကို တတ်နိုင်သမျှ စုံစမ်း အစ်ထုတ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့်ဖြစ်ရာ ယခုဆိုလျှင် သူ့ရည် ရွယ်ချက်သည် တော်တော်ကြီးပြည့်ဝခဲ့ရပေပြီဟု ဆိုရမည်ဖြစ်ပေ၏။

သူ ယခုသိခဲ့ရသော အချက်အလက်များသည် သူမဆွ ကတည်းက တွေးတောယူဆချက်တွေနှင့် အတူတူလို ဖြစ်နေသည် က မှန်သော်လည်း၊ သူ့တွေးခေါ်ယူဆချက်တွေက မှန်နေသည်ဟု အတိအကျ သိရခြင်းကပင် တင်မောင်ဆွေ့အတွက် ကျေနပ်အားရ စရာ ကောင်းနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် သူနှင့်ပတ်သက်၍ သူ့ရန်သူတွေက ဘယ်လို စီစဉ်ကြံရွယ်ထားသည်ကို သိခဲ့ရခြင်းကပင် သူ့အတွက် အမြတ်တစ်ခု ဖြစ်နေရလေပြီ။

တင်မောင်ဆွေက သူတို့၏ လျှို့ဝှက်ဌာနချုပ်သို့ မပြန်မီ တိတ်ဆိတ်ချောင်ကျသော လမ်းကလေးတစ်လမ်းထဲတွင်ရှိသော အိမ်ကလေးတစ်ဆောင်ထဲသို့ ဝင်ရောက်ခဲ့သည်။ ထိုအိမ်ကလေးသည် တင်မောင်ဆွေ၏ လျှို့ဝှက်ရိပ်မြုံကလေးတစ်ခု ဖြစ်သည်။ သူ့အား တင်မောင်ဆွေဟူ၍ လူသိများလာခဲ့ရပြီး၊ သူ့အလုပ်တိုက်နှင့် တိုက်ခန်းသည် ဆူးလေဘုရားလမ်းတွင်ရှိသည်ကို လူတိုင်းလိုလိုက သိထားကြသည့်အခါတွင် တင်မောင်ဆွေက ထိုအိမ်ကလေးကို ဝယ်ယူကာ သူ၏ လျှို့ဝှက်ရိပ်မြုံကလေးအဖြစ် အသုံးပြုနေခြင်း ဖြစ်လေ၏။ ထိုအိမ်ကလေးအကြောင်းကို သူ၏အရင်းနှီးဆုံးသော လူနှစ်ယောက်ဖြစ်ကြသည့် ဂျင်မီစမတ်နှင့် မေစီတို့ကသာသိထားကြလေသည်။

ယခု တင်မောင်ဆွေက ထိုအိမ်ကလေးထဲသို့… သော့ဖွင့်ဝင်ရောက်ကာ တံခါးကို သော့ပြန်ပိတ်ထားခဲ့ပြီး စာကြည့်ခန်းထဲသို့ ဝင်ရောက်ခဲ့သည်။ စာကြည့်ခန်းထဲတွင် ကြီးမားသော ဗီရိုကြီးတွေက စီတန်းနေကာ ထိုဗီရိုကြီးတွေထဲတွင် အကြောင်းဘာသာရပ်စုံ စာအုပ်စာတမ်းတွေက တစ်ဆင့်ပြီးတစ်ဆင့် ရှိနေသည်။

တင်မောင်ဆွေက သူစုထားသော မြန်မာဂေဇက်တီးယားမြေပုံအထပ်ကြီးထဲမှ သူအလိုရှိသော နယ်၏မြေပုံစာရွက်ကို ဆွဲထုတ်ကာ ဖြန့်ကြည့်လိုက်၏။

မြေပုံသည် သံလွင်မြစ်အရှေ့ဘက် မြန်မာပြည်အရှေ့ပိုင်း





နယ်တစ်နယ်၏ မြေပုံဖြစ်လေသည်။ တင်မောင်ဆွေက မြေပုံထဲတွင် သေလာချမ်းမြဆိုသည့် နာမည်နှင့် ကန်သာရေအိုင်ကြီးကို ရှာဖွေကြည့်မိသည်။

တွေ့ရပေပြီ။ မြန်မာပြည်၏ အရှေ့ဘက်နယ်ခြားတွင်ရှိသော ၁၂မိုင်ကျော်ကျယ်ဝန်းသည့် ကုန်းမြင့်ရေအိုင်ကြီးတစ်အိုင်ဖြစ်နေသည်။ ထိုရေအိုင်ကြီး၏ မြန်မာပြည်ဘက် ကမ်းစပ်တွင် သေလာချမ်းမြဆိုသည့် မြို့ကလေးတစ်မြို့ ရှိနေသည်။ လူဦးရေ ၁၉၁၂ယောက်သာရှိသည်ဟု ပေဇက်တီယာက ဖော်ပြထား၏။ ရဲကင်းစခန်းတစ်ခုနှင့်အကောက်ဌာနစခန်းခွဲ လူဝင်လူထွက် ဌာနစခန်းခွဲ တစ်ခုရှိသည်ဟုလည်း သိရ၏။

တစ်ချိန်တုန်းက ထိုနယ်တွင်ကြီးစိုးခဲ့သော ပဒေသရာဇ်စော်ဘွားအဆက်အနွယ်များက တည်ထောင်ထားခဲ့သော မြို့ကလေးတစ်မြို့ဖြစ်ကာ တစ်ခါတုန်းကဆိုလျှင် ထိုမြို့ကလေးကို မြို့စားကြီးတစ်ဦးက အုပ်ချုပ်ခဲ့လေသည်။

တင်မောင်ဆွေက မြေပုံကို ဂရုတစိုက်ကြည့်ရှုပြီးနောက်၊ စီးကရက်တစ်လိပ်ကို စဉ်းစဉ်းစားစား အမူအရာဖြင့် သောက်ရှုနေလိုက်လေသည်။ ထို့နောက်မှ ထိုင်ရာမှထကာ အိမ်ကလေးကို ပြန်သော့ပိတ်လျက် သူ့လျှို့ဝှက်ဌာနချုပ်ဆီသို့ ပြန်လာခဲ့၏။

မော်တော်ကားရုံ အထက်ထပ်သို့ သူက ခြေလှမ်းတော့မည်ပြုစဉ် အသက် ၃၂နှစ်အရွယ်ရှိ ချာတိတ်ကလေးတစ်ယောက်က သူ့ဘေးနားသို့ အပြေးကလေး ရောက်လာ၏။

'အန်ကယ်ကြီးက ဒီအိမ်မှာနေတဲ့ လူကြီးမဟုတ်လား ခင်ဗျ…'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ဟုတ်တယ်ကလေး…'

တင်မောင်ဆွေက ကပြားအသံဖြင့် ပြန်ဖြေကာ ချာတိတ်ကလေးအား ငုံ့ကြည့်လိုက်သည်။ ဤတွင် ချာတိတ်ကလေး၏ လက်တစ်ဖက်တွင် စာရွက်ခေါက်ကလေးတစ်ခေါက် ဆုပ်ကိုင်ထားသည်ကို သူက တွေ့လိုက်ရ၏။

'ကျွန်တော့်ကို ဒီအိမ်မှာ အန်ကယ်ကြီးနဲ့အတူနေတဲ့ ကပြားကြီးက ဟောဒီစာကလေး ပေးသွားတယ်… အန်ကယ်ကြီး ပြန်ရောက်လာရင် ဆက်ဆက် ပေးလိုက်ပါတဲ့…'

တင်မောင်ဆွေက ခေါင်းညိတ်ကာ စာရွက်ခေါက်ကို ချာတိတ်ကလေး၏ လက်ထဲမှယူပြီး ဖြန့်ကြည့်လိုက်သည်။

*အမျိုးသမီးနောက်ကို လိုက်သွားပြီ။ ကားယူသွားသည်။ ရောက်သည့်နေရာက ပြန်ဆက်သွယ်မည်။*

*ဂျင်မီ*

'ကျေးဇူးတင်ပါတယ်ကွာ… ရော့ မင်းသုံးဖို့'

တင်မောင်ဆွေက ချာတိတ်ကလေးအား ငွေတစ်ကျပ်တန် နှစ်ရွက်ထုတ်ပေးလိုက်သည်။ ချာတိတ်ကလေး ပြန်ပြေးထွက်သွားမှ တင်မောင်ဆွေကလည်း ဂျင်မီ၏ စာကလေးကို အပိုင်းပိုင်း အစိတ်စိတ် ဆုတ်ဖြဲပစ်လိုက်ကာ အပေါ်ထပ်သို့ တက်ခဲ့သည်။

သူထွက်လာခဲ့စဉ်က သူက ဂျင်မီအား တာဝန်တစ်ခု ပေးပစ်ခဲ့သည်။ အခြားမဟုတ်၊ ဤအဆောက်အဦ တည်ရှိရာ လမ်းထိပ်နားတွင် သူတို့အသုံးပြုနေသော ကားကို ဆီအပြည့်ထည့်လျက် အသာ စောင့်ကြည့်နေရန်ဖြစ်၏။ အဆောက်အဦထဲတွင်တော့ စောနမာလာကို သူတို့က တမင်တကာပင် ထားပစ်ခဲ့သည်။





တင်မောင်ဆွေ၏ ရည်ရွယ်ချက်ကား သူတွက်ထားသည့်အတိုင်း ဒေါက်တာဟိုးကအား သူတယ်လီဖုန်းဆက်ထားသော နေရာကို ရအောင်စုံစမ်းကာလိုက်လာပြီး စောနမာလာအား ခေါ်ဆောင်သွားသည့်အခါတွင် ဂျင်မီက နောက်ကလိုက်သွားဖို့ပင် ဖြစ်သည်။

ယခု သူစီစဉ်ထားခဲ့သည့်အတိုင်းပင် ဂျင်မီက လိုက်သွားခဲ့ပြီဖြစ်ကြောင်းကို စာရေးအကြောင်း ကြားထားခဲ့ခြင်းပင် ဖြစ်သည်။

သို့ရာတွင် စောနမာလာအား ဒေါက်တာဟိုး လူတွေက ဘယ်နေရာသို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်းကို ယခု သူက သိရှိခဲ့ပြီးဖြစ်နေရာ ဂျင်မီအနေဖြင့် နောက်ယောက်ခံလိုက်တုန်း မျက်ခြည်ပြတ်သွားဦးတော့ တင်မောင်ဆွေက သိပ်မပူမိတော့ချေ။

ထို့ကြောင့် တင်မောင်ဆွေက ဂျင်မီ မျက်ခြည်ပြတ်ကျန်ရစ်ခဲ့ပြီး ပြန်လာပါက ဘယ်နေရာသို့ဆက်လိုက်ခဲ့ရန်ကို စာတစ်စောင်ရေးခဲ့ကာ ဂျင်မီ အလွယ်တကူ ရှာတွေ့မည့်နေရာတွင် ထားလိုက်သည်။ ထို့နောက်တွင် တယ်လီဖုန်းကောက်ကိုင်ကာ သူ့မိတ်ဆွေကြီး ဦးဘငြိမ်းထံသို့ ဆက်သွယ်ကြည့်လိုက်သည်။

ဦးဘငြိမ်းကား ခေါင်းပုံဖြတ်ဂိုဏ်းကိစ္စမှနေ၍ တင်မောင်ဆွေနှင့် ဆက်သွယ်သိကျွမ်းမိခဲ့သော နိုင်ငံလျှို့ဝှက် ထောက်လှမ်းရေးမှ တာဝန်ခံအရာရှိကြီးတစ်ယောက်ဖြစ်သည်ကို တင်မောင်ဆွေ ဝတ္ထုတွေ စွဲစွဲမြဲမြဲဖတ်သူတိုင်းက သိပြီး ဖြစ်နေပေလိမ့်မည်။

အဆင်သင့်ချင်တော့ ဦးဘငြိမ်း၏ အပါးတော်အမြဲ ဗိုလ်ကြီးခိုင်နှင့် သူက ချက်ချင်းဆက်သွယ်မိကာ နောက်တစ်ခဏအတွင်းဝယ် ဦးဘငြိမ်းကိုယ်တိုင်နှင့်တိုက်ရိုက် ဆက်သွယ် စကားပြောခွင့်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘငြိမ်းက သူ့အား ဝမ်းသာအားရပင် နှုတ်ဆက်လိုက်သည်။

'ဟ လို… ကိုတင်မောင်ဆွေ… ခင်ဗျားနဲ့ ကျုပ်တို့ အဆက်ပြတ်နေတာ တော်တော် ကြာသွားပြီနော်… ခင်ဗျား ရှမ်းပြည်နယ်ကို အနားယူဖို့ ထွက်သွားပြီးကတည်းက ဆိုပါတော့လေ… ဘယ့်နှယ်လဲ… တော်တော်ပြန်ပြီး 'ဖစ်'ဖြစ်နေပြီ မဟုတ်လားဗျ…'

'ဖြစ်ပါတယ်… ဦးဘငြိမ်းတို့ကကော အလုပ်များနေတုန်းပဲလားဗျ…'

'အခုတလောတော့ တော်တော်ကလေး ငြိမ်နေပြန်ပြီ ကိုတင်မောင်ဆွေ… ဟိုကောင်တွေကို ကျုပ်တို့ နှက်လိုက်တာ တော်တော်ထိသွားတော့ အခုတော့ ခေါင်းပြန်မထောင်လာသေးဘူးလေ… ဒါကြောင့်လည်း ကျုပ်တို့က ခင်ဗျားကို အခုတလော အပူမကပ်သေးတာပေါ့ဗျာ… ဟဲ… ဟဲ…'

'တာဝန်ပေးစရာရှိရင်တော့ အချိန်မရွေးပဲဆိုတာ ခင်ဗျား အသိပါပဲ ဦးဘငြိမ်း… ဒါနဲ့ ကျွန်တော် အခု ခင်ဗျားဆီကို ဖုန်းဆက်တာက ခင်ဗျားကို ကျွန်တော် အပူကပ်စရာတစ်ခု ရှိနေလို့ပဲဗျ…'

'ဟုတ်လား… ဘာများလဲဗျ… ဆိုစမ်းပါဦး…'

ဦးဘငြိမ်း၏အသံတွင် သတိထားမှုက ပါလာသည်ကို သတိပြုမိကာ တင်မောင်ဆွေက ပြုံးလိုက်မိသည်။

'ကျွန်တော် ရှမ်းပြည်နယ်မှာ သွားအနားယူနေတုန်းက စိတ်ဝင်စားစရာ ကိစ္စတစ်ခုကို တွေ့လာရတယ်ဗျ…'





'အင်း… ခင်ဗျား စိတ်ဝင်စားတယ်ဆိုရင်တော့ တော်တော်ထူးမှာပါပဲလေ… ဘာကိစ္စဆိုတာ ကျွန်တော်တို့ကောသိခွင့်မရှိဘူးလားဗျာ…'

'အဲ… သိခွင့်ရှိတယ်လို့ ကျွန်တော်ယူဆရင်တော့ ခင်ဗျားတို့ကို အရင်ဦးဆုံး သိခွင့်ပေးမှာပါဗျာ… အခုလောလောဆယ်တော့ ကျွန်တော်တို့တိုင်းပြည်နဲ့ မဆိုင်တဲ့ကိစ္စတစ်ခုပါ… ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံနဲ့သာ တိုက်ရိုက် သက်ဆိုင်နေပါတယ်… ဒီတော့ ကျွန်တော်တို့နိုင်ငံက ဘက်မလိုက် ကြားနေရေးဝါဒကို တိတိကျကျ ကျင့်သုံးနေတော့ ခင်ဗျားတို့အနေနဲ့ သိထားဖို့ မလိုသေးပါဘူး။ ကျွန်တော်ကသာ ပုဂ္ဂလိကတစ်ယောက်အနေနဲ့ စိတ်ဝင်စားနေမိတာပါဗျာ…'

ဦးဘငြိမ်းဘက်က ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ပြီးမှ ၎င်း၏အသံက နားခွက်ထဲမှ ပြန်၍ ထွက်ပေါ်လာသည်။

'ကဲ… ဆိုစမ်းပါဦးလေ… ခင်ဗျားက ကျုပ်တို့ဆီက ဘာအကူအညီမျိုးလိုချင်သလဲ…'

'ကျွန်တော် မနက်ဖြန်အရောက် မြန်မာပြည်အရှေ့ပိုင်းက (·····)နယ်ကို အရောက်သွားရမယ် ဦးဘငြိမ်း… အဲဒါ ဦးဘငြိမ်းက ကျွန်တော့်အတွက် ထရန်စပို့ စီစဉ်ပေးဖို့ပါပဲ…'

ဦးဘငြိမ်းအနေဖြင့် တင်မောင်ဆွေတောင်းသော အကူအညီကို ဘယ်လိုမှ ငြင်းပယ်ခြင်းမပြုနိုင်ပေ။ တင်မောင်ဆွေကိုယ်တိုင်က သူ့အကူအညီတောင်းတိုင်း ဘယ်သောအခါမှ မငြင်းပယ်ဘဲ ပေးခဲ့ကာ၊ ပေးခဲ့ရသောအကူအညီမျိုးမှာလည်း အသက်စွန့်ရသည့် ကိစ္စမျိုးသာ ဖြစ်ခဲ့ရသောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ထိုနေ့ညနေသုံးနာရီခန့်တွင် တင်မောင်ဆွေသည် မော်ဘီလေယာဉ်ကွင်းသို့ အငှားကားတစ်စင်းနှင့် ရောက်ရှိလာသည်။ လေယာဉ်ကွင်းထဲတွင်တော့ ဦးဘငြိမ်းက စီစဉ်ပေးထားသည့် တပ်မတော်ဒါကိုတာလေယာဉ်တစ်စင်းက တင်မောင်ဆွေ့အား အသင့်စောင့်ဆိုင်းလျက် ရှိနေသည်။

လေယာဉ်ပေါ်တွင် တင်မောင်ဆွေက မင်းသားကြီး ဝဏ္ဏချန္ဒရာ ဘယ်တော့များ ရေချိုးမှာပါလိမ့်မလဲဟု တွေးလိုက်မိလေသည်။ ဝဏ္ဏချန္ဒရာ ရေချိုးရန်ရေချိုးခန်းထဲသို့ ဝင်သည့်အခါတွင် မှန်ချပ်ပေါ်တွင် သူက သွားတိုက်ဆေးဖြင့် ရေးပစ်ခဲ့သည့် သူ့နာမည်ကို တွေ့ရတော့မည်ဖြစ်သည်။ တွေ့ရသည်နှင့်တစ်ပြိုင်နက် တင်မောင်ဆွေသည် သူတို့နှစ်ယောက် တိုင်ပင်ခဲ့ကြသည်ကို၊ ရေချိုးခန်းထဲက ချောင်းနားထောင်ခဲ့သည် ဆိုသည်ကိုလည်း၊ မင်းသားကြီးက ချက်ချင်း နားလည်သဘောပေါက်မည် ဖြစ်၏။

တင်မောင်ဆွေက တွေးနေရင်းကပင် ပြုံးလိုက်မိသည်။ ယခုအချိန်ဆိုလျှင်ပင်၊ မင်းသားကြီးနှင့်ဒေါက်တာဟိုးတို့သည် ခေါင်းချင်းရိုက် ဒေါင်းတောက်ဖြစ်ချင် ဖြစ်နေကြပေတော့မည်။

မည်သို့ပင်ဖြစ်စေ၊ ဒေါက်တာဟိုးသည် သူ့အစီအစဉ်ကိုတော့ ဘယ်လိုမှ ပြောင်းလဲ၍ ရတော့မည်မဟုတ်ပေ။ သူတို့က စောနုမာလာကို သေလာချမ်းမြမြို့ကလေးသို့ အရောက်ခေါ်ဆောင်သွားကြမည် ဖြစ်သည်။ ပြီးတော့ နောက်တစ်နေ့ညတွင် ညအမှောင်ထုကို အကာအကွယ်ပြုလျက် တစ်ဘက်နယ်ခြားမှနေ၍ သင်္ဘောကလေးတစ်စင်းက မြကန်သာရေအိုင်ကြီးကို ကျော်ဖြတ်ခုတ်မောင်းလာပြီး၊ သေလာချမ်းမြမြို့ကလေး၏ တစ်နေရာတွင် ဝင်ရောက်ဆိုက်





ကပ် ခိုဝင်ပေလိမ့်မည်။ ထိုသင်္ဘောပေါ်သို့ စောနုမာလာအား ဒေါက်တာဟိုးက ညတွင်းချင်း အရောက်တင်ပို့ပေးရလိမ့်မည် ဖြစ်၏။

သူ့တာဝန်ကား ထိုအစီအစဉ်ကြီး ပျက်သွားရအောင် အတတ်နိုင်ဆုံး ဝင်ရောက်စွက်ဖက် နှောင့်ယှက်ဖို့ပင်တည်း။ တစ်ဖက်ကလည်း ဒေါက်တာဟိုးသည် သူ ဝင်ရောက်မစွက်ဖက်နိုင်ရန် အစွမ်းကုန် ကာကွယ်မည်ဖြစ်ကာ သူ့အား တစ်ခါတည်း အပျောက်ရှင်းပစ်ဖို့ကိုလည်း အတတ်နိုင်ဆုံးကြိုးစားကြလိမ့်မည်သာ ဖြစ်၏။

တင်မောင်ဆွေက ခပ်အေးအေးပင် ထိုင်ခုံနောက်မှီတွင် ခေါင်းတင်ပြီး တစ်မှေးမှေးနေလိုက်၏။ ဒါကိုတာ လေယာဉ်ကြီးကား လေထုကို ဖောက်ထွင်းကာ အရှေ့ရိုးမတောင်တန်းကြီးကို ဖြတ်ကျော်ပျံသန်းလျက်ရှိနေလေ၏

(ခ)

နောက်တစ်နေ့ ညနေပိုင်းတွင် တင်မောင်ဆွေသည် သေလာချမ်းမြမြို့ကလေးနှင့် သုံးမိုင်အကွာတွင်ရှိသော ကားရပ်နားစခန်းရွာကလေးတစ်ရွာသို့ ရောက်ရှိလာလေသည်။ သူသည် ဒါကိုတာလေယာဉ်ပျံက သူ့အားချပေးခဲ့ရာ လေဆိပ်မြို့တွင်တစ်ညအိပ်နားရပြီးမှ ဂျစ်ကားတစ်စင်းကို ငှားရမ်းကာ ခရီးဆက်ခဲ့ရခြင်းဖြစ်သည်။

ထိုကား ရပ်နားရာစခန်းကလေး၌ပင် သူက သူ့လက်ထောက်ကြီး ဂျင်မီစမတ်ကို ရှာတွေ့ရလေသည်။ သူ ထင်မှတ်သည့်အတိုင်းပင် ဂျင်မီစမတ်အား စခန်းကလေး၏ တစ်ခုတည်းသော



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရေဆိုင်ထဲ၌ ခေါင်ရေစုပ်လျက်သား ရှာတွေ့ရခြင်း ဖြစ်လေသည်။

ဂျင်မီသည် ခေါင်ရေအိုးမှ ခေါင်းထောင်ကြည့်လိုက်ရာက သူ့အား ပြုံးပြုံးကြီး ငုံ့ကြည့်နေသော တင်မောင်ဆွေအား တွေ့လိုက်ရလျှင် ပါးစပ်ကြီးအဖြဲသား ဖြစ်သွားရှာသည်။

'မြတ်စွာဘုရား… ကျုပ် ဒါလောက်လည်း အရက်မူးသေးတာမဟုတ်ပါဘူး… ဘယ့်နှယ် ကျုပ်က ခင်ဗျားကို ဒီမှာလာတွေ့နေရတာလဲ… ခင်ဗျား ကိုယ်ထင်ပြတာတော့ မဟုတ်နိုင်ပါဘူးနော်…'

ဂျင်မီက တံတွေးကို ဂလုခနဲမျိုချလိုက်ရာက တအံ့တသြ ပြောလိုက်သည်။

'မင်းကို ငါဒီခေါင်ရေဆိုင်ထဲမှာ တွေ့ရမယ်လို့ ကိုန်းသေတွက်ပြီး ဝင်လိုက်လာတာပဲကွ…'

'နေစမ်းပါဦး… ကိုဆွေရာ… ခင်ဗျားက ဒီကို ဘယ်လိုဘယ်ပုံရောက်လာတာလဲ…'

'လေယာဉ်ပျံတစ်ဆင့်၊ ကားတစ်ဆင့်ပေါ့ကွာ…'

'မဟုတ်ဘူးလေ… ကျွန်တော် ဒီမှာ ရောက်နေတယ်ဆိုတာကို ခင်ဗျားက ဘယ်လိုလုပ်သိခဲ့ရတာလဲ… ကျွန်တော် ဒီမှာရောက်နေတယ်ဆိုတာကို ကျွန်တော်က ခင်ဗျားကို အသိပေးနိုင်ခဲ့တာလည်း မဟုတ်ဘူး… အဲဒီအတွက် ကျွန်တော်က အတော့်ကို ဦးနှောက်ခြောက်နေတာ၊ ကျွန်တော် စဉ်းစားမိတာကတော့ အကောက်ဌာနနဲ့ လူဝင်လူထွက်ဌာနစခန်းမှာရှိတဲ့ ကြေးနန်းရုံးကနေ ခင်ဗျားဆီ ကြေးနန်းရိုက်ဖို့ပဲ… ဒါပေမဲ့ သူတို့ကို ဘယ်လို





အကြောင်းပြရပါ့မလဲလို့ ဒီမှာ လာအကြံထုတ်နေတုန်း… ခင်ဗျားကပေါက်ချလာတာ ကျုပ်ဖြင့် အံ့သြရော ကိုဆွေရာ… ကနေ့ ခင်ဗျားမှာ ဒိဗ္ဗစက္ခုရှိနေပြီ ထင်တယ်…'

တင်မောင်ဆွေက ပြုံးကာ ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက်မှ တောင်သူကြီးထံမှ ခေါင်ရေတစ်အိုး နောက်ထပ်မှာယူလိုက်၏။

'ငါ့ကို ဒေါက်တာဟိုးကိုယ်တိုင်က လမ်းပြလိုက်လို့ ငါဒီကို လိုက်လာနိုင်တာပေါ့ကွာ… မင်း ချာတိတ်ကလေးနဲ့ ထားခဲ့တဲ့ စာကိုလည်း ငါရပါတယ်ကွ…'

ဂျင်မီစမတ်က တင်မောင်ဆွေ့အား တအံ့တသြ ကြည့်လိုက်ပြန်သည်။

'ခင်ဗျားကို ဒေါက်တာဟိုးကိုယ်တိုင်က လမ်းညွှန်လိုက်တာ ဟုတ်လား…'

'အေးလေ… သူ စကားပြောတာကို၊ ငါက ချောင်းနားထောင်ခဲ့တာကိုးကွ…'

'မင်းသားကြီးရဲ့ဟော်တယ်မှာလား…'

တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်ပြီး၊ ခေါင်ရေစုပ်ရင်းက၊ မင်းသားကြီးတည်းခိုသော ဟော်တယ်တွင် ကြုံတွေ့ဖြစ်ပျက်ခဲ့ရသမျှကို ပြန်၍ ဖောက်သည်ချလိုက်သည်။

'ဒီလိုဆို သူတို့နှစ်ယောက် တိုင်ပင်နေကြတာတွေကို … ကိုဆွေက ရေချိုးခန်းထဲကနေ အကုန်ကြားခဲ့ရတာပေါ့…'

'ဟုတ်တယ်လေ… သူတို့ရဲ့အစီအစဉ်တွေဟာ ငါတွက်ထားတဲ့အတိုင်း ဖြစ်နေတော့တာပေါ့ ဂျင်မီရာ… ဒေါက်တာဟိုးက



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ဉာဏ်များတာကွ… မင်းသားကြီးကလည်း ခေါင်းအေးအေးနဲ့ အင်မတန် အကြံဉာဏ်ကောင်းတာ။ ဒီတော့ သူတို့နှစ်ယောက် ရဲ့အစီအစဉ်တွေကို တားဆီးနိုင်ဖို့ တို့က ခါတိုင်းထက်ပိုပြီး ကြိုးစားအားထုတ်ရလိမ့်မယ်လေ… ပြီးတော့ ငါတို့ဘက်မှာ မင်းနဲ့ငါနှစ်ယောက်ထဲပဲရှိနေတာ ဂျင်မီ…'

ဂျင်မီစမတ်သည် မျက်နှာကြီး ပြန်လည်တည်ကြည်သွားပြီး၊ ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်လေ၏။

'ကောင်းပြီ… ဂျင်မီ… မင်း အတွေ့အကြုံတွေကော ပြောပြစမ်းပါဦး…'

'ကိုဆွေ ထွက်သွားပြီးမကြာခင်မှာပဲ လူသုံးယောက် ပေါက်လာကြတယ်… ကျွန်တော်ကတော့ ကိုဆွေပြောတဲ့အတိုင်း စောနမာလာကို တိုက်ခန်းထဲမှာ တစ်ယောက်တည်းထားခဲ့ပြီး အပြင်ကနေ မယောင်မလည် စောင့်ကြည့်နေခဲ့တာပေါ့… ရောက်လာတဲ့ လူသုံးယောက်အနက်က၊ တစ်ယောက်က လုံခြုံရေးမှူးအရာရှိ ယူနီဖောင်းကို ဝတ်ထားတယ်ဗျ… တံခါးခေါက်တာကို ပြန်မထူးတော့ သူတို့က တုတ်တစ်ခုနဲ့ ကလန့်ကို အတင်းဖွင့်ပြီး အထဲကိုဝင်သွားကြတယ်။ သူတို့ဝင်သွားပြီး မကြာဘူး။ သူနာတင်ကားတစ်စင်းက ထပ်ရောက်လာပြန်တယ်… နောက်တော့ စောနမာလာကို သူနာတင်ထမ်းစင်နဲ့ ခေါ်ချလာပြီး၊ သူနာတင်ကားပေါ်တင်မောင်း ထွက်သွားကြတော့တာပဲ… စုစုပေါင်း ငါးမိနစ်တောင် မကြာလိုက်ဘူးဗျ… ကျွန်တော့်အထင်တော့၊ သူတို့က စောနမာလာကို မေ့ဆေးပေးသွားကြတာပဲဗျ… ခွေးမသားတွေ…'

'အင်း… စောနမာလာကတော့ တကယ့်ကို သတ္တိကောင်း





ပြီး၊ ချီးမွမ်းထိုက်တဲ့ မိန်းမတစ်ယောက်ပါပဲ…'

တင်မောင်ဆွေက တောက်ပသော မျက်လုံးများဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ဂျင်မီကလည်း တင်မောင်ဆွေ့စကားကို အားရပါးရ ထောက်ခံလိုက်၏။

'ဟာ ဒီအမျိုးသမီးကတော့ ရှာမှရှားပါတယ်ဗျာ'

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိကာ ခေတ္တမျှ တွေဝေတိတ်ဆိတ်နေသည်။ သူ့မျက်စိထဲတွင် စောနမာလာ၏ မျက်နှာကလေးကို ပြန်လည်မြင်ယောင်နေမိသည်။ သူ့ကို လုံးဝယုံကြည်အားထားကာ၊ စောနမာလာက ဒေါက်တာဟိုး၏ လက်ထဲသို့ ပြန်သွားဖို့ သဘောတူညီခဲ့ခြင်းဖြစ်၏။ အကယ်၍ သူကသာ သူမအား ၎င်းတို့၏ လက်ထဲမှ ပြန်လည်၍ မကယ်တင်နိုင်ပါက…

တင်မောင်ဆွေက အတွေးကို ခေါင်းထဲက ပြန်ဖျောက်ဖစ်လိုက်ကာ ဂျင်မီ့အား မေးခွန်းတစ်ခု ထုတ်လိုက်သည်။

'သူတို့က စောနမာလာကို ဟိုကနေ ဒီကို တိုက်ရိုက်ခေါ်လာခဲ့ကြတာပဲလား…'

'ကျောက်ကုန်းက ခြံတစ်ခြံထဲကို ဝင်သွားသေးတယ်။ အဲဒီမှာ နာရီဝက်လောက်ကြာတယ်… ပြီးမှ ကားလဲပြီး ထွက်လာကြတာ။ ကျွန်တော်လည်း ကိုဆွေ့ကို ကွန်တက်လုပ်ဖို့ ဘယ်လိုမှ အခွင့်အရေးမရဘဲ၊ သူတို့နောက်က ထပ်ချပ်လိုက်လာခဲ့ရတာပဲပေါ့'

'ဒီလိုဆို မင်း သေလာချမ်းမြကို ရောက်ခဲ့ပြီပေါ့… ဟိုကအခြေအနေက ဘယ်လိုလဲကွ ဆိုစမ်းပါဦး…'

'သူတို့က စောနမာလာကို မြကန်သာရေအိုင်ကြီးရဲ့ ဘေး



www.burmeseclassic.com

www.burmeseclassic.com



စပ် ကမ်းပါးကြီးတစ်ခုပေါ်မှာရှိတဲ့ အိမ်ကြီးတစ်ဆောင်ကို ခေါ်သွားတယ် ကိုဆွေရဲ့... ဒီအိမ်ကြီးဟာ အရင်မြို့စားကြီးရဲ့ အိမ်ပဲတဲ့ဗျ... အဲဒီ ကမ်းပါးကြီးပေါ်မှာ အဲဒီအိမ်တစ်ဆောင်တည်းပဲရှိတယ်... ကားလမ်းကလည်း အဲဒီကို တိုက်ရိုက်ပေါက်တယ်လေ... ဝင်းထရံ ခတ်ထားပြီး၊ သံတံခါးကြီး ပိတ်ထားတယ်... သူတို့ အဲဒီကို ဝင်သွားပြီး ကျွန်တော် အတော်ကြာအောင် စောင့်ကြည့်ခဲ့ပါသေးတယ်... ပြန်ထွက်မလာတော့မှ ကိုဆွေ့ဆီ သံကြိုးရိုက်အကြောင်းကြားရဖို့ နည်းလမ်းကို စဉ်းစားရင်း ဒီမှာလာ ခေါင်းရှုပ်နေတာပဲဗျာ...'

တင်မောင်ဆွေက ခေါင်းညိတ်လိုက်ကာ တိတ်ဆိတ်သွားပြန်သည်။ တကယ်တော့ သူသည် ရှေ့ခြေလှမ်းကို စဉ်းစားလျက်ရှိကြောင်း ဂျင်မီက နားလည်လိုက်မိကာ အကြံဉာဏ်တစ်ခု ဝင်ပေးလိုက်သည်။

'ကျွန်တော်တို့အတွက် အခု ရဲတပ်ကို အကြောင်းကြားလိုက်ဖို့ပဲ ရှိတော့တယ် မဟုတ်လား ကိုဆွေရဲ့။ ရဲတပ်က အဲဒီအိမ်ကြီးကို ဝင်စီးလိုက်ရင်၊ စောနမာလာကို သူတို့နဲ့အတူ တစ်ခါတည်း လက်ပူးလက်ကြပ်မိမှာပေါ့...'

'အိမ်ထဲမှာ ဒေါက်တာဟိုးကော ရှိသလားဂျင်မီ...'

ဂျင်မီက ခေါင်းခါပြလိုက်သည်။

'ကားထဲမှာ ဒေါက်တာဟိုး ပါမလာဘူး... ကိုဆွေ... အရင်ရောက်နှင့်နေရင်တော့ မပြောတတ်ဘူး...'

'အိမ်ထဲမှာ ဒေါက်တာဟိုး ရှိမနေရင် ရဲတပ်ဖွဲ့ကို တိုင်လိုက်လို့ ဘာအကျိုးထူးမှာလဲ ဂျင်မီ... တကယ်လို့ ရှိနေလို့လည်း





သိပ်အကြောင်းထူးမှာ မဟုတ်ဘူး... တို့အစိုးရအနေနဲ့ သူ့ကို မလိုလားအပ်တဲ့ နိုင်ငံခြားသားဆိုပြီး နယ်နှင်ဒဏ်ပေးလိုက်ရုံပဲ ရှိမှာပေါ့။ တို့ရဲ့ ရည်ရွယ်ချက်က ဒီလိုမှ မဟုတ်တာကွာ။ ဒေါက်တာဟိုးဟာ သူ့ရဲ့ယုတ်မာပက်စက်တဲ့ အကြံအစည်တွေကို ဆက်မကြံစည်နိုင်တော့အောင် သူ့ကို တစ်ခါတည်း အစွယ်ရိုက်ချိုးပစ်ရမှာကွ... သူဟာ မြန်မာပြည်ထဲက အသက်ရှင်လျက် ပြန်ထွက်သွားနိုင်ရင် သူ့အကြံအစည်တွေကို သူရောက်တဲ့နေရာကနေ ဆက်ကြံစည်နေဦးမှာပဲ မဟုတ်လားကွာ...'

ဂျင်မီက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီလိုဆို ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ ကိုဆွေ'

တင်မောင်ဆွေ၏မျက်နှာသည် ဘာမထီအပြုံးကလေးဖြင့် ဝင်းပလာသည်ဟု ထင်ရ၏။

'တို့ သေလာချမ်းမြေ့မြို့ထဲကို လိုက်သွားပြီး၊ အဲဒီအိမ်ကြီးထဲကိုဝင်ဖို့ အခြေအနေကို အကဲခတ်ကြည့်ကြတာပေါ့ကွာ...'

'အင်း... ကျွန်တော်လည်း ထင်မိသားပဲလေ...'

'ထင်မိသားပဲ လုပ်မနေနဲ့ ဂျင်မီ... တို့မှာ အချိန်သိပ်ရှိတာမဟုတ်ဘူးကွ... မိုးမချုပ်ခင်မှာ ဒေါက်တာဟိုးနဲ့ သူတို့အဖွဲ့တွေက သေလာချမ်းမြေ့ကို အလုံးအရင်းနဲ့ ထပ်ရောက်လာကြဦးမှာ... ငါ ဒီကိုလိုက်လာတယ်ဆိုတာ သူတို့သိနေကြတယ်လေ... ဒီတော့ တို့အချိန်ရှိတုန်း ကင်းထောက်ကလေး ဘာကလေး ထွက်လိုက်ကြဦးစို့လား ဂျင်မီရာ...'

နယ်ချဲ့အရင်းရှင်ကြီးတစ်စု၏ အရင်းရှင်ဝါဒီတိုက်ဖျက်ရေးတာဝန်ကြီးကို ဘယ်သူကမှမပေးဘဲ ကိုယ့်အသိကိုယ့်ယုံကြည်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခံယူထားကြသည့် နယ်ချဲ့တိုက်ဖျက်ရေးသမားနှစ်ဦးသည် ပခုံးချင်းယှဉ်လျက် တိုက်ပွဲဝင်ရန် ထွက်ခွာလာခဲ့ကြပြန်လေ၏။

(ဂ)

ထုံးစံအတိုင်းပင် တင်မောင်ဆွေ၌ တိုက်ပွဲဝင်မည်ဟူသော သန္နိဋ္ဌာန်တစ်ခုတပါး ထိုတိုက်ပွဲကို ဘယ်လိုဆင်နွှဲမည်ဟူသည့် အသေးစိတ်ကြိုတင် စီစဉ်ပြင်ဆင်ချက်တွေက ရှိနေသည်မဟုတ်ပါချေ။

စောနမာလာသည် ယခု မြကန်သာရေအိုင်ကြီး၏ ကမ်းပါးစပ်တွင် တည်ထားသော မြို့စားကြီး၏အိမ်ထဲတွင် ရောက်ရှိနေ၏။ ညဘက်တွင် တစ်ဘက်နယ်ခြားမှ သင်္ဘောကလေးတစ်စင်းက ကန်ကြီးကိုဖြတ်လျက် ခုတ်မောင်းလာပြီး၊ ထိုကမ်းပါးတွင် ဆိုက်ကပ်လိမ့်မည် ဖြစ်၏။ ထိုအချိန်တွင် ဒေါက်တာဟိုးကိုယ်တိုင်လည်း ထိုအိမ်ကြီးသို့ ရောက်ရှိလာပေလိမ့်မည်။

ဒေါက်တာဟိုးသည် သူ၏ စစ်မီးမွေးရေး အကြံအစည်ကြီး အထမြောက်စေရန်အတွက် စောနမာလာကို ထိုသင်္ဘောပေါ်တွင် တင်ဆောင်ကာ နယ်ခြားသို့ခေါ်ဆောင် သွားပေလိမ့်မည်။ သင်္ဘောပေါ်တွင်ပင် စောနမာလာအား ပွတ်ရှုကပ်ဆိုသူ ၄င်း၏ရုပ်သေးတစ်ယောက်နှင့် အတင်းအကြပ် လက်ထပ်ထိမ်းမြားပေးဦးမည် ဖြစ်၏။

ဤကား တင်မောင်ဆွေ သိထားသလောက် ဖြစ်၏။ ထိုသို့ သိထားသည်နှင့် အမျှလည်း ထိုယုတ်မာပက်စက်သော အကြံ





အစည်ကြီးကို သူက တတ်နိုင်သမျှသောနည်းဖြင့် တိုက်ဖျက်ပစ်မည်ဟူသည်မှာ တင်မောင်ဆွေ၏ ဦးတည်ချက်ကြီး ဖြစ်တော့သည်။ အကြောင်းမူ ထိုအကြံအစည်ကြီးသာ ဖြစ်မြောက်သွားပါက၊ စောနမာလာ၏ နိုင်ငံအတွင်းဝယ်၊ ပြည်တွင်းစစ်မီးတ ထတောက်ဦးတော့မည်ဖြစ်ကာ သန်းပေါင်းများစွာသော အာရှတိုက်သားများသည်၊ နယ်ချဲ့ အရင်းရှင်မွေးပေးသော စစ်ကြီး၏ဒဏ်ကို အလူးအလဲ ခံစားရဦးမည် ဖြစ်သောကြောင့်တည်း။

တင်မောင်ဆွေသည် ဂျင်မီမောင်းလာသည့် စက်အားကောင်းလှသည့် သူတို့၏ ဝက်စလေဆဲလွန်းကားကြီးကို ... သေလာချမ်းမြဘက်သို့ ဦးတည်လျက် တိတ်ဆိတ်စွာ မောင်းနှင်လာခဲ့သည်။ ဂျင်မီကလည်း သူ့ဘေးတွင် တိတ်ဆိတ်စွာ လိုက်ပါလာသည်။

အချိန်ကား နေဝင်လုဆဲဖြစ်ရာ ညအ၏အမှောင်ရိပ်တွေက လွှမ်းမိုးလာစ ပြုနေပေပြီ။ နှစ်ယောက်စလုံးကပင် စကားမပြောကြ။ သိပ်မကျယ်လှသော ကျောက်လမ်းအတိုင်း ကားကြီးက ခပ်မြန်မြန် ပြေးနေရာကပင် နှစ်ယောက်စလုံး၏ အတွေးများက စောနမာလာဆီသို့ ရောက်နေကြသည်။

ယခုအချိန်တွင် သူမသည် ဘယ်လိုများစိတ်ထဲတွင် ခံစားနေရမည်နည်းဟု၊ တင်မောင်ဆွေက တွေးလိုက်မိသည်။ တကယ်တော့ သူမသည် သူ့အား ယုံကြည်အားထားပြီး၊ ရန်သူတွေလက်ထဲသို့ နောက်တစ်ခါ ပြန်အရောက်ခံဖို့ကို သဘောတူညီခဲ့ရှာသည်။ ယခု သူမက ရန်သူတွေလက်တွင်းသို့ လက်တွေ့ရောက်နေရသည့် အခါတွင်တော့ သူမသည် ကြောက်ရွံ့ စိုးရိမ်လျက်ရှိနေမည်လော။



www.burmeseclassic.com

www.burmeseclassic.com



သူမက သဘောတူညီခဲ့မိခြင်းကို နောင်တရနေရှာမည်လော။

'ရှေ့မှာ လမ်းဆုံရောက်နေပြီ ဂျင်မီ… ဘယ်လမ်းကို လိုက်ရမှာလဲ…'

တင်မောင်ဆွေက ရှေ့တွင် လမ်းနှစ်ခွကို ရုတ်တရက် တွေ့လိုက်ရသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

'ညာဘက်လမ်းကို လိုက်ရမယ် ကိုဆွေ… ဒီလမ်းက တောင်ကမ်းပါးကြီးတစ်ခုကို ပတ်သွားရတယ်… သတိထားမောင်းနော်… အဲဒီ တောင်ကမ်းပါးကြီးကို ပတ်မိပြီး ရှေ့ကိုက်လေးရာလောက်ကို မောင်းမိရင် အိမ်ကြီးရဲ့ ဝင်းခြံကို စတွေ့ရလိမ့်မယ်'

တင်မောင်ဆွေက ခေါင်းညိတ်လိုက်ကာ ကားကို ညာဘက်လမ်းထဲသို့ ကျင်လည်စွာ ချိုးဝင်လိုက်သည်။ ဂျင်မီပြောသော တောင်ကမ်းပါးရုံကြီးကို ကွေ့မောင်းမိသည့်အခါတွင်တော့ တင်မောင်ဆွေက ကားအရှိန်ကို လျှော့ချလိုက်သည်။ သူတို့၏ကားစက်သံကို အိမ်ကြီးဆီမှ ကြားမသွားစေချင်၍ ဖြစ်သည်။

'ငါတို့ ရောက်လာတာကို သူတို့ကို ကြိုတင် အသိပေးမထားချင်ဘူးလေ…'

သူတို့ရှေ့တွင် မြေပြင်သည် အတော်ပြန့်လာသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် တောင်ကမ်းပါးရံတွေအစား သစ်ပင်ကြီးတွေ ချုံတောတွေကို တွေ့လာရ၏။

'အိမ်ကြီးက သူ့ဘာသာသူ သပ်သပ်ရပ်ရပ် ရှိနေတာဗျ… သေလာချမ်းမြေမြို့က ကျွန်တော်တို့ ခုနက လွန်လာခဲ့တဲ့ လမ်းခွက ဘယ်ဘက်လမ်းကို လိုက်သွားရတယ်…'

'ခြံက တော်တော်ကျယ်သလားကွ…'





'ကျွန်တော့်စိတ်ထင်ဖြင့် လေးငါးဧကလောက်တော့ ရှိမှာပဲဗျ…'

လမ်းကွေ့တစ်ခုကို တွေ့လိုက်မိလျှင် သူတို့ဘက်မှ တောင်ကုန်းကလေးထိပ်တွင် အုတ်တံတိုင်းကြီးတစ်ခုကို တွေ့လိုက်ရသည်။ အုတ်တံတိုင်းကြီးသည် လူတစ်ရပ်မျှ မြင့်မားလှပြီး အတော်ရှည်သည်ဟု တင်မောင်ဆွေက သတိထားလိုက်မိသည်။ အုတ်တံတိုင်းကြီးအတွင်းဝယ် အုံ့ဆိုင်းသော သစ်ပင်ကြီးများ ရှိနေသည်။ သစ်ပင်ကြီးများကြားတွင် ပြာသဒ်လို အချွန်အတက်တွေနှင့် ခေါင်မိုးကြီးတစ်ခုက ပြူထွက်နေသည်။

'ရှေ့ကိုက်နှစ်ရာလောက် ဆက်သွားပြီး၊ လမ်းကွေ့တစ်ခုကိုကွေ့လိုက်ရင် သံတံခါးကြီးကို တွေ့ရလိမ့်မယ်'

ဂျင်မီက ပြောလိုက်ခြင်းဖြစ်သည်။

'လမ်းက ဘယ်မှာဆုံးသလဲကွ… ဂျင်မီ…'

'မြကန်သာ ရေအိုင်က ဆိပ်ကမ်းမှာဆုံးတယ် ကိုဆွေ'

တင်မောင်ဆွေက ခေါင်းညိတ်လိုက်ကာ ဂျင်မီပြောထားသည့် လမ်းကွေ့ထဲသို့ ချိုးဝင်လိုက်သည်။ လမ်းကွေ့ကိုကျော်မိလျှင်တော့ ကြီးမားသော သံတံခါးကြီးတစ်ခုကို… သူတို့က ကျော်လွန်သွားရသည်။ သံတံခါးဆိုသော်လည်း သံပြားမဟုတ်ဘဲ၊ သံတိုင်တွေ စိုက်ထူထားသည့် တံခါးကြီးဖြစ်ကာ အတွင်းမှ သော့ခလောက်ကြီးတစ်ခုက ခတ်ထားသည်ကို တင်မောင်ဆွေက ကားမောင်းနေရာမှ လှည့်ကြည့်တွေ့မြင်လိုက်ရသည်။ သို့သော် တင်မောင်ဆွေက ကားကို အရှိန်မသတ်ဘဲ မှန်မှန်ကြီးသာ ဆက်မောင်းခဲ့လေသည်။

ဂျင်မီစမတ်ကလည်း တံတိုင်းကြီးဆီသို့ လှမ်းကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



က အံကြိတ်လိုက်သည်ကို တင်မောင်ဆွေက သတိပြုလိုက်မိသည်။

'ဘယ်လိုလဲကွ ဂျင်မီ… မင်းက စောနမာလာအတွက် တော်တော့်ကို စိတ်ပူနေပြီထင်တယ် ဟုတ်စ…'

'ပူရတာပေါ့ ကိုဆွေ… သူ့ခမျာ တစ်ယောက်တည်း… ဒီကောင်တွေလက်ထဲ ရောက်နေရတာ မဟုတ်လား… ပြီးတော့လည်း ကိုဆွေ ခုနကပြောတဲ့အတိုင်းဆိုရင် သူ့ခမျာ ဒီညမှာ သူစိမ်းတစ်ယောက်ကို သူသဘောမတူဘဲနဲ့ အတင်းအကြပ် လက်ထပ်ရတော့မယ်…'

တင်မောင်ဆွေကတော့ မည်သို့မျှ ပြန်မဖြေ။ ကားကိုသာ လမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် ဆက်မောင်းလာခဲ့သည်။ ဂျင်မီက သူ့အား လှည့်ကြည့်ကာ စကားဆက်လိုက်ပြန်သည်။

'ကိုဆွေ့ကို ကျွန်တော်တစ်ခု မေးချင်တယ်…'

'မေးလေကွာ…'

'စောနမာလာကို ဒေါက်တာဟိုးတို့လက်ထဲ ကိုဆွေက ဘာဖြစ်လို့ ပြန်သွားစေတယ်ဆိုတာ ကျွန်တော် အခုထက်ထိ ကောင်းကောင်း နားမလည်သေးဘူးဗျ…'

တင်မောင်ဆွေက ဂျင်မီဘက်သို့ တည်ကြည်သော မျက်နှာဖြင့် လှည့်ကြည့်လိုက်သည်။

'ဒီမှာ ဂျင်မီ… အကြောင်းမရှိဘဲနဲ့ ငါက စောနမာလာလာလို မိန်းကလေးတစ်ယောက်ကို အလကားသက်သက် ဘေးအန္တရာယ်ကို ရင်ဆိုင်ခိုင်းပါ့မလားကွာ… ငါမနေ့က မင်းသားကြီးတည်းတဲ့ ဟော်တယ်ကို လိုက်သွားတုန်းက သူတို့ဆီက ငါဘာတွေသိရမယ်ဆိုတာကို သိခဲ့ရတာ မဟုတ်ဘူး။ အေး… အခု ငါ





သိခဲ့ရတာကတောင် အပြည့်အစုံ မဟုတ်သေးဘူးလေကွာ။ ဒီတော့ ငါက စောနမာလာကို တမင်တကာ သူတို့လက်ထဲကို ပြန်ထည့်လိုက်ရတာပဲ။ စောနမာလာဟာ ဒေါက်တာဟိုးရဲ့ လက်တွင်းမှာ ရှိနေမယ်ဆိုရင်၊ သူတို့ဘာတွေ ကြံစည်နေကြတယ်ဆိုဘာကို သူ့အနေနဲ့ သိရနိုင်မယ်လေကွာ… စောနမာလာဟာ သူသိရတာတွေကို တခြား ဘယ်သူ့ကိုမှ ပြန်ပြောနိုင်မှာ မဟုတ်ဘူးလို့လည်း သူတို့က ယုံကြည်နေကြတော့၊ စောနမာလာရှေ့မှာတင် သူတို့က သူတို့ရဲ့ အကြံအစည်တွေကို ထုတ်ကြွားနေကြမှာကို ငါမြင်ယောင်မိသေးတော့တယ် ဂျင်မီ…'

'သူတို့က ဒီညသင်္ဘောနဲ့ ခေါ်လာမယ်ဆိုတဲ့ အကောင်… ဘယ်သူ…'

'ပွတ်ရှကပ်လေ… အေး၊ သူက ပိုတောင်ကြွားလိမ့်ဦးမယ်လို့ ငါထင်တာပဲ…'

'နေပါဦး… ဒီကောင်ကကော၊ စောနမာလာကို လက်ထပ်ရတဲ့အတွက် ဘာအကျိုးကျေးဇူးများ ရှိမှာတဲ့လဲ ကိုဆွေရာ…'

တင်မောင်ဆွေက ကားမောင်းနေရာမှ သူ့ပခုံးများကို တွန့်လိုက်သည်။

'ဒီကောင်က ရုပ်သေးသက်သက်တစ်ယောက်ပဲလို့ ငါထင်တာပဲ ဂျင်မီ။ သူ့အတွက် စောနမာလာလို မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူလိုက်ရတာကိုကပဲ အကျိုးအမြတ်တစ်ခု ဖြစ်နေတာပေါ့ကွာ။ တကယ်တော့ ဒေါက်တာဟိုးကသာ အကျိုးအမြတ်အရှိဆုံးလူဖြစ်မှာပဲ… သူဟာ အာရှတိုက်မှာ အကြီးဆုံးအရင်းရှင်ကြီးတစ်ယောက်ပေါ့ကွာ…'



www.burmeseclassic.com

www.burmeseclassic.com



ဂျင်မီက ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။ တင်မောင်ဆွေက စကားဆက်လိုက်ပြန်၏။

'အခု အာရှတိုက်မှာ တိုးတက်တဲ့အယူအဆတွေ စနစ်သစ်တွေက ပေါ်ထွန်းလာနေတော့ ဒေါက်တာဟိုးနဲ့သူ့နောက်ကွယ်မှာ ရှိနေတဲ့ တခြားအရင်းရှင်ကြီးတွေအဖို့ စားကွက်က ကျဉ်းလာတယ်... အရင်ကလို ခေါင်းပုံဖြတ် ဂုတ်သွေးစုပ်တဲ့ အလုပ်တွေ ဆက်မလုပ်နိုင်တော့ဘူး။ ဒီတော့ သူတို့အတွက် တစ်နည်းပဲကျန်နေရတော့တာပေါ့... အာရှတိုက်မှာ ထွန်းသစ်ခိုင်ခဲ့လာနေတဲ့ ဆိုရှယ်လစ်စနစ်ကို စစ်မီးမွှေးပြီး တိုက်ဖျက်ပစ်ဖို့ပဲပေါ့... ဒီလို စစ်မီးမွှေးရဖို့ကို သူတို့က နည်းအမျိုးမျိုးသုံးဖို့ ဝန်မလေးဘူးကွ။ အခု စောနမာလာကို သူတို့ရဲ့အကြံအစည် အောင်မြင်ရေးအတွက် ယုတ်ယုတ်မာမာ အသုံးပြုတဲ့နည်းမျိုး အဆုံးပေါ့ကွာ...'

ဂျင်မီက တောက်တစ်ချက် ခေါက်လိုက်သည်။ ဒေါက်တာဟိုးလို အရင်းရှင်ကြီးတွေ၏ အကြံပက်စက် ယုတ်မာပုံကို သူက တော်တော်ကြီး စက်ဆုပ်ရွံရှာသွားဟန်တူ၏။

'ဒီ ခွေးသားကြီးတွေဟာ တကယ့်ကို အကြံပက်စက် ယုတ်မာတာပဲနော်... ကဲ... ကိုဆွေ... ဒီကောင်ကြီး ဒေါက်တာဟိုးရဲ့ ပက်စက်လှတဲ့အကြံအစည်ကို တိုက်ဖျက်ပစ်ဖို့ ကျွန်တော်တို့က အခု ဘာလုပ်ကြမှာလဲ.... ကိုဆွေ့မှာ ဘာအစီအစဉ်ရှိ သလဲ...'

'အစီအစဉ်ရှိတိုင်းလည်း အလုပ်ဖြစ်တာ မဟုတ်ပါဘူး ဂျင်မီ... ငါတို့ အခု အခြေအနေပေါ်မှာ မူတည်ပြီး လုပ်သွားရမှာပဲ... အခြေအနေကပေးသမျှ အခွင့်အရေးကို အရနိုင်ဆုံးယူရမှာပဲ။ ငါတို့ရဲ့ ပန်းတိုင်ကတော့ ဒေါက်တာဟိုးလက်ထဲက စောန





မာလာကို ကယ်တင်နိုင်ဖို့ပဲ၊ ဒေါက်တာဟိုးရဲ့ အကြံအစည်ကို အပြီးတိုင် တိုက်ဖျက်ပစ်ဖို့ပဲ...'

တင်မောင်ဆွေက ပြောနေရင်းကပင် ကားကြီးကို လမ်းဘေးကမ်းပါးစောင်းတွင် ထိုးရပ်လိုက်သည်။ သူတို့နေရာမှကြည့်လျှင် မြကန်သာ ရေအိုင်ကြီးကို အပေါ်စီး၍ မြင်ရနိုင်သည်။

တင်မောင်ဆွေက ကားပြတင်းပေါက်မှ ခေါင်းပြူ၍ ကြည့်လိုက်ရာက ရေကန်ကြီး၏ ကမ်းစပ်မှ အတော်ကြီးကွာလှမ်းသော တစ်နေရာသို့ ဂျင်မီအား လက်ညှိုးထိုးပြလိုက်သည်။ ဂျင်မီက လှမ်းကြည့်လိုက်ရာ မီးနီတစ်ပွင့်နှင့်မီးစိမ်းတစ်ပွင့်သည် ကမ်းစပ်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာလျက်ရှိနေ၏။

(ဃ)

'ဒေါက်တာဟိုးရဲ့ သင်္ဘောနဲ့တူပါရဲ့...'

ဂျင်မီမတ်က ပြောလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေက ခေါင်းညိတ်လိုက်ကာ ဂျင်မီနှင့်အတူ ကားပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် ကမ်းပါးစပ်တွင်ရပ်ကာ ရေကန်ထဲမှ မီးပွင့်နှစ်ပွင့်ကို စောင့်ကြည့်နေလိုက်၏။

တင်မောင်ဆွေ၏မျက်နှာသည် ကြည်လင်လာ၏။ သူ့မျက်လုံးများသည် ကြယ်ပွင့်တွေအလား၊ တလက်လက် တောက်ပ၍ လာ၏။ သူ့နှုတ်ခမ်းများသည် ဘာမထီအပြုံးဖြင့် တွန့်နေကြ၏။

'ဘယ်အချိန်လောက်မှာ ဒီသင်္ဘောဟာ ကမ်းစပ်ကို ရောက်လာမလဲ...'



www.burmeseclassic.com

www.burmeseclassic.com



ဂျင်မီက မေးလိုက်ခြင်းဖြစ်သည်။

'အဝေးကြီးလိုပါသေးတယ်ကွာ... တို့ဟာ ပေငါးဆယ် အမြင့်ကနေ ကြည့်နေရတယ်ဆိုတာကို သတိထားကွ... ဒီတော့ မိုးကုတ်စက်ဝိုင်းဟာ ပိုပြီးနီးတယ်လို့ ထင်ရတယ်... အမှန်တော့ သင်္ဘောဟာ အနည်းဆုံးနှစ်မိုင်အကွာလောက်မှာ ရှိနေသေးတယ်...'

တင်မောင်ဆွေက စကားအဆုံးတွင် ခေါင်းငုံ့လျက် နားစွင့် နေလိုက်သည်။

'ဘာသံကြားရလို့လဲ ကိုဆွေ...'

'ဘာသံမှမကြားရလို့ ခက်နေတာပဲပေါ့ ဂျင်မီ... အခု လာတုန်းကလည်း ဒေါက်တာဟိုးကို ငါတို့ ကျော်မလာခဲ့ရဘူး။ သူကလည်း ငါတို့ကိုကျော်မသွားခဲ့ဘူး။ ဒီတော့ ပြဿနာက ပေါ်လာတယ်။ သူဟာ ဒီမှာရောက်နေပြီလား၊ ဒါမှမဟုတ် သူက လာနေတုန်းပဲလား... အဲဒါကို ငါတို့ အခုထက်ထိ အတိအကျ မသိရသေးဘူး ဂျင်မီ... မင်းက ဘယ်လိုထင်သလဲ'

'ကျွန်တော်ကတော့ သူတို့ရောက်နှင့်ပြီ ထင်တာပဲ။ ကိုဆွေက လေယာဉ်ဆိပ်မြို့မှာ တစ်ညအိပ်ခဲ့ရတယ် မဟုတ်လား။ သူတို့က ကားနဲ့တောက်လျှောက် မောင်းလာနိုင်တာပဲ...'

ဂျင်မီက ပြောပြောဆိုဆို သူ့ကုတ်အင်္ကျီအိတ်ထဲမှ ပီသာ တီအိတ် အော်တိုမက်တစ် သေနတ်ကို ဆွဲထုတ်လိုက်ကာ မောင်းတင်လိုက်၏။

'ဟဲ... ကိုဆွေ စကားပြောနေတာ အချိန်ကုန်ပါတယ်ဗျာ... ကျွန်တော်တို့ အထဲကိုသာ ဝင်ကြည့်ကြပါစို့လား။ အခုလောက်ဆို စောနမာလာတစ်ယောက်တည်း အတော်ကြောက်နေ





ရှာရောပေါ့...'

တင်မောင်ဆွေက ဘာမှမပြော၊ ရေကန်ကြီးအလယ်ဆီမှ တဖြည်းဖြည်းရွေ့လျားနေသော မီးကလေးနှစ်ပွင့်ကိုသာ ကြည့်ရှုလျက်ရှိနေသည်။ သူသည် တစ်စုံတစ်ခုကို စဉ်းစားနေပုံရ၏။ ပြီးမှ သူက ဂျင်မီအား ချာခနဲ လှည့်ကြည့်လိုက်သည်။

'ဂျင်မီ... မင်းကို ငါ တာဝန်တစ်ခု ပေးချင်တယ်...'

'ဘာတာဝန်လဲ ကိုဆွေ... ပြောလေ...'

ဂျင်မီက စိတ်အားထက်သန်စွာ ပြန်မေးလိုက်သည်။

'မင်း လေယာဉ်ဆိပ်မြို့ကို ပြန်သွားပေးပါ...'

ဂျင်မီမှာ ပါးစပ်အဟောင်းသားကြီး ဖြစ်သွားရှာသည်။

'ဗျာ... ကျွန်တော်က လေယာဉ်ဆိပ်မြို့ကို ပြန်သွားရမယ် ဟုတ်လား...' ဟု မယုံကြည်နိုင်သော အသံကြီးဖြင့် ပြန်မေးလိုက်သည်။

'ဟုတ်တယ်... ဂျင်မီ... မင်း အဲဒီကို ပြန်သွားပြီး... စောနမာလာနဲ့ လက်ဆက်ရမယ့် ဇီဝရာနန်ကိုရှာပါ။ သူအဲဒီမှာ ရောက်နေတယ်လို့ ငါအတိအကျ သိထားရတယ်... ပြီးတော့ သူ့ကို ဘယ်လိုနည်းနဲ့မဆို ဒီကိုရအောင် ပြန်ခေါ်လာခဲ့ပါ...'

'ဘယ်လိုသဘောရလဲ ကိုဆွေရ...'

'သူ့ကို ငါဒီမှာ လိုချင်လို့ပေါ့ ဂျင်မီရာ...'

'နို့... စောနမာလာကကောဗျာ...'

'ငါ ဒီမှာ ချန်နေရစ်ခဲ့မှာပဲ ဂျင်မီရာ... စောနမာလာ တစ်ယောက် ဘယ်လိုမှ အန္တရာယ်မရောက်စေရပါဘူးလို့ ငါ တာဝန်ခံပါတယ်... မင်း သူ့အတွက် ဘာမှပူမနေပါနဲ့။ မင်းသာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမြို့ကို အမြန်ပြန်၊ ဇီဝရာနန်ကို ရတဲ့နည်းနဲ့ခေါ်ပြီး အမြန်ဆုံး ပြန်လာခဲ့ပေတော့… မင်း ကားမောင်း ဘယ်လောက်ကျင်လည်တယ်ဆိုတာ ငါသိပါတယ်ကွာ'

'ဒါပေမဲ့ ကိုဆွေရာ…'

ဂျင်မီမှာ တင်မောင်ဆွေက ဘေးအန္တရာယ်ကို တစ်ယောက်တည်းရင်ဆိုင်လျက် ကျန်နေရမည်ကို သိပ်ကျေနပ်ပုံမရချေ။ တင်မောင်ဆွေက ၎င်း၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ၎င်း၏မျက်နှာကို စူးစိုက်ကြည့်ရှုလိုက်သည်။

'နားထောင်စမ်း ဂျင်မီ… ဒေါက်တာဟိုးက စောနမာလာကို ဖမ်းခေါ်လာတာဟာ ဇီဝရာနန်ကို ရန်စဖို့တစ်ခုသက်သက်အတွက် မဟုတ်လားကွာ… စောနမာလာကို မြောက်ပိုင်းသားတွေက တမင်သက်သက် ခိုးပြေးသွားကြတာလို့၊ ဇီဝရာနန်ကို အထင်ရောက်စေပြီး မြောက်ပိုင်းကိုစစ်တိုက်ခိုင်းစေချင်လို့ မဟုတ်လား ဂျင်မီ။ ဒီတော့ တို့က ဇီဝရာနန်ကို ဒီခေါ်လာပြီး၊ ဒေါက်တာဟိုးရဲ့ အကြံအစည်ပက်စက်ပုံကို အားလုံးလက်တွေ့ ဖော်ပြလိုက်ရင် ဇီဝရာနန်ဟာ ဒေါက်တာဟိုးရဲ့ စစ်မီးမွေးဖို့ အကြံအစည်မှာ ဘယ်တော့မှပါတော့မှာမဟုတ်ဘူးလို့ ငါထင်တယ် ဂျင်မီ… သူဟာ မြောက်ပိုင်းသားအုပ်စုနဲ့ စစ်တိုက်ခိုက်ရဖို့ကို စဉ်းစားတော့မှာ မဟုတ်ဘူး။ စစ်တိုက်ရင်လည်း သူဟာ ဒေါက်တာဟိုးရဲ့ အသုံးပြုဖြတ်ဖြစ်သွားရတော့မယ်ဆိုတာကို သူ ကောင်းကောင်းနားလည်သွားရတာပေါ့ကွယ်။ ဒီတော့ မင်းကသာ သူ့ကို ဒီအပါခေါ်လာနိုင်ရင် တို့ဟာ ဒေါက်တာဟိုးကို တစ်ခါတည်း အလဲထိုးချလိုက်နိုင်တော့မှာပဲ… သဘောပေါက်ပြီလား ဂျင်မီ…'





ဂျင်မီက တင်မောင်ဆွေ့အား ပြန်ကြည့်ရာက ဖြည်းညင်းစွာ ပြုံးလာကာ ဦးခေါင်းကို ညိတ်ပြလိုက်သည်။ ဖြစ်ပေါ်နေသော အခြေအနေပေါ်တွင် မူတည်လျက် တင်မောင်ဆွေကအရနိုင်ဆုံးသော အခွင့်အရေး ယူတတ်ပုံကိုလည်း စိတ်ထဲကကြိတ်၍ ချီးကျူးလိုက်မိတော့သည်။

'အိုကေ ကိုဆွေ… ကျွန်တော် သွားပါ့မယ်… ပြီးတော့ ဇီဝရာနန်ကိုလည်း ကျွန်တော်က ကြိုးနဲ့တုပ်ခေါ်လာပါရစေ… အရခေါ်လာခဲ့မယ်…'

'ဒီလိုမှပေါ့ ဂျင်မီ… အသွားအပြန် မင်းအလွန်ဆုံးငါးနာရီကြာမှာပဲ… တကယ်လို့ ဖြစ်နိုင်ရင် မင်းကို ငါဒီနေရာကနေ စောင့်ကြိုနေမယ်… တကယ်လို့ ငါမရှိရင်တော့၊ မင်းအတွက် ငါ စာတစ်စောင် ရေးထားခဲ့ပါ့မယ်… ဟောဟို သစ်ပင်ကြီးက ခြေရင်းမှာ ငါ ကျောက်တုံးတစ်တုံးနဲ့ ဖိထားခဲ့မယ်… ဒီလိုမှတောင် ငါက စာမထားခဲ့နိုင်ရင်တော့…'

တင်မောင်ဆွေက စကားရပ်ထားလိုက်ရာ…

'အဲသလိုဆိုရင်ကော ကိုဆွေ'ဟု ဂျင်မီက မေးလိုက်သည်။

'အဲသလိုဆိုရင်တော့ မင်းတစ်ယောက်တည်းသာ ကျန်တော့တာပေါ့ ဂျင်မီ… ဘာပဲဖြစ်ဖြစ် ဒေါက်တာဟိုးကို ငါ့အတွက် မင်းက ဗိုက်မှာသေနတ်နဲ့ ပစ်သတ်ပေးပေတော့'

ဂျင်မီက ဘာမှမပြောတော့၊ ချာခနဲလှည့်ကာ ကားကြီးဝေ့သို့ တက်လိုက်သည်။ ချက်ချင်းလိုပင် ကားကြီးက စက်နိုးလာ၏။

'ဥတ်လပ် ကိုဆွေ… ကျွန်တော် အတတ်နိုင်ဆုံး ပြန်လာခဲ့ပါ့မယ်… ဇီဝရာနန်ကိုလည်း မုချ အပါခေါ်ခဲ့ပါ့မယ်… တာ…



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဗျို့…'

တင်မောင်ဆွေက ဘာမှပြန်မဖြေဘဲ ဂျင်မီ့ကိုသာ လက်တစ်ဖက်မြှောက်ပြလိုက်သည်။ ခေတ္တကြာလျှင် အားကောင်းလှသော ဝက်စလေကားကြီးသည် လာလမ်းအတိုင်း အရှိန်ပြင်းစွာ ပြန်ပြေးသွားလေတော့၏။

❖ ❖ ❖

- ၆ -

## ကျောက်တုံးတစ်တုံးနှင့် ဦးခေါင်းတစ်လုံးထိတွေ့ခြင်း

(က)

ခေတ္တမျှတော့ တင်မောင်ဆွေသည် ထိုနေရာမှာပင် ရပ်ကာ ဝက်စလေကားကြီး၏ နောက်မီးနီနီကလေး ဝေးကွာပျောက်ကွယ်သွားသည်ကို ကြည့်နေလိုက်သည်။ ဂျင်မီသည် သူပေးလိုက်သော တာဝန်ကို အသက်ရှင်နေသေးသ၍တော့ ဖြစ်မြောက်အောင် ထမ်းဆောင်မည်ဖြစ်ကြောင်းကို တင်မောင်ဆွေက ကောင်းမွန်စွာ စိတ်ချထားမိလေသည်။

သူ့တာဝန်ကတော့ ဂျင်မီက ဇီဝရာနန်ကို ခေါ်မလာမီအတွင်း ဒေါက်တာဟိုး၏အကြံအစည်ကို အတတ်နိုင်ဆုံးနှောင့်ယှက် ဖျက်ဆီးထားဖို့ပင် ဖြစ်လေ၏။

ကားမီးနီလေးက လမ်းကွေ့တွင် ပျောက်ကွယ်သွားသည့်အခါတွင်ကား တင်မောင်ဆွေက ရေကန်ကြီးဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။ ရေကန်ကြီးအလယ်မှမီးနီကလေးနှင့် မီးစိမ်းလေးလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပွင့်သည်၊ သည်ဘက်ကမ်းဆီသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လာနေဆဲသာ ဖြစ်သည်။ စောစောကထက်တော့ အပုံကြီးပို၍ နီးကပ်လာနေကာ မီးပွင့်များကိုသာမက သင်္ဘော၏ပုံသဏ္ဍာန်ကိုပါ တင်မောင်ဆွေက ကောင်းစွာမြင်နေရပြီဖြစ်၏။

ဂျင်မီပြန်မရောက်လာခင် သင်္ဘောက သည်ဘက်သို့ ရောက်လာတော့မည်ကား သေချာလျက်ရှိနေပေသည်။

တင်မောင်ဆွေကလည်း သူ့ပခုံးများကို တွန့်လိုက်၏။ သင်္ဘောသည် နောက်မိနစ်ပိုင်းအတွင်း ဆိုက်ကပ်တော့မည် ဖြစ်သည်။ ဂျင်မီကတော့ အသွားအပြန် မိုင်တစ်ရာကျော်မောင်းရမည် ဖြစ်ပြီး၊ လုပ်စရာတာဝန်တစ်ရပ်ကလည်း ရှိနေသေးရကား အနည်းဆုံးတော့ ငါးနာရီကြာဦးပေမည်။ ထိုအတောအတွင်းဝယ် ဒေါက်တာဟိုးက စောနမာလာအား သင်္ဘောပေါ်သို့ တင်ဆောင်မသွားနိုင်ရန် အစွမ်းကုန် ကာကွယ်ဟန့်တားဖို့မှာကား သူ့တာဝန်သာလျှင် ဖြစ်နေပေတော့သည်။

တင်မောင်ဆွေက လမ်းဘေးရှိ သစ်ပင်တွေကြားထဲသို့ အရိပ်တစ်ခုပမာ တိုးဝင်လိုက်သည်။ သူ့လက်ချောင်းများကတော့ ကုတ်အင်္ကျီဘယ်ဘက်လက်စကို အသာစမ်းကြည့်လိုက်သည်။ ဘယ်လက်ဖျံရိုးတွင် ကပ်လျက် အထူးအိမ်ဖြင့် ချည်နှောင်ထားသော သူ့လက်စွဲတော် ဓားမြှောင်ကလေးဒေဝီ၏ ဆင်စွယ်ရိုးကို သူ့လက်ချောင်းများက စမ်းသပ်လိုက်မိကြလေ၏။

ထိုဓားမြှောင်ကလေးဒေဝီသည် သူ့အား အကျဉ်းအကျပ်အခက်အခဲတွေကြားမှ ကယ်တင်ခဲ့ပေါင်းများလှပေပြီ။ ဤညတွင်လည်း ဒေဝီက အသုံးဝင်လာလျှင် ဝင်လာလိမ့်ဦးမည် ဖြစ်၏။





သစ်ပင်အုပ်ထဲမှ ငါးမိနစ်မျှ ဖြတ်၍ လျှောက်မိလျှင် အိမ်ကြီး၏ အုတ်တံတိုင်းဘေးသို့ သူက ရောက်ရှိသွားတော့သည်။ အုတ်တံတိုင်းကြီးသည် သူ့အရပ်နီးပါးမျှပင် မြင့်မားလေသည်။ တင်မောင်ဆွေက လက်တစ်ဖက်ဖြင့် အုတ်တံတိုင်းထိပ်ကို အသာစမ်းကြည့်လိုက်ရာ ပုလင်းကွဲတွေ ထောင်ထားသည်ကို စမ်းတွေ့ရ၏။

သို့သော် သူ့ဝဲဘက်ကိုက်နှစ်ရာအကွာခန့်တွင် သစ်ပင်ကြီးတစ်ပင်ကရှိနေကာ သစ်ကိုင်းတစ်ကိုင်းက တံတိုင်းအတွင်းဘက်သို့ ထိုးထွက်နေသည်။ တင်မောင်ဆွေက ထိုသစ်ပင်ဆီသို့ လျှောက်သွားကာ အပြေးကလေး ထိုသစ်ကိုင်းကို ခုန်ဆွဲလိုက်သည်။ သူ့လက်ချောင်းများက ထိုသစ်ကိုင်းကို ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်ကြ၏။ ထို့နောက် ထိုသစ်ကိုင်းတစ်လျှောက် လက်များကို ရွှေ့ကာရွှေ့ကာဖြင့် အုတ်တံတိုင်းကြီးကို ခြေတွေကွေး၍ ကျော်လိုက်ပြီး အတွင်းဘက်သို့ရောက်လျှင် လက်ချောင်းများကို ဖြေလွှတ်ချလိုက်ရာ မြေပြင်ပေါ်သို့ ကြောင်တစ်ကောင်အလား ပေါ့ပါးစွာ ကျသွားလေသည်။

တင်မောင်ဆွေက ကိုယ်ကို ပြန်မတ်လိုက်ပြီးနောက် သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှု အကဲခတ်လိုက်သည်။ သူ့ဘေးတစ်ဖက်တွင် အလွန်မြင့်မားသော သစ်ပင်ကြီးတွေ အစီအရီပေါက်နေသော မြေပြန့်ကြီးတစ်ခုက ရှိနေ၏။ ထိုမြေပြန့်နှင့် သစ်ပင်များက နှစ်ထပ်တိုက်အိမ်မြင့်ကြီးကို ဘေးနှစ်ဖက်က ဝိုင်းရံထားနေသည်။ အိမ်ကြီးရှေ့နှင့် အနောက်ဘက်တွင်တော့၊ ပန်းခြံကြီးနှင့် စိုက်ပျိုးခင်းတွေက ရှိနေ၏။

သူ့ဝဲဘက်တွင်တော့ မြေပြင်က မြင့်တက်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခင်းထားသော လမ်းကလေးက ချောကကမ်းပါးစပ်အထိ ပြေးသွားနေသည်။

တင်မောင်ဆွေက ထိုလမ်းလေးအတိုင်းလျှောက်ခဲ့သည်။ လမ်းဘေးတစ်ဖက်တွင်တော့ သစ်ပင်ကြီးတွေက စီတန်းပေါက်နေရာ တင်မောင်ဆွေက ထိုသစ်ပင်ရိပ်များ၏ အကာအကွယ်ကိုယူလျက် လျှောက်လာခြင်းဖြစ်၏။ ချောက်ကမ်းပါးအစပ်နားသို့ ရောက်မလာမီကလေးတွင် သူက သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်နားနေလိုက်သည်။

သူ ဤခြံကြီးထဲသို့ ရောက်နေခြင်းကို ဘယ်သူကမှ မသိသေးဟု တင်မောင်ဆွေက ယုံကြည်နေမိသည်။ ထို့ကြောင့် သူက ထိုအချက်ကို လျှို့ဝှက်ထားလိုသေးသည်။ အိမ်ထဲတွင် လူဘယ်နှစ်ယောက်ရှိသည်ကိုလည်း သူက သိရသေးသည် မဟုတ်ရာ ယခုအချိန်တွင် သူရောက်ရှိနေခြင်းကို ၎င်းတို့အား အသိမပေးလိုသေးပေ။

သူက သစ်ပင်ကြီးအောက်တွင် ရပ်ကာ အိမ်ကြီးဆီသို့ လှမ်း၍ အကဲခတ်ကြည့်နေလိုက်သည်။ သူ၏ အကင်းပါးလှသောနားကိုလည်း အစွမ်းကုန် စွင့်ထားလိုက်သည်။ ပြီးမှ ကျားသစ်တစ်ကောင်၏ ပေါ့ပါးတိတ်ဆိတ်မှုဖြင့် တင်မောင်ဆွေက အိမ်ကြီးကိုပတ်၍ လျှောက်ခဲ့သည်။ ထိုအချိန်တွင် အိမ်ကြီးထဲမှ လူတစ်ယောက်ယောက်ကသာ သူနှင့်ရင်ဆိုင်တိုးမိပါက ၎င်းသည် သက်သာရာ ရတော့မည်မဟုတ်ပေ။

အိမ်ကြီးအား ဘက်နှစ်ဘက်မှပတ်၍ လျှောက်မိလျှင် သူ့ခြေထောက်များက ကျောက်စရစ်ခဲများ ခင်းထားသည့် လူသွားလမ်း





ကလေးတစ်လမ်း နင်းလိုက်မိလေသည်။ သူက လက်ဝဲဘက်သို့ လှမ်းကြည့်လိုက်ကာ လမ်းကလေးသည် ချောက်ကမ်းပါးစပ်ကြီးတွင် ကာရံထားသော တန်းများ၏ကြားမှ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။ လမ်းကလေးသည် ချောက်ကမ်းပါးအောက်သို့ ဆင်းသွားသော လှေကားထစ်များတွင် ဆုံးသွားခြင်းဖြစ်သည်ဟု တင်မောင်ဆွေက နားလည်လိုက်ရ၏။

လမ်းကလေးအနီးတွင် သစ်ပင်တစ်ပင်က အဆင်သင့်ရှိနေသည်။ ထိုသစ်ပင်ပေါ်မှတက်ကြည့်လျှင် ချောက်ကမ်းပါးအောက်မှ လှုပ်ရှားမှုတွေကို သူ့အနေဖြင့် ကောင်းစွာတွေ့ရနိုင်မည် ဖြစ်သည်။

တင်မောင်ဆွေက ထိုလမ်းကလေးအတိုင်း ခပ်သွက်သွက်လျှောက်ခဲ့ကာ၊ သစ်ပင်ကြီး၏ အရိပ်ထဲတွင် ရောထွေးပျောက်ကွယ်သွားသည်။ သစ်ပင်မှာ လမ်းအဆုံးနှင့် နှစ်ပေ၊ သုံးပေမျှသာ ကွာသည်ဖြစ်ရာ လမ်းကလေး၏အဆုံးတွင် သူတွက်မိသည့်အတိုင်း ချောကကမ်းပါးကြီးအောက်သို့ ဆင်းသွားသော အုတ်လှေကားထစ်တွေရှိနေသည်ကို တွေ့လိုက်ရ၏။

တင်မောင်ဆွေက ရေကန်ကြီးဆီသို့ မော့ကြည့်လိုက်ရာ မိုးကုတ်စက်ဝိုင်းဆီမှ လဖွေးကလေး ရေးရေးတက်လာသည်ကို မြင်ရ၏။ ထိုလဖွေးလေး တက်လာသည့်တိုင်အောင် အလင်းရောင်ကတော့ သိပ်ပေးနိုင်လိမ့်မည် မဟုတ်ဟု၊ တင်မောင်ဆွေက ကျေးဇူးတင်စွာ တွေးလိုက်မိသည်။ သူလုပ်ရမည့် အလုပ်အတွက် ညသည် အသင့်လျော်ဆုံးသော အခြေအနေကို ပေးလျက်ရှိနေ၏။

တင်မောင်ဆွေက အောက်သို့ ငုံ့ကြည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အောက်တည့်တည့်တွင် ကမ်းစပ်ကရှိနေသည်။ ကမ်းစပ်နှင့် ကိုက်သုံးရာမျှ အကွာဆီတွင်တော့ တစ်ထပ်သင်္ဘောကလေးတစ်စင်းက ကျောက်ချရပ်ထားလျက် ရှိနေ၏။ ထိုသင်္ဘောကလေးနှင့် ကမ်းစပ်ကြားတွင်တော့ လှေကလေးတစ်စင်းက လှော်ခတ်လာနေသည်။

ထိုစဉ်မှာပင် ရုတ်တရက် သူ့နောက်ဆီမှအသံတစ်သံကို တင်မောင်ဆွေ၏ အကင်းပါးသော နားတွေကကြားလိုက်ရသည်။ ကျောက်စရစ်ခဲများပေါ်တွင် နင်းလာနေသည့် လေးလံသော ဖိနပ်သံများပင် ဖြစ်လေ၏။

(ခ)

တင်မောင်ဆွေက သစ်ပင်၏မည်းနက်သော အရိပ်ထဲတွင်ပို၍ တိုးဝင်လိုက်ကာ ခြေသံတွေ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်။ မီးအိမ်တစ်ခုက အိမ်ကြီးထဲမှနေ၍ တယမ်းယမ်းဖြင့် လမ်းကလေးအတိုင်း လာနေသည်။ ထိုမီးအိမ်နှင့်အတူ လူသုံးယောက်ကလည်း ပါလာ၏။

ခြေသံကြားလျှင်ပင် ၄င်းတို့၏အသံတွေက တင်မောင်ဆွေနားသို့ ရောက်လာကြတော့သည်။

'တောက်… ဒီညလည်း တို့ ဘယ်အချိန်မှ အိပ်ရမလဲ မသိပါဘူးကွာ… ညည ကောင်းကောင်းမအိပ်ရတာ နှစ်ညဆက်နေပြီကွာ…'

ရှမ်းသံခပ်ဝဲဝဲဖြင့် ပြောလိုက်သော အသံပင်ဖြစ်သည်။





'ဒီရှမ်းဘုတ်ကလည်း အားအားရှိ ညည်းနေတာပဲကိုး။ မင်းက ညဘက်မှန်မှန်အိပ်ရအောင် မင်းဘာအလုပ်တွေ လုပ်နေတယ်ဆိုတာ အသိသားမဟုတ်လားကွ…'

ဤအသံကတော့ မြန်မာသံ စစ်စစ်ဖြစ်သည်။

'ဒီရှမ်းဘုတ်က အိပ်ရဖို့စားရဖို့လောက်သာ သိတာပါဗျာ… အရက်သောက်နေရရင် ပိုတောင်ကြိုက်သေးဗျ…'

ဤအသံကတော့ ကုလားဒိန်သံဖြစ်၏။ ရှမ်းတစ်ယောက်၊ မြန်မာတစ်ယောက်၊ ကုလားဒိန်တစ်ယောက်၊ ဒေါက်တာဟိုး၏ လက်ပါးစေများ…

တင်မောင်ဆွေက သစ်ပင်ပင်စည်ကို ခပ်အေးအေးမှီရပ်နေရာက၊ ရှေ့သို့လျှောက်လာနေကြသူ သုံးယောက်ကိုကြည့်ကာ စိတ်ထဲကနေ၍ မှတ်ချက်ချလိုက်မိခြင်း ဖြစ်သည်။ ဒေါက်တာဟိုးသည် လူမျိုးစုံကို ခေါ်ယူအသုံးပြုတတ်ပေ၏။

လူသုံးယောက်သည် ခွေတွ္တမျှတိတ်ဆိတ်စွာ ဆက်လျှောက်လာကြပြီးမှ၊ တင်မောင်ဆွေကွယ်နေရာ သစ်ပင်နားဆီသို့ရောက်လာလုနီးနီးတွင် မြန်မာလက်ပါးစေက စကားပြောလိုက်ပြန်သည်။

'ဒါနဲ့ အမျိုးသမီးကို ဘယ်သူက ခေါ်လာမှာလဲကွ'

'ဆရာဟုတ်စိန် ခေါ်လာလိမ့်မယ်…'

ရှမ်းလက်ပါးစေက အသံခပ်ဝဲဝဲဖြင့် ပြန်ဖြေလိုက်ခြင်းဖြစ်သည်။

'အမျိုးသမီးကတော့ တကယ့်ကို နိပ်တယ်ဗျာ။ ကျုပ်ဖြင့် တော်တော်သဘောကျမိတယ်… ဒီလို အမျိုးသမီးနဲ့များ တစ်ခါလောက် အပျော်… တောက်…'



www.burmeseclassic.com

www.burmeseclassic.com



ကုလားဒိန်က ငှမ်းသံကြီးဖြင့် ပြောလိုက်သည်။

'တန်ရာ တန်ရာပြောစမ်းပါ ဟာရှင်ရာ···· ဒီအမျိုးသမီးက မင်းတို့ ငါတို့ ပါမွှားတွေအတွက် ဘာမှဆိုင်တာ မဟုတ်ဘူး··· ကြီးကြီးမာစတာတွေ အတွက်ကွ···'

၄င်းတို့သုံးယောက်သားသည် တင်မောင်ဆွေနှင့် နီးကပ်စွာ ဖြတ်လျှောက်သွားကြရာ၊ တင်မောင်ဆွေက ၄င်းတို့အနက်မှ တစ်ယောက်ယောက်အား အသာကလေး ဓားနှင့်ထိုးလိုက်နိုင်ပေ၏။ သို့ရာတွင် ဤသို့ပြုလုပ်၍ သူ့မူရင်းရည်ရွယ်ချက်ကို ဘယ်လိုမှ အထောက်အကူပြုလိမ့်မည် မဟုတ်ရကား၊ သစ်ပင်ကွယ်၌ အသာပင်ငြိမ်နေလိုက်လေသည်။ ပြီးတော့လည်း ခုနက သူတို့သုံးဦးပြောသော စကားကို ကြားလိုက်ရပြီးသည့်နောက်၌ သူ့ခေါင်းထဲသို့ အစီအစဉ် တစ်ခုက ရုတ်တရက် ဝင်ရောက်လာခဲ့ပြီဖြစ်၏။

လက်ပါးစေသုံးဦးကတော့ ချောက်ကမ်းပါးကြီးအောက်သို့ ဆင်းသော လှေကားထစ်များအတိုင်း ဆင်းသွားကြရာ ၄င်းတို့၏ အသံများသည် တဖြည်းဖြည်း ဝေးကွာသွားကြပြီးနောက် လုံးဝပျောက်ကွယ်သွားကြတော့သည်။

တင်မောင်ဆွေက ရေကန်ကြီးဆီသို့ ငုံ့မီးမျှော်ကြည့်လိုက်ပြန်သည်။ ကျောက်ချ၍ ရပ်ထားသော သင်္ဘောဆီမှလှေကလေးသည် ကမ်းစပ်ဆီသို့လှော်ခတ်လာနေဆဲသာ ဖြစ်ကာ မကြာခင် ကမ်းစပ်တွင် ဆိုက်ကပ်မိတော့မည်ဖြစ်၏။ တင်မောင်ဆွေက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှု အကဲခတ်လိုက်ပြီးနောက် လူသုံးဦးဆင်းသွားရာနောက်သို့ အရိပ်တစ်ခုပမာ လိုက်ဆင်းခဲ့လေ၏။

ရှေ့ကသွားနေသူ သုံးဦးကို အမီလိုက်ချင်ပါက တင်မောင်





ဆွေသည် အလွယ်တကူ မီမည်ဖြစ်သည်။ သို့ရာတွင် တင်မောင်ဆွေက တမင်တကာပင် နောက်ချန်နေခဲ့သည်။

အုတ်လှေကားထစ်များပေါ်တွင် ခဲလုံးကလေးတွေ တင်နေသည်ဖြစ်ရာ ထိုကျောက်ခဲကလေးများက လှေကားထစ်များအတိုင်း လိမ့်ဆင်းကျသွားပါက နောက်က လူတစ်ယောက်လိုက်လာနေကြောင်းကို ရှေ့ကလူသုံးဦးက သိသွားမည်ကို စိုးရိမ်ရသေးသည်။ ပြီးတော့ ၄င်းတို့ထဲမှတစ်ယောက်ယောက်က အကြောင်းတစ်စုံတစ်ရာကြောင့် ပြန်လှည့်လာချင်လည်း လာဦးမည်ဖြစ်၏။ ထို့ကြောင့်ပင် တင်မောင်ဆွေက တမင် နောက်ချန်ခဲ့ခြင်း ဖြစ်သည်။

အုတ်လှေကားထစ်များသည် တောက်လျှောက်တည့်မတ်စွာ အောက်သို့ဆင်းသွားခြင်းမဟုတ်ဘဲ အဆစ်ချိုးများ ရှိကြလေသည်။ တင်မောင်ဆွေက နောက်ဆုံးအချိုးစ်ချိုးသို့ရောက်သွားလျှင် ရှေ့က လူသုံးဦးမှာ ကမ်းစပ်တွင်ရောက်နေတော့ကာ သင်္ဘောက လှေကလေးကလည်း ကမ်းစပ်တွင် ဦးတင်လျက် ဆိုက်ကပ်မိပြီဖြစ်လေ၏။

တင်မောင်ဆွေက လှေကားအဆစ်ကွေ့တင် ရပ်ကာ အောက်ဘက်မှ မြင်ကွင်းကို အသာအကဲခတ်ကြည့်နေလိုက်လေသည်။ လှေကလေးဆိုက်ကပ်ရာနေရာတွင် ရေထဲသို့ ထိုးထွက်နေသည့် တံတားကလေးတစ်ခု ရှိနေသည်။ ထိုတံတားကလေးဘေးတွင်တော့ ပွဲချိတ်ကလေးတစ်စင်းက ဆိုက်ကပ်ထားလျက်ရှိနေသည်ကို တွေ့ရလျှင် တင်မောင်ဆွေသည် စိတ်ထဲတွင် ကြိတ်၍ ဝမ်းသာအားရဖြစ်သွားမိတော့သည်။ ကံတရားသည် သူ့ဘက်က ရှိနေသည်မှာ ကျေးဇူးတင်စရာကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်မှ လူတစ်ယောက်က ကုန်းပေါ်သို့ဆင်းလာသည်။ ထိုလူကို လာကြိုသောလူသုံးဦးအနက်မှ နှစ်ယောက်က တင်မောင်ဆွေရပ်နေသော အုတ်လှေကားများဆီသို့ ပြန်လည်ဦးဆောင်ခေါ်ငင်လာသည်။ ထိုအခြင်းအရာတွေကို တင်မောင်ဆွေတွေ့လိုက်ရစဉ်မှာပင် သူ့ခေါင်းထက် ချောက်ကမ်းပါးထိပ်ဆီမှနေ၍ လူအချို့ဆင်းလာကြသော အသံတွေကို ကြားလိုက်ရပြန်လေ၏။

တင်မောင်ဆွေက လှေကားအဆစ်အကွေ့တွင် ရပ်ကာ အပေါ်သို့ မော့၍ကြည့်လိုက်သည်။ အပေါ်ကဆင်းလာကြသူများမှာ နှစ်ယောက်ဖြစ်သည်ကို တစ်ယောက်၏ လက်ထဲတွင်ကိုင်ထားသော မီးအိမ်အားဖြင့် သူက သိလိုက်ရသည်။ တစ်ယောက်မှာ အရပ်ရှည်ရှည်နှင့် ကျန်တစ်ယောက်ကတော့ ၄င်းထက် အရပ်ပိုနိမ့်ကာ ကိုယ်ခန္ဓာသေးသေးသွယ်သွယ်နှင့် ဖြစ်လေ၏။

တင်မောင်ဆွေက သူ့ပတ်ဝန်းကျင်ကို လျင်မြန်စွာ လှည့်ပတ်ကြည့်ရှု အကဲခတ်လိုက်သည်။ အဆင်သင့်ပင် သူရောက်နေသော လှေကားအဆစ်အချိုးတွင် သစ်ပင်တစ်ပင်က ချောက်ကမ်းပါးနံရံကိုတွယ်ကပ် ပေါက်နေသည်။

တင်မောင်ဆွေက လျင်မြန်သွက်လက်စွာ လှုပ်ရှားလိုက်သည်။ လွှားခနဲနှင့်သူက ထိုသစ်ပင်ခြေရင်းဆီသို့ တစ်စက္ကန့်အတွင်း ရောက်သွားသည်။ နောက်တစ်စက္ကန့်အတွင်းဝယ်တော့ သူသည် သစ်ကိုင်းကို လက်နှစ်ဖက်ဖြင့် လှမ်းဆွဲကာ သစ်ပင်ပေါ်သို့ ပေါ့ပါးစွာ ရောက်ရှိသွားတော့သည်။

ချောက်ကမ်းပါးထိပ်မှ ဆင်းလာသူ လူနှစ်ယောက်နှင့် ချောက်ကမ်းပါးအောက်မှ တက်လာကြသူ သုံးယောက်သည် တင်





မောင်ဆွေ့အောက်တည့်တည့်တွင် တွေ့ဆုံမိကြလေ၏။

ငါးယောက်သားသည် လှေကားအဆစ်အချိုးတွင် ရပ်ကာ ခပ်တိုးတိုးလေသံဖြင့် စကားပြောနေလိုက်ကြသည်။ အမှန်တော့ ချောက်ကမ်းပါးထိပ်မှ ဆင်းလာသူနှစ်ယောက်အနက် တစ်ယောက်မှာ စောနုမာလာဖြစ်လေသည်။ သူမသည် အခြားလူလေးယောက်၏ ဘေးတွင် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်လျက်ရှိနေသည်။ ထိုအခိုက်အတန့်တွင် သူမအား ကျန်လူလေးယောက်တို့က ဘယ်လိုမှ ဂရုမစိုက်ကြဘဲ လစ်လျူရှုထားလျက်ရှိနေ၏။ တကယ်တော့လည်း သူမ ထွက်ပြေးသွားမည်ကို ၄င်းတို့အနေဖြင့် ဘယ်လိုမှ စိုးရိမ်စရာမရှိပေ။ အကြောင်းမှာ သူမ၏လက်နှစ်ဖက်ကို လက်ပြန်ကြိုးတုပ်ထားကာ ခြေထောက်တစ်ဖက်ကိုလည်း ၁၈လက်မမျှသာ ရှည်သောကြိုးစတစ်ချောင်းဖြင့် တုံးခတ်ချည်နှောင်ထားသောကြောင့် ဖြစ်၏။

တင်မောင်ဆွေက သစ်ပင်ကလေး၏ သစ်ကိုင်းပေါ်တွင် သစ်ပင်၏ ပင်စည်ကို လက်တစ်ဖက်ဖြင့် သိုင်းဖက်လျက် ထိုင်နေရာမှ အခြားလက်တစ်ဖက်ဖြင့် ချောက်ကမ်းပါးနံရံမှ မြေကျစ်စာခဲကလေးတစ်လုံးကို အသာဖဲ့ယူလိုက်သည်။ ထို့နောက် ဆွေသချာစွာ ချိန်ရွယ်ကာ သူ့အောက်ကို အသာပစ်ချလိုက်၏။ မြေကျစ်စာခဲကလေးသည် စောနုမာလာ၏ လက်တစ်ဖက်ပေါ်သို့ ကျရောက်သွားလေ၏

သို့ရာတွင် စောနုမာလာက ထိတ်လန့်သွားသည့် အမူအရာလုံးဝမပြ။ အပေါ်သို့လည်း မော့မကြည့်ဘဲ သူမ၏ ခြေတစ်ဖက်ကိုသာလှုပ်ရှားလိုက်သည်။ အမှန်ကတော့ မြေစာကျစ်ခဲကလေးသူမ၏လက်ပေါ်မှတစ်ဆင့် မြေကြီးပေါ်သို့ကျသံကို ဖုံးကွယ်ရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူမက တမင်သက်သက်ပင် ခြေထောက်ကို လှုပ်ရှားလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေက ဤမျှ သတိကောင်းလှသော စောနုမာလာအား စိတ်ထဲကကြိတ်၍ ချီးမွမ်းလိုက်လေသည်။ အခြားသောမိန်းကလေးဆိုလျှင် လန့်၍ အော်လိုက်မည်လား မသိဗေ။

လူလေးယောက်ကတော့ ဆက်၍ စကားပြောဆိုနေကြဆဲဖြစ်၏။ ခေတ္တကြာတော့မှ စောနုမာလာက သူမ၏ဦးခေါင်းကလေးကို မသိမသာမော့ပြီး အပေါ်သို့ကြည့်လိုက်၏။ တင်မောင်ဆွေကလည်း သူ့မျက်နှာကိုမသိမသာ မောင်ရိပ်ထဲမှ ထွက်ပြလိုက်၏။

စောနုမာလာက တင်မောင်ဆွေအား ကောင်းစွာ တွေ့ရလေသည်။ သူမ၏မျက်နှာတွင် စိတ်အားထက်သန်လှသော မေးခွန်းတစ်ခုပေါ်လာသည်ကို / တင်မောင်ဆွေလည်း ကောင်းစွာတွေ့လိုက်ရ၏။ သူက အားပေးသောအပြုံးကို ပြုံးပြလိုက်၏။ ထို့နောက် ခေါင်းညိတ်လိုက်ကာ သင်္ဘောဆီသို့ လက်ညှိုးထိုးပြပြီး ခေါင်းထပ်ညိတ်ကာ ထပ်၍ ပြုံးပြလိုက်၏။ ထိုအပြုံးထဲတွင် တင်မောင်ဆွေက မိမိအား ယုံကြည်စိတ်ချမှုရှိဖို့ ယန်ကြားချက်ကို အစွမ်းကုန် ဖော်ပြလိုက်သည်။

စောနုမာလာကား တင်မောင်ဆွေမျှော်လင့်မိသည်ထက်ပင် နားလည်မှုရှိပြီး သတ္တိလည်းကောင်းလှပေသည်။ သူမသည် တင်မောင်ဆွေ ဘာဆိုလိုသည်ကို သဘောပေါက်သွားကာ တင်မောင်ဆွေ့အား ပကတိ ယုံကြည်စိတ်ချမှုဖြင့် လက်ခံကြောင်းကို ပြသည့်အနေဖြင့် ပြန်လည်၍ ပြောလိုက်လေ၏။

တင်မောင်ဆွေသည် စောနုမာလာအား ပို၍လေးစားသွားမိ၏။ ဤလို အမျိုးသမီးကလေးသည် ဒေါက်တာပဟိုး၏ ဓား





စာခံဘယ်လိုမှ မဖြစ်ရစေဟုလည်း ပို၍သာ သန္နိဋ္ဌာန်ချလိုက်မိပြန်လေ၏။

ဟုတ်စိန်ဆိုသူသည် စောနုမာလာအား ရှေ့သို့ဆက်ဆင်းရန် အမိန့်ပေးလိုက်၏။ သူတို့နှစ်ယောက်က အောက်သို့ဆင်းသွားကြစဉ် ကျန်လူနှစ်ယောက်ကလည်း အပေါ်သို့ ဆက်တက်သွားကြလေသည်။

(ဂ)

တင်မောင်ဆွေသည် ရင်ထဲတွင် ပူနွေးလျက်ရှိနေမိလေ၏။ စောနုမာလာသည် သူ့အား မြင်တွေ့သွားရပြီးနောက် သူလိုလားသည့်အတိုင်းပင် သူ့အား ပကတိ ယုံကြည်စိတ်ချစွာဖြင့် ရန်သူတွေနောက်သို့ ပကတိရဲရင့်စွာဖြင့် လိုက်ပါသွားသည်ကို တင်မောင်ဆွေက စိတ်ထဲတွင်ကြိတ်၍ ချီးကျူးမကုန်နိုင်ဘဲ ရှိနေသေးပေ၏။

သူမက သူ့အပေါ် ဤကဲ့သို့ ပိုမိုယုံကြည်စိတ်ချလေလေ သူမ၏ လွတ်မြောက်ရေးကို သူက ပို၍သာ ကြိုးစားရလေလေဖြစ်ရပေမည်။

တင်မောင်ဆွေသည် သစ်ပင်ပေါ်မှ ပေါ့ပါးစွာ ခုန်ချလိုက်၏။ သူက ကမ်းစပ်ဆီသို့ လှမ်းကြည့်လိုက်ရာ စောနုမာလာသည် တံတားကလေးဆီသို့ ဟုတ်စိန်တို့နှင့်အတူ ရဲရင့်စွာပင်လျှောက်ထွက်သွားသည်ကို တွေ့လိုက်ရ၏။ ထို့နောက် ဟုတ်စိန်က စောနုမာလာအား စောင့်စားနေသည့် သင်္ဘောမှ လှေကလေးပေါ်သို့ ဖေးမ တင်လိုက်သည်ကို တင်မောင်ဆွေက စောင့်ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောနုမာလာက လှေကလေးပေါ်သို့ ရောက်သွားသော်လည်း လှေကလေးက ပြန်လည်ထွက်ခွာမသွားသေးပေ။ လှေပေါ်တွင် မူလကပါလာသော လူအား စောင့်စားနေခြင်းဖြစ် ပေမည်။ ထိုလူမှာ သင်္ဘောဦးစီးပင်ဖြစ်ရမည်ဟု တင်မောင်ဆွေက တွက်လိုက်မိ၏။ ၄င်းသည်ဒေါက်တာဟိုးထံတွင်သွား၍ ညွှန်ကြား ချက်များရယူနေခြင်း ဖြစ်ဟန်တူပေ၏။

ဒေါက်တာဟိုးသည် ယခုအခါ ဘယ်လိုကြံစည်နေလျက်ရှိသည်ကို တင်မောင်ဆွေက တွေးကြည့်မိပြန်သည်။

ရန်ကုန်မှ ဟော်တယ်ရေချိုးခန်းထဲမှ မှန်ချပ်ပေါ်တွင် သွားတိုက်ဆေးနှင့် သူ့နာမည်ရေးသားထားခဲ့သည်ကို မင်းသားကြီး ဝဏ္ဏချန်ဒရာက တွေ့သွားသည့်အခါဝယ် ၄င်းနှင့်ဒေါက်တာဟိုးတို့ နှစ်ယောက်သည် တော်တော်ပင် စိုးရိမ်မကင်းဖြစ်ခဲ့မည်ကား သေချာလှပေ၏။

သို့အညီ ဒေါက်တာဟိုးသည် သေလာချမ်းမြဆီသို့အလျင် အမြန်လိုက်လာမည်မှာလည်း သေချာလျက်ရှိပေသည်။ သို့သော် ဒေါက်တာဟိုးသည် သူ့အရင်အိမ်ကြီးတွင် ရောက်နေလေပြီလား။ သို့မဟုတ် ရောက်လာဆဲဖြစ်သလားဆိုသည်ကိုတော့ တင်မောင်ဆွေက အတတ်မပြောနိုင်ချေ။

တစ်ခုတော့ရှိသည်။ ဒေါက်တာဟိုးသည် သူ့အရင်ရောက်နှင့်နေပြီဆိုပါက ဤခြံကြီးအတွင်းဝယ် အစောင့်တွေ တင်းကျမ်းပြည့် ဖြစ်လျက်ရှိနေပေမည်။

သို့မဟုတ်လည်း ဒေါက်တာဟိုးက သူ့အတွက် တမင်သက်သက် လမ်းဖွင့်ပေးလျက် ထောင်ချောက်ဆင်ထားခြင်းများ





ဖြစ်လေသလော… မည်သို့ပင်ဖြစ်စေ၊ အခြေအနေကို သူက တစ်မျိုးတော့ ပြောင်းလဲပစ်ရမည်သာ ဖြစ်ပေသည်။

သို့တစေလည်း ယခု အခြေအနေတွင်တော့ သူက စောင့်ကြည့်နေဖို့ လိုအပ်နေပေသေးသည်ဟု တင်မောင်ဆွေက ဆုံးဖြတ်လိုက်သည်။

၁၅-မိနစ်မျှ စောင့်နေလိုက်မိစဉ် ချောက်ကမ်းပါးအထက်ဆီမှ စကားပြောသံများကို သူက ကြားလိုက်ရပြန်သည်။ ထို့ကြောင့် တင်မောင်ဆွေက လှေကားထစ်များဘေးရှိ မှောင်ရိပ်ထဲတွင် အသာဝင်နေလိုက်ပြန်၏။

ခေတ္တကြာလျှင် လူနှစ်ယောက်က လှေကားအတိုင်းဆင်းလာကြသည်။ တစ်ယောက်မှာ စောစောက ရှမ်းလက်ပါးစေဖြစ်ကာ ကျန်တစ်ယောက်ကတော့ သင်္ဘောပေါ်ကလူ ဖြစ်နေလေသည်။ ၄င်းတို့နှစ်ယောက်စလုံးမှာ အေးအေးဆေးဆေး ရှိနေကြရာ အိမ်ကြီးတွင် ဘယ်လိုစိုးရိမ်ကြောင့်ကျစရာ သတင်းကိုမှ ကြားခဲ့ရဟန်မတူချေ။

၄င်းတို့သည် မှောင်ရိပ်ထဲမှ တင်မောင်ဆွေအား ဘယ်လိုမှ သတိမပြုမိကြဘဲ ကျော်ဖြတ်သွားကြကာ ဆိပ်ကမ်းတံတားကလေးဆီသို့ ဆင်းသွားကြသည်။ သင်္ဘောဆီကလူသည် စောင့်နေသော လှေကလေးပေါ်သို့ လှမ်းတက်လိုက်သည်။ ထို့နောက် လှေကလေးက ချက်ချင်းပင် ကမ်းစပ်မှ စတင် ထွက်ခွာသွားတော့သည်။ တံတားပေါ်တွင် ကျန်ရစ်သော လူတစ်ယောက်ကိုင်ထားသည့် မီးအိမ်မှမီးရောင်အားဖြင့် စောနုမာလာသည် လှေဦးကို ကျောပေးထိုင်နေရာမှ သူရှိနေရာသို့ တစ်ချက်လှမ်းမော့ကြည့်လိုက်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက တွေ့လိုက်ရသည်။

သို့ရာတွင် မှောင်ရိပ်ခိုနေသော သူ့ကို သူမက ဘယ်လိုမှ တွေ့ရနိုင်မည်မဟုတ်ပေ။ တံတားပေါ်တွင်ကျန်ရစ်သော လူနှစ်ယောက်သည် လှေကလေးအား ခေတ္တမျှ စောင့်ကြည့်နေပြီးနောက်မှ လှေကားထစ်များအတိုင်း ချောက်ကမ်းပါးသို့ ပြန်တက်လာကြပြန်သည်။

၄င်းတို့နှစ်ယောက်သည် တင်မောင်ဆွေ့အား ဘယ်လိုမှ မတွေ့ဘဲ ကျော်ဖြတ်သွားကြလေသည်။ တင်မောင်ဆွေကတော့ မှောင်ရိပ်ထဲတွင်သာ ဆက်ရပ်နေလိုက်သည်။ ကမ်းစပ်တွင် လူတစ်ယောက်က ကျန်နေရဦးမည်ဖြစ်၏။

တင်မောင်ဆွေ၏ ဖျတ်လတ်သော မျက်လုံးအစုံက ထိုလူအား လိုက်ရှာကြည့်သော်လည်း ဘယ်နေရာတွင်မှာမှ မတွေ့ရချေ။ တက်သွားကြသော လူနှစ်ယောက်၏ခြေသံများနှင့် စကားပြောသံများသည် မကြာခင် ဝေးကွာပျောက်ကွယ်သွားသည်။ သို့ရာတွင် တတိယလူကတော့ ယခုထက်ထိ ပေါ်မလာသေးချေ။

တင်မောင်ဆွေက ခေတ္တမျှ စောင့်ဆိုင်းနေလိုက်ပြီးမှ ပန်းများကို တွန့်လိုက်ကာ အုတ်လှေကားထစ်များပေါ်သို့ ပြန်ဆင်းလိုက်သည်။ တတိယလူက ဘာပဲလုပ်၍ ဘယ်ပဲရောက်နေနေ သူ့အနေဖြင့် စောင့်နေဖို့အချိန်မရှိတော့ချေ။

ကျောက်ချစောင့်နေသော သင်္ဘောသည် နောက်ထပ် ကြာကြာစောင့်နေမည် မဟုတ်တော့ချေ။ စောနမာလာနှင့် သင်္ဘောဦးစီး သင်္ဘောပေါ်သို့ ပြန်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ကျောက်နုတ်လျက် ကန်ကြီး၏တစ်ဖက်မှ နယ်စပ်ဆီသို့ ထွက်ခွာသွားကြ





တော့မည် ဖြစ်သည်။

တင်မောင်ဆွေက တွေးနေရင်းကပင် ရုတ်တရက် သူ့မျက်နှာသည် အပြုံးတစ်ခုဖြင့် ဝင်းလက်လာသည်။ သူက ရုတ်တရက် စိတ်ကူးတစ်ခု ရလိုက်သောကြောင့် ဖြစ်သည်။ အကယ်၍ တတိယလူသည် ကမ်းစပ်တွင်ရှိနေသေးပါက သူ့အတွက်ပို၍ ကောင်းပေသည်ဟု တွေးလိုက်မိခြင်းပင် ဖြစ်သည်။

တတိယလူ၏ အဖော်တွေကား မရှိကြတော့ချေ။ ထို့အတူ သင်္ဘောမှလှေကလည်း ထွက်ခွာသွားခဲ့ပြီဖြစ်၏။ ထို့ကြောင့် တွေ့ချင်းတွေ့ကြလျှင် တစ်ယောက်ချင်း တွေ့ရမည်သာ ဖြစ်သည်။ တွေ့ရလျှင်လည်း သူကသာ အနိုင်ရမည်ဟု တင်မောင်ဆွေက ယုံကြည်ထားပြီးဖြစ်နေသည်။

အကယ်စင်စစ် တတိယလူသည် သူ့အတွက်အနှောင့်အယှက် မဖြစ်ရုံသာမက သူ့ခေါင်းထဲတွင်ရှိနေသော အစီအစဉ်အတွက် အထောက်အကူတစ်ခု ဖြစ်လာနိုင်ပေသည်။

တင်မောင်ဆွေက အချိန်ဖြုန်းမနေတော့။ အုတ်လှေကားထစ်များအတိုင်း ကမ်းစပ်ဆီသို့ အပြေးကလေးဆင်းလာခဲ့တော့သည်။ သူက ဘယ်လိုမှဂရုမစိုက်ဘဲ ပြေးဆင်းခဲ့သည်ဖြစ်ရာ သူ့ဖိနပ်တစ်ဖက်က လှေကားထစ်တစ်ထစ်ပေါ်တွင် တင်နေသည့် ကျောက်ခဲကလေးတစ်ခဲကို သွားကန်မိကာ ကျောက်ခဲကလေးက လှေကားထစ်ပေါ်မှနေ၍ တတောက်တောက်မြည်လျက် အောက်သို့ ခုန်ဆင်းသွားလေတော့သည်။

'ဟေ့... ဘယ်သူလဲကွ...'

လှေကားထစ်တွေ၏ ခြေရင်းတွင်ရှိနေသော တတိယလူ၏



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်မေးလိုက်သော အသံက ထွက်ပေါ်လာသည်။

'ငါပါကွာ… မင်းကို အသုံးပြုစရာရှိလို့ လာခေါ်တာပဲ'

တင်မောင်ဆွေက ၎င်း၏ရှေ့သို့ ခုန်ဆင်းလိုက်ပြီး ပြန်ဖြေရာကပင် ၎င်း၏ ညာဝိုက်လက်သီးကလည်း တတိယလူ၏ပါးရိုးတည့်တည့်သို့ အရှိန်ပြင်းစွာ ခွပ်ခနဲ ဝင်သွားလေတော့သည်။

တတိယလူဖြစ်သော ကုလားဒိန်ရာရှင်ခမျာသည် အသံပင် တစ်ချက်မှ မထွက်နိုင်တော့ဘဲ မျက်စိထဲတွင် ကြယ်ပွင့်တွေ တွေ့လိုက်ရကာ လောကကြီးတွင် ဆက်လက်၍ စိတ်မဝင်စားနိုင်တော့ဘဲ ဖြစ်သွားရှာတော့သည်။

(ဃ)

တင်မောင်ဆွေက လျင်မြန်သွက်လက်စွာပင် ကုလားဒိန်ရာရှင်၏ ပျော့ခွေသတိကင်းလွတ်နေသော ကိုယ်ခန္ဓာကို သူ့ပခုံးတွင် ထမ်းတင်လိုက်ကာ ဆိပ်ကမ်းတံတားဆီသို့ လျှောက်ခဲ့သည်။ နောက်တစ်ခဏတွင် သူက ရာရှင်အား တံတားကလေးဘေးတွင် ဆိုက်ကပ်ထားသည့် ပဲ့ချိတ်ကလေး၏ ဝမ်းခေါင်းထဲသို့ ပစ်ချလိုက်သည်။

ထို့နောက်တွင်တော့ တင်မောင်ဆွေက အောက်ခံဘောင်းဘီတိုကလေးတစ်ထည်သာ ချန်ထားပြီး အဝတ်အစားတွေကို သူက ကုတ်အင်္ကျီနှင့် ထုပ်ထားလိုက်၏။

ဒုတိယအနေဖြင့် သူက သတိကင်းလွတ်နေသော ရာရှင်အား ပဲ့ချိတ်ကလေး၏ ပဲ့ပိုင်းတွင် လှေဝမ်းထဲမှ ပျဉ်ပြားတစ်ချပ်





ဖြင့် ကပ်လျက် ထိုင်လိုက်စေကာ… လှေဦးမှကြိုးဖြင့် အခိုင်အမာ ချည်နှောင်ထားလိုက်သည်။ တင်မောင်ဆွေက ကျောက်ချစောင့်နေသော သင်္ဘောကလေးဆီသို့ လှမ်းကြည့်လိုက်ရာ စောနမာလာအား တင်ဆောင်လှော်ခတ်သွားသည့် လှေကလေးသည် သင်္ဘောဆီသို့ရောက်လုနီးနီးဖြစ်နေသည်ကို တွေ့လိုက်ရ၏။

တင်မောင်ဆွေက ပဲ့ချိတ်အင်ဂျင်စက်ကို နှိုးလိုက်သည်။ ကြိုးကိုပထမဦးဆုံးအကြိမ် ဆွဲလိုက်သည်နှင့်ပင် အင်ဂျင်စက်က စတင်နိုးလာတော့သည်။

တင်မောင်ဆွေက သူ့အဝတ်အစားများကို ထုပ်ထားသည့် ကုတ်အင်္ကျီကို ခေါင်းပေါ်တွင်တင်ကာ ကုတ်အင်္ကျီလက်စနှစ်ဖက်ကို မေးအောက်တွင် ခိုင်မြဲစွာ သိုင်းချည်နှောင်ပြီး ပဲ့ချိတ်ကလေးဘေးမှနေ၍ ရေထဲသို့အသာခုန်ဆင်းလိုက်ပြီး လှေနံစောင်းကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။ ကျန်လက်တစ်ဖက်ကတော့ လှေ၏ပဲ့ကို… ထိန်းထားပေးနေသည်။

ပဲ့ချိတ်လှေကလေးသည် ဆိပ်ကမ်းတံတားမှ ခွာကာ ကန်ထဲသို့ ဦးတည်လျက် တဖုတ်ဖုတ် ရေပြင်ကိုဖြတ်လျက် ပြေးနေတော့သည်။ တင်မောင်ဆွေကလည်း ရေထဲမှနေ၍ လှေကလေးဆွဲဆောင်ခေါ်ငင်ရာသို့ ပါသွားလေ၏။ ရာရှင်ခမျာတော့ လှေပဲ့ပိုင်းတွင် တင်မောင်ဆွေက ပျဉ်ချပ်တစ်ချပ်ဖြင့် ထောင်ချီထားသည့်အတိုင်း ငုတ်တုတ်ကြီးထိုင်လျက်သား လိုက်ပါလာရှာသည်။

ထိုအချိန်မှာပင် စောနမာလာတို့၏ လှေကလေးသည် သင်္ဘောဘေးတွင် ဆိုက်ကပ်မိကာ စောနမာလာအား လူနှစ်ယောက်က လျင်မြန်စွာ သင်္ဘောပေါ်သို့ ပွေ့တင်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲချိတ်ကလေးကလည်း သဘော်ဆီသို့ ဦးတည်လျက် လျင်မြန်စွာ ပြေးနေသည်။ လှေပွဲပိုင်းဘေးဘက်မှလှေနံတစ်ဖက်ကို သန်မာသော လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ လက်တစ်ဖက်က လှေပွဲပိုင်းကို ထိန်းပေးလျက်လိုက်လာသော တင်မောင်ဆွေသည် လှေ၏ပွဲချိတ်စက်မှ ဖြစ်ပေါ်လာသောရေမြှုပ်ရေမွှာတွေကြားမှ စူးရှသောမျက်လုံးအစုံဖြင့် ကြည့်နေလိုက်သည်။

တင်မောင်ဆွေက ပွဲချိတ်လှေကလေးကို သဘော်ဆီသို့ တသမတ်တည်းဦးတည်၍ ပွဲကိုင်မပေးနိုင်ပေ။ သို့ရာတွင် သဘော်နှင့် အနီးကပ်ဆုံးနေရာသို့ ရောက်လာရအောင်တော့ သူက ကြိုးစား၍ ပွဲကိုထိန်းပေးနေသည်။ ရေမြှုပ်ရေမွှာများသည် သူ့မျက်စိ၊ သူ့နှာခေါင်း သူ့ပါးစပ်ထဲသို့ စင်ဝင်နေသည်ကို သူက ကြိတ်၍ သည်းခံနေရသည်။ ပွဲချိတ်စက်၏တဖုတ်ဖုတ် စက်ခုတ်သံကလည်း သူ့နားထဲသို့ ဟိန်းဝင်လျက်ရှိနေသည်။

တင်မောင်ဆွေက ပွဲချိတ်စက်၏ ပွဲကိုသဘော်ဆီသို့ ဦးတည် ထိန်းလိုက်ပြန်ရာက လှမ်း၍လည်း ကြည့်လိုက်မိသည်။ သဘော်လက်ရမ်းတွင် လူတွေက တန်းစီလျက် ပွဲချိတ်လှေကလေး ဆီသို့ လှမ်းကြည့်နေသည်ကို သူက ရိပ်ခနဲတွေ့လိုက်ရ၏။

သဘော်ပေါ်ကလူတွေသည် သူတို့ထံသို့ ဦးတည်လျက် လာနေသော ပွဲချိတ်ကလေးနှင့် ပတ်သက်၍ ဘယ်လိုများပါလိမ့်ဟု တွေးတော အံ့သြနေကြတော့မည်မှာ ဧကန်ဖြစ်ပေသည်။

ပွဲချိတ်ကလေးသည် သဘော်နှင့် ကိုက်နှစ်ရာမျှသာ ဝေးကွာတော့သည့်နေရာသို့ ရောက်လာနေသည်။ တင်မောင်ဆွေက ရေမြှုပ်ရေမွှာတွေကြားထဲကပင် သဘော်ဆီသို့ လှမ်းကြည့်ကာ





လှေဦးကိုလည်း သဘော်၏ဦးပိုင်းဆီသို့ တည့်တည့်ကြီးချိန်ရွယ်လိုက်သည်။ လှေကလေးသည် သဘော်ဘေးကို တည့်တည့်ကြီးဝင်တိုက်မိပါက သူ့အတွက် မျှော်လင့်ချက်ရှိတော့မည် မဟုတ်သည်ကို တင်မောင်ဆွေက နားလည်လိုက်မိသည်။

လှေကလေးသည် သဘော်ဦးပိုင်းမှ ကျောက်ကြိုးနှင့် ငါးပေခန့်မျှလွဲချော်၍ သဘော်ကို ကျော်ထွက်သွားလေသည်။ သဘော်ကိုကျော်သွားစဉ် သဘော်ပေါ်မှ တစ်စုံတစ်ယောက်က အော်လိုက်သံကို တင်မောင်ဆွေက ခပ်သဲ့သဲ့ကြားလိုက်ရသည်။

တင်မောင်ဆွေက လှေနံစောင်းကို မြဲမြဲစွာ ပို၍ဆုပ်ကိုင်ထားလိုက်သည်။ သူ့လက်မောင်းသည် သန်မာလှသည့်တိုင် လှေကလေး၏ ဆွဲငင်အားကြောင့် တော်တော့်ကိုကိုက်ခဲလာပြီ ဖြစ်သည်။ နောက်ထပ်ကြာကြာ ဆုပ်ကိုင်ထားနိုင်တော့မည် မဟုတ်သည်ကိုလည်း သူ့ဘာသာသူ သိလာမိ၏။

သည်တစ်ခါတော့ အောင်မြင်အောင် ကြိုးစားရပေမည်။

တင်မောင်ဆွေက အံကြိတ်လိုက်ကာ လှေကလေး၏ပွဲကို လှည့်လိုက်သဖြင့် လှေကလေးသည် ရေထဲတွင် တစ်ပတ်ပြန်ကွေ့ပြီး သဘော်ဆီသို့ပြန်၍ ဦးတည်လိုက်ပြန်သည်။

ကုလားဒိန်ရာရှင်ခများကား လှေပွဲပိုင်းတွင် တင်မောင်ဆွေက ပျဉ်ပြားကြီးထောင်၍ ချည်နှောင်ထားခဲ့သည့်အတိုင်း ငုတ်တုတ်ကြီး ထိုင်လျက်သား လိုက်ပါလာလျက်ရှိနေသည်။

လှေကလေးသည် နောက်တစ်ကြိမ် သဘော်ဦးပိုင်းဆီသို့ ဦးတည်လျက် ပြေးသွားနေပြန်သည်။ ထိုစဉ်မှာပင် တင်မောင်ဆွေက လှေကလေး၏ ပွဲချိတ်စက်သံကိုကျော်၍ 'ဒိုင်း'ခနဲ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



သံတစ်ချက်ကို ကြားလိုက်ရသည်။

တင်မောင်ဆွေက ရေထဲကပင် ကြိတ်၍ ပြုံးလိုက်မိသည်။ သင်္ဘောပေါ်ကတော့ လှေကလေးဆီသို့ သေနတ်နှင့် လှမ်း၍ပစ်ထည့်နေလေပြီ။ ဒါကိုကြိုတင်သိ၍ပင် တင်မောင်ဆွေက ရာရှင်ကို လှေပေါ်တွင် တင်လာခဲ့ခြင်းဖြစ်၏။ သင်္ဘောပေါ်ကနေကြည့်လျှင် ရာရှင်ကို ပွဲချိတ်လှေမောင်းလာသူဟု ထင်ရပေမည်။

လှေကလေးသည် သည်တစ်ခါတော့ သင်္ဘောဦးပိုင်းမှ ကျောက်ကြိုးနှင့်ပွတ်လျက်သား ကျော်ဖြတ်သွားသည်။ တင်မောင်ဆွေက ကြိုတင်၍ လှေကိုလွှတ်လိုက်ကာ သူ့ရှေ့သို့အဟုန်နှင့်တိုးဝင်လာသည်ဟု ထင်ရသော ကျောက်ကြိုးကို လက်နှစ်ဖက်ဖြင့် မိမိရရကြီး ဖမ်းဆုပ်ထားလိုက်နိုင်၏။

လှေကလေးဆီသို့ သူက လှမ်းကြည့်ရာ ရေကန်ကြီးအလယ်ဆီသို့ ကွေ့ဝိုက်ခုတ်ပြေးသွားသည်ကို တွေ့လိုက်ရသည်။ ထိုစဉ်မှာပင် သင်္ဘောပေါ်မှ သေနတ်သံတစ်ချက် ထွက်ပေါ်လာပြန်ကာ ရာရှင်ခမျာသည်လှေဝမ်းထဲသို့ မှောက်လျက်ကြီး ထိုးကျသွားလေသည်။ လှေကလေးကတော့ ရေကန်ကြီးအလယ်ဆီသို့ ဆက်လက်ခုတ်ပြေးသွားလေသည်။

တင်မောင်ဆွေက ကျောက်ကြိုးကိုတွယ်လျက်သား ကျွမ်းသမားတစ်ယောက်ပမာ ကျင်လည်ပေါ့ပါးစွာပင် သင်္ဘောဦးပိုင်းသို့ ဝမ်းလျားထိုးမှောက်လျက်သား တက်လိုက်နိုင်သည်။ သင်္ဘောကုန်းပတ်ပေါ်တွင် တင်မောင်ဆွေက ဝမ်းလျားမှောက်လျက်သား အသာငြိမ်နေလိုက်သည်။ သို့ရာတွင် သူ့ဘက်သို့ ဘယ်သူကမှ ကြည့်မနေကြ။ အားလုံးကပင် ရေကန်ကြီး၏အလယ်ဆီသို့ သူ့ဘာသာ





သူ ဦးတည်ခုတ်မောင်းသွားနေသော ပွဲချိတ်ကလေးဆီသို့သာ စိတ်ဝင်စားစွာ စူးစိုက်ကြည့်လျက် ရှိနေကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

- ၇ -

## သဘော်ပေါ်က မင်္ဂလာဆောင်ပွဲ

(က)

စောနုမာလာသည် သဘော်ကုန်းပတ်ကို ဖြတ်လျှောက်လျက် သဘော်၏ကက်ဘင်အခန်းထဲသို့ ခေါ်သွားခြင်း ခံရစဉ်မှာပင် သေနတ်သံတစ်ချက်ကို ကြားလိုက်ရသည်။ ထိုမတိုင်မီကလေးကတော့ ပွဲချိတ်စက်သံ ကြားခဲ့ရပြီး၊ ပွဲချိတ်စက်လှေကလေးတစ်စင်းက သဘော်ထံဦးတည်၍ ခုတ်မောင်းလာနေလျက် လှေ၏ပွဲပိုင်းတွင် လူတစ်ယောက်က ထိုင်၍လိုက်ပါလာသည်ကိုလည်း သူမက တွေ့ခဲ့ရ၏။

ထိုလှေကလေးကြောင့် သဘော်ပေါ်တွင်ရှိနေသော လူလေးငါးယောက်မှာ တော်တော်ကလေး လှုပ်လှုပ်ရွရွဖြစ်သွားသည်ကိုလည်း စောနုမာလာက တွေ့ခဲ့ရကာ ၎င်းတို့တတွေ အချင်းချင်းမေးမြန်းနေကြသည်ကိုလည်း ကြားခဲ့ရ၏။ သူမကိုယ်တိုင်မှာလည်း





အတော်ကလေး ဇဝေဇဝါဖြစ်သွားခဲ့ရသည်။

ချောက်ကမ်းပါးမှ ဆင်းလာခဲ့စဉ်က သူမသည် သစ်ပင်သစ်ကိုင်းပေါ်တွင် ခိုကပ်နေခဲ့သည့် တင်မောင်ဆွေကို တွေ့ခဲ့ရသည်၌ အတော်ကြီးကို ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားခဲ့ရသည်။ တင်မောင်ဆွေက သူယခု လောလောဆယ်ဆယ် ဝင်မစွက်သေးဘဲ သူမအား သဘော်ဆီသို့ လိုက်ပါသွားရန် အမူအရာဖြင့် ပြလိုက်သည့်အခါကလည်း သူမက ကျေကျေနပ်နပ်ပင် လက်ခံခဲ့သည်။ အကြောင်းမူ တင်မောင်ဆွေ့စကားကို နာခံကာ သူမက ဒေါက်တာဟိုး၏လက်တွင်းသို့ တစ်ဖန် ပြန်လည်အရောက်ခံသည့်တိုင် ယခုထက်ထိတော့ အရေးပါအရာရောက်သည့် အကြောင်းအချက်များကို သူမက ကျကျနန မသိခဲ့ရသေးသောကြောင့် ဖြစ်သည်။

သို့သော် တင်မောင်ဆွေက ယခု ဝင်ရောက်ဝင်စွက်ဖက်လာခြင်းကိုတော့ သူမက နားမလည်မိဘဲ ရှိနေသည်။ အကယ်၍ ဝင်ရောက်စွက်ဖက်လိုလျှင် ချောက်ကမ်းပါးလှေကားထစ်များပေါ်တွင် စွက်ဖက်ခြင်းက သူ့အတွက်ပို၍ အခွင့်အရေး ကောင်းခဲ့ပေသည်။ ထိုစဉ်တုန်းကဆိုလျှင် သူသည် ရန်သူတွေအပေါ်ဝယ် အဓိုက်ဖမ်းကာ အလွယ်တကူ အနိုင်ယူနိုင်ခဲ့ပေမည်။

ထို့ကြောင့် ယခု သူမ သဘော်ပေါ်သို့ရောက်နေမှ ပွဲချိတ်ကလေးတစ်စင်းဖြင့် တဖောက်ကန်းလိုက်လာခြင်းကို စောနုမာလာက နားမလည်နိုင်ဘဲ ရှိနေမိခြင်းဖြစ်လေ၏။

သို့ရာတွင် သူမက ထိုပြဿနာကို ကျကျနနစဉ်းစားဝေဖန်ဖို့ အချိန်ရခဲ့သည်ကား မဟုတ်ပေ။ သူမအား ခေါ်ဆောင်လာသည့် လူနှစ်ယောက်က သဘော်ဆီသို့ ချဉ်းကပ်လာနေကြသော လှေက



www.burmeseclassic.com

www.burmeseclassic.com



လေးကို စောင့်ကြည့်နေဖို့ အချိန်မပေးကြပေ။ သူမအား သင်္ဘောကုန်းပတ်ကို ကျော်ဖြတ်ကာ ကက်ဘင်ခန်းတစ်ခန်းဆီသို့ အတင်းခေါ်ဆောင်သွားကြလေသည်။ သင်္ဘောပေါ်ရှိ အခြားလူတွေကတော့ ပွဲချိတ်လှေကလေးဆီတွင် အာရုံစိုက်နေကြသော်လည်း ဤလူနှစ်ယောက်ကတော့ သူမအား ကက်ဘင်အခန်းထဲသို့ ပို့ဆောင်ဖို့ကိုသာ စိတ်စောနေကြလေသည်။

သေနတ်သံတစ်ချက်က နောက်ထပ် ဒိုင်းခနဲ ထွက်ပေါ်လာပြန်သည်။ သို့ရာတွင် သူမအား ခေါ်ဆောင်သွားကြသူတွေကတော့ ဘယ်လိုမှဂရုမစိုက်၊ သူမ၏လက်မောင်းတွေကို တစ်ဖက်တစ်ချက်မှ ဆုပ်ကိုင်ကာ သူမအားချီမ မသွားရုံတမယ် သင်္ဘောကုန်းပတ်တစ်လျှောက် လျှောက်သွားနေကြသည်။

စောနမာလာကတော့ ထိုလူနှစ်ယောက်ခေါ်ဆောင်ရာနောက်သို့ ဒယဉ့်တိုက်လိုက်ပါသွားနေရာကပင် ပွဲချိတ်လှေကလေးဆီသို့ လည်ပြန်လှည့်ကြည့်လိုက်ပြန်သည်။ လှေကလေးသည် ဒုတိယအကြိမ် သင်္ဘောဆီသို့ ဦးတည်ခုတ်မောင်းလာနေရာက သင်္ဘောဦးပိုင်းမှ ပွတ်ကာသီကာ ဖြတ်ကျော်သွားသည်ကို သူမက တွေ့လိုက်ရသည်။ ထိုစဉ်မှာပင် သေနတ်သံတစ်ချက်က နောက်ထပ် ထွက်ပေါ်လာပြန်ကာ လှေပဲ့ပိုင်းတွင် ထိုင်နေသူသည် ရုတ်တရက် ရှေ့သို့ထိုးစိုက်ကျသွားသည်ကို တွေ့လိုက်ရပြန်သဖြင့် စောနမာလာမှာ ရင်ခုန်ခေတ္တမျှ ရပ်သွားသည်ဟု ထင်မှတ်လိုက်မိကာ မျက်စိများကို မှိတ်ထားလိုက်မိလေတော့၏။ သူမအား ခေါ်ဆောင်လာသူတစ်ယောက်က ကက်ဘင်အခန်းတံခါးကို ဆွဲဖွင့်လျက် ကျန်တစ်ယောက်က အခန်းထဲသို့ ဆွဲသွင်းလိုက်သည့်အခါတွင်ကား





ပွဲချိတ်စက်သံကလေးမှာ လျှင်မြန်စွာဝေးကွာ သွားခဲ့ပြီ ဖြစ်လေ၏။

စောနမာလာက ခုံရှည်တစ်ခုပေါ်တွင် အားပျော့နုံးခွေစွာ ထိုင်ချလိုက်မိသည်။ သူမအား ခေါ်ဆောင်လာသူ နှစ်ယောက်ကလည်း ချက်ချင်းပင် အခန်းထဲမှ ပြန်ထွက်ကာ တံခါးကိုအပြင်မှ ဆွဲပိတ်လိုက်လေ၏။ ထို့နောက် သော့ခတ်လိုက်သံကို ဂျက်ခနဲ သူမက ကြားလိုက်ရသည်။

စောနမာလာ စိတ်တွေဟုန်လျက် ရှိနေသည်။ သူမ၏ အသည်းနှလုံးကလည်း အေးစက်ထုံခဲနေသည်ဟု ထင်မှတ်ရ၏။ သူမသည် ခုံရှည်ပေါ်တွင်ပင် မလှုပ်မယှက်ကျောက်ရုပ်လို ထိုင်နေလိုက်မိ၏။ သင်္ဘောဥဩသံနှင့်အတူ စက်သံတဂျိမ်းဂျိမ်း ခုတ်မောင်းလိုက်သံကို ကြားလိုက်ရသည့်တိုင် သူမက မရွေ့မလျား ထိုင်မြဲထိုင်နေလိုက်သည်။

သူမသည် မိမိရောက်နေသော ပတ်ဝန်းကျင်ကို စက်ရုပ်တစ်ခုလိုပင် လှည့်ပတ်ကြည့်ရှုလိုက်မိ၏။ ကြိမ်ပက်လက်ကုလားထိုင်များ၊ စာရွက်များခင်းထားသည့် စားပွဲပုကလေးတစ်လုံးနှင့် သူမနှင့်မျက်နှာချင်းဆိုင်တွင် လိုက်ကာတစ်ခု ကာထားသည့် အိပ်စင်ကလေးက ရှိနေ၏။

သင်္ဘောကား ရွေ့လျားလျက် ရှိနေချေပြီ။ စောနမာလာသည် မှန်ကာထားသော အပေါက်ဝိုင်းကလေးမှနေ၍ အပြင်ဘက်သို့ လှမ်းကြည့်လိုက်၏။ သင်္ဘောသည် ကန်အလယ်ဆီသို့ ဦးတည်ခုတ်မောင်းလျက် ရှိနေသည်။ နောက်ဘက်တွင် မည်းမှောင်နေသောကမ်းခြေက တဖြည်းဖြည်း ဝေးကွာ၍ ကျန်ရစ်ခဲ့သည်ကို စောနမာလာက တွေ့လိုက်ရ၏။ ထိုကမ်းခြေတစ်နေရာဆီမှနေ၍ မီးရောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက မိုတ်ချည်လင်းချည်ဖြင့် အချက်ပြနေသည်ကိုလည်း သူမက သတိပြုလိုက်မိသည်။

အမှန်ကတော့ ထိုအချက်ပြမီးမှာ အိမ်ကြီးဆီမှနေ၍ သင်္ဘောဆီသို့ အကျိုးအကြောင်းမေးနေခြင်းဖြစ်ကာ သင်္ဘောဆီမှလည်း အချက်ပြမီးဖြင့်ပင် တင်မောင်ဆွေသင်္ဘောဖြစ်ကြောင်း ပြန်လည်ဖြေကြားနေသည်ကို စောနုမာလာက ရိပ်မိလိုက်လေ၏။ စောနုမာလာသည် ရင်ထဲတွင် နင့်ခနဲဖြစ်သွားမိရာက မမြင်ရသောမျက်လုံးများဖြင့် ကန်ရေပြင်ဆီသို့ ငေးမျှော်ကြည့်လိုက်မိသည်။ သူမ၏ဦးနှောက်သည် ထုံဆေးထိုးခြင်း ခံထားရသည့်အလား။ ဘာကိုမှ စဉ်းစားတွေးတော၍ မရဘဲရှိနေ၏။ အချိန်မည်မျှ ကြာသွားသည်ကိုပင် သူမက မသိမိတော့။

အပြင်ဘက်မှ သော့ဖွင့်သံနှင့်အတူ တံခါးပွင့်လာသည့်အခါတွင်မှ သူမက စက်ရုပ်တစ်ခုအလား လှည့်ကြည့်လိုက်၏။ ဝင်လာသူကား အရပ်ပိန်ပိန်နှင့် မာလိန်မှူး ဝတ်စုံဝတ်ထားသော မျက်နှာဖြူတစ်ယောက်ဖြစ်နေသည်။ ၎င်းက စောနုမာလာအား အင်္ဂလိပ်ဘာသာစကားဖြင့် နှုတ်ဆက်စကား ပြောဆိုလိုက်သည်။

'ကောင်းသော ညနေခင်းပါ မစ္စစောနုမာလာ…'

'ရှင်က ဒီသင်္ဘောရဲ့ မာလိန်မှူးလား…'

စောနုမာလာက အေးစက်သောအသံဖြင့် ပြန်မေးလိုက်သည်။

'မှန်ပါတယ်… ဒါပေမဲ့ ခင်ဗျား အခုလို အခြေအနေမှာ ရောက်နေတာဟာ ကျွန်တော်နဲ့ဘာမှမဆိုင်ပါဘူး… ကျွန်တော့် အလုပ်ရှင်ရဲ့ တာဝန်သက်သက်ပါ…'





'ရှင့်အလုပ်ရှင်ကကော ဘယ်သူလဲ…'

'ဒါကို ကျွန်တော်က ပြောပြခွင့်မရှိပါဘူး ခင်ဗျာ'

'ရှင်ဟာ တရားဥပဒေ ဖောက်ဖျက် ကျူးလွန်ခဲ့တယ်ဆိုတာကိုကော သိရဲ့လား…'

မျက်နှာဖြူ မာလိန်မှူးဟာ သူ့ပခုံးများကို မသိမသာ တွန့်လိုက်၏။

'ဒါကိုလည်း ကျွန်တော့်ရဲ့အလုပ်ရှင်က တာဝန်ယူပါလိမ့်မယ်…'

'လူသတ်မှု ကျူးလွန်တာကိုကော ရှင့်အလုပ်ရှင်က တာဝန်ယူနိုင်မှာတဲ့လား…'

သင်္ဘောမာလိန်မှူးက ခပ်သဲ့သဲ့ နှုတ်ခမ်းတွန့်လျက် ပြုံးလိုက်သည်။

'ကျုပ်ကို လူသတ်မှုကျူးလွန်တယ်ရယ်လို့ ဘယ်သူက စွပ်စွဲနိုင်မှာလဲ၊ စွပ်စွဲဦးတော့လည်း ကျုပ်အလုပ်ရှင်ကပဲ တာဝန်ယူပါလိမ့်မယ်။ သူဟာ အင်မတန်မှ တန်ခိုးအာဏာကြီးသူတစ်ယောက်ပါ…'

စောနုမာလာသည် ခေတ္တမျှ တိတ်ဆိတ်သွားတော့သည်။ ပြီးမှ သူမက မေးခွန်းတစ်ခု ပြန်ထုတ်လိုက်၏။

'ရှင်တို့က ကျွန်မကို အခုလိုခေါ်လာတာဟာ ဘာသဘောလဲ၊ ပြန်ပေးဆွဲဖို့လား…'

'ဒီအကြောင်းကို ခင်ဗျား အခုထက်ထိ မသိရသေးဘူးလား'

စောနုမာလာက ခေါင်းခါပြလိုက်လျှင် သင်္ဘောမာလိန်



www.burmeseclassic.com

www.burmeseclassic.com



မှုးသည် ကြိမ်ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ရာက အိတ်ကပ်ထဲမှ ဆေးပြင်းလိပ်သေးသေး ရှည်ရှည်ကလေး တစ်လိပ်ကို ထုတ်ယူပြီး မီးညှိလိုက်၏။

'ကောင်းပြီလေ၊ အခု ကျွန်တော်က ရှင်းပြရမှာပေါ့။ ခင်ဗျားကို ကျုပ်တို့က အခုလိုခေါ်လာရတဲ့အကြောင်းရင်းကတော့ ရှင်းရှင်းပြောရရင် ခင်ဗျားကို သင်္ဘောပေါ်မှာပါလာတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ပါပဲ။ အဲဒီလူဟာ ခင်ဗျားတို့ အမျိုးသားတစ်ယောက်ပဲ။ နာမည်ကတော့ ပွတ်ရှကပ်လို့ခေါ်တယ်… ခင်ဗျားက သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ၊ ကျုပ်က ခင်ဗျားကို အဲဒီလူနဲ့ လက်ထပ်ပေးရမှာပါပဲ။ အကယ်၍ လိုအပ်လာလို့ရှိရင် ခင်ဗျားဟာ ဒီလူကို လက်ထပ်ဖို့ သဘောတူတယ်လို့ သက်သေခံမယ့်လူတွေက ရှိနေကြပါတယ်… ခင်ဗျား ဒီလူကို ဘာကြောင့် လက်ထပ်ရမယ်ဆိုတာကိုတော့ ကျွန်တော်လည်း မသိပါဘူး…'

(ခ)

သင်္ဘောမာလိန်မှူး ပြောလိုက်သောစကားများသည် စောနမာလာအား ဘယ်လိုမှ အံ့အားသင့်မသွားစေပေ။ တင်မောင်ဆွေ၏ တွက်ကိန်းနှင့် တထေရာတည်း ဖြစ်နေသည်ကိုသာ သူမက တွေးတောချိုးကျူးလိုက်မိသည်။ တဖန် တင်မောင်ဆွေတစ်ယောက်ခမျာမှာတော့ သူ့တွက်ကိန်းမှန်နေသည်ကို သိမသွားရှာပါကလားဟု တွေးလိုက်မိပြီး ရင်ထဲက ဟာသွားမိပြန်၏။ သို့ရာတွင် သူမက





ဣန္ဒြေမပျက်ပင် သင်္ဘောမာလိန်မှူးအား ပြန်ကြည့်လိုက်သည်။

'နေပါဦး… ဒီပွတ်ရှကပ်ဆိုတဲ့လူက ဘယ်သူလဲ…'

'သူ ဘယ်သူဘယ်ဝါဆိုတာကို ကျွန်တော်မသိပါဘူး။ တကယ်တော့ ကျွန်တော်ဟာ သူနဲ့စကားတောင် ကောင်းကောင်း မပြောရသေးပါဘူး။ သူဟာ သင်္ဘောပေါ် ရောက်လာကတည်းက သူ့ကက်ဘင်အခန်းထဲမှာပဲ ဝင်အောင်းနေခဲ့ပါတယ်… ခုနက သေနတ်ပစ်သံတွေ ကြားမှ သူထွက်လာခဲ့တယ်… သူက အခု ခင်ဗျားနဲ့ တွေ့ရဖို့အပြင်မှာ စောင့်နေပါတယ်…'

'ဒီလူဟာ ရုပ်အသွင်ဘယ်လိုရှိတယ်ဆိုတာကိုတောင်မှ ရှင်မသိဘူးလား…'

'သူ သင်္ဘောပေါ်တက်လာတုန်းက ကျုပ် သူ့ကိုတစ်ခါပဲတွေ့ခဲ့ရပါတယ်။ သူဟာ အရုပ်အမောင်းကောင်းပြီး မျက်မှန်တပ်ထားပါတယ်။ နှုတ်ခမ်းမွေးရှိပါတယ်… ဒါပဲ ကျွန်တော်ပြောနိုင်ပါတယ်… သူဟာ လူတွေနဲ့သိပ်တွေ့ချင်ပုံမရဘူး…'

'ကဲ… ထားလိုက်ပါတော့ရှင်၊ ကျွန်မတို့ အခု ဘယ်သွားမယ်ဆိုတာကော ရှင်မပြောပြနိုင်ဘူးလား…'

မာလိန်မှူးက သူ့ပခုံးများကို မသိမသာတွန့်လိုက်ပြန်၏။

'ကျုပ်တာဝန်က ခင်ဗျားကို ဒီလူနဲ့ သင်္ဘောပေါ်မှာ လက်ထပ်ပေးပြီး၊ တစ်ဖက်ကမ်းက နယ်ခြားမြို့ကိုအရောက်၊ ခင်ဗျားတို့ကို ပြန်ပို့ပေးဖို့ပဲ။ အဲဒီမြို့ကျတော့ ခင်ဗျားတို့ ဘယ်ကိုဆက်သွားရမယ်ဆိုတာကို၊ ကျုပ် အလုပ်ရှင်က ညွှန်ကြားပါလိမ့်မယ်…'

မာလိန်မှူးမျက်နှာဖြူ၏ အမူအရာမှာ အေးတိအေးစက်ရှိလှပေသည်။ စောနမာလာ၏ ကံကြမ္မာကို ဘယ်လိုမှ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားပုံမရသော လူတစ်ယောက်၏ အမူအရာမျိုးသာ ရှိနေ၏။

'ဒီမှာရှင်··· ရှင် အခုလုပ်နေတဲ့ ကိစ္စဟာ ဘယ်လောက် အဓိပ္ပာယ်ရှိနေတယ်ဆိုတာကို ရှင် စိတ်မဝင်စားဘူးလား'

'ကျုပ် စိတ်ဝင်စားဖို့ မလိုပါဘူး။ ကျုပ် အခု လုပ်နေရတဲ့အတွက် ငွေကောင်းကောင်းရနေရင် ပြီးတာပဲ။ ရလည်း ရထားပါတယ်···'

သင်္ဘောမာလိန်မှူး မျက်နှာဖြူက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်ပြန်သည်။

'ကျုပ်ရဲ့ အလုပ်ရှင်ဟာ တန်ခိုးအာဏာရှိတဲ့ လူတစ်ယောက်လို့ ပြောပြီးပြီ မဟုတ်လား။ သူက ကျုပ်ကို အပြည့်အဝ အကာအကွယ် ပေးထားတာပဲ···'

'အဲ··· ထားလိုက်ပါတော့··· ဒါပေမဲ့ ကျွန်မ ဘယ်သူဆိုတာကိုကော ရှင်သိရဲ့လား···'

စောနမာလာက မျက်နှာကို ရုတ်တရက် တင်းမာလိုက်ရာက ပြန်မေးလိုက်သည်။ သင်္ဘောမာလိန်မှူးက ခေါင်းကို ယမ်းခါပြလိုက်၏။

'ဟင့်အင်း··· ကျုပ် မသိပါဘူး···'

'ကျွန်မရဲ့ ဖခင်ဟာ ကျွန်မတို့တိုင်းပြည်မှာဆိုရင် တန်ခိုးအာဏာအကြီးဆုံး လူတစ်ယောက်ပါ။ ဒီတော့ သူဟာ ရှင့်အလုပ်ရှင်ထက် ရှင့်ကိုပိုပြီး အကူအညီပေးနိုင်ပါတယ်···'

သင်္ဘောမာလိန်မှူးက ဘာမှပြန်မဖြေဘဲ ထိုင်ရာမှထလိုက်၏။ ထို့နောက် စောနမာလာအား ဦးခေါင်းတစ်ချက် ညွှတ်လိုက်၏။

'ဝမ်းနည်းပါတယ် မစ္စစောနမာလာ၊ ကျုပ်ရဲ့ အလုပ်ရှင်





ဟာ သစ္စာဖောက်လို့ရတဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ ကဲ··· ကျွန်တော်က သတို့သားမစ္စတာ ပွတ်ရှုကပ်ကို ခေါ်လာခဲ့ရတော့မှာလား···'

စောနမာလာက ဘယ်လိုမှပြန်မဖြေဘဲ တိတ်ဆိတ်နေလိုက်သည်။ ဤတွင် မာလိန်မှူးကလည်း နောက်ထပ် ဘာမှမေးမနေတော့ဘဲ ကက်ဘင်အခန်းထဲမှ ပြန်ထွက်သွားကာ တံခါးကို ပြန်ပိတ်ထားလိုက်၏။

မာလိန်မှူး မျက်နှာဖြူနှင့် စကားပြောခဲ့ရသည့်အခါတွင် စောနမာလာ၏ ထုံနေသော ဦးနှောက်သည် ပြန်လည်လှုပ်ရှား၍ အသက်ဝင်လာခဲ့ရသည်။ သူမ၏ရင်ထဲမှ နှလုံးသားကလည်း တဒိန်းဒိန်းမြည်အောင်ပင် ခုန်လာခဲ့သည်။

ယခုမှပင် သူမသည် ကျရောက်နေရသည့် မိမိ၏ အခြေအနေမှန်ကို ကျကျနန ပြန်လည်စဉ်းစားလာမိတော့သည်။ သူမသည် သူမ၏တိုင်းပြည်သို့ ပြန်လည်ခုတ်မောင်းနေသော သင်္ဘောပေါ်တွင် ရောက်နေရသည်က မှန်သော်လည်း၊ ကူညီမည့်သူ ကင်းမဲ့နေရသော အကျဉ်းသားတစ်ယောက်၏ အခြေအနေတွင် ဖြစ်နေသည်။ ပြီးတော့ အရင်းရှင်ကြီးတစ်စု၏ ယုတ်မာစုတ်ပဲ့သော စစ်မီးမွေးရေး အကြံအစည်ကြီးအောင်မြင်ထမြောက်ရေးအတွက် သူမသည် အသုံးချခံရပေဦးမည်။ သူမက တစ်ခါမှလည်း မတွေ့ဘူးသေး၊ နာမည်ကိုပင် ယခုမှကြားရသော သူမ၏ နိုင်ငံသားယောက်ျားတစ်ယောက်ကိုလည်း သူမက ဘယ်လိုမှ သဘောမတူညီပါဘဲနှင့် လက်ထပ်ယူရပေဦးတော့မည်။

သူမသည် ထိုအဖြစ်မျိုးကို ကြုံတွေ့ရလိမ့်ဦးမည်မှာ သိ



www.burmeseclassic.com

www.burmeseclassic.com



လျှက်နှင့်ပင် တင်မောင်ဆွေဆိုသော လူတစ်ယောက်ကို ယုံကြည်အားကိုးလျှက် ဒေါက်တာပဟိုး၏ လက်ထဲသို့အကျရောက်ခံခဲ့ရခြင်း ဖြစ်သည်ကား မှန်၏။ သို့ရာတွင် သူမ ယုံကြည်အားကိုးခဲ့သော တင်မောင်ဆွေက သူမရှေ့တွင်ပင် ရန်သူ့လက်ချက်ဖြင့် ကျဆုံးသွားခဲ့ရပေပြီ။

သူမက ဘာလုပ်ရတော့မည်နည်း။ လုပ်နိုင်စရာကကော ဘာများ ရှိနေသေးတော့သလဲ၊ ကံစီမံရာကို မျက်စိမှိတ် ခေါင်းငုံ့ခံယူရမည်လော…

စောနုမာလာကား စိတ်ပျက်အားငယ်ဖွယ်ရာသော ထိုအတွေးတွေဖြင့် ခုံရှည်ကလေးပေါ်တွင် မလှုပ်မယှက် ထိုင်နေစဉ်မှာပင် ကက်ဘင်အခန်းတံခါးက ရုတ်တရက် ပွင့်လာပြန်သည်။

သည်တစ်ခါ ဝင်လာသူက သဘော်မာလိန်မှူးမဟုတ်ပေ။ သို့ရာတွင် မာလိန်မှူးပြောပြသွားသော ပုံပန်းအသွင်ရှိသည့် လူတစ်ယောက်ဖြစ်နေသည်။

၄င်းသည် အရပ်ငါးပေဆယ်လက်မမျှ ရှိမည်ဖြစ်ကာ ပခုံးကျယ်ကျယ် ရင်အုပ်ကားကားနှင့် သန်မာကျစ်လစ်သော ကိုယ်လုံးကိုယ်ထည်ရှိ၏။ သက္ကလပ်ဦးထုပ်နက်ကြီးတစ်လုံးကို နဖူးအုပ်အောင် ရှေ့သို့ စိုက်ချဆောင်းထားကာ မျက်မှန်အညိုရောင်ကို တပ်ဆင်ထားပြီး၊ ဝတ်ဆင်ထားသော ဂျာကင်အင်္ကျီ၏သားမွေးကော်လာကိုလည်း လည်ပင်းတွင် ထောင်ထားရကာ ထိုလူ၏ မျက်နှာပုံပန်းကို ဘယ်လိုမှ ဖမ်းမရဘဲရှိနေ၏။

လူသိမခံချင်သော ပွတ်ရှကပ်ဆိုသူပင် ဖြစ်ချေမည်။

'ကောင်းသော ညနေပါ… စောနုမာလာ…'





ထိုလူက အင်္ဂလိပ်ဘာသာစကားဖြင့် နှုတ်ဆက်သည်။ အသံကတော့ ခပ်သြသြ ဖြစ်၏။

'ပွတ်ရှကပ်ဆိုတာ ရှင်ပဲ ထင်ပါရဲ့…'

စောနုမာလာက ကြောက်ရွံ့မှု ဘယ်လိုမှမပြဘဲ စက်ဆုပ်မှုကိုသာ ထင်ရှားစွာဖော်ပြနေသည့်အသံဖြင့် ပြန်မေးလိုက်သည်။

'မှန်ပါတယ် ပွတ်ရှကပ်ဆိုတာ ကျွန်တော်ပါပဲ…'

'တစ်ခါတုန်းက ကျွန်မဆီမှာ အဲဒီနာမည်နဲ့ ခွေးကလေးတစ်ကောင် ရှိခဲ့ဖူးတယ်… ခွေးနဲ့တော့ တော်တော်လိုက်တဲ့ နာမည်ပါပဲ…'

စောနုမာလာက တမင်တကာ ရွဲ့ပြောလိုက်ရာ ပွတ်ရှကပ်ဆိုသူက အသံထွက်အောင် ရယ်မောလိုက်၏။

'ဟုတ်ပြီလေ… နောက်တစ်ခဏကြာရင်လည်း ခင်ဗျားဟာ အဲဒီနာမည်နဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ရတော့မှာပဲ စောနုမာလာ…'

ပွတ်ရှကပ်ဆိုသူက ကြိမ်ကုလားထိုင်တစ်လုံးကို သူမ၏ မျက်နှာချင်းဆိုင်သို့ ရွှေ့လိုက်ကာ ထိုင်ချလိုက်သည်။ မျက်မှန်ညိုကြီးတွေထဲမှ မျက်လုံးအစုံက သူမကို စိုက်ကြည့်လိုက်ကြသည်။

'ခင်ဗျားဟာ တကယ့်ကိုလှတဲ့ မိန်းမလှတစ်ယောက်ပါကလား… ကျုပ် ဝမ်းသာပါတယ်… ခင်ဗျားဟာ မိန်းမချောမိန်းမလှတစ်ယောက် ဖြစ်ရမယ်လို့လည်း သူတို့က ကျုပ်ကို ကတိပေးခဲ့ကြပါတယ်…'

စောနုမာလာက ပွတ်ရှကပ်ကို အဖက်မတန်သလို့ မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ကို ကတိပေးခဲ့ကြတဲ့ သူတို့ဆိုတာက ဘယ်သူတွေလဲ…'

'ခင်ဗျားက သိချင်သိမှာပေါ့လေ… သူဟာ ကျုပ်ရဲ့မိတ်ဆွေကြီးတစ်ယောက်ပါ… အင်း… ဇီဝရာနန်ခများတော့ ခင်ဗျားကို ဆုံးရှုံးလိုက်ရတာကို သိပ်နှမြောမိရှာမှာပါပဲ'

စောနှမာလာက ပွတ်ရှုကပ်အား ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီးမှ မျက်နှာကို တစ်ဖက်သို့ ချက်ချင်းပင် ပြန်လွှဲပစ်လိုက်သည်။

'ခင်ဗျားက ဒီ ဇီဝရာနန်ကို ချစ်မေတ္တာ သက်ဝင်နေသလား စောနှမာလာ…'

'ကျွန်မက ဇီဝရာနန်ကို ချစ်မေတ္တာသက်ဝင်နေကော၊ အခုအခြေအမှာ ဘာထူးတော့မှာမို့လို့လဲ…'

'ကျုပ်အတွက်တော့ ထူးခြားပါတယ်…'

'ဇီဝရာနန်ဟာ လူကြီးလူကောင်းတစ်ယောက်ပါပဲ။ မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူမယ်ကြံရင် မိန်းကလေးရဲ့ သဘောတူညီမှုကို ရယူဖော် ရပါသေးတယ်… ခိုးကြောင်ခိုးဝှက်သူရဲဘောနည်းစွာ မကြံစည်တတ်ပါဘူး…'

'အား… ခင်ဗျားက ဇီဝရာနန်ကို ချီးကျူးတယ်နော်… အခုလို ခင်ဗျား ကျုပ်လက်ထဲရောက်နေရတာဟာ သူဟာ ကျုပ်ရန်သူကြီးတစ်ယောက်မို့ပဲ…'

စောနှမာလာကတော့ ဘယ်လိုမှ ပြန်မဖြေတော့။ မျက်နှာကို တင်းမာကာ အမူအရာကို အေးတိအေးစက် လုပ်ထားလိုက်၏။

'အင်း… ခင်ဗျားကတော့ ထင်နေမှာပေါ့လေ။ ကျုပ်ဟာ





ခင်ဗျားနဲ့ အဖက်မတန်ဘူးလို့။ ဒါပေမဲ့ ကျုပ်ဟာ ဘယ်လိုကောင်ဆိုတာ ခင်ဗျားမသိသေးဘူးနဲ့ တူတယ်။ ကျုပ်ပြောပါရစေ။ ကျုပ်ဟာ ကျုပ်တိုင်းပြည်မှာဆိုရင် နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ပဲ… ကျုပ်ကို လက်ဝဲအုပ်စုက သူတို့ရဲ့မိတ်ဆွေလို့ သတ်မှတ်ထားကြတယ်… ခင်ဗျားကိုယူမယ့် ဇီဝရာနန်ရဲ့ ရန်သူတော်ကြီးတစ်ယောက်အဖြစ်နဲ့ သိထားကြတယ်… ဟဲ… ဟဲ… ဟဲ…'

ပွတ်ရှုကပ်က ခြောက်ကပ်ကပ် အသံဖြင့် ရယ်မောလိုက်၏။ စောနှမာလာကတော့ နှုတ်ခမ်းကလေးကို တင်းကျပ်စွာ စေ့ထားလိုက်သည်။

ပွတ်ရှုကပ်က အသံသြကြီးဖြင့် စကားဆက်နေလိုက်ပြန်သည်။

'ဒါပေမဲ့ ကျုပ်ဟာ အင်မတန်မှ ဉာဏ် ရှိတဲ့အကောင်ဗျ… ကျုပ်ကို လူကြိုက်များအောင် လူရိုသေအောင်သာ လက်ဝဲသမား တွေနဲ့ ပေါင်းနေရတာ… တကယ်တော့ ကျုပ်ဟာ လက်ဝဲဝါဒ တွေကို နည်းနည်းမှကြိုက်တဲ့အကောင် မဟုတ်ဘူး။ အခုတလော လက်ဝဲဝါဒ စားသာနေလို့သာ ကိုယ့်ကိုကိုယ်တကယ့် လက်ဝဲသမားကြီးတစ်ယောက်လုပ်နေရတာ၊ အမှန်တော့ ကျုပ်မိတ်ဆွေဟာ လက်ယာသမားချည်းပဲ။ ကျုပ်ရဲ့အကြီးဆုံးနဲ့ အားအကိုးရဆုံး မိတ်ဆွေကြီး ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား… သူဟာ အာရှတိုက်မှာ အကြွယ်ဝဆုံး မီလျံနာသူဌေးကြီး ဒေါက်တာဟိုးဆိုတာပဲ…'

'ကျွန်မ သူ့အကြောင်း ကြားဖူးပါတယ်… သူဟာ တကယ့်ကိုယ်ကျိုးရှာ လူယုတ်မာကြီးတစ်ယောက်ပဲ…'



www.burmeseclassic.com

www.burmeseclassic.com



'သူဟာ အာရှတိုက်မှာ ဉာဏ်အကောင်းဆုံးအကြံအစည် အကောင်းဆုံး ပုဂ္ဂိုလ်ကြီး တစ်ယောက်ပါ စောနုမာလာ… ဒေါက်တာဟိုးနောက်မှာ သူ့ထက်တောင် ကြီးကျယ်ပြီး တန်ခိုးအာဏာရှိနေတဲ့ အရင်းရှင်ကြီးတွေက ရှိနေသေးပါတယ်… သူတို့ဟာ အခုတလော အာရှတိုက်မှာ တွင်ကျယ်နေတဲ့ ဆိုရှယ်လစ်ဝါဒတို့ ကွန်မြူနစ်ဝါဒတို့ တိုက်ဖျက်ပစ်ဖို့ အစွမ်းကုန်ကြိုးစားနေကြပါတယ်… နည်းပရိယာယ် အမျိုးမျိုး သုံးနေကြတယ်… အခု ခင်ဗျားနဲ့ ကျွန်တော့်ကိစ္စကြောင့် ကျွန်တော်တို့တိုင်းပြည်မှာ ပြည်တွင်းစစ်ကြီးဖြစ်ရဖို့က သေချာနေပြီ။ အဲသလို ပြည်တွင်းစစ်ကြီးဖြစ်လာရင် လက်ဝဲသမားတွေအားလုံးကို မျိုးဖြုတ်ပစ်လိုက်နိုင်မယ်… လက်ဝဲသမားတွေ မရှိတော့တဲ့နောက်မှာတော့ ဒေါက်တာဟိုးတို့ အရင်းရှင်ကြီးတွေရဲ့ အလိုကျ၊ လက်ယာအစိုးရကို ဖွဲ့စည်းတည်ထောင်မယ်…'

'ဘာ့လဲ… ကျွန်မတို့တိုင်းပြည်မှာ ဒေါက်တာဟိုးတို့လို ရင်းရှင်ကြီးတွေက ကောင်းကောင်းပြန်သွေးစုပ်နိုင်ဖို့ပေါ့လေ…'

'ဒါက ကျုပ်တို့နဲ့ မဆိုင်ပါဘူး စောနုမာလာ… အဲသလို လက်ယာအစိုးရအဖွဲ့ တည်ထောင်နိုင်လိုက်ရင် ကျုပ်ဟာ ဒေါက်တာဟိုးရဲ့ လူယုံတော်အဖြစ်နဲ့ အစိုးရအဖွဲ့ထဲမှာ လူတွင်ကျယ်တစ်ယောက်ဖြစ်လာရတော့မှာပဲ'

စောနုမာလာကတော့ ပွတ်ရှကပ်ပြောနေသည့် စကားများကို နားထောင်ရင်းက ရင်ထဲတွင် စက်ဆုပ်ရွံရှာမှုတွေ ပျို့တက်လာမိတော့သည်။

ပွတ်ရှကပ်က သူမအား ကြည့်လိုက်မိသည်။ ၎င်း၏ မျက်





မှန်အညိုထဲမှ မျက်လုံးကြီးများသည် အရောင်တလဲ့လဲ့ တောက်လျက်ရှိနေသည်။ မျက်နှာကြီးကလည်း အားရကျေနပ်မှုနှင့် မျှော်လင့်ချက်ကြီးမှုတို့ကို ထင်ရှားစွာ ဖော်ပြနေကြ၏။

၎င်းက ရှေ့သို့ ရုတ်တရက် ကိုယ်ကို ကိုင်းလိုက်ကာ စောနုမာလာ၏ မျက်နှာကလေးကို စူးစိုက်ကြည့်ရှုလိုက်သည်။

'ဒီတော့ကာ စောနုမာလာ… ခင်ဗျား ကျုပ်ကို အထင်မသေးပါနဲ့… ကျုပ်ဟာ မကြာခင် ကျုပ်တို့တိုင်းပြည်မှာ အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်လာရတော့မှာပါ… ဒီတော့ ကျုပ်နဲ့ ဘဝချင်းလက်တွဲရမှာကို ခင်ဗျား ဝမ်းနည်းစရာမလိုပါဘူး စောနုမာလာ…'

'ရှင့်လို အရင်းရှင် လက်ကိုင်တုတ် တိုင်းပြည်သစ္စာဖောက်နဲ့ ဘယ်တော့မှဘဝချင်း လက်မတွဲဘူးမှတ်ပါ…'

စောနုမာလာက ပကတိ စက်ဆုပ်ရွံရှာလှစွာ ပြန်ပြောလိုက်ခြင်းဖြစ်လေသည်။ ပွတ်ရှကပ်၏ မျက်နှာကြီးကတော့ တင်းမာ၍သွားလေတော့သည်။

'အင်း… ခင်ဗျားဟာ မာနခဲကလေးတစ်ယောက်ကိုး… အင်းလေ… ဒီမာနတွေ အရည်ပျော်ကျသွားအောင်တော့ ကျုပ်က လုပ်ရမှာပေါ့ ဟဲ… ဟဲ…'

ပွတ်ရှကပ်က ပြောပြောဆိုဆို ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်သည်။ ထို့နောက် သူ့လက်နှစ်ဖက်က စောနုမာလာ၏ ပခုံးနှစ်ဖက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်ကာ ကိုယ်လုံးကလေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်၏။

စောနုမာလာက လက်ပြန်ကြိုးအတုပ်ခံထားရသည် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေရာ ဘယ်လိုမှ မခုခံနိုင်ဘဲဖြစ်နေလေသည်။ သို့ရာတွင် သူမသည် အညံ့တော့မခံ။ တုံးခတ်ချည်ထားသည့် သူ့ခြေထောက်တစ်ဖက်ဖြင့် ပွတ်ရှုကပ်၏ ခြေသလုံးကို ကန်ထည့်လိုက်သည်။

'လွှတ်စမ်း… ခွေးကျင့် ခွေးကြံ မကြံနဲ့…'

'ဟဲ… ဟဲ… အခုထက်ထိ မာနမလျှော့သေးဘဲကိုး… ဒါပေမဲ့ ဒီမာနခဲတွေဟာ မကြာခင် ပျော်ကျသွားရတော့မှာပါ…'

ပွတ်ရှုကပ်၏ ပူနွေးသော ထွက်သက်က သူမ၏မျက်နှာပေါ်သို့ ကျရောက်လာသည်။ စောနမာလာက ၎င်း၏ မျက်နှာကို သူမ၏ဦးခေါင်းနှင့် ပစ်ဝှေ့လိုက်သည်။ သို့ရာတွင် ပွတ်ရှုကပ်က ရယ်မောလိုက်၏။ ၎င်း၏နှုတ်ခမ်းများက သူမ၏ လည်ပင်းပေါ်သို့ ကျရောက်လာသည်။ စောနမာလာမှာ ရွံရှာလှသဖြင့် တစ်ကိုယ်လုံးတွင် ကြက်သီးများဖြန်းခနဲ ထသွားတော့သည်။

'မစ္စတာ ပွတ်ရှုကပ်… အဆင်သင့် ဖြစ်ပါပြီလား…'

ကက်ဘင်အခန်းတံခါးဝမှနေ၍ သဘော်မာလိန်မှူးက သရော်သံခပ်ပါပါဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

ပွတ်ရှုကပ်သည် စောနမာလာအား သူ့လက်ထဲမှ လွှတ်ပစ်လိုက်သည်။ ပြီးမှ သူက ရှက်အမ်းအမ်းအမူအရာဖြင့် သဘော်မာလိန်မှူးအား လှမ်းကြည့်လိုက်၏။

'ကျုပ်ကို ပြင်ဆင်ဖို့ အချိန်နည်းနည်းပေးပါ ကက်ပတိန်… ကျုပ် မကြာခင်မှာပဲ ပြန်လာခဲ့ပါ့မယ်…'

ပွတ်ရှုကပ်သည် စောနမာလာအား အာသာငမ်းငမ်း မျက်နှာထားဖြင့် တစ်ချက်မျှ ကြည့်လိုက်ပြီးနောက် ကက်ပတိန်အခန်းထဲမှ ပြန်ထွက်သွားလေသည်။





(ဂ)

သဘော်မာလိန်မှူးသည် အမူအရာကင်းစင်သော မျက်နှာထားဖြင့် ကက်ဘင်၏အခန်းတံခါးကို ပြန်ပိတ်လိုက်ကာ စားပွဲဆီသို့လျှောက်၍လာ၏။ ထို့နောက် သူ့လက်ထဲမှ စာအုပ်ထူထူကြီးတစ်အုပ်ကို စားပွဲပေါ်သို့ ချထားလိုက်ပြီး၊ သူကတော့ ကြိမ် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ သူ့အင်္ကျီအိတ်ထဲမှ ဆေးပြင်းလိပ်သေးသေးရှည်ရှည် တစ်လိပ်ကို သူ့ပါးစပ်တွင် တေ့လိုက်ပြီး မီးညှိဖွာရှိုက်လိုက်ပြန်၏။ သူသည် စောနမာလာအား တစ်ချက်ကလေးမှ ကြည့်ဖော်မရပေ။

စောနမာလာကလည်း ခုံရှည်ကလေးပေါ်တွင် ငြိမ်သက်တိတ်ဆိတ်စွာပင် ထိုင်နေလိုက်လေသည်။ တကယ်တော့ သူမအခြေအနေသည် ဘယ်လိုမျှ မျှော်လင့်ချက်မရှိတော့သည်ကို သူမက ကောင်းစွာနားလည်ထားပြီး ဖြစ်လေ၏။ ဤအခြေအနေမှ သူမအား ကယ်တင်နိုင်မည့်လူကလည်း တစ်ယောက်မှ ရှိမနေတော့ချေ။ သူမက ယုံကြည်အားထားခဲ့ရသော တင်မောင်ဆွေကလည်း ဤမြကန်သာ၏ ရေထဲတွင် ကျဆုံးသွားခဲ့ရပြီ မဟုတ်လား။

သဘော်မာလိန်မှူးကတော့ ကြိမ်ကုလားထိုင်တွင် ဒူးချိတ်လျက် သူ၏ဆေးပြင်းလိပ်ကို ဇိမ်ခံ၍ သောက်နေ၏။

စောနမာလာအတွက် သူမ ယခုရောက်ရှိနေရသော ဤသဘော်ကက်ဘင်အခန်းကလေးသည် ကမ္ဘာမြေကြီး၏ ဗဟိုချက်ဖြစ်နေပြီး၊ ထိုအကြောင်းကို ထိုကမ္ဘာမြေကြီးက ဘယ်လိုမှ မသိဘဲရှိနေသလို ဖြစ်နေ၏။ ကမ္ဘာမြေကြီးတစ်လျှောက်မှ အခြားအခြား



www.burmeseclassic.com

www.burmeseclassic.com



သော အခန်းများတွင် လူတွေသည် မိမိတို့၏ ဘဝများကို ဆက်လက်၍ အပြောင်းအလဲမရှိ၊ ယေဘုယျအတိုင်း နေထိုင်လျက် ရှိနေကြသည်။ သူမတစ်ယောက်တည်း၏ ဘဝသည်သာလျှင် ရင်နာဖွယ်ရာ ချက်ချင်းပြောင်းလဲရပေတော့မည်။

သို့တိုင်အောင်လည်း သူမသည် ခုံရှည်ကလေးပေါ်တွင် ကိုယ်ကို မတ်မတ်ကလေးထားလျက် ငြိမ်သက်စွာ ထိုင်နေ၏။ သူမ၏လှပသော မျက်နှာကလေးကလည်း စိတ်ထဲမှ ခံစားနေရချက်များကို ဘယ်လိုမှဖော်ပြခြင်းမပြုဘဲ ပကတိတည်ငြိမ်လျက်သာရှိနေ၏။ ဘယ်လိုသော အဖြစ်မျိုးကိုရင်ဆိုင်ရသည် ဖြစ်ပါစေ။ ရန်သူအား အရှုံးမပေးဘဲ အလံမလဲဟူသည့် စိတ်ဓာတ်ကို ထင်ရှားစွာ သရုပ်ဆောင်လျက် ရှိနေ၏။

နောက်တစ်ခဏတွင်တော့ ကက်ဘင်အခန်းတံခါးသည် ပွင့်လာပြန်ကာ ပွတ်ရှကပ်က ဝင်ရောက်လာပြန်၏။ ၎င်းသည် မင်္ဂလာဆောင်အတွက် ပြင်ဆင်ရအောင်ဟုဆို၍ ထွက်သွားသော်လည်း၊ ယခု ပြန်ဝင်လာသောအခါ၌လည်း သူ့အသွင်အပြင်က ဘယ်လိုမှ ထူးခြား၍မလာပေ။ ခုနက ဝတ်ဆင်ထားသည့်အတိုင်းသာ ဝတ်ဆင်ထားလျက်ရှိနေသည်။ သက္ကလပ်ဦးထုပ်ပျော့ကို နဖူးအုပ်မြဲဆောင်းမြဲ ဆောင်းထားကာ ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသည့် ဂျာကင်အင်္ကျီသားမွေး ကော်လာကြီးကိုလည်း လည်ပင်းတွင် ထောင်ထားရကား သူ့မျက်နှာ ပုံပန်းသဏ္ဌာန်ကိုဖမ်းယူဖို့ အတော်ခက်ခဲလျက်ရှိနေ၏။ သူ့လှုပ်ရှားမှုများကသာ ယခင်ကထက် ပို၍ သွက်လက်ဖျတ်လတ်လာသည်ဟု ထင်မှတ်ရလေသည်။

၎င်းအား စောနမာလာက တစ်ချက်လှမ်းကြည့်လိုက်ပြီး





နောက် သင်္ဘောမာလိန်မှူးဘက်သို့ လှည့်ကြည့်လိုက်၏။

'ကဲ... လုပ်စရာရှိတာ လုပ်ကြစို့။ ကျုပ်တို့ အချိန်ဖြုန်းမနေကြနဲ့တော့...'

ပွတ်ရှကပ်၏အသံသည် ဩဇာအာဏာသံ ပါနေ၏။ သင်္ဘောမာလိန်မှူးလည်း ချက်ချင်းပင် ထိုင်ရာမှထလိုက်၏။

'သက်သေနှစ်ယောက်ကို ကျွန်တော် စောင့်ခိုင်းထားပါတယ် မစ္စတာ ပွတ်ရှကပ်၊ ကျွန်တော့်ကို ခဏခွင့်ပြုပါ...'

သင်္ဘောမာလိန်မှူးက ကက်ဘင်အခန်းတံခါးဆီသို့ လျှောက်သွားကာ နာမည်နှစ်ခုကို ခပ်ဆတ်ဆတ်ခေါ်လိုက်၏။ နောက်တစ်ခဏတွင်တော့ လူနှစ်ယောက်က အခန်းထဲသို့ ဝင်ရောက်လာ၏။ ၎င်းတို့၏အဝတ်အစားများကို ကြည့်ခြင်းအားဖြင့် ထိုနှစ်ယောက်မှာ သာမန် သင်္ဘောသားများ ဖြစ်ကြောင်း သိသာနိုင်ပေသည်။

သင်္ဘောသားနှစ်ယောက်သည် အခန်းထဲတွင် အူကြောင်ကြောင်အမူအရာဖြင့် ရပ်နေလိုက်ကြသည်။ သင်္ဘောမာလိန်မှူးက စောနမာလာတို့၏ ဘာသာစကားဖြင့် ခပ်ဆတ်ဆတ် တစ်စုံတစ်ရာပြောလိုက်မှ သင်္ဘောသားတစ်ယောက်က ရှေ့သို့တိုးလာကာ သင်္ဘောမာလိန်မှူးပေးသော မင်တံကို လှမ်းယူလိုက်၏။ ထို့နောက် သင်္ဘောမာလိန်မှူးက ဖွင့်ပေးသော စာအုပ်ကြီးတွင် ၎င်း၏လက်မှတ်ကို ထိုးလိုက်၏။ ထို့နောက် တစ်ယောက်ကလည်း ၎င်းအတိုင်းပင် လိုက်၍ ပြုလုပ်လိုက်သည်။

ထိုအခါမှ သင်္ဘောမာလိန်မှူးက ပွတ်ရှကပ်ဘက်သို့ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… မစ္စတာ ပွတ်ရှကပ် ခင်ဗျား လက်မှတ်ထိုးပါဦး'

ပွတ်ရှကပ်က စာအုပ်ထဲတွင် ၎င်း၏လက်မှတ်ကိုရေးထိုးလိုက်ပြီးနောက် သင်္ဘောမာလိန်မှူးက သင်္ဘောသားနှစ်ယောက်အား ခပ်ဆတ်ဆတ် အမိန့်ပေးလိုက်ရာ ၎င်းတို့နှစ်ယောက်က အခန်းထဲမှ ပြန်ထွက်သွားကြလေ၏။ သင်္ဘောမာလိန်မှူးကလည်း ပွတ်ရှကပ်ထံသို့ လှည့်ကြည့်လိုက်ပြန်၏။

'ခင်ဗျားရဲ့ ဇနီးကလည်း လက်မှတ်ထိုးဖို့ လိုပါလိမ့်မယ်…'

'ဒါကို ကျုပ် စီစဉ်ပါ့မယ်… ကဲ… ကျုပ်နဲ့ ကျုပ်ဇနီး ဒီအခန်းထဲမှာ လွတ်လွတ်လပ်လပ်နေခဲ့ပါရစေ… ခင်ဗျားသွားနိုင်ပါပြီ'

သင်္ဘောမာလိန်မှူးသည် ပွတ်ရှကပ်အား ခပ်လှောင်လှောင်အမူအရာဖြင့် ဦးခေါင်းကို ညွတ်လိုက်ပြီးမှ အခန်းထဲမှ ပြန်ထွက်သွားလေသည်။ ပွတ်ရှကပ်က အခန်းတံခါးကို လှမ်းပိတ်လိုက်၏။ သို့ရာတွင် ပြန်လှည့်မလာဘဲ စောနမာလာအား ကျောပေးလျက် ရပ်နေလိုက်၏။

စောနမာလာက စီးကရက်ဘူး ပြန်ပိတ်လိုက်သံနှင့် မီးခြစ်ရှဲခနဲ ခြစ်လိုက်သံကို ကြားလိုက်ရသည်။ ထို့နောက် မီးခိုးပြာကလေးများက အခန်း၏မျက်နှာကြက်ဆီသို့ ရစ်ခွေတက်သွားကြလေသည်။

အမှန်တော့ ပွတ်ရှကပ်သည် သူမအား ကြောင်နှင့် ကြွက်ကစားသလို ကစားနေခြင်းဖြစ်သည်ဟု စောနမာလာက မချင့်မရဲတွေးလိုက်မိ၏။





'ကဲ… စောနမာလာ၊ ခင်ဗျားနဲ့ကျုပ်ဟာ လက်ထပ်ပြီးသွားကြပြီနော်…'

စောနမာလာက သက်မကြီးတစ်ချက်ကို ရှိုက်လိုက်၏။

သူမ၏ တစ်ကိုယ်လုံးသည် ကြက်သီးတဖြန်းဖြန်းထလျက်တုန်ရီနေ၏။ သူမက ကိုယ့်ကိုကိုယ် ချုပ်တည်းထိန်းသိမ်းရန် ကြိုးစားလိုက်၏။ သူမ၏စိတ်ထဲတွင် ခံစားနေရသော ကြောက်ရွံ့မှုကြီးကို ပွတ်ရှကပ်အား သူမက ထုတ်ဖော်မပြလိုပေ။

ထို့ကြောင့် သူမက အသံကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင်ထားလျက် ပွတ်ရှကပ်အား ပြန်ဖြေလိုက်၏။

'ရှင့်ဘာသာရှင် ပြောချင်ရာပြော။ ကျွန်မကတော့ ရှင့်ကို လက်ထပ်ပြီးပြီလို့ ဘယ်လိုမှမယူဆပါဘူး။ ရှင်က ကျွန်မကို ဘယ်လိုပဲလုပ်လုပ်၊ ဘယ်လိုပဲအနိုင်ကျင့်ကျင့်၊ ကျွန်မဟာ ရှင့်မယားဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ရှင်ဟာလည်း ကျွန်မရဲ့ယောက်ျား ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး…'

သို့တိုင်အောင် ပွတ်ရှကပ်က စောနမာလာအား လှည့်မကြည့်သေး။

'ဒီလိုဆိုရင် ခင်ဗျားဟာ ကျုပ်ကို မချစ်နိုင်ဘူးဆိုပါတော့…'

'ဟုတ်တယ်… ကျွန်မ ရှင့်ကို ဘယ်တော့မှ မချစ်နိုင်ဘူး'

'ကြေ့ စောနမာလာမှာ ချစ်ပြီးသားလူတစ်ယောက် ရှိနေပြီနဲ့ တူတယ်…'

'သိပ်မှန်တာပေါ့ရှင်…'

'ဒီလိုဆိုရင် စောနမာလာရဲ့ ချစ်သူဟာ စောနမာလာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ စေ့စပ်ကြောင်းလမ်းထားတဲ့ ဇီဝရာနန်လား…'

'ဇီဝရာနန်ဟာ ကျွန်မချစ်သူ မဟုတ်ပါဘူး။ သူ့ကို ကျွန်မ လက်ထပ်ရမှာဟာ တာဝန်ဝတ္တရားအရပါ…'

'ဒီလိုဆိုရင် ခင်ဗျားမှာ တခြားချစ်သူတစ်ယောက် ရှိနေပြီပေါ့…'

'ဒါဟာ ရှင်နဲ့မဆိုင်ပါဘူး…'

ပွတ်ရှုကပ်၏ ခေါင်းထက်သို့ စီးကရက် မီးခိုးပြာပြာကလေးတွေက ရစ်ခွေတက်သွားပြန်သည်။

'အဲဒီလူရဲ့ နာမည်ကို ကျုပ်သိချင်တယ်…'

စောနမာလာက ဘယ်လိုမှပြန်မဖြေ။

'ခင်ဗျားရဲ့ ချစ်သူဟာ တင်မောင်ဆွေဆိုတဲ့လူများလား ဗျာ…'

စောနမာလာမှာ အသည်းနှလုံးကို လက်အေးကြီးဖြင့် အဖျစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

'အို… ဒါကို ရှင်ဘယ်လိုလုပ်သိနေတာလဲ…'

'ကျုပ်က အကုန်သိတာပေါ့ စောနမာလာရယ်…'

ပွတ်ရှုကပ်က ပြောပြောဆိုဆို စောနမာလာအား လှည့်ကြည့်လိုက်သည်။ သို့ရာတွင် ပွတ်ရှုကပ်မဟုတ်တော့။ ဆောင်းထားသော ဦးထုပ်ကြီးကို ချွတ်လိုက်သည့်အခါတွင် တင်မောင်ဆွေဖြစ်နေသည်ကို စောနမာလာက အံ့ဩစွာ တွေ့လိုက်ရသည်။

တင်မောင်ဆွေက ကြက်သေသေနေသော စောနမာလာအား ဖြူဖွေးသော သွားတွေပေါ်အောင် ပြုံးလျက်ကြည့်လိုက်၏။

❖ ❖ ❖

- ၈ -

## တင်မောင်ဆွေက သေနတ်တစ်လက်ငှားခြင်း

(က)

'အို… ကိုတင်မောင်ဆွေ…'

ခေတ္တကြာ စောနမာလာက မယုံကြည်နိုင်သော အသံဖြင့် တင်မောင်ဆွေ့နာမည်ကို ခေါ်လိုက်သည်။ တကယ်တော့ တင်မောင်ဆွေအား သူက မျက်စိဖြင့်မြင်နေရသော်လည်း မယုံကြည်ရဲသေးဘဲ ရှိနေသည်။ အိမ်မက်များ ဖြစ်နေမလားဟု ထင်ယောင်ထင်မှား ဖြစ်နေလိုက်သေးသည်။

'ဘယ်လိုလဲ စောနမာလာ။ ကျွန်တော့်ကို ပွတ်ရှုကပ် မဟုတ်လို့ စိတ်ပျက်သွားသလား…'

တင်မောင်ဆွေ၏အသံကို ထပ်ကြားလိုက်ရတော့မှပင် သူမသည် အိမ်မက်မက်နေခြင်းမဟုတ်၊ တင်မောင်ဆွေက သူ့ရှေ့တွင် တကယ့်လူကိုယ်တိုင် ရောက်နေခြင်းဖြစ်သည်ဟု လက်ခံရဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အို… ကိုတင်မောင်ဆွေ…'

စောနုမာလာက ရှိုက်သံကလေးဖြင့် တင်မောင်ဆွေ၏ နာမည်အား ထပ်ခေါ်လိုက်၏။ တင်မောင်ဆွေကလည်း ရှေ့သို့ တိုးလာပြီး သူမ၏ ပခုံးကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူမ၏ မျက်နှာအား ငုံ့ကြည့်လိုက်သည်။

'စောနုမာလာက ကျွန်တော့်ကို တွေ့လိုက်ရလို့ သိပ်အံ့သြနေသလား…'

'ကိုဆွေ့ကို သူတို့က သေနတ်နဲ့ပစ်လိုက်တာကို ကျွန်မကိုယ်တိုင်တွေ့လိုက်ရတာပဲ…'

တင်မောင်ဆွေက ရယ်မောလိုက်၏။

'ကျွန်တော်က သေနတ်ကျည်ဆံပြီးတာပဲဗျာ… ပြီးတော့လည်း လှေထဲမှာ ထိုင်နေခဲ့တဲ့လူက ကျွန်တော်မှ မဟုတ်တာပဲ။ အဲဒီလူက ကျွန်တော့်ရဲ့ဓားစာခံရာရှင်ဆိုတဲ့ ကုလားဒိန်တစ်ယောက်ပါ…'

စောနုမာလာသည် ခံစားလိုက်ရသော အံ့သြမှုနှင့် စိတ်လှုပ်ရှားမှုများ ဒဏ်ချက်ကြောင့် ရုတ်တရက် မျက်ရည်တွေ စီးကျလာရ၏။ သို့ရာတွင် သူမက မျက်ရည်တွေကြားထဲမှပင် အားရပါးရ ပြုံးလိုက်၏။

'ကဲ… ကိုဆွေ… ကျွန်မကို ကြိုးတွေဖြည်ပေးပါဦးရှင်…'

'ဖြည်ပေးပါ့မယ် စောနုမာလာ… ဒါနဲ့ ပွတ်ရှုကပ်ဆိုတဲ့လူနဲ့ စောနုမာလာ တွေ့ပြီးပြီလား…'

'တွေ့ပြီးပါပြီ ကိုတင်မောင်ဆွေ၊ သူ့ဆီကလည်း





အကြောင်းစုံ ကျွန်မသိခဲ့ရပါတယ်… ကိုဆွေတွက်ခဲ့တဲ့အတိုင်းပဲ သူတို့အကြံအစည်တွေအားလုံးကို သူက ထုတ်ကြွားခဲ့တယ်လေ…'

'ဟုတ်လား စောနုမာလာ… တကယ်တော့ စောနုမာလာဟာ သိပ်ကို သတ္တိရှိတဲ့မိန်းကလေးတစ်ယောက်ပါပဲ။ စောနုမာလာကို၊ ကိုဆွေ နှစ်နှစ်ကာကာကြီး ချီးကျူးပါတယ်…'

စောနုမာလာက တင်မောင်ဆွေအား တောက်ပသော မျက်လုံးအစုံဖြင့် မော့ကြည့်လိုက်၏။

'အို… ကိုတင်မောင်ဆွေ… ရှင်ကမှ တကယ်ချီးကျူးစရာကောင်းတဲ့လူပါ… ရှင့်ကို တွေ့လိုက်ရတာ ကျွန်မဖြင့်သိပ်ကို ဝမ်းသာသွားမိတာပဲရှင်…'

တင်မောင်ဆွေ၏ အပြုံးက ရွှင်မြူးတက်ကြွလှတော့၏။

'ကျွန်တော့်ကို ဘာချီးကျူးစရာရှိသလဲဗျာ… ကျွန်တော်က ဘာမှ ခက်ခက်ခဲခဲ လုပ်ခဲ့ရတာမှ မဟုတ်ဘဲ။ ဒီသင်္ဘောပေါ်က ပစ်လိုက်တဲ့သေနတ်ကျည်ဆံက ရာရှင်ကို ထိမသွားခင် သုံးလေးမိနစ်ကတည်းက ကျွန်တော်ဟာ ဒီသင်္ဘောပေါ်ကို ရောက်နေခဲ့ပါပြီ။ ကျွန်တော့်တစ်ကိုယ်လုံးက ရေတွေရွှဲနေခဲ့တော့ ကျွန်တော်နဲ့ အတူပါလာတဲ့ အဝတ်အစားတွေကို ပြန်မဝတ်သေးဘဲ နီးရာကက်ဘင်အခန်းကို ရှာဝင်ခဲ့ရတာပေါ့။ ကျွန်တော်က ကိုယ်သုတ်ပုဝါတစ်ထည်နဲ့ ကိုယ်ကိုခြောက်အောင်သုတ်ပြီး အဝတ်အစားတွေ ပြန်ဝတ်ပြီးရုံရှိသေးတယ်။ အခန်းထဲကို ပွတ်ရှုကပ်ကိုယ်တိုင် ဝင်ချလာတော့တာပဲ။ သူက ကျွန်တော့်ကိုတွေ့တော့ တော်တော်အံ့သြသွားတော့တာပေါ့။ ဒါပေမဲ့ သူက သူ့အံ့သြမှုကို ဘယ်လိုမှထုတ်ဖော်မပြနိုင်ခင် ကျွန်တော်က ကိုယ်သုတ်ပုဝါကြီးနဲ့ သူ့ပါးစပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆို့ထားလိုက်နိုင်တယ်… ပြီးတော့ ညဝတ်အင်္ကျီက ခါးစည်းနဲ့ သူ့ကို မလှုပ်နိုင်အောင် တုပ်ထားလိုက်ရတော့တာပဲ။ ပြီးတော့ ရလာတဲ့ အခွင့်အရေးကိုယူပြီး သူ့နေရာကို ကျွန်တော်က ဝင်ခဲ့ရတာပဲဗျာ…'

တင်မောင်ဆွေက စကားပြောနေရင်းဖြင့် စောနုမာလာအား တုတ်နှောင်ထားသည့် ကြိုးများကို ဖြည်ပေးလိုက်၏။ စောနုမာလာက ထုံကျဉ်နေသော သူ့လက်များကို ပွတ်သပ်ဆုပ်နယ်နေရင်းက တင်မောင်ဆွေအား မေးခွန်းတစ်ခု ပြန်ထုတ်လိုက်၏။

'နို့… ကိုဆွေက ဒီအခန်းထဲမှာ စောနုမာလာရှိနေမယ်ဆိုတာ ဘယ်လိုသိတာလဲ…'

'ပွတ်ရှကပ်ရဲ့ ဂျာကင်အင်္ကျီဝတ် သူ့မျက်မှန်အညိုကြီးကိုတပ်ပြီး၊ ဟိုအခန်းကနေ ဒီဘက်ကိုခပ်တည်တည်ကူးလာခဲ့တာပေါ့… လမ်းမှာ ဘယ်သူမှမတွေ့ခဲ့ရပါဘူး။ နောက် ဒီအခန်းကိုတွေ့တော့ စွန့်ဝင်လာခဲ့တာပဲ…'

တင်မောင်ဆွေကစကားကို ရပ်ထားလိုက်ပြီး စောနုမာလာအား ခပ်ပြုံးပြုံးစိုက်ကြည့်လိုက်၏။ စောနုမာလာသည် ပါးကလေးနှစ်ဖက်တွင် သွေးများလျှမ်းတက်လာရာက ကပျာကယာ စကားကို လှီးလွှဲပစ်လိုက်သည်။

'သဘော်ာကက်ပတိန်က ကိုဆွေ့ကို ပွတ်ရှကပ်လို့ ထင်ပြီး လက်ထပ်ပေးလိုက်တာပါ။ တကယ်တော့ သဘော်ာကက်ပတိန်ဟာ ပွတ်ရှကပ်ကို ကောင်းကောင်းမြင်ဖူးတာ မဟုတ်ပါဘူး။ ပြီးတော့ ကိုဆွေက ပွတ်ရှကပ်နဲ့ အလုံးအရပ်ချင်းကလည်း တော်တော့်ကို တူနေတာပဲ…'





'ကျွန်တော်နဲ့ စောနုမာလာအတွက် တော်တော်ကုသိုလ်ကံကောင်းသွားတယ်လို့ ဆိုရမှာပဲပေါ့။ ကဲ… ပွတ်ရှကပ်ဆီက ဘာတွေ ဘယ်လိုသိခဲ့ရတယ်ဆိုတာ ပြောပြပါဦး'

တင်မောင်ဆွေက စောနုမာလာအားတွင် ဝင်ထိုင်လိုက်ကာ သူ့စီးကရက်ဘူးကို ထုတ်ဖွင့်လိုက်သည်။ စောနုမာလာက တင်မောင်ဆွေပေးသော စီးကရက်တစ်လိပ်ကို ကျေးဇူးတင်စွာ လက်ခံလိုက်၏။

သူမ၏ စီးကရက်ကို တင်မောင်ဆွေက မီးညှိပေးလိုက်၏။ ပြီးနောက် စောနုမာလာက ပွတ်ရှကပ်ထံမှ သူမ ကြားသိခဲ့ရသော အကြောင်းများကို ပြန်လည်ပြောပြလိုက်လေသည်။ တင်မောင်ဆွေက သူမစကားဆုံးသွားသည်အထိ ဘယ်လိုမှဝင်မစွက်ဘဲ စီးကရက်သောက်ရှုလျက် တိတ်ဆိတ်စွာ နားထောင်နေလိုက်၏။ စောနုမာလာပြောပြသမျှတို့သည် သူ့ခေါင်းထဲတွင် ကြိုတင်တွေးခေါ်ထားသည့်အတိုင်း ဖြစ်နေသည့်အတွက် အံ့ဩကျနပ်အားရမိလေ၏။

စောနုမာလာက စကားကိုအဆုံးသတ်လိုက်သည်တိုင် တင်မောင်ဆွေသည် တိတ်ဆိတ်စွာပင် ထိုင်နေရာ၊ စောနုမာလာက သူ့အား အကဲခတ်ကြည့်လိုက်၏။

'ဘယ့်နှယ်လဲ ကိုတင်မောင်ဆွေ…. ကျွန်မ ပွတ်ရှကပ်ဆီက သိခဲ့ရတာတွေဟာ မလုံလောက်သေးဘူးလား…'

ထိုအခါမှ တင်မောင်ဆွေက သူမအား အပြုံးကလေးဖြင့် လှည့်ကြည့်လိုက်၏။ သူ၏မျက်လုံးတွေက ရွှန်းရွှန်းတောက်နေကြ၏။

'လုံလောက်ပါတယ်…. စောနုမာလာ၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုဆွေတွက်ထားတဲ့အတိုင်းပဲ။ သူတို့က ကြံစည်ခဲ့ကြတာပဲ… ပွတ်ရှုကပ် ဘယ်လိုလူစားမျိုးလဲဆိုတာ အတိအကျပါ သိရတာပေါ့လေ…'

'ဒီလိုဆိုရင် အခု ကျွန်မတို့ ဘာလုပ်ကြမှာလဲဟင်…'

တင်မောင်ဆွေက တောက်ပသောအပြုံးကိုပြုံးလိုက်ပြန်၏။

'သူတို့ရဲ့အကြံအစည်ကို မပျက်၊ ပျက်အောင်ဖျက်ဖို့ပဲ ရှိတော့တာပေါ့ စောနုမာလာရယ်…'

(ခ)

တင်မောင်ဆွေသည် ပြန်လည်တိတ်ဆိတ်သွားပြန်ကာ သူ၏ရှေ့ခြေလှမ်းကို စဉ်းစားနေသည့်အလား၊ စီးကရက်ဖျားမှ ရစ်ခွေတက်သွားနေသည့် မီးခိုးပြာပြာများကို စူးစိုက်ကြည့်နေလိုက်လေသည်။ စောနုမာလာကလည်း အတန်ကြာအောင် တိတ်ဆိတ်နေပြီးနောက်မှ သူမ သိချင်သောအကြောင်းအရာတစ်ခုကို ထုတ်မေးလိုက်၏။

'ဒါနဲ့ ကိုဆွေ… ကိုဆွေရဲ့ ပါတနာ ဂျင်မီစမတ်ကကော သူက ဘယ်မှာကျန်ရစ်ခဲ့သလဲ…'

ဤတွင်မှ တင်မောင်ဆွေက စောနုမာလာအား လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

'သူ့ကို ကိုဆွေက တာဝန်တစ်ခု ပေးလိုက်တယ်လေ။ ဇီဝရာနန်ကို ရအောင် ခေါ်လာခဲ့ဖို့တာဝန်ပဲ…'

စောနုမာလာက အတော်ကလေးအံ့သြသွားဟန် ရှိလေ၏။





တင်မောင်ဆွေက ရှင်းလင်းပြလိုက်၏။

'စောနုမာလာကို ဒေါက်တာဟိုးရဲ့ လက်ထဲက ပြန်လုတာတစ်ခုတည်းနဲ့ပဲ သူတို့အကြံအစည်ကို ကျွန်တော်တို့က ဖျက်ဆီးပစ်နိုင်မယ် မဟုတ်ဘူးလို့ ကျွန်တော်က စဉ်းစားမိခဲ့တယ်။ ဇီဝရာနန်ကို ဒီရောက်အောင်ခေါ်ပြီး ဒေါက်တာဟိုး ဘာတွေကြံစည်နေတယ်ဆိုတာကို သူ့ကိုယ်တွေ့ပြလိုက်ရင် ဇီဝရာနန်ဟာ တစ်ခါတည်း သဘောပေါက်သွားမယ် မဟုတ်လား'

ထိုအခါမှ စောနုမာလာက သဘောပေါက်သွားကာ ခေါင်းကလေး ညိတ်လိုက်၏။

'ကိုဆွေပြောတာလည်း မှန်ပါတယ်… ဒါနဲ့ သူတို့က ဘယ်အချိန်လောက်ပြန်ရောက်ကြမှာလဲ…'

'ဒီသဘောပြန်လှည့်ပြီး သေလာချမ်းမြဆီကို ကျုပ်တို့ပြန်အရောက်လောက်မှာ သူတို့လည်းရောက်လာကြလိမ့်မယ် ထင်ပါတယ်…'

'သဘောကိုပြန်လှည့်နိုင်အောင်လို့ ကိုဆွေက ဘယ်လိုလုပ်မှာလဲ… တစ်ကိုယ်တော်တည်း ဒီသဘောကို စီးမလို့လား…'

တင်မောင်ဆွေက ပြုံးလိုက်ပြန်သည်။ ဘာမထိအပြုံးမျိုးဖြစ်၏။ သူ့အပြုံးကိုကြည့်ကာ စောနုမာလာက အကယ်၍ လိုအပ်ပါက တင်မောင်ဆွေသည် သဘောတစ်စီးလုံးကို သူတစ်ယောက်တည်း စီးနင်းသိမ်းပိုက်ဖို့ ဝန်လေးမည်မဟုတ်ကြောင်း နားလည်လိုက်မိလေသည်။

'သဘောတစ်စီးလုံးကို စီးဖို့လိုမယ်မထင်ပါဘူး စောနုမာလာ… ကျွန်တော်က ကပ္ပတိန်ရဲ့ အခန်းဆီကိုသွားပြီး အကြံ



www.burmeseclassic.com

www.burmeseclassic.com



ညာဏ်ကလေး နည်းနည်းပေးဖို့ပဲလိုပါလိမ့်မယ်။ သင်္ဘောကပွဲတိန်ရဲ့ အခန်းထဲမှာ သူရယ်၊ ပဲ့ကိုင်ရယ်ပဲရှိပါတယ်။ ကျန်တဲ့သင်္ဘောသားတွေကတော့ သူတို့အလုပ်ကို သူတို့လုပ်နေကြမှာပေါ့။ ဒီတော့ သူတို့သိဖို့ မလိုပါဘူး…'

'ကျွန်မတို့ သေလာချမ်းမြကို ပြန်ရောက်ကြရင်ကော ရှင်ဘာလုပ်ဦးမလဲ…'

တင်မောင်ဆွေက သူ့ပခုံးကျယ်ကြီးများကို တွန့်ပြလိုက်၏။

'ဒါကိုတော့ ကျွန်တော်လည်း အတပ်မပြောနိုင်သေးဘူး။ ဟိုကျတော့ ကြုံရသလိုပဲ ဇာတ်ခင်းရမှာပဲ။ ဒေါက်တာဟိုးဆီမှာ တခြား ဘာအကြံအစည်တွေရှိနေတယ်ဆိုတာ သိအောင် ကြိုးစားရမှာပေါ့…'

တင်မောင်ဆွေက ပြောပြောဆိုဆို ထိုင်ရာမှထလိုက်ကာ သူ့စီးကရက်တိုကလေးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလျက် နင်းချေလိုက်၏။ တင်မောင်ဆွေ၏မျက်နှာ အမူအရာသည် တစ်မျိုးပြောင်းလဲလျက် ရှိနေသည်ကို စောနုမာလာက သတိထားလိုက်မိသည်။ ခုနက အင်မတန် ရွှင်မြူးလျက်ရှိနေသော်လည်း ယခုတော့ တည်ကြည်တင်းမာလျက် ရှိနေသည်။ ဘယ်လိုသော ဆူးငြောင့်ခလုတ်တွေ ကြုံတွေ့ရပါစေ၊ ကျော်လွှားနင်းချေပစ်ရန် အသင့်ရှိနေသော လူတစ်ယောက်၏ စိတ်ဓာတ်ခိုင်မာမှုကို အထင်အရှားပြနေ၏။

'ကဲ… စောနုမာလာ… ကျုပ်တို့ လှုပ်ရှားကြပါဦးစို့လား…'

'ကျွန်မပါ လိုက်ခဲ့ရမှာလား ကိုတင်မောင်ဆွေ…'





'လိုက်ခဲ့ရင် ပိုကောင်းတာပေါ့ စောနုမာလာ… သင်္ဘောတစ်စင်းလုံးကို ဘယ်လိုပိုင်ပိုင်နိုင်နိုင်စီးပြီး သိမ်းပိုက်တယ်ဆိုတာကို ကိုယ်တွေ့မြင်ရဖို့ အခွင့်အရေးက ကြုံခဲ့သားပဲ မဟုတ်လား…'

'ကျွန်မက ဘာမှမလုပ်ရဘူးလား ကိုတင်မောင်ဆွေ'

'ကြိုးဝိုင်းဘေးက ထိုင်ကြည့်ပြီး ကျွန်တော့်ကို အားပေးရင်တော်ပါပြီ…စောနုမာလာ'

တင်မောင်ဆွေက ပြောပြောဆိုဆို ပွတ်ရှကပ်၏ သက္ကလပ်ဦးထုပ်ပျော့ကြီးကို ပြန်ဆောင်းလိုက်ကာ မျက်မှန်အညိုကိုလည်း နှာခေါင်းတွင် တပ်လိုက်သည်။ ပြီးလျှင် သူဝတ်ထားသော ပွတ်ရှကပ်၏ ဂျာကင်အင်္ကျီ သားမွေးကော်လာကြီးကို လည်ပင်းတွင် ပြန်ထောင်ထားလိုက်ရာ သူ့မျက်နှာ အသွင်သဏ္ဌာန်က ပျောက်ကွယ်သွားတော့၏။

ထို့နောက် တင်မောင်ဆွေက စောနုမာလာအား သူ့လက်တစ်ဖက်ကို ကမ်းပေးလိုက်သည်။

'ကဲ… ကျွန်တော်တို့ သွားကြစို့လားစောနုမာလာ…'

စောနုမာလာက တင်မောင်ဆွေကမ်းပေးထားသော လက်တစ်ဖက်ကို ပကတိ ယုံကြည်စိတ်ချစွာ ဆုပ်ကိုင်လိုက်၏။

'ဟုတ်ကဲ့ … သွားကြစို့လား ကိုတင်မောင်ဆွေ…'

(၈)

သူတို့နှစ်ယောက်သည် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်လျက် ဘယ်လိုအဖြစ်မျိုးကို ကြုံတွေ့ ရင်ဆိုင်ရပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင် ကျော်လွှားသွားမည်ဟူသော ယုံကြည်စိတ်ချမှုဖြင့် ကက်ဘင်အခန်းထဲမှ ထွက်လာခဲ့ကြသည်။

သင်္ဘောကုန်းပတ်ပေါ်တွင်ကား ပကတိလူရှင်းလျက် ရှိနေသည်။ သင်္ဘောစက်ခုတ်သံကတော့ မှန်မှန်ကြီး ထွက်ပေါ်လာလျက် ရှိနေသည်။ သူတို့နှစ်ယောက်က သင်္ဘောဦးပိုင်းဘက်သို့ ကုန်းပတ်ကို ဖြတ်လျက် လျှောက်ခဲ့ကြသည်။

စောနမာလာက သူမ၏ရှေ့တည့်တည့်တွင် မီးလင်းနေသော အခန်းတစ်ခုကို တွေ့လိုက်ရသည်။

'အဲဒါဟာ သင်္ဘောကပ္ပတိန်အခန်းပဲ...'

တင်မောင်ဆွေက စောနမာလာအား တီးတိုးပြောလိုက်ကာ တုံ့ဆိုင်းမှုမရှိဘဲ ထိုအခန်းဆီသို့ တည့်မတ်စွာ ဦးဆောင်လျက် လျှောက်သွားတော့သည်။

တင်မောင်ဆွေသည် လက်တစ်ဖက်က စောနမာလာ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ အခြားလက်တစ်ဖက်ဖြင့် မာလိန်မှူး၏အခန်းတံခါးကို ဆွဲဖွင့်လိုက်ပြီး ပွဲစင်ထဲသို့ ခပ်တည်တည်ကြီး လှမ်းဝင်လိုက်လေ၏။

သင်္ဘောမာလိန်မှူးသည် ပွဲကိုင်သမားနောက်ဘက်တွင် ရပ်နေရာက လှည့်ကြည့်လိုက်ပြီး မျက်မှောင်မသိမသာ ကုတ်လိုက်သည်။ အခန်းထဲတွင် မာလိန်မှူး၊ ပွဲကိုင်သမားနှင့်အခြား သင်္ဘောသားအစောင့်တစ်ယောက်သာ ရှိနေကြသည်။ သင်္ဘောကြီးကတော့ မြကန်သာရေအိုင်ကြီး၏ အရှေ့ဘက် တည့်တည့်ဆီသို့ ဦးတည်ကာ တစ်နာရီ ရှစ်မိုင်နှုန်းဖြင့် မှန်မှန်ကြီး ခုတ်မောင်းလျက်ရှိနေသည်။





တင်မောင်ဆွေက သင်္ဘောမာလိန်မှူးဘေးတွင် သွားရပ်ကာ တစ်စုံတစ်ခု ပြောလိုက်သည်ကို စောနမာလာက တွေ့လိုက်ရသည်။ ၄င်းတို့နှစ်ယောက်သည် သင်္ဘောဘေးလက်ရမ်းဆီသို့ အတူတကွ လျှောက်သွားကြသည်ကို စောနမာလာက ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေလိုက်၏။

တင်မောင်ဆွေက သင်္ဘောမာလိန်မှူးအား တစ်စုံတစ်ရာ ထပ်ပြောနေသည်။ မာလိန်မှူးထံမှ တစ်စုံတစ်ခု တောင်းဆိုနေခြင်း ဖြစ်သည်ဟု စောနမာလာက ရိပ်စားမိလိုက်သည်။

သင်္ဘောမာလိန်မှူးက တစ်စုံတစ်ခုကိုပြန်ပြောလိုက်ပြီးမှ ပခုံးများကိုတွန့်လိုက်ကာ ၄င်း၏ ကုတ်အင်္ကျီထဲမှ တစ်စုံတစ်ခုကိုထုတ်ယူလျက် တင်မောင်ဆွေ့လက်ထဲသို့ ထည့်ပေးလိုက်သည်။ ပွဲစင်ခန်းထဲတွင် မှေးမှိန်သည့် ဓာတ်မီးရောင်အားဖြင့် ထိုအရာဝတ္ထုသည် သံမဏိရောင် လက်သွားသည်ကို စောနမာလာက တွေ့လိုက်ရ၏။

တင်မောင်ဆွေက သေနတ်လက်ထဲသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် ပြောင်းကို သင်္ဘောမာလိန်မှူး၏ ဝမ်းဗိုက်သို့ လှည့်၍ ချိန်ထားလိုက်တော့သည်။ သင်္ဘောမာလိန်မှူးသည် ကြက်သေကြီးသေကာ တင်မောင်ဆွေ့အား ကြည့်နေလိုက်သည်။

'ငြိမ်ငြိမ်နေ... မလှုပ်နဲ့...'

တင်မောင်ဆွေက တည်ငြိမ်သော အသံဖြင့်အမိန့်ပေးလိုက်ခြင်းဖြစ်သည်။ ထိုအခါမှပင် သင်္ဘောမာလိန်မှူးက ပြန်၍ သတိရလာဟန်တူသည်။ ရုတ်တရက် လက်တစ်ဖက်က၊ သေနတ်ကိုင်ထားသော တင်မောင်ဆွေလက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ သင်္ဘောသားအစောင့်ဘက်သို့ လှည့်ကြည့်ပြီး အော်၍ အကူအညီတောင်းရန် ဟန်ပြင်လိုက်သည်။

သို့ရာတွင် တင်မောင်ဆွေက ၎င်းထက်ပို၍ လျင်မြန်လှတော့သည်။ သူ၏ ဘယ်လက်က ဆတ်ခနဲ မာလိန်မှူး၏ လည်မျိုကိုတင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်ရာ မာလိန်မှူး၏အသံသည် လည်ချောင်းထဲတွင် တစ်ဆို့သွားတော့၏။

တင်မောင်ဆွေက အနည်းငယ် အားစိုက်လိုက်သည်။ နောက်တစ်ခဏတွင်တော့ သင်္ဘောမာလိန်မှူး၏ ကိုယ်ခန္ဓာကြီးသည် သင်္ဘောဘေးလက်ရမ်းကို ကျော်လျက်၊ ရေထဲသို့ ဗွမ်းခနဲကျသွားတော့သည်။ ထိုအသံကြောင့် အခန်းထဲတွင်ရှိနေသော သင်္ဘောသားအစောင့်က တင်မောင်ဆွေ့ဘက်သို့ လှည့်ကြည့်လိုက်သည်။ တင်မောင်ဆွေက ခပ်တည်တည်ပင် ၎င်းအား လှမ်း၍ လက်ယပ်ခေါ်လိုက်သည်။ သင်္ဘောသားအစောင့်လည်း တင်မောင်ဆွေဆီသို့ အပြေးကလေးရောက်လာရာ၊ တင်မောင်ဆွေက ရေထဲသို့ ငုံ့ကြည့်လျက် 'ဟိုမှာကြည့်စမ်း… 'ဟု ပြောလိုက်သည်။

သင်္ဘောသားအစောင့်သည် သင်္ဘောလက်ရမ်းမှ ကိုယ်ကို ကိုင်းလျက် အောက်သို့ငုံ့ကြည့်လိုက်ရာ တင်မောင်ဆွေက အလိုက်သင့်ပင် ၎င်း၏ခြေနှစ်ဖက်ကို ဆတ်ခနဲ အောက်ကနေဆွဲပင့်တွန်းချလိုက်သည်။ သင်္ဘောသားအစောင့်ခမျာမှာလည်း အသံပင်ထွက်ချိန်မရဘဲ ရေထဲသို့ ဇောက်ထိုးကြီး ကျသွားလေတော့၏။

ဖြစ်ပျက်သွားသည်က မြန်ဆန်လွန်းရကား စောနမာလာပင်လျှင် ကိုယ့်မျက်စိကိုယ်မယုံကြည်ချင်သလို ဖြစ်နေမိသည်။ ပဲ့ကိုင်သမားပင်လျှင် သူ့နောက်ဘက်တွင် ဖြစ်ပျက်သွားသည်ကို





သတိထားမိပုံမရသေး။ တင်မောင်ဆွေက သူ့ကျောဘက်သို့ ရောက်လာသည့်အခါမှ ဘာပါလိမ့်ဟူသော အမူအရာဖြင့် လှည့်ကြည့်လိုက်သည်။

သူ့ခမျာမှာလည်း ဘာပါလိမ့်ဟူ၍ပင် သိခွင့်ပင်ရမသွားလိုက်ရှာတော့။ ၎င်းက လှည့်အကြည့်လိုက်တွင် တင်မောင်ဆွေလက်ထဲမှ သေနတ်ဒင်က ၎င်း၏ နားသယ်တည့်တည့်သို့ ပြင်းထန်စွာရိုက်ချလိုက်ရာ၊ ၎င်းအဖို့လောကကြီးကို ဆက်၍ စိတ်မဝင်စားနိုင်တော့အောင် ဖြစ်သွားရလေ၏။

တင်မောင်ဆွေက ကုန်းပတ်ပေါ်တွင် ခွေလျက်သားကလေးဖြစ်နေသော ပဲ့ကိုင်၏ကိုယ်ကြီးကို ဘေးသို့ခြေထောက်ဖြင့် တွန်းဖယ်ပစ်လိုက်ပြီး သင်္ဘောပဲ့ကို လက်တစ်ဖက်ဖြင့် ထိန်းရင်း လက်တစ်ဖက်မှသေနတ်ကို သူ၏ဂျာကင်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်သည်။ ထို့နောက် ရင်ဘတ်ကလေးကို လက်တစ်ဖက်ဖြင့် ဖိလျက်ရပ်နေသော စောနမာလာဘက်သို့ တောက်ပသော အပြုံးကလေးဖြင့် လှည့်ကြည့်လိုက်သည်။

'ဘယ့်နှယ်လဲ စောနမာလာ… သင်္ဘောတစ်စင်းလုံးကို အပိုင်စီးရတာ တော်တော်ကလေး လွယ်ပါကလားနော်… ငှက်ပျောသီး အခွံနွှာစားရတာကမှ ခက်ချင် ခက်ဦးမယ်ဗျ…'

ထိုအခါမှ စောနမာလာက အောင့်ထားမိသော အသက်ကိုပြန်မှုတ်ထုတ်လိုက်ကာ ခေါင်းကလေးကို ယမ်းခါလိုက်လေသည်။

'ကိုတင်မောင်ဆွေ… ရှင့်လို လူမျိုးကိုတော့ ကျွန်မ ဒီတစ်ခါပဲ တွေ့ဖူးပါတယ်ရှင်…'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ပြုံးကာ ပခုံးများကို တွန့်ပြလိုက်သည်။

'အခွင့်အရေးဆိုတာက ယူတတ်တဲ့ လူတွေအတွက်ပါ စောနုမာလာ…. ဒါနဲ့ စောနုမာလာ… သင်္ဘောပွဲများ ကိုင်တတ်သလားဗျာ…'

'ကိုင်တတ်ပါတယ် ကိုတင်မောင်ဆွေ… ကျွန်မရဲ့ ခမည်းတော်ကြီးမှာ အပျော်စီးသင်္ဘောကလေးရှိတယ်။ ဒီရေအိုင်ကြီးထဲမှာ ကျွန်မတို့ ခဏခဏ အပျော်ထွက်စီးရဖူးတာပေါ့…'

'အင်း… ကျုပ်တို့များ တော်တော့်ကို ကံတရားက မျက်နှာသာ ပေးတာပဲနော်… သင်္ဘောပွဲကိုင်တတ်တဲ့ နယ်စားကြီးရဲ့ သမီးတော်ကလေးနဲ့မှ လာတိုးနေပြန်တယ်။ ကဲ… ဒီလိုဆိုရင်လည်း ကိုင်ပေတော့ စောနုမာလာ… ကျုပ်တို့လာခဲ့တဲ့ သေလာချမ်းမြဲဘက်ကို မသိမသာ သင်္ဘောကို ပြန်လှည့်လိုက်ပေတော့။ သင်္ဘောအင်ဂျင်စက်ခန်းထဲကို အချက်ပေးဖို့တော့ ဘယ်လိုမှမလိုသေးပါဘူး…'

'ကိုတင်မောင်ဆွေက ဘယ်သွားပြီး ဘာလုပ်ဦးမှာလဲဟင်'

'ပထမဦးဆုံး ဒီကောင့်ကို စိတ်ချရအောင် လုပ်ရဦးမယ်လေ။ ဒီကောင်က သေတာမှမဟုတ်တာ…'

တင်မောင်ဆွေက လောကကြီးကို ခေတ္တယာယီကျောခိုင်းထားနေသော သင်္ဘောပွဲကိုင်အား ဖိနပ်ဦးဖြင့် ထိုးပြရာက ပြောလိုက်သည်။

'ဒီကောင့်ကို ကြိုးနဲ့တုတ်ထားရဖို့ ကြိုးသွားရှာကြည့်ဦးမယ်… ပြီးတော့ သင်္ဘောပေါ်က အခြေအနေ ကင်းထောက် ကြည့်ရဦးမယ်လေ…'





'ကိုတင်မောင်ဆွေမှာ သေနတ်တစ်လက်လောက် အပိုပါရင် ပေးထားခဲ့ပါလား… တကယ်လို့ ဒီအထဲကို တစ်ယောက်ယောက်ကများ ဝင်လာရင်…'

'ရပါတယ် စောနုမာလာ…'

တင်မောင်ဆွေက ပြောပြောဆိုဆို သူ့ဂျာကင်အင်္ကျီအိတ်ထဲသို့ ထည့်ထားသော သေနတ်ကို ထုတ်ပေးလိုက်သည်။

'အဲဒါ ရေထဲမှာ ရေကူးကျန်ရစ်ခဲ့တဲ့ သင်္ဘောကပ္ပတိန်ရဲ့ သေနတ်ပဲ။ ကိုဆွေ ပြန်ဝင်လာတာကို လူမှားပြီးတော့ မပစ်နဲ့ဦးနော်…'

စောနုမာလာက သင်္ဘောပွဲကို ကျင်လည်စွာ လှမ်းကိုင်လိုက်ရာက၊ တင်မောင်ဆွေအား ပြုံး၍ ကြည့်လိုက်သည်။

'စိတ်ချပါ ကိုဆွေ… ကျွန်မက သေနတ်လည်း ပစ်တတ်ပါတယ်… ဒါကြောင့် သေနတ်ကို ဘယ်တော့မှ အရမ်းမပစ်ပါဘူး…'

'အင်း… စောနုမာလာကလည်း တကယ်တော့ တော်တော်ရှားတဲ့ မိန်းကလေးတစ်ယောက်ပါပဲ… ကဲ… ကျွန်တော်သွားလိုက်ဦးမယ်…. ကျွန်တော် သိပ်ကြာမှာတော့ မဟုတ်ပါဘူး…'

တင်မောင်ဆွေက ပြောပြောဆိုဆို သတိလစ်နေသော သင်္ဘောပွဲကိုင်ကို သူ့ပခုံးတွင် ထမ်းလိုက်ကာ အခန်းတံခါးကို ဆွဲဖွင့်လျက် ထွက်သွားလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



(ဃ)

သင်္ဘောပွဲစင်၏အောက်ဘက် စတိုခန်းထဲတွင် တင်မောင်ဆွေက သူသယ်ယူလာသော သင်္ဘောသားကို ပစ်ချလိုက်သည်။ ထိုစတိုခန်းကလေးထဲတွင် လိုချင်သမျှ ကြိုးတွေကို ရနိုင်သည်ဖြစ်ပေရာ သင်္ဘောသားများခမျာမှာ နောက်တစ်ခဏတွင် ခြေရောလက်ပါ မလှုပ်နိုင်အောင် ကျင်လည်စွာ အတုတ်နှောင်ခံရပြီးသားဖြစ်နေတော့၏။ ၎င်း၏ပါးစပ်ကိုတော့ တင်မောင်ဆွေက ၎င်း၏ကုတ်အင်္ကျီကို ဆုတ်ဖြဲလျက် ဆို့သိပ်ချည်းနှောင်ထားခဲ့သည်။ ၎င်းပြန်၍ သတိရလာဦးတော့၊ ဘယ်လိုမှ အသံပြုနိုင်တော့မည် မဟုတ်ပေ။

သင်္ဘောကတော့ ဆက်လက်၍ ခပ်မှန်မှန်ကြီး ခုတ်မောင်းမြဲ ခုတ်မောင်းနေသည်။ သင်္ဘောပေါ်တွင် ရှိနေကြသောအခြားလူမျိုးများသည် သင်္ဘောမာလိန်မှူး၏ ပွဲစင်ခန်းထဲ၌ ဖြစ်ပွားခဲ့ကြသည်များကို ဘယ်လိုမှသိကြဟန်မတူသေးပေ။

သင်္ဘောမှာ ဒေါက်တာပဟိုး၏ အပျော်စီးသင်္ဘောတစ်စင်းဖြစ်ဟန်တူသည်။ သင်္ဘောဆို၍ ခပ်များများလည်း ပါဟန်မတူချေ။ ယခုသင်္ဘောပေါ်တွင် ကျန်လျှင် သာမန်သင်္ဘောသားသုံးလေးယောက်နှင့် စက်ဆရာတွေသာ ရှိနေကြပေမည်။

စက်ဆရာတွေမှာတော့ သင်္ဘောဝမ်းတွင်းမှ အင်ဂျင်စက်ခန်းထဲတွင် သူတို့တာဝန် သူတို့ ထမ်းဆောင်နေကြပေလိမ့်မည်။ ကျန်သင်္ဘောသားတွေကလည်း ညစောင့်တာဝန်ကျနေသူမှအပ သူတို့အခန်းထဲတွင် အိပ်နေကြပေလိမ့်မည်။





အကယ်၍ သင်္ဘောသားတစ်ယောက်ယောက်နှင့် သူကရင်ဆိုင်တိုးရဦးတော့။ တင်မောင်ဆွေက သိပ်မစိုးရိမ်လှပေ။ အကြောင်းမူ သူ့အား သင်္ဘောသားက ထိုညတွင် သူတို့တင်ဆောင်လာရသော အထူးခရီးသည်ကြီးဟုသာ ထင်မှတ်လိမ့်မည် ဖြစ်လေသည်။ သည်တော့ကာ တင်မောင်ဆွေ့အတွက် မည်သူ့ကိုမဆို အငိုက်ဖမ်းနိုင်အောင် တစ်ပန်းသာလျက် ရှိနေ၏။

ထို့ကြောင့် တင်မောင်ဆွေက ခပ်အေးအေးပင် သင်္ဘောစတိုခန်းထဲမှ ထွက်လာခဲ့သည်။ ထို့နောက် သင်္ဘောဘေးကုန်းပတ်မှနေ၍ သင်္ဘောနောက်ပိုင်းဆီသို့ ထွက်လာပြီး၊ သူအလိုရှိသောအရာဝတ္ထုကို ရှာဖွေပြန်ရာ အခက်အခဲမရှိဘဲ တွေ့ရလေသည်။ သူတွေ့လိုသော အရာဝတ္ထုကား ကမ်းစပ်မှနေ၍ စောနမာလာအား တင်ဆောင်ခေါ်လာခဲ့သည့် လှေကလေးပင်ဖြစ်လေသည်။

ထိုလှေကလေးသည် သင်္ဘောပဲ့ပိုင်းနားမှသင်္ဘော၏လက်ဝဲဘက်ဘေးတွင် ချိတ်ကြီးနှစ်ခုဖြင့် ချိတ်လျက်သားရှိနေသည်။ တင်မောင်ဆွေက ကျေနပ်အားရစွာ ပြုံးလိုက်မိ၏။ သေလာချမ်းမြှရှိရာ မြကန်သာ ရေအိုင်ကြီး၏ ကမ်းဘက်သို့သင်္ဘောပြန်ရောက်လာသည့်အခါတွင် သူနှင့်စောနမာလှာက ဤလှေကလေးကို အသုံးပြုရလိမ့်မည်ဖြစ်၏။

တင်မောင်ဆွေက သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ အနီးအနားတစ်ဝိုက်တွင်တော့ လူရိပ်လူခြည်ဆို၍ တစ်ယောက်မှမတွေ့ရ။

တင်မောင်ဆွေက လှေကိုချိတ်များပေါ်တွင် ဆွဲတင်ထားသည့်ကြိုးများကို ချည်တိုင်မှ လျင်မြန်စွာ ဖြည်လိုက်သည်။ တဂျုံး



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးခုတ်နေသည့် သင်္ဘောစက်သံက ကျန်သောအသံတွေကို လွှမ်းမိုးလျက်ရှိနေသည်။

တင်မောင်ဆွေက ကြိုးစကိုလျှော့၍ လှေကိုအောက်သို့ တဖြည်းဖြည်းချင်း လျှောချလိုက်သည်။ လှေနှင့်ဇရာကရေပြင်နှင့် ခြောက်လက်မမျှသာ ကွာတော့သည့်အခါတွင်မှ၊ သူက ကြိုးစကို ချည်တိုင်တွင်ပြန်၍ ချည်လိုက်ပြန်၏။ ထို့နောက် စတိုခန်းထဲမှ သူယူလာသော ကြိုးခွေတစ်ခွေကို ပခုံးတွင်တင်ကာ တင်မောင်ဆွေက လှေချိတ်တိုင်မှတွယ်၍ လှေဝမ်းထဲသို့ ဆင်းလိုက်သည်။

လှေဦးတွင် တင်မောင်ဆွေက ကြိုးကို ချည်လိုက်ပြီးမှ တစ်ဖန် သင်္ဘောပေါ်ပြန်တက်လိုက်ကာ ချည်တိုင်တစ်တိုင်တွင် တစ်ဖက်ကကြိုးစကို ချည်နှောင်လိုက်ပြန်သည်။ သည်တစ်ခါတွင်တော့ တင်မောင်ဆွေက လှေကို ရေပြင်ပေါ်သို့ အရောက်ချလိုက်ရာ လှေကလေးသည် သူချည်နှောင်ထားသော ကြိုးတန်းဖြင့် သင်္ဘောဆွဲရာသို့ ရေပြင်ကို ဖြတ်သန်းလျက်ပါလာ၏။

တင်မောင်ဆွေက ကျေနပ်သော သက်ပြင်းကလေးတစ်ချက် ချလိုက်သည်။ သေလာချမ်းမြကမ်းဘက်သို့ သင်္ဘောပြန်ရောက်လာသည့်အခါတွင် ဤလှေကားပေါ်သို့ သူနှင့်စောနုမာလာ ချောမွေ့စွာတက်နိုင်ဖို့ အရေးသာ ရင်ဆိုင်ရဖို့ ကျန်ရှိတော့သည်။ လှေကလေးကတော့ သူတို့ကိုအသင့်စောင့်နေပေပြီ။

တင်မောင်ဆွေက သင်္ဘောဦးပိုင်းဆီသို့ ပြန်လျှောက်ခဲ့ကာ မာလိန်မှူး၏ မှဲ့စင်ခန်းဆီသို့ ပြန်တက်ခဲ့သည်။ သူက တံခါးကို တွန်းဖွင့်လျက်အထဲသို့ဝင်လိုက်ရာတွင် စောနုမာလာ၏ သေနတ်ပြောင်းကို ရင်ဆိုင်လိုက်ရ၏။





စောနုမာလာက သေနတ်ပြောင်းဝကို အောက်သို့ပြန်ချလိုက်ကာ ပြုံးလိုက်သည်။

'လုပ်စရာရှိတာ လုပ်ပြီးခဲ့ပြီလား ကိုတင်မောင်ဆွေ'

တင်မောင်ဆွေက ခပ်ပြုံးပြုံး ခေါင်းညိတ်လိုက်၏။

'ကျွန်တော်တို့ကမ်းတက်ဖို့ လှေကလေးကတော့ အသင့်ဖြစ်နေပါပြီ… စောနုမာလာ… သင်္ဘောက ကမ်းဘက်ပြန်ရောက်ဖို့သာ ကျန်ပါတော့တယ်…'

'စိတ်ချပါ ကိုတင်မောင်ဆွေ… ကျွန်မ သင်္ဘောကို သေလာချမ်းမြဘက်ကို ပြန်လှည့်ပြီးပြီ…'

တင်မောင်ဆွေက စီးကရက်တစ်လိပ် မီးညှိလိုက်ကာ စောနုမာလာ၏ လက်ထဲမှ ပွဲထိန်းဘီးကို ယူလိုက်သည်။

'သင်္ဘောကို ကမ်းဘက်နီးနိုင်သမျှ နီးအောင်ခေါ်သွားရမယ်… ပြီးတော့ ဟိုဘက်ကမ်းဘက် ပြန်လှည့်ပြီး ကျွန်တော်တို့ကတော့ ကျွန်တော် အသင့်လုပ်ထားခဲ့တဲ့ လှေကလေးနဲ့ ကမ်းဘက်ကို လစ်ကြဖို့ပဲ။ ပွဲစင်ခန်းထဲကို အစောင့်ဂျူတီလာလဲတဲ့ လူရောက်သွားမှ သူတို့သင်္ဘောဟာ ပွဲကိုင်မရှိတော့ဘဲ သူ့ဘာသာ သူသွားနေတာကို တွေ့ရတော့မှာပဲ…'

စောနုမာလာက ခေါက်ကုလားထိုင်ကလေးတစ်လုံးကို တင်မောင်ဆွေ့ဘေးသို့ ရွှေ့လိုက်ကာ ဝင်ထိုင်လိုက်၏။ သူမသည် ထိုအခါမှပင် ကိုယ့်ကိုကိုယ် တော်တော်မင်ပန်းနွမ်းရိနေပြီဖြစ်ကြောင်း နားလည်လာမိတော့သည်။ သူမ၏ စိတ်ထဲတွင်လည်း ကိုယ့်ကိုယ်ကို အိမ်မက်မက်နေသလားဟုလည်း ထင်မှတ်နေမိ၏။

အဖြစ်အပျက်များကား တိုတောင်းလှသော အချိန်ကာလေး



www.burmeseclassic.com

www.burmeseclassic.com



အတွင်း အပြောင်းအလဲ မြန်ဆန်လှရကား တွေးကြည့်လိုက်လျှင် တကယ်မှ ဖြစ်ခဲ့ပါရဲ့လားဟု မယုံကြည်နိုင်စရာ ဖြစ်နေတော့သည်။

'ကျွန်မတို့ ကမ်းဘက်ကို ဘယ်တော့လောက် ပြန်ရောက်မလဲ ကိုတင်မောင်ဆွေ'ဟု သူမက တင်မောင်ဆွေအား ရုတ်တရက် မေးလိုက်သည်။

'နောက်တစ်နာရီလောက်ဆိုရင် ကမ်းကိုပြန်တွေ့နိုင်ပါပြီ… ကမ်းရောက်တော့ ပျော်စရာတွေ ထပ်တွေ့ဦးမှာပေါ့လေ…'

တင်မောင်ဆွေ၏ ပြုံးနေသော မျက်လုံးများကစောနုမာလာ၏မျက်နှာကလေးကို အကဲခတ်ကြည့်လိုက်ကြ၏။ ထို့နောက် စောနုမာလာ၏စိတ်ထဲတွင် ဘယ်လိုခံစားနေရသည်ကို ရိပ်စားမိဟန် ဖြင့် တင်မောင်ဆွေက ရယ်မောလိုက်ပြန်၏။

'စောနုမာလာက အဖြစ်အပျက်တွေအတွက် တော်တော် အံ့ဩနေတယ် ထင်တယ်… ဒီလိုပဲပေါ့ စောနုမာလာ၊ စွန့်စားမှု တစ်ခုမှာဆိုရင် အဖြစ်အပျက်တွေဟာ ဒီလိုအပြောင်းအလဲ မြန်တတ်ပါတယ် … ထူးခြားတတ်ပါတယ်… အရေးကြီးတာက ဒီလို အပြောင်းအလဲတွေဟာ ကိုယ့်အတွက် ဖြစ်ဖို့ပါပဲ… ကိုယ်က ကြိုးစားရတာလည်း ပါတယ်… အဲ… ကံကောင်းတာကလည်း အထောက်အကူတစ်ခုပေါ့လေ…'

'ကျွန်မက ရှင့်ကို အံ့ဩမိတာပါ ကိုတင်မောင်ဆွေ၊ ရှင်ဟာ ဒီလို အဖြစ်အပျက်တွေကို တွေ့နေရပေမယ့် အေးအေးပဲ နော်…'

တင်မောင်ဆွေက သူ့ပခုံးကျယ်ကြီးများကို တွန့်ပြလိုက်သည်။





'ကျွန်တော့်အတွက်တော့ ဒီလိုစွန့်စားရပေါင်း များလှပြီမို့ ရိုးနေပါပြီ စောနုမာလာ…'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

- ၉ -

## ကမ်းပြန်တက်ခြင်း

(က)

သင်္ဘောကလေးက သေလာချမ်းမြကမ်းဘက်သို့ မှန်မှန်ကြီးပြန်၍ ခုတ်မောင်းနေသည်။ ပွဲစင်ခန်းထဲတွင် သေလာချမ်းမြကမ်းဘက်သို့ သင်္ဘောကို တိတ်တဆိတ် ပွဲကိုင်ပေးနေသော တင်မောင်ဆွေနှင့် စောနုမာလာတို့အား ဘယ်သူကမှလည်းလာ၍ အနှောင့်အယှက် မပေးကြချေ။

သင်္ဘောပေါ်ရှိ သင်္ဘောသားများသည် သူတို့၏မာလိန်မှူး သင်္ဘောနှင့် ပါမလာတော့သည်ကို ဘယ်လိုမှ သိကြဟန်မတူ။ သင်္ဘောကို သူတို့၏ မာလိန်မှူးက မြကန်သာရေကန်ကြီး၏တစ်ဖက်မှ သူတို့၏နယ်ခြားဆီသို့သာ ဆက်လက်ထိန်းခေါ်သွားနေသည်ဟု ထင်မှတ်နေကြဟန်ရှိလေသည်။

တင်မောင်ဆွေကား သင်္ဘောပွဲကို ထိန်းကိုင်နေရာမှ စောနု





မာလာနှင့် အေးအေးဆေးဆေး စကားပြောဆိုနေလိုက်သည်။ စောနုမာလာသည် တင်မောင်ဆွေ့ဘဝကို တော်တော် စိတ်ဝင်စားဟန်တူ၏။ သူ၏မေးမြန်းမှုကြောင့်လည်း တင်မောင်ဆွေက အချိန်ကုန်ပါစေတော့ သူ့ဘဝဖြစ်စဉ်များကို ပြန်လည် ပြောပြနေလိုက်သည်။

အသက် ၁၇နှစ်သားအရွယ်က စတင်၍ ဂျပန်ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်ဆင်နွှဲခဲ့ရာမှ သူ့ဘဝတွင် တောက်လျှောက်လိုလို စွန့်စားမှုတွေနှင့်သာ ရင်ဆိုင်ခဲ့ရသည့်အကြောင်းကို တင်မောင်ဆွေက ပြောပြခဲ့ရာ စောနုမာလာသည် စိတ်ဝင်စားစွာနားထောင်နေရင်းကပင် တင်မောင်ဆွေသည် ဘယ်လိုလူစားမျိုးတစ်ယောက်ဖြစ်ကြောင်းကို နားလည်သဘောပေါက်ရလေ၏။

တကယ်တော့ တင်မောင်ဆွေသည် မိုက်ရူးရဲသဘောမျိုးဖြင့် စွန့်စားမှုတွေကို တမင်သက်သက်လိုက်၍ ရှာဖွေနေခြင်း မဟုတ်ပေ။ သူ၏ဘဝခံယူချက်နှင့် ရည်မှန်းချက်ပန်းတိုင်တို့က သာလျှင် သူ့အတွက် စွန့်စားမှုအမျိုးမျိုးကို ရင်ဆိုင်နေရသည့် အခြေအနေများကို ဖန်တီးပေးနေခြင်းဖြစ်ကြောင်းကို စောနုမာလာက တင်မောင်ဆွေ့စကားတွေကို နားထောင်ရင်းဖြင့် နားလည်သဘောပေါက်လာရ၏။

တင်မောင်ဆွေက သူ့ဘဝခံယူချက်နှင့်ရည်မှန်းချက်ပန်းတိုင်းအတိုင်း လျှောက်လိုက်ရင်းကပင် သူတွေ့ကြုံခဲ့ရသည့် လူဆိုးလူမိုက်ကြီးတွေအကြောင်း၊ ကလိမ်ခြုံကြီးတွေအကြောင်း ယုတ်မာရက်စက်မှုတွေအကြောင်းကို အကျဉ်းရုံး၍ပြောပြလိုက်ပြီး၊ သူ့ဘဝခံယူချက်ကိုလည်း ရှင်းပြလိုက်သည်။

'ကျွန်တော်ဟာ မတရားမှုဆိုရင် သိပ်စက်ဆုပ်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်ပဲ စောနုမာလာ… ပြီးတော့ အများတကာလို မတရားမှုကို စက်ဆုပ်တတ်ပေမယ့် တွေ့ရာနေရာမှာ တိုက်ဖျက်ပစ်ဖို့ကိုလည်း ကျွန်တော်က ဝန်မလေးတတ်ဘူး။ မတရားတာ လုပ်တာတွေ့ရရင် ဘယ်သူ့ကိုဖြစ်ဖြစ် ကျွန်တော်က ကိုယ်တတ်နိုင်တဲ့နည်းနဲ့ ဝင်ဆော်ပစ်လိုက်တာပဲ'

တင်မောင်ဆွေက သူ့ခံယူချက်ကို ရှင်းပြနေရာက ရုတ်တရက် ရယ်မောလိုက်သည်။

'ဒါကြောင့်လည်း ကျွန်တော်ဟာ သာမန်လူတွေထက် ကျွန်တော့်ဘဝ တစ်လျှောက်လုံးမှာ ထူးခြားတဲ့အဖြစ်အပျက်တွေကို ကြုံတွေ့ရတယ်… စွန့်စားမှုတွေအမျိုးမျိုးနဲ့ ဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရတယ်။ ကြာလာတော့လည်း ဒီလိုပဲ ဘေးအန္တရာယ်နဲ့ စွန့်စားမှုတွေကို ရင်ဆိုင်နေရတဲ့ ကျွန်တော့်ဘဝဟာ ကျွန်တော့်အတွက်တော့ မဆန်းတော့ဘဲ ဖြစ်လာတော့တယ်။ ကျင့်သားရလာတယ်… ဒီတော့လည်း ရန်သူတွေကို ရင်ဆိုင်ရာမှာ ကျွန်တော်ဟာ ကျင်လည်ဖျတ်လတ်လာတယ်… သူတို့ထက် ကိုယ်ကတော့ အမြဲတမ်းခြေတစ်လှမ်း ဦးနေတာဟာ၊ ကျွန်တော့်ရဲ့ နဂိုဗီဇလိုဖြစ်လာတယ်။ သူတို့ထက် ကိုယ်က ကွက်ကျော် မြင်တတ်တာဟာ ကျွန်တော့် အကျင့်ဖြစ်လာရတယ်…'

စောနုမာလာက ခေါင်းကလေးကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။ ယခု သူမကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အဖြစ်တွေက တင်မောင်ဆွေစကားများကို ထောက်ခံနေသည် မဟုတ်ပါလား…'

တင်မောင်ဆွေက သက်ပြင်းတစ်ချက် ချလိုက်ကာ ထူး





ခြားသော အပြုံးကလေးပြုံးလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

'ဒါပေမဲ့ စောနုမာလာ… ကျွန်တော်ဟာ ရုပါမင်း(ဝါ) မဟာလူသားတစ်ယောက်တော့ မဟုတ်ပါဘူး။ အင်မတန်အစွမ်းထက်မြက်နေတဲ့ လူစွမ်းကောင်းကြီးတစ်ဦး မဟုတ်ပါဘူး။ တစ်နေ့မှာတော့ ကျွန်တော့်ထက်လျင်သူ၊ လက်ဦးသူ၊ ကွက်ကျော်မြင်တတ်တဲ့လူတစ်ယောက်ယောက်ကို တွေ့ရဦးမယ်ဆိုတာကိုလည်း ကျွန်တော်က နားလည်ထားပါသေးတယ် စောနုမာလာ…'

'အဲဒီအခါကျရင်ကော ကိုတင်မောင်ဆွေ…'

တင်မောင်ဆွေက ရုတ်တရက် ပြန်မဖြေဘဲ အဝေးသို့မျှော်ကြည့်လိုက်ကာ သူ့မျက်လုံးများက ထူးခြားသော အရောင်များဖြင့် တောက်ပလာကြ၏။

'တိုက်ပွဲဝင်သူတိုင်းဟာ အောင်ပွဲကိုချည်း မခံရတတ်ပါဘူး။ တိုက်ပွဲမှာကျဆုံးသွားရသူတွေဟာလည်း ရှိနေသေးတာပါပဲ… အဲဒီအခါကျရင်တော့ ကျွန်တော်ဟာလည်း တိုက်ပွဲမှာကျဆုံးခဲ့ရသူတစ်ဦးပဲ ဖြစ်သွားမှာပေါ့ စောနုမာလာရယ်… အဓိက တိုက်ပွဲဝင်ဖို့သာ မဟုတ်လား…'

တင်မောင်ဆွေ့စကားများသည် စောနုမာလာ၏ ရင်ကို နွေးခနဲ ဖြစ်သွားစေသည်။ မျက်လုံးများတွင်လည်း မျက်ရည်တွေက အလိုအလျောက် ရစ်ဝဲလာကြတော့သည်။

သူမက တင်မောင်ဆွေ့ လက်မောင်းတစ်ဖက်ကို အသာဆုပ်ကိုင်လိုက်ကာ ညင်သာစွာ ပြောလိုက်၏။

'ကိုတင်မောင်ဆွေ… ရှင်ဟာ ရုပါမင်းတစ်ယောက် မဟုတ်ပေမယ့် လေးစားအပ်တဲ့ သာမန်လူစားတစ်ယောက်ပါပဲ…



www.burmeseclassic.com

www.burmeseclassic.com



ရှင့်လိုလူစားမျိုးတွေ ကမ္ဘာမှာ များများရှိရင် ကမ္ဘာပေါ်မှာ မတရားအနိုင်ကျင့်မှုဆိုတာဟာ ပျောက်ကွယ်သွားတော့မှာပဲ…'

'ဟဲ… ဟဲ… ကျုပ်လို လူစားတွေ ကမ္ဘာမှာများများစားစားရှိနေရင် ကမ္ဘာကြီးပျက်စီးသွားတော့မှာပေါ့ စောနှမာလာရယ်…'

တင်မောင်ဆွေက ကိုယ့်ကိုကိုယ်ပြန်နောက်လိုက်ရာက စောနှမာလာအား လှည့်ကြည့်လိုက်သည်။

'ကဲ… စောနှမာလာ စကားပြောလို့တော့ ကောင်းပါရဲ့။ ဒါပေမယ့် ကျုပ်တို့ကမ်းကို နီးလာနေပြီ… ဒီတော့ စောနှမာလာက ပဲ့ကိုခဏကိုင်ထားပေးပါဦး။ ကျုပ် ကင်းထောက်တစ်ခေါက်ထွက်လိုက်ဦးမယ်…'

(ခ)

တင်မောင်ဆွေသည် ဆယ်မိနစ်ခန့်ကြာမှ ပဲ့စင်ခန်းထဲသို့ ပြန်ဝင်လာသည်။ သူ့မျက်နှာကို စောနှမာလာက တွေ့လိုက်ရလျှင် သူသည် ဘေးအန္တရာယ်တစ်ခုခုကို ရင်ဆိုင်ကျော်နင်းနိုင်ခဲ့ပြန်ပြီဖြစ်ကြောင်းကို စောနှမာလာက နားလည်လိုက်ရ၏။

'ကျွန်တော်ချထားတဲ့ လှေကို သွားကြည့်တာ စောနှမာလာ…. အဲဒါ ကျွန်တော်က သင်္ဘောဝမ်းထဲက တက်လာတဲ့ သင်္ဘောသားတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်…'

'အို… ဟုတ်လား'

'ပထမတော့ သင်္ဘောသားက ကျွန်တော့်ကိုပွတ်ရှကပ်





အောက်မေ့ပြီး အလေးတောင်ပြုလိုက်ပါသေးတယ်။ ပြီးတော့မှ သူက ရေထဲမှာချထားတဲ့လှေကို တွေ့သွားပြီး သင်္ကာမကင်း ဖြစ်လာတယ်… ဒါပေမဲ့ သူက မေးလားမြန်းလား မလုပ်နိုင်ခင်မှာပဲ… ကျွန်တော်က သူ့ကို နှုတ်ပိတ်ပစ်လိုက်ပါတယ်…'

'တစ်ခါတည်း အပြီးအပိုင်လား… ကိုတင်မောင်ဆွေ'

တင်မောင်ဆွေက ပြုံးလျက် ခေါင်းယမ်းပြလိုက်သည်။

'ကျွန်တော်ဟာ လူသတ်သမားတစ်ယောက် မဟုတ်ပါဘူး စောနှမာလာ။ ကျွန်တော်တို့ကို အနှောင့်အယှက် မပေးနိုင်ရုံလောက်ပဲ လုပ်ခဲ့တာပါ'

တင်မောင်ဆွေက ပြောပြောဆိုဆို ရှေ့သို့လှမ်းကြည့်လိုက်ကာ လေချွန်လိုက်သည်။

'ဟော… ရှေ့မှာ ကမ်းမြင်နေရပါပြီကော စောနှမာလာ ရှေ့ကို ငါးမိနစ်လောက် ဆက်ထိန်းပေးရင်း ကမ်းကို ဘေးတိုက်သင်္ဘောကို လှည့်လိုက်ပေတော့ စောနှမာလာ'

နောက်ငါးမိနစ်ကြာလျှင်ကား စောနှမာလာ၏ ပဲ့ကိုင်မှုဖြင့် သင်္ဘောကလေးသည် ကမ်းကိုဘေးတိုက်ထားကာ ဆက်လက်ခုတ်မောင်းနေပြန်တော့သည်။

ထိုအခါတွင်မှ တင်မောင်ဆွေက သင်္ဘောပဲ့ကို အသေချည်ထားလိုက်ပြီး စောနှမာလာနှင့်အတူ ပဲ့စင်ခန်း၏ အပြင်ဘက်သို့ ထွက်လာခဲ့ကြ၏။ ကန်အလယ်ဆီမှ တိုက်ခတ်လာသော လေပြည်သည် စောနှမာလာ၏ မျက်နှာကလေးအား အေးမြစွာပက်ဖျန်းလာလေသည်။ ထိုလေပြည်ကလေးကို ရှူရှိုက်ရင်းက စောနှမာလာသည် ခံစားနေရသော ပင်ပန်းမှုတွေ ပျောက်ကွယ်ကုန်တော့သော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ပြန်လည်လန်းဆန်းလာတော့၏။ သင်္ဘော၏ဘေးတစ်မိုင်ကျော်ကျော်ခန့်တွင် ခပ်ရေးရေးမြင်နေရသော သေလာချမ်းမြကမ်းဘက်ဆီသို့ လှမ်းမျှော်ကြည့်မိရာက သူမသည် တင်မောင်ဆွေ၏မျက်နှာကို မော့ကြည့်လိုက်ပြန်၏။

တင်မောင်ဆွေ၏မျက်နှာတွင် ဘာကိုမှ မထီသောအပြုံးလေးက လွှမ်းခြုံထားလျက် ရှိနေပြန်သည်။ သူ့မျက်လုံးများကလည်း တဖျတ်ဖျတ် တောက်ပလျက်ရှိနေကြ၏။

'ကဲ… စောနုမာလာ ကျွန်တော်တို့ မကြာခင်ဘဲ ဒေါက်တာဟိုးနဲ့ ပြန်တွေ့ကြရတော့မယ်… ခုလောက်ဆိုရင် နေ့ကြီးကအိပ်ပျော်နေပြီလား မသိဘူး… ကျွန်တော်လည်း သေပြီ။ သူ့အကြံလည်းအောင်ရတော့မယ်ဆိုပြီး၊ အိမ်မက်ကောင်းကလေးတွေတောင်မက်ချင်မက်နေမှာ…'

'ဂျင်မီစမတ်အတွက်ကော ရှင်က စိတ်မပူဘူးလား။ ကိုတင်မောင်ဆွေ…'

'နည်းနည်းတော့ ပူတာပေါ့ စောနုမာလာ… ဒါပေမဲ့ ဂျင်မီက အားကိုးရပါတယ်… သူဟာ ကျွန်တော့်ရဲ့ညာလက်ရုံးပါပဲ… သူ့ကို တာဝန်တစ်ခုပေးလိုက်ပြီဆိုရင် မဖြစ်ဖြစ်အောင် ဆောင်ရွက်ခဲ့တာချည့်ပါပဲ…'

စောနုမာလာသည် ခေတ္တမျှ တိတ်ဆိတ်သွားပြန်ပြီး ကမ်းဘက်ဆီသို့ လှမ်း၍ကြည့်လိုက်၏။ ပြီးမှ သူကရုတ်တရက် မေးခွန်းတစ်ခု ထုတ်လိုက်ပြန်၏။

'ကိုတင်မောင်ဆွေ… ရှင် ဒေါက်တာဟိုးနဲ့ ပြန်တွေ့ရရင် ဘာလုပ်မလို့လဲဟင်… သူ့ကိုတစ်ခါတည်း အသေသတ်ပစ်





မလို့လား…'

'သတ်ဖို့လိုတယ်ဆိုရင်လည်း သတ်ရမှာပေါ့ စောနုမာလာ သူဟာ ကမ္ဘာလောကကြီးကို အန္တရာယ်ပေးနေတဲ့လူ မဟုတ်လား'

တင့်မောင်ဆွေ၏အသံမှာ တည်ငြိမ်လှသော်လည်း စောနုမာလာ၏အသည်းကိုတော့ အေးသွားစေ၏။ တင်မောင်ဆွေသည် သူပြောသည့်အတိုင်းပင် ဒေါက်တာဟိုးအား သတ်ဖို့လိုသည်ဆိုပါက လက်မနှေးဘဲသတ်ပစ်မည်ဖြစ်သည်ကို စောနုမာလာက ကောင်းစွာ ယုံကြည်မိလေ၏။

(ဂ)

သင်္ဘောကလေးက သေလာချမ်းမြကို ဘေးတိုက်ထားပြီး ခုတ်မောင်းမြဲ ခုတ်မောင်းလျက်ရှိနေ၏။ သင်္ဘောကုန်းပတ်ပေါ်တွင်လည်း တင်မောင်ဆွေနှင့်စောနုမာလာတို့ နှစ်ယောက်သာရှိနေကြ၏။ ကျန်သင်္ဘောသားများကတော့ သင်္ဘောဝမ်းခေါင်းထဲတွင်ပင် စိတ်ချလက်ချ အိပ်ပျော်နေကြဟန်တူပေသည်။ ခုနက တင်မောင်ဆွေ ရင်ဆိုင်တိုးမိခဲ့သော သင်္ဘောသားမှာ ဂျူတီလဲရန် အပေါ်သို့ တက်လာခဲ့ခြင်း ဖြစ်ပေသည်။

တင်မောင်ဆွေက ကမ်းဘက်ဆီသို့တစ်ချက် လှမ်းမျှော်ကြည့်လိုက်ပြီး ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် စောနုမာလာအား ငုံ့ကြည့်လိုက်၏။

'ကဲ… စောနုမာလာ… ကျွန်တော်တို့ထပ်လှုပ်ရှားဖို့ အချိန်ကျလာပြီ… ကျွန်တော်နဲ့ခင်ဗျား နာဝါလှေကလေးစီးဖို့ သေ



www.burmeseclassic.com

www.burmeseclassic.com



လာချမ်းမြကမ်းကို ကူးကြပါစို့လား…'

စွန့်စားမှုကြီးတစ်ခုကို ရင်ဆိုင်ရတော့မည်ဖြစ်သည့်တိုင် တင်မောင်ဆွေ၏ အသံကတော့ ခပ်ရှင်ရှင် ခပ်ပေါ့ပေါ့သာ ဖြစ်လေသည်။ စောနုမာလာကလည်း တင်မောင်ဆွေအား ပကတိ ယုံကြည်စိတ်ချမှုဖြင့် ပြုံးပြလိုက်သည်။

'ကောင်းပြီ ကိုဆွေ… စောနုမာလာကလည်း အသင့်ပါပဲ…'

သူတို့နှစ်ယောက်သည် လက်တွဲလျက် သင်္ဘောဘေးကုန်းပတ်တစ်လျှောက်မှနေ၍ တင်မောင်ဆွေလှေချထားသည့် နေရာသို့ လျှောက်လာခဲ့ကြလေသည်။ တင်မောင်ဆွေက ချည်တိုင်တွင်ချည်ထားသော ကြိုးအားဖြင့်လှေကလေးကို သင်္ဘောနှင့်ကပ်လျက်သားဖြစ်လာအောင် ဆွဲယူလိုက်သည်။ လှေကလေးသည် သင်္ဘောလှိုင်းစီးမိပြီး လူးနေသော်လည်း သင်္ဘောဘေးသို့ အလိုက်သင့်ကပ်ပါလာ၏။

တင်မောင်ဆွေက စောနုမာလာအား အပြုံးကလေးဖြင့် ငုံ့ကြည့်လိုက်သည်။

'ဘယ့်နှယ်လဲ စောနုမာလာ၊ ဒီလှေကလေးပေါ်ကို ခုန်ချရဲပါ့မလား…'

စောနုမာလာက သူ့အောက်တည့်တည့် သင်္ဘောလှိုင်းထဲတွင် လူးနေသော လှေကလေးကိုကြည့်ကာ ပင့်သက်တစ်ချက်ရှိုက်လိုက်သည်။ ပြီးမှ တင်မောင်ဆွေ့အား ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။ တင်မောင်ဆွေက အားပေးသည့်အနေဖြင့်၊ သူမ၏ လက်ကလေးတစ်ဖက်ကို ဆွဲယူလျက် ဖျစ်ညှစ်လိုက်သည်။





'ဘာမှကြောက်မနေပါနဲ့ စောနုမာလာ ကိုဆွေက ခုန်ချဆိုရင်သာ ခုန်ချလိုက်ပေတော့ ဟုတ်လား…'

တင်မောင်ဆွေက လှေဦးကြိုးကို လက်ထဲတွင် မြဲမြံစွာဆုပ်ကိုင်ထားလိုက်ရာမှ လှေကလေးကို ဂရုစိုက် အကဲခတ်လိုက်သည်။ စောနုမာလာကလည်း ခုန်ချရန် အသင့်ပြင်ဆင်ထားလိုက်သည်။

'ကဲ… ခုန်ချပေတော့ စောနုမာလာ…'

စောနုမာလာကလည်း တင်မောင်ဆွေ့အသံထွက်ပေါ်လာတာနှင့် တစ်ပြိုင်တည်း မတုံ့မဆိုင်းဘဲ လှေဝမ်းထဲသို့ မှန်းဆလျက် ခုန်ချလိုက်သည်။ သူမသည် လှေဝမ်းထဲသို့ တည့်မတ်စွာရောက်သွားပြီးမှ၊ တစ်ဖက်သို့ ယိုင်လဲကျသွားကာ ကိုယ်အထက်ပိုင်းသည် လှေနံစောင်းမှကျော်လျက် ရေထဲသို့ ထိုးကျသွားလုမတတ် ဖြစ်သွားလေသည်။ သို့ရာတွင် စောနုမာလာက အချိန်မီ လှေနံစောင်းကို ဆုပ်ကိုင်ပြီး ကိုယ့်ကိုယ်ကို ထိန်းထားလိုက်သည်။

တင်မောင်ဆွေက ထိုအခါမှ သက်မကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး၊ ချည်တိုင်တွင်ချည်ထားသော ကြိုးစကိုဖြည်လိုက်ပြီး ကြိုးကို လက်ထဲတွင်ဆုပ်ကိုင်ထားရာကပင် လှေဝမ်းထဲသို့ လွှားခနဲ ပေါ့ပါးစွာ ခုန်ချလိုက်ပြန်၏။ လှေကလေးသည် ချက်ချင်းပင် သင်္ဘောလှိုင်းစီးရင်းက သင်္ဘောဘေးမှခွာထွက်သွားလေတော့သည်။ သင်္ဘောကတော့ ရှေ့သို့တည့်တည့်ကြီးလှည့်၍ ခုတ်မောင်းသွားလေတော့သည်။

တင်မောင်ဆွေက သူတို့နှင့်ဝေးကွာသွားသော သင်္ဘောကလေးဆီသို့ ခပ်ရှင်ရှင်အမူအရာဖြင့် လက်တစ်ဖက်ယမ်းပြပြီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လိုက်သည်။ သူ့အား ပြန်နှုတ်ဆက်မည့်သူကတော့ ကုန်းပတ်ပေါ်တွင် တစ်ယောက်မှရှိမနေပေ။

တင်မောင်ဆွေက လှေဝမ်းထဲတွင်ရှိနေသော လှော်တက်ကို ကောက်ကိုင်လိုက်သည်။ ပြီးနောက် သူ့ရှေ့တွင် သူ့ကို မျက်နှာပြု၍ ထိုင်နေသော စောနမာလာအား လှမ်းကြည့်ကာ ပြုံးပြလိုက်သည်။

'ဘယ့်နှယ်လဲ စောနမာလာ… နာဝါခရီး စကြစို့ရဲ့လား… ဒေါက်တာဟိုးကြီးရဲ့ ကောင်းသော အိပ်ခြင်းကိုသွားဖျက်ကြရအောင်လေ…'

စောနမာလာ၏ကြည်ရွှင်သော ရယ်မောလိုက်သံက လေထဲတွင် ပျံ့လွင့်၍ သွားလေသည်။

'ကိုတင်မောင်ဆွေ ရှင်ဟာတော့ တကယ့်ကိုရှာမှရှားတဲ့ လူတစ်ယောက်ပါပဲရှင်…'

တင်မောင်ဆွေက ဘာမှပြန်မပြောတော့ဘဲ လှော်တက်ကို ရေထဲသို့ စိုက်သွင်းလိုက်ကာ လှေကို ကမ်းတစ်ဖက်ဆီသို့ ဦးတည်လျက်စ၍ လှော်ခတ်လိုက်လေ၏။

(ဃ)

ကမ်းစပ်သို့ရောက်သည်အထိ လှေကိုမိနစ်နှစ်ဆယ်မျှ မနားတမ်း မှန်မှန်ကြီးလှော်ခတ်ရလေသည်။ သို့ရာတွင် ကာယဗလကို စနစ်တကျ လေ့ကျင့်ထားသော တင်မောင်ဆွေ့အတွက်တော့ သိပ်ပင်ပန်းလှသည့် အလုပ်တစ်ခုမဟုတ်တော့ချေ။





တင်မောင်ဆွေက သူ့ကြွက်သားများ လှုပ်ရှားနေရသည်ကိုပင် ကျေနပ်နေမိကာ ရခိုင်လူပျိုလှည့် သီချင်းကလေးကို တညည်းညည်းနှင့်လှော်ခတ်ခဲ့ရာ လှေကလေးသည် ကမ်းစပ်နှင့်တဖြည်းဖြည်း နီးကပ်၍လာတော့သည်။ လှေဦးတွင် သူ့အားမျက်နှာပြုလျက် ထိုင်လိုက်လာသူ စောနမာလာကား သူ့အားကြည့်ရှုကာ စိတ်ထဲတွင် တစ်မျိုးကြည်နူးနေမိတော့၏။

သူတို့နှစ်ယောက်သည် မကြာသေးခင်ကမှ ရန်သူ့လက်တွင်းက ကြိုးစားပမ်းစား လွတ်မြောက်လာရပြီး မကြာမီအတွင်း ရန်သူကို ထပ်မံရင်ဆိုင်လျက် အစွမ်းချင်းပြိုင်ရဦးမည့်အကြောင်းကို ဤလူကမေ့နေသလား…ဟုလည်း စောနမာလာစိတ်ထဲ တွေးတောအံ့သြလိုက်မိသည်။ သူတို့နှစ်ယောက်သည် ဘေးအန္တရာယ်ဟူ၍ ဘယ်လိုမှမရှိဘဲ ညဘက်တွင် မြကန်သာရေကန်ကြီး၌ အပျော်လှေစီးထွက်လာကြတာများ ဖြစ်ရှေ့သလားဟု သူမကိုယ်တိုင်ကလည်း ထင်ယောင်ထင်မှား ဖြစ်ချင်လာမိတော့၏။

နောက်ဆုံးတွင်တော့ လှေဦးသည် ကန်ကြီး၏ကမ်းစပ်မြေကြီးဆီသို့ ဦးစိုက်လိုက်ပြီး ထိုးရပ်သွားလေတော့သည်။

'ကဲ… စောနမာလာ… ကမ်းပေါ်ကိုပြန်ရောက်ပြီ… ဆင်းပေတော့…'

တင်မောင်ဆွေက လှော်တက်ကို လှေဝမ်းထဲထည့်လိုက်ပြီး ထရပ်ကာ စောနမာလာဆီသို့ လက်ကမ်းလိုက်သည်။ သူတို့ဆိုက်ကပ်လိုက်သော ကမ်းစပ်မှာ မတ်စောက်ခြင်းမရှိဘဲ ခပ်ပြေပြေသာဖြစ်ရာ သူတို့နှစ်ယောက် အလွယ်တကူပင် ကမ်းပေါ်သို့ လှမ်းတက်လိုက်နိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ကမ်းစပ်တွင် ခေတ္တရပ်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်လိုက်ကြ၏။ ရေစပ်မှနေ၍ ပေတစ်ရာကျော်အထိ မြေပြင်သည် ခပ်ပြေပြေအပေါ်သို့ မြင့်တက်သွားလေသည်။ အနီးအနားတစ်ဝိုက်တွင်တော့ ချုံပုတ်ကလေးများသည် ဟိုမှာသည်မှာ ခပ်ကျဲကျဲ ပေါက်နေကြလေသည်။

တင်မောင်ဆွေလည်း စောနုမာလာ၏ လက်တစ်ဖက်ကို ဆွဲကာ ချုံပုတ်များကြားမှနေ၍ လျှောက်ခဲ့ကြလေသည်။ ပေတစ်ရာကျော်မျှလျှောက်မိလျှင် မြေပြင်သည် ပို၍ မြင့်တက်လာတော့သည်။ ခေတ္တကြာလျှင်တော့ သူတို့ရှေ့တွင် လူတစ်ရပ်ကျော်မျှမြင့်သော ချောက်ကမ်းပါးတစ်ခုကို တွေ့လိုက်ရသည်။ တင်မောင်ဆွေက ထိုချောက်ကမ်းပါးကို လှည့်ပတ်၍ အပေါ်သို့တက်နိုင်မည့်လမ်းကို ရှာဖွေရလေ၏။ ငါးမိနစ်ခန့်မျှလျှောက်မိလျှင် အပေါ်သို့တက်သွားနိုင်သည့် လမ်းကလေးတစ်ခုကို ရှာတွေ့ကြရလေ၏။

တင်မောင်ဆွေက စောနုမာလာအား သူ့ဂျာကင်အင်္ကျီနောက်မြီးကို ဆွဲကိုင်စေလျက် ထိုလမ်းကလေးအတိုင်း ရှေ့မှနေ၍ တက်ခဲ့လေ၏။ ထိုလမ်းကလေးသည် ချောက်ကမ်းပါးထိပ်သို့ ကွေ့ကောက်၍ တက်သွားရာ နောက်ငါးမိနစ်ခန့်ကြာလျှင် သူတို့နှစ်ယောက်သည် ချောက်ကမ်းပါးထိပ်သို့ ချောမောစွာ ရောက်ရှိသွားကြတော့သည်။

စောနုမာလာ အမောပြေစေရန်အတွက် တင်မောင်ဆွေသည် ထိုနေရာတွင် ခေတ္တရပ်နားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှု အကဲခတ်နေလိုက်သည်။ သူတို့ရှေ့တွင် မြေပြင်သည် ကျယ်ပြန့်လျက်ရှိ၏။ သို့သော် ချုံပုတ်တွေကပို၍ ထူထပ်လာကာ





သစ်ပင်ကြီးတွေကိုလည်း ဟိုမှာသည်မှာ အုံ့ဆိုင်းစွာတွေ့ရနိုင်၏။

တင်မောင်ဆွေသည် သူ၏ဖျတ်လတ်သော မျက်လုံးများကို အသုံးပြုလျက် ချုံပုတ်တွေကြားမှ ကျင်လည်စွာပင် ရှေ့သို့ဆက်လက်၍ လျှောက်ခဲ့ပြန်သည်။ စောနုမာလာကတော့ သူ့ဂျာကင်နောက်မြီးကိုဆွဲပြီး ယုံကြည်စိတ်ချစွာဖြင့် နောက်က လိုက်ပါလာ၏။

ရတ်တရက်ဆိုသလို သူတို့ရှေ့တွင် ချုံပုတ်တွေ ရှင်းလင်းသွားကာ ကွင်းပြင်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ ကွင်းပြင်၏ ဟိုဘက်အစပ်တွင်တော့ ခြံစည်းရိုးကလေးတစ်ခုက ရှိနေ၏။

'ခရီးကတော့ တော်တော်ပေါက်လာပြီ စောနုမာလာ၊ ခြံစည်းရိုးတစ်ဖက်ကတော့ စိုက်ပျိုးခင်းတစ်ခုပဲ… စိုက်ခင်းရှိရင် လူနေအိမ်ခြေတော့ ရှိရမှာပဲ… လူနေအိမ်ခြေရှိရင်တော့ လမ်းကိုလည်း တွေ့ရမှာပဲ…'

တင်မောင်ဆွေက အတော်ကလေး မောဟိုက်နေဟန်တူသော စောနုမာလာကို အားပေးလိုက်သည်။ သူမ၏ကိုယ်ကလေးကို သန်မာသောလက်ချောင်းများဖြင့် ပွေ့ယူလိုက်ကာ ခြံစည်းရိုးကိုကျော်၍ စိုက်ခင်းထဲသို့ ချပေးလိုက်၏။ ထို့နောက် သူကိုယ်တိုင်ကလည်း ခြံစည်းရိုးကိုပေါ့ပါးစွာ ခုန်လိုက်ပြီး သူတို့နှစ်ယောက်သည် စိုက်ခင်းကိုဖြတ်လျှောက်ခဲ့ကြသည်။

စောနုမာလာသည် ကိုယ်ခန္ဓာက မောပန်းလျက်ရှိသော်လည်း စိတ်များကတော့ ထက်သန်တက်ကြွနေ၏။ တင်မောင်ဆွေ၏ ထက်သန်တက်ကြွမှုသည် သူမထံသို့ လျှပ်စစ်ဓာတ်လှိုင်းများအလားကူးလူးဆက်သွယ်လျက် ရှိနေပုံရလေ၏။

သူမသည် တင်မောင်ဆွေ့နောက်မှ လျှောက်လိုက်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ လက်ပတ်နာရီကလေးကို မြှောက်ကြည့်လိုက်သည်။ အချိန်ကိုတွေ့လိုက်ရလျှင် သူမက အံ့သြသွားမိတော့သည်။

တင်မောင်ဆွေနှင့်သူမ စတွေ့ခဲ့ရသည်မှာ ယခုအချိန်ဆိုလျှင် နှစ်ရက်နှင့်နှစ်ညတိတိ ရှိခဲ့လေပြီ။ ထိုအချိန်သည် ကြာမြင့်လှသည်ဟု မဆိုနိုင်သည့်တိုင်အောင် တင်မောင်ဆွေကိုအကြောင်းပြု၍ သူမတွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကဆန်းပြား စုံလင်လှပေတော့သည်။ ထို့ထက်ပို၍ အံ့သြဖို့ကောင်းသည်ကတော့ တင်မောင်ဆွေအား သူမသည် ငယ်ပေါင်းကြီးဖော်တစ်ယောက်အလား ပကတိယုံကြည်အားထားနေမိခြင်း ဖြစ်ပေသည်။

ယခုအခါတွင် သူတို့နှစ်ယောက်သည် ရှည်လျားစိုစွတ်သော မြက်ခင်းကိုဖြတ်လျှက် လျှောက်နေရပြန်သည်။ ထို့နောက် ထူထပ်သော ခြံစည်းရိုးတစ်ခုကို သူတို့က ရင်ဆိုင်ရပြန်၏။ သို့ရာတွင် တင်မောင်ဆွေက ထိုခြံစည်းရိုးထဲမှ တိုးဝင်ပေါက်တစ်ခုကို အလွယ်တကူပင် ရှာဖွေတွေ့ရှိရပြန်၏။ ခြံစည်းရိုး၏တစ်ဖက်တွင်တော့ ပြောင်းခင်းတစ်ခုကို သူတို့က ကျော်ဖြတ်ကြရပြန်သည်။ ပြောင်းခင်းကို ကျော်လွန်သည့်အခါတွင်တော့ သူတို့ရှေ့တွင် သစ်ပင်အုပ်တစ်ခုထဲမှ ကွေ့ကောက်ဝင်သွားသော လူသွားလမ်းကလေးတစ်ခုကို တွေ့ရပြန်၏။

'ကဲ… စောနုမာလာ မောနေပြီလား… အားမလျှော့ပါနဲ့၊ လူသွားလမ်းကလေးကိုတွေ့ရရင်၊ မကြာခင် ကားလမ်းမကြီးကို တွေ့ရမှာပေါ့…'

တင်မောင်ဆွေက စောနုမာလာအား ထပ်၍ အားပေးစကားပြောလိုက်ပြန်၏။ စောနုမာလာသည် တော်တော်မောပန်း





ညှောင်းညာနေသော်လည်း တင်မောင်ဆွေ့အား ရဲတင်းသော အပြုံးကလေးကို ပြုံးပြလိုက်သည်။

တင်မောင်ဆွေ့စကားအတိုင်းပင် လူသွားလမ်းကလေးအတိုင်း ဆယ်မိနစ်ခန့်လျှောက်မိလျှင် မြောင်းတစ်ခုကို ကျော်သွားသော ဝါးတံတားကလေးအဆုံး၌ ကားလမ်းမကြီးကို သူတို့ ထင်းခနဲတွေ့လိုက်ကြရလေ၏။ တင်မောင်ဆွေက အသက်ကို ပြင်းစွာရှူလိုက်ပြီး ကားလမ်းမကြီးဆီသို့ ဟန်ပါပါ လက်တစ်ဖက်ဖြင့် ယမ်းပြလိုက်၏။

'ကဲ… စောနုမာလာ ကျွန်တော် မပြောဘူးလား… ကားလမ်းမကြီးကို ရောက်လာကြရပြီလေ…'

စောနုမာလာအတွက်ကတော့ လူသူမနီးသော တောနက်မျက်မည်းကြီးကို ထိုးဖောက်ကျော်လွန်လာပြီး၊ လူသူမှီတင်းနေထိုင်သော အရပ်တစ်ခုကို ပြန်လည်ရောက်ရှိလာရသော လမ်းပျောက်ခရီးသည်တစ်ဦးလိုပင်၊ စိတ်ထဲတွင် ခံစားလိုက်ရလေသည်။ သူမသည် လမ်းဘေးတွင်ရပ်ရာက လမ်း၏တစ်ဖက်တစ်ချက်ဆီသို့ လှည့်ပတ်ကြည့်ရှုလိုက်သည်။

'လမ်းကိုရောက်လာတာကတော့ ဟုတ်ပါတယ် ကိုတင်မောင်ဆွေ… ဒါပေမဲ့ ကျွန်မတို့ ဘယ်ဘက်ကိုလိုက်ရမှာလဲ…'

'ဒေါက်တာဟိုးရှိရာဘက်ကို လိုက်ရမှာပေါ့ စောနုမာလာ…'

တင်မောင်ဆွေက ခပ်ပေါ့ပေါ့အသံဖြင့်ပင် ပြန်ဖြေလိုက်၏။

'ဒါကတော့ ဟုတ်ပါပြီ… ဒေါက်တာဟိုးက ဘယ်နေရာမှာရှိတယ်ဆိုတာကို ကိုဆွေ သိလို့လား…'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ပြန်မဖြေသေးဘဲ ကောင်းကင်ဆီသို့ မော့ကြည့်လိုက်၏။ မည်းနက်သော အာကာပြင်တွင် ငွေကြယ်ပွင့်ကလေးများက မှိတ်တုတ်မှိတ်တုတ်လဲ့နေကြ၏။ တင်မောင်ဆွေသည် ကြယ်တွေကိုကြည့်လျက် ဘယ်ဘက်သို့လိုက်ရမည်ကို တွက်ဆနေပုံရလေသည်။

'ဟော ... စောနုမာလာ နားထောင်စမ်း...'

တင်မောင်ဆွေက ရုတ်တရက် ခေါင်းငုံ့လျက် ပြောလိုက်ခြင်းဖြစ်၏။ စောနုမာလာလည်း နားစွင့်လိုက်၏။ ခေတ္တကြာလျှင် တင်မောင်ဆွေ၏ အကင်းပါးသော နားများက အရင်ကြားလိုက်ရသောအသံကို သူမက ကြားလိုက်ရ၏။

စက်အားကောင်းသော မော်တော်ကားတစ်စင်းအပြင်းမောင်းလာသော အသံဖြစ်လေသည်။ တင်မောင်ဆွေက စောနုမာလာအားပြုံး၍ကြည့်လိုက်၏။

'အင်း... စောနုမာလာ... ကံတရားကတော့ ကျွန်တော်တို့နှစ်ယောက်ကို တော်တော်လည်း မျက်နှာသာပေးနေတာပဲဗျာ... အခုကြည့်လေ ကားတစ်စီးလာနေပြီ... ကျွန်တော်တို့ ဒီကားကိုဖမ်းတားပြီး လိုက်သွားရုံရှိတော့တာပေါ့... ကားပေါ်မှာပါလာတဲ့လူဟာ ကျွန်တော်တို့ရဲ့ ဂျင်မီစမတ်တောင် ဖြစ်ချင်ဖြစ်နေမှာ...'

သူတို့နှစ်ယောက်သည် ကားသံလာရာဘက်သို့ မျှော်ကြည့်လျက် လမ်းဘေးတွင် စိတ်အားထက်သန်စွာ စောင့်စားနေလိုက်ကြသည်။ ကားစက်သံသည် လျင်မြန်စွာ နီးကပ်လာပြီး ခေတ္တအကြာတွင် အားကောင်းလှသော ကားရှေ့မီးနှစ်လုံးကို သူတို့က တွေ့လိုက်ကြရ၏။





'အင်း... ဒီကားကတော့ တော်တော်အရေးကြီးလာပုံပဲ... ဒါပေမဲ့ ရပ်အောင်တားမယ် စောနုမာလာ... မိန်းကလေးတစ်ယောက်ကို တွေ့ရရင်တော့ သူတို့ရပ်ပေးမှာ မုချပါပဲ...'

တင်မောင်ဆွေက ပြောပြောဆိုဆို စောနုမာလာ၏ လက်တစ်ဖက်ကိုဆွဲပြီး လမ်းပေါ်သို့တက်ရပ်လိုက်သည်။ ကားစက်သံက ပိုမို၍ ကျယ်လောင်လာကာ ကားရှေ့မီးနှစ်လုံးကလည်း သူတို့ဆီကို လျင်မြန်စွာ ချဉ်းကပ်လာနေ၏။ အားကောင်းလှသော ကားမီးရောင်တန်းက သူတို့ကိုယ်ပေါ်သို့ ထိုးကျလာသည့်အခါ၌ တင်မောင်ဆွေနှင့် စောနုမာလာတို့က လက်များကို ယမ်းပြလိုက်ကြလေသည်။

ကားကြီးက ဘရိတ်အုပ်လိုက်သံ ကျွီခနဲကို သူတို့ကြားလိုက်ကြရပြီးနောက် သူတို့နှစ်ယောက်သည် ကပျာကယာ လမ်းဘေးသို့ ပြန်ဆင်းလိုက်ကြသည်။ ကားကြီးသည် သူတို့နှစ်ယောက်ကို ကျော်သွားပြီးမှ ဝါးတစ်ရိုက်အကွာခန့်တွင် ထိုးရပ်သွားလေသည်။

ကားကြီးသည် ဆလွန်းမှန်ကားတစ်စီး ဖြစ်နေသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။ ကားအထဲတွင် မီးထွန်းမထားသဖြင့် ဘယ်သူဘယ်ဝါပါသည်ကိုတော့ မတွေ့ရချေ။

တင်မောင်ဆွေက စောနုမာလာ၏ လက်တစ်ဖက်ကို ဆွဲကာ ကားကြီးဆီသို့ ပြေးသွားလိုက်သည်။ ကားဒရိုင်ဘာ အခန်းပြတင်းပေါက်မှ ခေါင်းတစ်လုံးက ပြူထွက်လာ၏။

'ကျေးဇူးပြုပြီး ကျွန်တော်တို့လည်း လိုက်ပါရစေလား...'

'အင်း... မင်းတို့လိုက်ကို လိုက်ရမယ်...'



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှ အသံက ဩဇာအာဏာသံ အပြည့်ဖြင့်ပြန်ဖြေလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေက ထိုအသံကို ချက်ချင်းပင်မှတ်မိလိုက်ကာ သေနတ်ထည့်ထားရာ သူ့ဂျာကင်အိတ်ဆီသို့ ညာလက်က လျင်မြန်စွာ ရောက်သွားတော့သည်။

သို့ရာတွင် သူက နောက်ကျခဲ့လေပြီ။ ကားထဲက လူက သူ့အား သေနတ်တစ်လက်ဖြင့် ချိန်ရွယ်ထားပြီးဖြစ်နေ၏။

'လက်နှစ်ဖက် မြှောက်လိုက်ပါ တင်မောင်ဆွေ'

တင်မောင်ဆွေက သူ့လက်နှစ်ဖက်ကို ဖြည်းညင်းစွာ ပခုံးထက်သို့ မြှောက်လိုက်ရသည်။

'လက်စသတ်တော့ ဒေါက်တာဟိုးရဲ့ ညာလက်ရုံးကြီးကိုဟုတ်စိန်ကိုး… အဆင်သင့်လိုက်တာဗျာ… ကျုပ်တို့ကလည်း အခုပဲ ခင်ဗျားဆရာဆီကို သွားမလို့ဗျ…'

တင်မောင်ဆွေက ကားထဲမှလူအား ခပ်ပြုံးပြုံး ခပ်အေးအေးနှင့်ပင် ပြန်ပြောလိုက်လေ၏။

❖ ❖ ❖

\- ၁၀ -

## ဇီဝရာနန် လိုက်လာခြင်း

(က)

ဂျင်မီစမတ်သည် သူ့ညာခြေထောက်ကို ကားပက်ထရိုလီဗာမှ ဖယ်လိုက်ကာ ဘရိတ်ပေါ်သို့ ဖြည်းညင်းစွာနင်းချလိုက်ရာ ကားကြီးသည် ညင်သာစွာ ရပ်သွားလေသည်။

'ကဲ… ကျွန်တော်တို့ ရောက်လာပါပြီ…'

ဂျင်မီစမတ်ဘေးတွင် ထိုင်နေသောလူက ကားရှေ့ဂိုက်အနည်းငယ်အကွာခန့်တွင် ရှိနေသည့် သံဝင်းတံခါးကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ ဂျင်မီစမတ်က ကားရှေ့မာတ်မီးများကို မှိတ်ပစ်လိုက်မှ ၄င်းက ဂျင်မီစမတ်ဘက်သို့ လှည့်ကြည့်လိုက်၏။

'ဒီနေရာလား…'

'ဟုတ်ပါတယ် မစ္စတာဇီဝရာနန်…'

'နို့… ခင်ဗျား မိတ်ဆွေကကော ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်မှာ ဒီဗွစက္ကူရှိရင်တော့ ကိုတင်မောင်ဆွေ ဘယ်ရောက်နေတယ်ဆိုတာ ကျွန်တော် ပြောပြနိုင်လိမ့်မယ်··· သူက ကျွန်တော့်အတွက် စာထားခဲ့မယ်ဆိုတဲ့နေရာမှာ စာဆင်းရှာကြည့်တော့၊ ဘယ်လိုမှမတွေ့ခဲ့ရတာ ခင်ဗျားအသိဘဲ···'

ဂျင်မီသည် ပြန်ဖြေရာက သူ့မျက်နှာသည် ရုတ်တရက် ခက်ထန်တင်းမာသွားသည်။ တင်မောင်ဆွေမှာခဲ့သည့် စကားတွေကို သူက ပြန်၍ သတိရလိုက်သောကြောင့် ဖြစ်၏။

'ဒီမှာ မစ္စတာဇီဝရာနန်··· လူတစ်ယောက်ရဲ့ ဝမ်းဗိုက်ထဲကို သေနတ်ကျည်ဆန်ပစ်သွင်းတာ ခင်ဗျားမြင်ဖူးသလား···'

'ဟင့်အင်း···'

'ကောင်းပြီ··· ခင်ဗျား မကြာခင် တွေ့ရလိမ့်မယ်···'

နယ်စားကြီး၏ သမီးပျို စောနုမာလာနှင့် လက်ဆက်ရန် စေ့စပ်ထားသော ဇီဝရာနန်သည် နှုတ်ဆိတ်လျက်ရှိနေတော့သည်။

တကယ်တော့ သူသည် ယခုအချိန်တွင် ဂျင်မီစမတ်အား စကားတွေ အများကြီးပြောရမည် ဖြစ်လေသည်။ ယခုအချိန်မှသာ မဟုတ်၊ ဤကပြားကြီးက သူတည်းခိုနေသော ဘန်ဂလိုကြီးမှ သူ့သီးသန့်အခန်းသို့ အတင်းဝင်ရောက်လာပြီး အကယ်၍ သူ့ဇနီးလောင်းစောနုမာလာအား အသက်ရှင်လျက်တွေ့လိုလျှင် ၄င်းနှင့်အတူ ယခု ချက်ချင်းပြန်လိုက်ခဲ့ရမည်ဟု ပြောခဲ့စဉ်ကတည်းကပင် သူက စကားတွေအများကြီးပြောခဲ့ရပေမည်။

သို့ရာတွင် သူက ဂျင်မီစမတ်မျက်နှာနှင့် မျက်လုံးများကို ကြည့်ကာ စကားတွေအများကြီးပြောနေရမည့်အစား ယခု စောနုမာလာ ဘယ်နေရာတွင် ရောက်နေသည်ကိုသာ ပြန်မေးခဲ့၏။





ဂျင်မီစမတ်ကလည်း လိုရင်းအချက်ကိုသာ အတိအကျ ပြန်ဖြေခဲ့သည်။ စောနုမာလာတစ်ယောက် ဒေါက်တာဟိုး၏ လက်ထဲသို့ ဘယ်လိုဘယ်ပုံ ရောက်သွားရပြီး ယခုသေလာချမ်းမြေ့မှ ဒေါက်တာဟိုး၏ အိမ်ကြီးတွင်ရှိနေကြောင်းနှင့် သူ့ရဲဘော်တင်မောင်ဆွေက ထိုအိမ်ကြီးကို စောင့်ကြည့်ကျန်ရစ်ခဲ့ကာ၊ ၄င်းအား ဇီဝရာနန်ကို အပါအခေါ်ခိုင်းခဲ့ပုံကို ရှင်းပြခဲ့၏။

'အဲဒီတော့ ခင်ဗျားကို ကျုပ်ကအပါခေါ်ရမှာပဲ မစ္စတာဇီဝရာနန်··· ခင်ဗျား အေးအေးသက်သာ လိုက်ချင်လိုက် မလိုက်ရင်တော့ ဟောဒီသေနတ်ဖျားမှာ အပါခေါ်သွားရမှာပဲ···'

ပြောပြောဆိုဆို ဂျင်မီစမတ်က သူ၏ အော်တိုမက်တစ်ကို ထုတ်ပြလိုက်သည်။ ဇီဝရာနန်ကလည်းစက္ကန့်အနည်းငယ်မျှသာ စဉ်းစားပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

ဇီဝရာနန်သည် ဆုံးဖြတ်ချက်မှန်တတ်၍သာလျှင် ယခု သူ့တိုင်းပြည်တွင် တန်ခိုးအာဏာအရှိဆုံးလူ ဖြစ်နေရပေ၏။ ယခု သူ့ဆုံးဖြတ်ချက်ကား ဂျင်မီစမတ်၏ ပြောပြသည့်အချက်အလက်တွေကို လက်ခံကာ ၄င်းနှင့်အတူ လိုက်ပါသွားဖို့ပင် ဖြစ်ခဲ့လေ၏။

ယခုတော့ သူတို့သည် သေလာချမ်းမြေ့မှ ဒေါက်တာဟိုး၏ အိမ်ကြီး၏ ဝင်းတံခါးရှေ့တွင် ရောက်နေရပေပြီ။ သို့သော် ကျန်ရစ်ခဲ့သည်ဆိုသော တင်မောင်ဆွေကိုတော့ မတွေ့ရ။ ဂျင်မီစမတ်ကသာ လူတစ်ယောက်၏ ဝမ်းဗိုက်ကို သေနတ်ကျည်ဆန် ပစ်သွင်းသတ်မည်ဟု ပြောနေ၏။ ထိုသူမှာလည်း မည်သူမည်ဝါဖြစ်လိမ့်မည်ကို ဇီဝရာနန် တွေးကြည့်၍မရ။

သို့တိုင်အောင်လည်း သူက နောက်ထပ်၍ ဘာမှမေးမနေ



www.burmeseclassic.com

www.burmeseclassic.com



တော့။ ယခုအချိန်သည် စကားပြောရဦးမည့်အချိန် မဟုတ်သေးသည်ကို ဇီဝရာနန်က ကောင်းစွာနားလည်ထားမိပေ၏။

'ကဲ··· မစ္စတာ ရာနန်··· ကျွန်တော်တို့ အထဲကိုဝင်ကြစို့'

ဂျင်မီစမတ်က ပြောပြောဆိုဆိုကားတံခါးကို ဖွင့်လျက်ဆင်းသွားတော့ ဇီဝရာနန်ကလည်း ဘယ်လိုမှမတုံ့မဆိုင်းဘဲ ဂျင်မီနောက်မှ လိုက်သွားရလေ၏။

ဂျင်မီစမတ်သည် သံဝင်းတံခါးကြီးဆီသို့ ရဲတင်းစွာပင်လျှောက်သွားကာ ဝင်းတံခါးကြီးဘေးတွင် ချိတ်ထားသော ခေါင်းလောင်းကလေးကို ဆွဲလှုပ်လိုက်သည်။ သုံးလေးခါမျှ ဆွဲလှုပ်မိလျှင်ဝင်းတံခါးကြီးဘေးရှိ အစောင့်တဲရုံကလေးအတွင်း၌ မီးလင်းလာသည်ကို သူတို့တွေ့လိုက်ကြရ၏။

ခေတ္တကြာလျှင် တဲရုံကလေးထဲမှ လူတစ်ယောက်ထွက်လာကာ ဝင်းတံခါးဆီသို့ လျှောက်လာပြီး သူတို့အား လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

'ဘယ်သူတွေလဲ··· ဘာကိစ္စရှိလို့လဲ···'

တံခါးစောင့်က ရှမ်းသံခပ်ဝဲဝဲဖြင့် မေးလိုက်သည်။

'မင်းသားကြီး ဝဏ္ဏချန်ဒရာဖို့ သတင်းတစ်ခုပါလာတယ်···'

'ကိုယ်တော်ကြီးက ဒီမှာမှ မရှိတာဘဲ···'

ဂျင်မီက ချက်ချင်းပင် ဖြတ်ထိုးဉာဏ် သုံးလိုက်သည်။

'ငါလေ မင်းသားကြီးဆီက သတင်းတစ်ခုပါလာတယ်လို့ ပြောတာကွ··· ကဲ··· စကားရှည်မနေစမ်းပါနဲ့၊ တံခါးမြန်မြန်ဖွင့်စမ်း··· သတင်းက အရေးကြီးတယ်ကွ···'





ဂျင်မီက ဩဇာအာဏာသံခပ်ပါပါဖြင့်ပင် ပြန်ဖြေလိုက်သည်။ ထိုဩဇာအာဏာသံကို တံခါးစောင့်သည် လွန်ဆန်ရဲပုံမရချေ။

သော့ခလောက်ကြီးထဲသို့ သော့ထည့်၍ လှည့်ဖွင့်လိုက်သံနှင့် သံလက်ကို ကွင်းထဲမှ ဆွဲဖြုတ်လိုက်သံက ထွက်ပေါ်လာသည်။ ထို့နောက် သံတံခါးကြီးသည် ကျွီခနဲမြည်လျက် ပွင့်ဟသွားလေ၏။

ဂျင်မီစမတ်က ချက်ချင်းပင်အတွင်းသို့ လှမ်းဝင်လိုက်ကာ လက်ထဲတွင် အသင့်ဂုက်ကိုင်ထားသည့် သေနတ်ပြောင်းဝကို တံခါးစောင့် ရင်ဘတ်တွင် တေ့ထားလိုက်သည်။

'ငြိမ်ငြိမ်နေ အသံမထွက်နဲ့···'

တံခါးစောင့်သည် ဂျင်မီ့လက်ထဲမှ အော်တိုမက်တစ်သေနတ်ကို မျက်လုံးကြီးများပြူးလျက် ကြည့်ရာက ပကတိငြိမ်သက်တိတ်ဆိတ်နေသည်။ ဇီဝရာနန်က ဂျင်မီနောက်မှ ဝင်းတံခါးအတွင်းဘက်သို့ လိုက်ဝင်လာသည်။

'ကဲ··· ဟိုဘက်ကို လှည့်လိုက်စမ်း···'

တံခါးစောင့်က ဂျင်မီ့အမိန့်ပေးချက်ကို နာခံလိုက်သည်။ ဂျင်မီသည် သေနတ်ကိုအပေါ်သို့ မြှောက်လိုက်ကာ သေနတ်ဒင်ကို တံခါးစောင့်၏ ဦးခေါင်းပေါ်သို့ ခပ်ဆတ်ဆတ်ကြီး ထုချလိုက်သည့် ဒုတ်ခနဲအသံနှင့်အတူ တံခါးစောင့်သည် အသံတစ်ချက်မှပင်မထွက်တော့ဘဲ မြေပြင်ပေါ်သို့ ပျော့ခွေလဲကျ သွားတော့၏။

'ကဲ··· မစ္စတာရာနန် အိမ်ကြီးဆီကိုပဲ တိုက်ရိုက်သွားကြစို့ရဲ···'



www.burmeseclassic.com

www.burmeseclassic.com



ဂျင်မီစမတ်က ပြောပြောဆိုဆို အိမ်ကြီးဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှင်မြန်စွာ လျှောက်သွားလိုက်ရာ၊ ဇီဝရာနန်ကလည်း သူ၏ဝဖိုင့်သော ကိုယ်ခန္ဓာကြီးကို ဂျင်မီနောက်သို့ ကြိုးစား၍ သယ်ယူခဲ့ရပြန်တော့သည်။

ဝင်းတံခါးကြီးမှ ကျောက်ခင်းထားသောလမ်းသည် အိမ်ကြီး၏ တံခါးမကြီးဆီသို့ ကွေ့၍ ဝင်သွားရာ ဂျင်မီစမတ်က ထိုလမ်းအတိုင်း ပကတိ ရဲတင်းစွာပင် လျှောက်ခဲ့လေသည်။ သူက အချိန်ဖြုန်းမနေလိုတော့။ ဒေါက်တာဟိုးအား အမြန်ဆုံးရင် ဆိုင်ပြီး တင်မောင်ဆွေနှင့် စောနုမာလာတို့၏ ကံကြမ္မာကိုသာ မေးမြန်းလို စိတ်က စောနေ၏။ ထို့ကြောင့်လည်း သူ့နောက်ကိုမီအောင် မနည်းကြိုးစားလိုက်လာနေရသည့် ဇီဝရာနန်ကိုမှ အချိန်ပေး စောင့်မနေတော့ဘဲ ခြေလှမ်းများကို အသွက်ဆုံး လှမ်းလာခဲ့ခြင်း ဖြစ်လေ၏။

တံခါးမကြီးပေါ်သို့တက်သော အုတ်လှေကား သုံးထစ်ကို ဂျင်မီက လွှားခနဲ ခုန်ကျော်လိုက်ကာ ဂျင်မီကပိတ်၍ထားသော တံခါး မကြီးရှေ့တွင် ရပ်လိုက်သည်။ ထို့နောက် ဇီဝရာနန်က အုတ်လှေ ကားခြေရင်းသို့ လိုက်မီလာသည့်အထိ စောင့်နေလိုက်ပြီး နောက်မှ တံခါးရွက်ကို တံခါးခေါက်တံဖြင့် တဒေါက်ဒေါက်ခေါက်လိုက်လေသည်။

ခေတ္တကြာလျှင် အတွင်းမှ တံခါးဆီသို့လျှောက်လာသော ခြေသံများကို ကြားလိုက်ရရာ ဂျင်မီက လက်ထဲတွင်သေနတ် ကို အသင့်ကိုင်လျက် တံခါးပွင့်လာမည်ကို စောင့်နေလိုက်တော့သည်။ တံခါးမှ ချက်ဖြုတ်သံများ ထွက်ပေါ်လာပြီး၊ တံခါးရွက်သည် ပွင့်ဟသွားသည်နှင့်တစ်ပြိုင်နက် ဂျင်မီက ပခုံးစောင်းဖြင့် ခပ်ဆတ်ဆတ်





တိုက်ဖွင့်လိုက်ကာအထဲသို့ လျှင်မြန်စွာ လှမ်းဝင်လိုက်သည်။

တံခါးဖွင့်ပေးသူသည် ဂျင်မီ့လက်ထဲမှ သေနတ်ပြောင်းဝကို ကြည့်ရာက လက်နှစ်ဖက်ကို ကပျာကယာမြှောက်ကြည့်လိုက်သည်။

'အသံမထွက်နဲ့… ဟိုဘက်ကို ပြန်လှည့်…'

ဂျင်မီက အသံခပ်အုပ်အုပ်ဖြင့် အမိန့်ပေးလိုက်သည်။

တံခါးလာဖွင့်ပေးသူသည် ဂျင်မီ့ခြေရင်းတွင် ပုံလျက်သားကလေး လဲကျနေပြီး လောကကြီးအား ခေတ္တယာယီ ကျောခိုင်းသွားသည့်အခါတွင် ဇီဝရာနန်က ဂျင်မီအား သဘောကျသော အမူအရာဖြင့် ကြည့်လိုက်သည်။

'ခင်ဗျားသာ ကျုပ်တိုင်းပြည်မှာဆိုရင် ကျုပ်ဆီမှာ အမှုထမ်းခိုင်းမှာပဲ မစ္စတာ စမတ်…'

ဂျင်မီစမတ်က မည်သို့မျှပြန်မဖြေဘဲ သူတို့ရောက်နေသည့် ခန်းမကြီးကို လှည့်ပတ်ကြည့်ရှု အကဲခတ်လိုက်သည်။ ထိုစဉ်မှာပင် ခန်းမကြီး၏ အတွင်းဘက်ကျကျမှ တံခါးတစ်ချပ်သည် ပွင့်သွားကာ အင်မတန်မှ ကိုယ်ခန္ဓာထွားကြိုင်းလှသည့် လူတစ်ယောက်က ထွက်လာ၏။

ဂျင်မီသည် ထိုလူကြီးအား တွေ့လိုက်ရလျှင် အားရကျေနပ်စွာ ပြုံးလိုက်လေသည်။

'ဟား… ဒေါက်တာဟိုး ကိုယ်တိုင်ပဲကိုး… အတော်ပဲ ထောင်ကဲကြီး… ကျုပ်တို့ကလည်း ခင်ဗျားနဲ့ တွေ့ရအောင်ပဲ လာခဲ့တာပဲ…'



www.burmeseclassic.com

www.burmeseclassic.com



(ခ)

ဒေါက်တာဟိုးသည် အခန်းတံခါးဝတွင် ပကတိ ငြိမ်သက်စွာ ရပ်နေလိုက်သည်။ အကြောင်းမှူ ဂျင်မီ၏လက်ထဲမှ အော်တိုမက်တစ်ပြောင်းဝက သူ၏ကြီးမားသော ဝမ်းဗိုက်ဆီသို့ တည့်မတ်စွာ ချိန်ရွယ်ထားလျက်ရှိနေသောကြောင့် ဖြစ်လေ၏။

ဂျင်မီစမတ်က ၄င်းထံသို့ ဖြည်းညင်းစွာ လျှောက်သွားရာ ဇီဝရာနန်ကလည်း ၄င်းနောက်မှ ကပ်၍ လိုက်ပါလာသည်။

'ကဲ… ထောင်ကဲကြီး… အခန်းထဲကို ပြန်ဝင်ပါ…'

ဒေါက်တာဟိုးက သူ၏ကြီးမားသော ပခုံးကြီးများကို မသိမသာ တွန့်လိုက်ပြီးမှ အခန်းထဲသို့ ပြန်လှည့်ဝင်လိုက်သည်။ အခန်းကား ခမ်းနားစွာ ခင်းကျင်းပြင်ဆင်ထားသော စာကြည့်ခန်းကြီးတစ်ခု ဖြစ်လေသည်။

ဒေါက်တာဟိုးသည် အခန်းအလယ်တည့်တည့်တွင် ရပ်လိုက်ပြီး ဂျင်မီစမတ်အား လှည့်ကြည့်လိုက်သည်။ ထိုအခါမှပင် အခန်းထဲတွင် ထွန်းထားသည့် အားကောင်းသော မီးရောင်အားဖြင့် သူက ဇီဝရာနန်အား မှတ်မိသွားလေသည်။

'အလို… လူကြီးမင်း ဇီဝရာနန်ပါပါလာသကိုး… ဟောဒီက မိတ်ဆွေကြီးက ခင်ဗျားကိုပါ အဓမ္မ ဖမ်းခေါ်လာတာလား…'

'ကျုပ်က ဖမ်းခေါ်လာတာ မဟုတ်ပါဘူး ဒေါက်တာဟိုး … ခင်ဗျားနဲ့ စကားပြောရအောင် သူ့ဘာသာသူ လိုက်လာတာပါ။ ခင်ဗျားလက်ကို စားပွဲနဲ့ ခပ်ဝေးဝေးမှာ ထားပါလေ… စားပွဲပေါ်က ခေါင်းလောင်းကို ယောင်လို့မှ မကိုင်လိုက်ပါနဲ့…'





ဇီဝရာနန်က ရှေ့သို့တိုးလာကာ ဒေါက်တာဟိုးအား တည်ကြည်သော မျက်နှာထားဖြင့် ကြည့်လိုက်သည်။

'ခင်ဗျားဆီမှာ ကျုပ်ရဲ့ ဇနီးလောင်းစောနုမာလာ ရှိနေတယ်… သို့မဟုတ်… ရှိနေခဲ့တယ်လို့ ဟောဒီက မစ္စတာဂျင်မီစမတ်က ပြောလို့ ကျုပ်လိုက်လာခဲ့တာပဲ ဒေါက်တာဟိုး…'

ဒေါက်တာဟိုး၏မျက်နှာအမူအရာက တစ်စက်ကလေးမှ ပျက်မသွားခဲ့ပေ။ မျက်ခုံးတစ်ဖက်ကိုသာ သူက မသိမသာပင့်လျက် ဇီဝရာနန်အား ပြန်ကြည့်လိုက်သည်။

'သူက ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ…'

'ကျုပ် မျက်စိနဲ့တပ်အပ်ကို တွေ့ခဲ့ရလို့ပြောတာပေါ့ ဒေါက်တာဟိုး…'ဟု ဂျင်မီက လျှင်မြန်စွာဝင်ရောက်ဖြေဆိုလိုက်သည်။ 'ရန်ကုန်က ကျုပ်တို့တိုက်ခန်းကို ခင်ဗျားရဲ့လူတွေ ရဲအရာရှိ ယောင်ဆောင်ပြီး၊ ခင်ဗျားရဲ့လူ ယူဆွတ်ပတေးလက်ထဲကနေ ကျုပ်တို့ကယ်တင်ထားခဲ့တဲ့ စောနုမာလာကို ဖမ်းဆီးခေါ်ဆောင်သွားတာကို ကျုပ်ကိုယ်တိုင်တွေ့ခဲ့ရတာပဲ။ အမှန်ကိုပြောရရင် စောနုမာလာကို ခင်ဗျားတို့ အဲသလိုဖမ်းခေါ်သွားဖို့ကို ကျုပ်တို့ကိုယ်တိုင်က လိုလားပြီး တမင်ဖန်တီးခဲ့တာပဲ… ဒါကြောင့်လည်း စောနုမာလာကို ခင်ဗျားတို့ လူတွေက သူနာတင်ကားကြီးနဲ့ ခေါ်သွားကြတော့ ကျုပ်ကိုယ်တိုင် နောက်ယောင်ခံလိုက်ခဲ့တာမှာ ဒီကို ရောက်လာခဲ့တာပဲ… ကျုပ်ရဲ့ရဲဘော် ကိုတင်မောင်ဆွေကလည်း ရန်ကုန်မှာ မင်းသားကြီး ဝဏ္ဏချန်ဒရာ တည်းခိုနေတဲ့ ဟော်တယ်ကိုသွားပြီး ခင်ဗျားတို့နှစ်ယောက် စောနုမာလာကို သေလာချမ်းမြကို ပို့လိုက်တဲ့ အကြောင်း ပြောနေတာကို ကြားရပြီး သူကိုယ်တိုင် ဒီကို လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရာမှာ ကျုပ်နဲ့တွေ့ခဲ့ရတာပဲ။ ဒီအကြောင်းတွေကို ဟောဒီ က မစ္စတာ ဇီဝရာနန်သိဖို့ လိုအပ်တယ်ဆိုပြီး ကျုပ်ကိုသွားအခေါ် ခိုင်းလို့ ကျုပ် အခုခေါ်လာခဲ့ရတာပဲ…'

သို့တိုင်အောင်ပင် ဒေါက်တာဟိုးသည် ဘယ်လိုမှ ဣန္ဒြေမပျက်သေးဘဲ ဇီဝရာနန်ထံသို့ တည်ငြိမ်သော မျက်နှာဖြင့် လှမ်းကြည့်လိုက်၏။

'သူပြောတာတွေကို ဂုဏ်သရေရှိလူကြီးမင်းက ယုံကြည်ပါသလား…'

ဒေါက်တာဟိုးမေးလိုက်သော အသံတွင် သူ့အပေါ်ဇီဝရာနန်က ဤကဲ့သို့ သက်ာမကင်းဖြစ်ရသလားဟု အပြစ်တင်လိုသည့်အသွင်အရိပ်အရောင်မျှ ပါလာလေသည်။

'သူပြောတာ ဟုတ်မဟုတ် အခု ကျုပ်ကိုယ်တိုင်က လာစစ်ဆေးတာပဲ။ နောက်ပြီးတော့လည်း သူပြောတဲ့အထဲမှာ အခြားအကြောင်းအရာတွေကလည်း ပါနေသေးတယ်…'

'နေပါဦး… ဂုဏ်သရေရှိ လူကြီးမင်း၊ ခင်ဗျားနဲ့ ကျွန်တော်ဟာ တစ်ယောက်ကိုတစ်ယောက် သိပြီးသားပါ။ မိတ်ဆွေလို့တောင် ခေါ်နိုင်ပါတယ်လေ…. ဒီလူကိုတော့ ဂုဏ်သရေရှိလူကြီးမင်းက သိလို့လား… ဒီလူဟာ ဘယ်လိုလူစားမျိုးလဲဆိုတာကို လူကြီးမင်း သိပါသလား…'

ဒေါက်တာဟိုးက ဂျင်မီထံသို့ အင်မတန်မှ အထင်သေးသော အမူအရာဖြင့် တစ်ချက်လှမ်းကြည့်လိုက်ရာက မေးလိုက်သည်။

'ကျုပ် သူ ဘယ်သူဘယ်ဝါဆိုတာကို သူပြောပြလို့ ကျုပ်





သိထားရပြီးပါပြီ။ သူနဲ့ သူ့တွဲဘက် ကိုတင်မောင်ဆွေဆိုတာဟာ ရန်ကုန်မြို့က အလွတ်စုံထောက်တွေပါပဲ။ သူတို့ဟာ အင်မတန်မှ နာမည်ကြီးကြတာမို့၊ သူတို့အကြောင်းကို ကျုပ်တောင် ကြားဖူးပါတယ်…'

'သူ့ကိုတော့ မပြောလှတော့ဘူး။ ဒါပေမဲ့ တင်မောင်ဆွေဆိုတာကိုတော့ ရန်ကုန်ရဲအဖွဲ့က ရာဇဝတ်ပြစ်မှုတစ်ခုနဲ့ အလိုရှိနေတယ်… အဲဒါကို လူကြီးမင်းသိပါသလား…'

'ဟုတ်တယ်… ကျုပ် သိပြီးပါပြီ။ ဟောဒီက မိတ်ဆွေက ဘယ်လိုပြစ်မှုမျိုးနဲ့ အလိုရှိနေတယ်ဆိုတာကိုလည်း ကျုပ်ကို ပြောပြခဲ့ပါတယ်… သူ့အဆိုအရတော့ စောနမာလာကို ခင်ဗျားရဲ့လူ ယူဆွတ်ပတေးဆိုတာက သူ့အိမ်မှာ ဖမ်းချုပ်ထားတာ ဝင်ကယ်မိတဲ့အတွက် ပတေးက ရဲအဖွဲ့ကို လိမ်လည်တိုင်လာခဲ့တယ်ဆိုတာပဲ…'

ဒေါက်တာဟိုးက မသိမသာကလေး မျက်မှောင်ကုတ်လိုက်လေသည်။

'ဒါကို ခင်ဗျားက ယုံကြည်သလား…'

'ကျုပ် ခုနက ပြောခဲ့ပြီကော။ သူပြောတာတွေ ဟုတ်မဟုတ် ကျုပ်ကိုယ်တိုင် စစ်ဆေးဖို့ လိုက်လာပါတယ်လို့'

'အင်း… ခင်ဗျား သူ့ကို ဒါလောက်ယုံကြည်တာ အံ့သြစရာပဲ။ တကယ်လို့ သူက ခင်ဗျားကို ပြန်မလွှတ်ရင် ဘယ့်နှယ်လုပ်မလဲ၊ အခုဖဲ ကျုပ်အိမ်ကို ဝင်လာပြီး၊ ကျုပ်ကိုသေနတ်နဲ့ ခြိမ်းခြောက်နေတာ ကြည့်ပါလား။ သူဟာ တကယ်တော့ ရာဇဝတ်ကောင် သက်သက်တစ်ယောက်ပဲ…'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ရဲ့ အပါးတော်မြဲကို ကျုပ်က မှာခဲ့ပါတယ်… ကျုပ်ဟာ မနက်ဖြန်မနက်မှ ပြန်ရောက်မလာရင် ကျုပ်ရဲ့အပါးတော်မြဲက ရဲကို သွားတိုင်ပါလိမ့်မယ်။ ဒီလိုတိုင်ကြားဖို့ကိုလည်း သူက သဘောတူညီခဲ့ပါတယ်…'

ဒေါက်တာဟိုးသည် ခေတ္တမျှ တိတ်ဆိတ်သွားလေသည်။ ဂျင်မီစမတ်ကိုတစ်လှည့်၊ ဇီဝရာနန်ကိုတစ်လှည့်ကြည့်လိုက်ပြီးမှ မေးခွန်းတစ်ခု ထုတ်လိုက်သည်။

'ခင်ဗျားနဲ့ ခုနကပြောတဲ့ အခြားအကြောင်းအရာတွေဆိုတာက ဘာလဲ မစ္စတာ ဇီဝရာနန်…'

'ခင်ဗျားဟာ စောနမာလာကို အသုံးပြုပြီး ကျုပ်တို့တိုင်းပြည်မှာ ကျုပ်ကနေ ပြည်တွင်းစစ်ပွဲကြီးတစ်ခု စတင်ဖန်တီးဖို့ ကြံစည်ထားတယ်လို့ ဆိုပါတယ်…'

'မြတ်စွာဘုရား…'

ဒေါက်တာဟိုး၏ အမူအရာသည် အင်မတန်မှ ပြည့်စုံလှသည်ဟု ဂျင်မီကစိတ်ထဲတွင် ကြိတ်၍ ချီးမွမ်းလိုက်လေ၏။ ၎င်း၏အသံနေအသံထားသည်လည်းကောင်း၊ ၎င်း၏လက်ဟန်အနေအထားသည်လည်းကောင်း၊ ဇီဝရာနန်ပြောလိုက်သော စကားများသည် အဘယ်မျှ ယုတ္တိကင်းလှကြောင်းကို ဖော်ပြလျက် ရှိနေပေ၏။ ဇီဝရာနန်ကိုယ်တိုင်မှာလည်း ဒေါက်တာဟိုး၏ အမူအရာကြောင့် စိတ်ထဲတွင် အနည်းငယ် သံသယဖြစ်သွားပုံရလေ၏။

'ခင်ဗျားဟာ သူစွပ်စွဲတာတွေကို အခုထက်ထိ ဘာမှ မငြင်းခဲ့သေးပါကလား…'

'ကျွန်တော်က ငြင်းဖို့လိုသေးသလား၊ လူကြီးမင်း သူပြော





တာတွေဟာ ယုတ္တိရှိမရှိ လူကြီးမင်းကိုယ်တိုင် ဆုံးဖြတ်နိုင်တာပဲ…'

'ယုတ္တိရှိတာ မရှိတာအပထားလို့ ကျုပ်က ခင်ဗျားကို အတိအလင်း အဲသလို စွပ်စွဲတယ်။ ကျုပ်စွပ်စွဲတာ ဟုတ်မဟုတ်ကို ခင်ဗျားက အတိအကျ ပြန်ဖြေပါလေ…'

ဂျင်မီက ဝင်ပြောလိုက်ခြင်းဖြစ်၏။ ဒေါက်တာဟိုးက ဂျင်မီ့အားမကြည့်ဘဲ ဇီဝရာနန်ကိုသာကြည့်ပြီး လက်နှစ်ဖက်ကို ဟန်ပါပါဖြင့် ဖြန့်လိုက်၏။

'လူကြီးမင်း ဇီဝရာနန်က မယုံကြည်သေးဘူးဆိုရင်တော့ သူကိုယ်တိုင် ဒီအိမ်ကို ရှာကြည့်နိုင်ပါတယ်… ကဲ… အခု ကျွန်တော်အစေခံတစ်ယောက်ကို ခေါ်လိုက်ပါရစေ…'

ပြောပြောဆိုဆို ဒေါက်တာဟိုးသည် စားပွဲပေါ်ရှိ လူခေါ်လျှပ်စစ်ခေါင်းလောင်း ခလုတ်ကလေးဆီသို့ လက်လှမ်းရာ ဂျင်မီစမတ်၏အသံက ပြတ်သားစွာ ထွက်ပေါ်လာပြန်သည်။

'ခင်ဗျားလက်ကို ငြိမ်ငြိမ်ထားပါ… ဒေါက်တာဟိုး၊ စားပွဲပေါ်က ခေါင်းလောင်းခလုတ်ကို နည်းနည်းလေးမှ မထိလိုက်ပါနဲ့…'

ဒေါက်တာဟိုးက ဇီဝရာနန်ဘက်သို့ အကူအညီတောင်းသည့် အမူအရာဖြင့် လှမ်းကြည့်လိုက်၏။

'ကဲ… ကျွန်တော်က ဘယ်လိုလုပ်ရမှာလဲ လူကြီးမင်း အိမ်ကို ရှာကြည့်ဖို့ဆိုတော့လည်း သူက သဘောမတူဘူး…'

'ခင်ဗျား ဒီလောက်အိမ်ကို လွယ်လွယ်ကူကူ ရှာကြည့်ခိုင်းနေတာထောက်တော့ စောနမာလာဟာ ဒီအိမ်ထဲမှာ မရှိတော့ သေချာပါတယ်… ခင်ဗျားဟာ စောနမာလာကို ခင်ဗျားစီစဉ်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း သင်္ဘောနဲ့တင်ပို့လိုက်ပြီ မဟုတ်လား...'

ဂျင်မီစမတ်က အေးစက်တင်းမာသွားသော အသံဖြင့် မေးလိုက်၏။ ဒေါက်တာဟိုး မျက်ခုံးများကို မသိမသာ ပင့်လိုက်ပြန်၏။

'ခင်ဗျားက ဘာသင်္ဘောကို ပြောနေတာလဲ...'

'ဘာသင်္ဘောဆိုတာကို ခင်ဗျားနားလည်ပါတယ်လေ... ဒီလိုဆိုရင် ခင်ဗျား ကိုတင်မောင်ဆွေနဲ့လည်း တွေ့ပြီးပြီပေါ့...'

'ခင်ဗျားရဲ့အပေါင်းအသင်းတွေထဲက ကျုပ်တစ်ယောက်မှ မတွေ့ရသေးပါဘူး...'

ဂျင်မီစမတ်သည် ဘယ်လိုမှမပြောတော့ဘဲ ဆိုဖာကြီး၏ လက်ရမ်းတွင် ဝင်ထိုင်လိုက်၏။ သူ့မျက်နှာက ကျောက်သားလို တင်းမာနေကာ သူ့မျက်လုံးများကလည်း ရေခဲကဲ့သို့ အေးစက်မာကျော့သွားကြသည်။ သေနတ်ဒင်ကို ဆုပ်ကိုင်ထားသည့် သူ့လက်ချောင်းများတွင်လည်း လက်ဆစ်များက ဖြူဖွေးစွာ ထင်ပေါ်လာကြ၏။

ဒေါက်တာဟိုးသည် ဂျင်မီ၏အမူအရာကိုကြည့်ရာက သူသည် တဒင်္ဂအားဖြင့်သေမင်းကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း နားလည်လိုက်မိ၏။ သို့သော်လည်း သူသည် တည်ငြိမ်အေးဆေးစွာပင် ဇီဝရာနန်ဘက်သို့ လှမ်းကြည့်လိုက်၏။

'ကဲ... လူကြီးမင်း ဇီဝရာနန်၊ ခင်ဗျားရဲ့လူက ကျုပ်ကို အခု လောလောဆယ် သေနတ်နဲ့ ပစ်သတ်တော့မယ်ဆိုတာကို ခင်ဗျားသတိပြုမိပါလိမ့်မယ်။ ကျုပ်ကို သူက ပစ်သတ်ပြီးနောက် သူက ခင်ဗျားကိုလည်း ပစ်သတ်ချင် သတ်မှာပဲ။ ဒီတော့ သူ့ရည်





ရွယ်ချက်က ဘယ်လိုဆိုတာကို ခင်ဗျားကော ကျုပ်ကော သိရတော့မှာ မဟုတ်ပါဘူး။ တကယ်တော့ ခင်ဗျားဇနီးလောင်းဟာ ပျောက်နေတယ်ဆိုရင် သူ့ကို ဖမ်းခေါ်သွားတဲ့လူတွေဟာ သူနဲ့ သူ့အပေါင်းအသင်းတွေသာ ဖြစ်မှာပါ... သူတို့က ကျုပ်အပေါ်ဘာဖြစ်လို့ အပြစ်ပုံချချင်တယ်ဆိုတာကိုတော့ ကျုပ်လည်း မစဉ်းစားတတ်ဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့လေ... ကျုပ်တို့သေရပေတော့၊ ခင်ဗျားရဲ့အပါးတော်မြဲက၊ ရဲအဖွဲ့ကို တိုင်ကြားလိမ့်မယ်ဆိုတာနဲ့ပဲ၊ ကိုယ့်ကိုယ်ကို နှစ်သိမ့်ကြရတော့မှာပဲ...'

(ဂ)

ဂျင်မီစမတ်၏ မျက်နှာမှာကျောက်သားပြင်ကဲ့သို့ ဖြစ်နေသော်လည်း ထိုမျက်နှာဖုံး၏နောက် သူ့ဦးနှောက်ထဲတွင်တော့ အတွေးတွေက လျင်မြန်စွာ လှုပ်ရှားလျက်ရှိနေသည်။

ထိုအတွေးတွေကြောင့်ပင်လျှင် သူ့ရှေ့တွင် ရပ်နေသော ဒေါက်တာဟိုး၏ ကြီးမားလှသော ဝမ်းဗိုက်ကြီးအတွင်းသို့ သူက ခဲတောင့်ပူပူများကို ရက်ရက်စက်စက် ပစ်မသွင်းသေးခြင်း ဖြစ်လေ၏။

ဘာကြီးပဲဖြစ်နေနေ၊ သူက သူ့ရဲ့ဘော်ကြီး တင်မောင်ဆွေ၏ ကံကြမ္မာကိုတော့ အရင်သိရဦးမည်ဖြစ်လေသည်။ တင်မောင်ဆွေ ကံကြမ္မာအသို့ရှိသည်ကို ပြောပြနိုင်သူမှာလည်း ယခု သူ့ရှေ့တွင် ရပ်လျက် ပရိယာယ်မာယာတွေများနေသော ဒေါက်တာဟိုးတစ်ယောက်သာလျှင် ဖြစ်သည်ကိုလည်း၊ ဂျင်မီကကောင်းစွာ နားလည်



www.burmeseclassic.com

www.burmeseclassic.com



ထားမိလေသည်။

ဒေါက်တာဟိုးကား တကယ်တော့ ပါးနပ်လှသူတစ်ဦး ဖြစ်ပေသည်။ ယခု သူက ဇီဝရာနန်အား မေးမြန်းခဲ့ခြင်းအားဖြင့် ၎င်းသည် သူနှင့်ဇီဝရာနန်တို့ကိုသာ ရင်ဆိုင်ရမည်ဖြစ်ကြောင်းကို သိသွားခဲ့လေပြီ။ ထို့ထက် ၎င်းက ပို၍ ကျွမ်းကျင်ခဲ့သည်ကား ဒေါက်တာဟိုးသည် သူ့စကားများဖြင့် ဇီဝရာနန်၏စိတ်ထဲတွင် သံသယကလေးကို မျိုးစေ့ချပေးနိုင်ခဲ့ခြင်းပင် ဖြစ်တော့သည်။

ဒေါက်တာဟိုး၏ လက်ထဲတွင် သူ့ဇနီးလောင်း စောနုမာလာရှိနေသည်ဟု သူက ဇီဝရာနန်အား ပြောပြပြီးခေါ်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုတော့ သူ့စွပ်စွဲချက်ကို သူက ဇီဝရာနန်အား အခိုင်အမာ အထောက်အထားပြရပေမည်။

သို့သော်လည်း ဒေါက်တာဟိုး၏ ပြောစကားများအရ စောနုမာလာသည် ဤအိမ်ကြီးတွင် ရှိမနေတော့သည်မှာ သေချာသလောက်ရှိနေပေပြီ။ စောနုမာလာအား ဤအိမ်ကြီးတွင် ရှာမတွေ့ပါက ဂျင်မီစမတ်အနေဖြင့် တခြားဘာအထောက်အထားများအား ပြစရာ ကျန်ပါဦးမည်နည်း။

ယခုပင် ဇီဝရာနန်သည် ဂျင်မီစမတ်အား သင်္ကာမကင်း အမူအရာဖြင့် ကြည့်လျက် ရှိနေပြီဖြစ်လေသည်။

ဤသို့သော အခြေအနေကို ဂျင်မီစမတ်က ရင်ဆိုင်နေရခြင်းဖြစ်လေသည်။ ယင်းအခြေအနေမှာလည်း သိပ်မကောင်းလှသည်ကို သူက ကောင်းစွာနားလည်ထားနေသည်။ တကယ်တော့ သူသည် ရန်သူကိုတစ်ယောက်တည်း ရင်ဆိုင်နေရခြင်း ဖြစ်သည်။

ဤအိမ်ကြီးထဲတွင် ဒေါက်တာဟိုးအပေါ်၌ သူက သေနတ်





တစ်လက်အားကိုးဖြင့် အနိုင်ယူထားနိုင်သည်က မှန်သော်လည်း ဤအခြေအနေကို သူက အဘယ်မျှကြာအောင် ထိန်းထားနိုင်မည်နည်း။ ဒေါက်တာဟိုး၏ လူနှစ်ယောက်ကို သူက အမှေ့ရိုက်လှဲနိုင်ခဲ့သော်လည်း အိမ်ထဲတွင် အခြားဘယ်နှစ်ယောက် ကျန်နေသေးသည်ကို သူက မပြောနိုင်။ ပြီးတော့ သူရိုက်လှဲခဲ့သော လူနှစ်ယောက် အပြင် အိမ်ကြီးထဲ၌ အခြားလူဘယ်နှစ်ယောက် ရှိနေဦးမည်ကို သူက မသိနိုင်။

ထို့ကြောင့် သူက အခြေအနေကို ထိန်းထားနိုင်စဉ်တွင် သူသည် ဒေါက်တာဟိုးထံမှ သူသိချင်တာတွေကို သိအောင်လုပ်ရမည်။

ဂျင်မီစမတ်က အံကြိတ်ကာ သူ့အား သင်္ကာမကင်းကြည့်နေသော ဇီဝရာနန်ဘက်သို့ ကြည့်လိုက်၏။

'ဒေါက်တာဟိုးဟာ အင်မတန်မှ ဉာဏ်များပါးနပ်လှတယ်ဆိုတာကို ခင်ဗျားလည်းသိပြီးပြီလို့ ကျွန်တော် မျှော်လင့်ပါတယ်… ထားလိုက်ပါတော့လေ… သူပြောတဲ့အတိုင်း ကျွန်တော်က လိုက်ပြောရရင် ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်က သတ်ပစ်ချင်တယ်ဆိုရင် အခုလောက်ဆို ကျုပ်က ခင်ဗျားတို့ကို သတ်ပြီးရောပေါ့… ခင်ဗျားကို ကျုပ်က ဘာဖြစ်လို့ အခုလိုဆက်ပြီး လှည့်စားနေဦးမှာလဲ… နောက်တစ်ခုက ဒေါက်တာဟိုးကို ကျုပ်က မတရားလိမ်လည်စွပ်စွဲချင်တယ်ဆိုရင်လည်း အခု ခင်ဗျားကို ကျုပ်ပြောနေတာထက်ပိုပြီး ယုတ္တိရှိရှိ စွပ်စွဲလို့မဖြစ်ဘူးလား။ ကျုပ်က တကယ်လို့ လုပ်ကြံစွပ်စွဲခဲ့တာဆိုရင် ကျုပ်စွပ်စွဲချက်ကို အထောက်အကူပြုမယ့် အထောက်အထားတွေကိုလည်း ကျုပ်က ဖန်တီးလာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာပဲ မဟုတ်လား…’

ဒေါက်တာဟိုး၏ ခပ်လှောင်လှောင်အသံက ဂျင်မီ၏ စကားများကို ရုတ်တရက်ဝင်၍ ဖြတ်တောက်ပစ်လိုက်၏။

‘ဒီမှာ လူကြီးမင်း… ဇီဝရာနန်… ခင်ဗျားရဲ့မိတ်ဆွေဟာဖြင့် တော်တော်ပဲ စကားအရာမှာ ကျွမ်းကျင်လှပါပေတယ်… ဒါပေမဲ့ အထောက်အထားတစ်ခုကို ဖန်တီးယူရမယ်ဆိုတာဟာ ခင်ဗျားပြောသလောက် မလွယ်ကူပါဘူး မစ္စတာ ဂျင်မီစမတ်… အဲ… တစ်ခုတော့ ရှိတာပေါ့ဗျာ… သူ့မှာ အထောက်အထား ဘာမှမရှိပါဘူးလို့ ပြောင်ဝန်ခံပြီး ခင်ဗျားရှေ့မှောက်မှာ ကျုပ်ကို အပြစ်ရှိပါတယ်ရယ်လို့ အတင်းဝန်ခံခိုင်းနေတာဟာဖြင့်…’

ဒေါက်တာဟိုးက သူ၏ကြီးမားလှသော ပခုံးကြီးများကို တစ်ချက်တွန့်လိုက်ပြီးမှ သရော်သောအပြုံးကို ပြုံးလျက် စကားဆက်လိုက်ပြန်သည်။

‘ခင်ဗျားဟာ ဦးနှောက်ရှိတဲ့လူတစ်ယောက်ပါ… လူကြီးမင်း ဇီဝရာနန်၊ ဒီတော့ ကျုပ်ပြောတာနဲ့ သူပြောတာကို နှိုင်းယှဉ်စဉ်းစားကြည့်ပါတော့လေ…’

ဂျင်မီစမတ်က တစ်ချက်မျှ ရယ်လိုက်၏။

‘စကားအရာမှာ ကျွမ်းကျင်တာက ခင်ဗျားပါ… ဒေါက်တာဟိုး… ဒါပေမဲ့ ခင်ဗျား ဘယ်လောက်ပဲပြောပြော၊ အမှန်ကိုတော့ မဖုံးကွယ်နိုင်ပါဘူး။ ခင်ဗျားပြောနေတုန်းမှာပဲ ကျုပ်ဟာ စိတ်ကူးတစ်ခုရခဲ့တယ်။ ခင်ဗျားဟာ ကျုပ်သိမထားရသေးပြီး၊ အင်မတန်သိချင်နေတဲ့အကြောင်းအရာတွေကို သိထားနေပါတယ်… ဥပမာအားဖြင့်ဆိုရင်တော့ အခု စောနမာလာ ဘယ်ရောက်နေ





တယ်… ကျုပ်ရဲ့ ရဲဘော်ကြီးကို တင်မောင်ဆွေ ဘာဖြစ်ခဲ့တယ်ဆိုတာရယ်တွေပေါ့ဗျာ။ ဒါတွေကို ခင်ဗျားက အခုထက်ထိတော့ ကျုပ်ကို ပြောမပြသေးပါဘူး။ ဒါပေမဲ့ ကိုယ်သိချင်တာတွေကို လူတစ်ယောက်က ပြောပြအောင် လုပ်နိုင်တဲ့နည်းတွေက အများကြီးရှိနေပါတယ်… ဒေါက်တာဟိုး… အခုလက်ရှိ အခြေအနေအရတော့၊ ကျုပ်ဟာ တစ်ယောက်တည်းဖြစ်နေတာမို့၊ ဒီနည်းတွေကို အသုံးမပြုနိုင်သေးဘူးလေ။ မစ္စတာ ဇီဝရာနန်ကလည်း ကျုပ်ကို ပြည့်ပြည့်ဝဝ မယုံကြည်သေးသမျှတော့ ဘယ်လိုမှအကူအညီပေးမှာ မဟုတ်ဘူး။ ဒီတော့ကာ ကျုပ်အနေနဲ့ မစ္စတာဇီဝရာနန်က ကျုပ်အပေါ်မှာ ပြည့်ပြည့်ဝဝ ယုံကြည်လာအောင် လုပ်ပြရတော့မှာပဲ။ ဘယ်လိုလုပ်ရမယ်ဆိုတာကိုလည်း ကျုပ်ဟာ ခုနကပဲ စိတ်ကူးရခဲ့တယ်…’

ဒေါက်တာဟိုးက ဂျင်မီစမတ်အား သရော်သော အပြုံးကလေးဖြင့် ပြုံးပြလိုက်ပြန်သည်။

‘အခုထက်ထိတော့ လူကြီးမင်း ဇီဝရာနန်က ခင်ဗျားအပေါ် လုံးဝယုံကြည်မှုရှိလာအောင် ခင်ဗျားဟာ ဘယ်လိုမှလုပ်မပြနိုင်ခဲ့သေးပါဘူး။ ဒါပေမဲ့ ခင်ဗျားထပ်ကြိုးစားမယ်ဆိုရင်လည်း ကြိုးစားပါဦးလေ… ခင်ဗျား ဘယ်လိုပဲ ကြိုးစား ကြိုးစား၊ အောင်မြင်မှုရမှာ မဟုတ်ဘူးဆိုတာကိုတော့ ကျုပ်က ယုံကြည်ပါတယ်…’

ဂျင်မီစမတ်ကလည်း ယုံကြည်စိတ်ချသော အပြုံးကိုပြုံးလိုက်၏။

‘ကြည့်ကြသေးတာပေါ့ ဒေါက်တာဟိုး… ကျုပ်မှာ အချိန်သိပ်မရှိလှဘူး။ အချိန်မရွေးဆိုသလို ခင်ဗျားရဲ့ လူတွေရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီး ခင်ဗျားကို ကယ်တင်သွားနိုင်တယ်ဆိုတာ ကျုပ်နားလည်ပါတယ်။ ဒါပေမဲ့ ရတဲ့အချိန်ကလေးမှာ ကြိုးစားရမှာပေါ့…'

ဂျင်မီစမတ်က ပြောပြောဆိုဆို ဇီဝရာနန်ဘက်သို့ လှည့်ကြည့်လိုက်၏။

'မစ္စတာ ဇီဝရာနန်၊ ခင်ဗျားကို ကျုပ် ဒေါက်တာဟိုး အကြောင်း ပြောခဲ့တုန်းက သူ့နာမည်အပြင် အခြားနာမည်တွေပါ ထည့်ပြောခဲ့တယ်ဆိုတာကို ခင်ဗျားမှတ်မိမှာပေါ့။ ဥပမာဆိုရင် ခင်ဗျားရဲ့ပြိုင်ဘက် ခင်ဗျားတို့တိုင်းပြည်က မင်းသားကြီး ဝဇ္ဇာချန်ဒရာ နောက်ပြောဒီက ဒေါက်တာဟိုးရဲ့ ညာလက်ရုံးကြီး ဟုတ်စိန် ဆိုတာတို့…'

ဂျင်မီစမတ်က စကားကိုခေတ္တရပ်ကာ ဒေါက်တာဟိုးအား လှည့်ကြည့်လိုက်၏။

'ဒီလူနှစ်ယောက်ကို ခင်ဗျားသိတယ်လို့ ငြင်းဦးမှာလား…'

'ကျုပ်မှာ ငြင်းစရာအကြောင်း ဘာမှမရှိပါဘူး…'

ဒေါက်တာဟိုးက အေးဆေးသော အသံဖြင့်ပြန်ဖြေလိုက်၏။

'ဒါပေမဲ့ စောနမာလာကိစ္စကို သူတို့ဘာမှမသိဘူးဆိုတာကိုတော့ ခင်ဗျားက ပြောချင်တယ်မဟုတ်လား…'

'ပြောချင်တယ် မဟုတ်ပါဘူး။ ပြောကိုပြောရမှာပဲ။ ဒါက အမှန်ကိုး…'

'ကောင်းပြီ…'

ဂျင်မီစမတ်က ပင့်သက်ကြီး တစ်ချက်ရှိုက်လိုက်သည်။





ပြီးမှ စကားဆက်ပြန်၏။

'ဒီလိုဆိုရင် ကျုပ်က ခင်ဗျားပြောတာတွေ မှန်ပါတယ်ဆိုတာ အထောက်အထား အထင်အရှားပြနိုင်မယ့် အခွင့်အရေးကြီး တစ်ခု ခင်ဗျားကို ကျုပ်က ပေးပါ့မယ်။ ဟောဟိုထောင့်မှာ ကျွန်တော်က တယ်လီဖုန်းတစ်ခု တွေ့ရပါတယ်။ ဒီတော့ ခင်ဗျားက အခု မင်းသားကြီး ဝဇ္ဇာချန်ဒရာဆီကို ဖုန်းဆက်ပါ ခင်ဗျားပြောရမယ့် စကားကတော့ စောနမာလာဟာ ခင်ဗျားရဲ့လက်တွင်းကို ရောက်ပြီးမှ ပြန်လွတ်သွားပါပြီလို့ဆိုတာပါပဲ။ ဒါပေမဲ့ ဟိုဘက်က မင်းသားကြီး ပြန်ဖြေမယ့်စကားကိုတော့ မစ္စတာ ဇီဝရာနန်က နားထောင်ရလိမ့်မယ်။ ကိုင်း… ဘယ့်နှယ့်လဲ ဒေါက်တာဟိုး…'

(ဃ)

ဂျင်မီစမတ်၏ စကားအဆုံးတွင် အခန်းထဲ၌ ခေတ္တမျှ တိတ်ဆိတ်သွားလေ၏။ ထိုတိတ်ဆိတ်မှုသည် မုန်တိုင်းကြီး မကျမီ လေက ရုတ်တရက် ငြိမ်ကျသွားသကဲ့သို့ဖြစ်သည်ဟု ဂျင်မီစမတ်က ထင်လိုက်မိ၏။

ဂျင်မီသည် သူ့ရင်ထဲမှနှလုံးက တဒိတ်ဒိတ်ခုန်နေသံကို ကောင်းစွာ ကြားနေရလေသည်။ အခန်းထဲ၌ မကြာမီပင် လေမုန်တိုင်းကြီးတစ်ခုကို ဖန်တီးလိုက်မည့် ဖြစ်ရပ်တွေက ငြိမ်ဝပ်စွာ စောင့်စားနေကြသည်ဟု ဂျင်မီစမတ်၏ စိတ်ထဲတွင် ခံစားနေရ၏။

ထိုတိတ်ဆိတ်မှုသည် တစ်မိနစ်မျှသာ ငြိမ်ပြီးနောက် ဇီဝရာနန်က ရုတ်တရက် ဖျောက်ဖျက်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူပြောတာက ကောင်းသားပဲ ဒေါက်တာဟိုး… သူပြောတဲ့အတိုင်း ခင်ဗျားလုပ်မယ်ဆိုရင် အခု ကျုပ်တို့ ရင်ဆိုင်နေရတဲ့ပြဿနာက တစ်နည်းမဟုတ် တစ်နည်းတော့ ပြေရှင်းသွားမှာပါပဲ…'

ဇီဝရာနန်၏ စကားအဆုံးတွင် ဒေါက်တာဟိုးက တည်ငြိမ်သောအသံဖြင့် ပြန်ဖြေလိုက်၏။

'အင်း… သူ့စိတ်ကူးကတော့ တော်တော်ကောင်းပါတယ်။ ဒါပေမဲ့ ကျုပ်မိတ်ဆွေကြီး ဝတ္ထုချုပ်ဒရာကို အခုလိုအချိန်မျိုးမှာ ဖုန်းဆက်နှောင့်ယှက်ရမှာဟာ တော်တော်တော့ အားနာစရာကောင်းတာပဲ…'

'အားနာစရာ ကောင်းတာဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့လေ။ မစ္စတာ ဂျင်မီစမတ် ပြောတဲ့အတိုင်း လုပ်ဖို့ကို ကျုပ်က မေတ္တာရပ်ခံလိုပါတယ် ဒေါက်တာဟိုး… ဒါမှလည်း ကျုပ်ခုနကပြောသလို ဒီပြဿနာက တစ်နည်းမဟုတ်တစ်နည်း ပြေရှင်းသွားရမှာပါ။ တကယ်လို့ မစ္စတာ ဂျင်မီစမတ်က ခင်ဗျားကို မတရားလုပ်ကြံစွပ်စွဲခဲ့တယ်ဆိုတာ ထင်ရှားလာရင်ဖြင့် ကျုပ်က ခင်ဗျားကို အစွမ်းကုန် တောင်းပန်ပါ့မယ်…'

ဒေါက်တာဟိုးက ဇီဝရာနန်အား တည်ငြိမ်သော ဣန္ဒြေကြီးဖြင့် ပြန်ကြည့်လိုက်လေ၏။

'ကောင်းပါပြီ… မင်းသားကြီး အလိုရှိတဲ့အတိုင်း ဖြစ်စေရမှာပေါ့…'

အခန်းထဲတွင် နောက်ထပ်၍ တင်းမာသော တိတ်ဆိတ်မှုကြီးတစ်ရပ်က လွှမ်းမိုးသွားပြန်လေသည်။ ဒေါက်တာဟိုးသည်





တယ်လီဖုန်းဆီသို့ တည်ငြိမ်သောအမူအရာဖြင့် လျှောက်သွားသည်ကို ဂျင်မီကတစ်ချက်မျှ အလစ်မပေးဘဲ ကြည့်နေလိုက်၏။

ဒေါက်တာဟိုးသည် သည်တစ်ခါတော့ ချောင်ပိတ်မိနေပြီဟု ဂျင်မီက ယုံကြည်နေမိ၏။ သည်တစ်ခါတော့ ဒေါက်တာဟိုးသည် သူကျရောက်နေရသော ဆောင်ချောက်ထဲမှ ဘယ်လိုမှ လှည့်ပတ်ထွက်နိုင်တော့မည် မဟုတ်ပေ။ ချိန်ခွင်လျှာသည် သူ့ဘက်သို့ ပြန်စောင်း၍ လာချေပြီ။

ဇီဝရာနန်လည်း စဉ်းစဉ်းစားစား အမူအရာဖြင့် ဂျင်မီစမတ်ကိုတစ်လှည့်၊ ဒေါက်တာဟိုးကိုတစ်လှည့် ကြည့်လျက်ရှိနေ၏။ ဒေါက်တာဟိုးက တယ်လီဖုန်းကို ကောက်ယူလျက် တယ်လီဖုန်းအော်ပရေတာအား စကားစတင်၍ ပြောနေ၏။

'ဟလို… အော်ပရေတာ၊ ကျေးဇူးပြုပြီး၊ ရန်ကုန်ကို ဆက်ပေးပါ… ဟုတ်တယ်…'

ဒေါက်တာဟိုးက သူ၏ တယ်လီဖုန်းနံပါတ်ကိုတယ်လီဖုန်းအော်ပရေတာအား ပြောပြလိုက်၏။

'ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ်… ကျွန်တော် စောင့်နေပါ့မယ်…'

ဒေါက်တာဟိုးက တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီးနောက် တည်ငြိမ်စွာပင် ဇီဝရာနန်ဘက်သို့ လှည့်ကြည့်လိုက်၏။

'ရန်ကုန်နဲ့ ဆက်မိဖို့ကို နည်းနည်းတော့ စောင့်ရလိမ့်ဦးမယ်။ ဒီအတောအတွင်းမှာတော့ ကျုပ်ဟာ အပြစ်ရှိတယ်လို့ ဆုံးဖြတ်ခြင်း မခံရသေးတဲ့အတွက် ကျုပ်ဆီက ဆေးပြင်းလိပ်တစ်လိပ်တော့ သောက်ပါဦးဗျာ…'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား စားပွဲက ဝေးဝေးနေပါလေ… မစ္စတာ ဇီဝရာနန်က ဆေးပြင်းလိပ်သောက်ချင်ရင် သူ့ဘာသာသူ ယူသောက်ပါလိမ့်မယ်… ခင်ဗျားသောက်ချင်ရင် သူက ခင်ဗျားကို ယူပေးပါလိမ့်မယ်…'

ဂျင်မီစမတ်က ဝင်၍ စည်းကမ်းသတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။ ဇီဝရာနန်က ဦးခေါင်းယမ်းခါပြလိုက်၏။

'ကျုပ် ဆေးလိပ်မသောက်ချင်သေးပါဘူး…'

ဒေါက်တာဟိုးက ဂျင်မီစမတ်ထံ မျက်ခုံးတစ်ဖက် ပင့်၍ လှမ်းကြည့်လိုက်သည်။

'ကျုပ်တော့ ဆေးပြင်းလိပ်တစ်လိပ် သောက်ပါရစေ မစ္စတာ… အဲ… ဂျင်မီစမတ်…'

ဂျင်မီက စားပွဲဆီသို့လျှောက်သွားလိုက်ကာ စားပွဲပေါ်ရှိ ယွန်းသေတ္တာကလေးထဲမှ ဆေးပြင်းလိပ် တစ်လိပ်ကို နှိုက်ယူလျက် ဒေါက်တာဟိုးဆီသို့ ပစ်ပေးလိုက်သည်။ ဒေါက်တာဟိုးက ဖမ်းယူလိုက်ကာ ဂျင်မီစမတ်အား ဦးခေါင်းတစ်ချက် ညွှတ်လိုက်သည်။

ဒေါက်တာဟိုး၏ အမူအရာမှာ ယခုထက်ထိ တည်တည်ငြိမ်ငြိမ်ပင် ရှိနေသေးရာ ၎င်း၏ ကိုယ့်ကိုယ်ကို ချုပ်ထိန်းနိုင်မှုကို ဂျင်မီစမတ်က စိတ်ထဲမှကြိတ်၍ ချီးမွမ်းလိုက်မိပြန်သည်။ အကယ်စင်စစ် ဒေါက်တာဟိုးသည် အချိန်တမင် ဆွဲထားနေခြင်းဖြစ်သည်ကို ဂျင်မီက ကောင်းစွာနားလည်မိလေ၏။

ရန်ကုန်နှင့် တယ်လီဖုန်းဆက်သွယ်မိ၍ သူမေးခိုင်းသော မေးခွန်းကို ဒေါက်တာဟိုးကမေးလျှင် မင်းသားကြီး ဝဏ္ဏချန်ဒရာက ပြန်ဖြေမည့်အဖြေသည် ၎င်းအား စောနမာလာ ကိစ္စနှင့်ပတ်





သတ်၍ သူက စွပ်စွဲထားသမျှ မှန်ကန်နေကြောင်းပေါ်လာတော့မည်က မလွဲကေန်ဖြစ်နေသည်။ ဒါကို ဒေါက်တာဟိုးကလည်း နားလည်ထားပေ၏။

ထို့ကြောင့် ရန်ကုန်နှင့် တယ်လီဖုန်းချင်း မဆက်သွယ်မိခင် သူ့အား ဝင်ရောက်ကယ်တင်မည့်သူ လူတစ်ယောက်ယောက် ပေါ်လာဖို့ကို ဒေါက်တာဟိုးက မျှော်လင့်စောင့်စားနေမည်မှာလည်း အမှန်ပင်ဖြစ်တော့သည်။

ဒေါက်တာဟိုးကတော့ ပကတိတည်ငြိမ်သော ဣန္ဒြေဖြင့် ဆေးလိပ်ကို ပါးစပ်တွင်တပ်လိုက်ကာ သူ့လက်တစ်ဖက်ကလည်း သဘာဝကျကျပင် သူ့ကုတ်အင်္ကျီဘေးအိတ်ထဲသို့ ထိုးနှိုက်မည်ပြုလိုက်သည်။ သို့ရာတွင် ဂျင်မီ၏ အသံက ကြာပွတ်ရိုက်လိုက်သံလို ထွက်ပေါ်၍လာ၏။

'ခင်ဗျားလက်ကို ငြိမ်ငြိမ်ကလေး ထားလိုက်ပါ…'

ဒေါက်တာဟိုး၏ မျက်ခုံးများက အပေါ်သို့ပင့်တက်သွားကြပြန်သည်။

'ဘယ်လိုလဲ မိတ်ဆွေ… ကျုပ် ဆေးပြင်းလိပ်ကို မီးမှမညှိရတော့ဘူးလား…'

'ကျုပ် မီးညှိပေးပါ့မယ်…'

ဂျင်မီစမတ်က သူ့ဘောင်းဘီအိတ်ထဲမှ မာတ်မီးခြစ်ကို ဆွဲထုတ်လိုက်ကာ ဒေါက်တာဟိုးထံလျှောက်သွားပြီး လက်တစ်လှမ်း အကွာမှနေ၍ ခြစ်ပေးလိုက်သည်။ ဒေါက်တာဟိုးက ငုံ့၍ သူ့ဆေးပြင်းလိပ်ကို မီးညှိလိုက်စဉ် သူတို့နှစ်ယောက်သည် မျက်လုံးချင်းဆိုင်မိသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အိမ့်ရှေ့ခန်းမကြီးဆီမှ အော်လိုက်သံတစ်ခုက ရုတ်တရက် ထွက်ပေါ်လာ၏။

'မစ္စတာ ဇီဝရာနန် ဘာမှမစိုးရိမ်နဲ့၊ ကျုပ် ဒီကောင်တွေကို ရင်ဆိုင်မယ်… ခင်ဗျား ကျုပ်နားကိုလာခဲ့ပါ ဒေါက်တာဟိုး… ခင်ဗျားနောက်ဆုတ်'

ဂျင်မီက ပြောနေစဉ်မှာပင် သူတို့ကျောဘက်မှ တံခါးသည် ရုတ်တရက် ပွင့်လာသည်။ ဂျင်မီကလည်း တံခါးဆီသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

ဒေါက်တာဟိုးကား ကိုယ်ခန္ဓာနှင့် မလိုက်အောင်… လျင်မြန်လှတော့သည်။ ဂျင်မီခေါင်းက တံခါးဘက်သို့ လှည့်သွားသည်နှင့်တစ်ပြိုင်နက် ဒေါက်တာဟိုး၏ လက်တစ်ဖက်က ဂျင်မီ၏ သေနတ်ကိုင်လက်ကို လက်ကောက်ဝတ်မှနေ၍ ဆတ်ခနဲ ဆွဲဖယ်ပစ်လိုက်သည်။ ဂျင်မီက သေနတ်မောင်းကို ဆွဲဖြုတ်ချလိုက်သော်လည်း ကျည်ဆန်က ဘေးချော်ထွက်ကာ အခန်း၏အုတ်နံရံထဲတွင်သာ စူးဝင်နစ်မြုပ်သွားတော့သည်။

ဒေါက်တာဟိုး၏ လက်ထဲတွင် ကာယဗလမသေးလှသော ဂျင်မီမှာ ကလေးလေးတစ်ယောက်လို ဖြစ်သွားရတော့သည်။ သူ့လက်ထဲက သေနတ်သည် ဒေါက်တာဟိုး၏လက်ထဲသို့ ပါသွားတော့ကာ သူကိုယ်တိုင်မှာလည်း နောက်သို့ လန်ကျသွားရတော့သည်။

ဂျင်မီက ကိုယ်ရှိန်ပြန်သတ်လိုက်နိုင်စဉ်တွင်တော့… တံခါးဝတွင် ရပ်နေကြသော လူသုံးယောက်ကို တွေ့လိုက်ရလေသည်။





တင်မောင်ဆွေ၊ စောနုမာလာ… နောက် ၄င်းတို့၏နောက်က ဒေါက်တာဟိုး၏ ညာလက်ရုံးကြီး တရုတ်ဟုတ်စိန်။

ဟုတ်စိန်၏လက်ထဲတွင် မော်ဇာ ပစ္စတိုသေနတ်တစ်လက်က ရှိနေသည်။ တင်မောင်ဆွေကတော့ လက်နှစ်ဖက်ခါးတွင် ထောက်ကာ သူတို့အား အေးဆေးသော အပြုံးနှင့် ကြည့်နေ၏။

'အားလုံးကိုပဲ နှုတ်ဆက်ပါရဲ့။ ကောင်းသောညနေခင်းပါ ခင်ဗျာ…'

တင်မောင်ဆွေ၏ အေးအေးဆေးဆေးနိုင်လှသော အသံပင် ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

- ၁၁ -

## အားကိုးရသော ဒေဝီ

(က)

'ချစ်ခြင်းမေတ္တာရဲ့ နှောင်ဖွဲ့ခြင်းကို နေရာတကာမှာ တွေ့နေရပါကလားဗျာ…'

တင်မောင်ဆွေ၏ အသံက အပူအပန် ဘယ်လိုမှမရှိ။ ဘာမထီသော သရော်ပြောင်လှောင်မှု အပြည့်ဖြင့်ထွက်ပေါ်လာပြန်သည်။ သူ၏ အမူအရာကလည်း ထို့နည်းတူသာဖြစ်လေသည်။

သူကျရောက်နေရသော အခြေအနေအတွက် စိုးရိမ်ကြောင့်ကြ ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်နေရသည်ကို ဘယ်လိုမှမပြ။ ဘယ်လိုသော အခြေအနေကိုမဆို၊ ရင်ဆိုင်ပစ်လိုက်မည်ဟူသည့် ဘာမထီသည့် အမူအရာမျိုးသာ ဖြစ်နေသည်။

ဂျင်မီစမတ်ကလည်း စိတ်ထဲတွင် ခံစားနေရသော မချင့်မရဲ ဖြစ်မှုကြီးကို ကြိုးစား၍ ဖျောက်ဖျက်ပစ်လိုက်သည်။ ယခု





တင်မောင်ဆွေနှင့် စောနမာလာတို့က ရောက်လာပြီဖြစ်ရာ သူတို့အတွက် ပူပန်စရာက ဘာမှမရှိတော့။ တင်မောင်ဆွေတစ်ယောက် အသက်ရှင်လျက် ရှိနေသေးသည်ကို ကိုယ်တွေ့တွေ့ရခြင်းကပင် သူ့အတွက် အားဆေးကြီးတစ်လက် ဖြစ်နေတော့သည်။

ယခု သူတို့သည် ဒေါက်တာဟိုး၏လက်တွင်းသို့အကျဉ်းသားအဖြစ်နှင့်ကျရောက်သွားရသည်က မှန်သော်လည်း တင်မောင်ဆွေရှိနေမှတော့ သူက သိပ်မပူတော့။ ဤသို့ပင် ခက်ခဲအကြပ်ရိုက်သော အခြေအနေကို သူတို့နှစ်ယောက်က မကြာခဏရင်ဆိုင်ခဲ့ရကာ သူတို့နှစ်ယောက်သား တတ်နိုင်သည့်နည်းဖြင့် ရုန်းထွက်နိုင်ခဲ့သည်သာ မဟုတ်ပါလား။

အရေးကြီးသည်က ဒေါက်တာဟိုးအား သူ စွပ်စွဲထားချက်က မှန်ကန်နေကြောင်းကို ဇီဝရာနန်က ကိုယ်တွေ့သိသွားရခြင်းပင်တည်း။

တင်မောင်ဆွေက ဂျင်မီအား လှမ်းကြည့်လိုက်ကာ ရွှင်မြူးစွာပင် မျက်စိတစ်ဖက် မှိတ်ပြလိုက်၏။

'ဘယ့်နှယ်လဲဟေ့… ဂျင်မီ… မင်းက တာဝန်အကျေပွန်သားပဲ… လူကြီးမင်း ဇီဝရာနန်ကို အပါခေါ်လာနိုင်ခဲ့တာကိုးကွ… ကဲ… စောနမာလာ… ဟိုမှာ ခင်ဗျားရဲ့ခင်ပွန်းလောင်းကြီးလေ…'

သို့ရာတွင် ဇီဝရာနန်ကတော့ ဖြူရော်တင်းမာသော မျက်နှာကြီးဖြင့် ဒေါက်တာဟိုးအားသာ ကြည့်ရှုလိုက်သည်။

'လက်စသတ်တော့ သူတို့စွပ်စွဲခဲ့သမျှဟာ အကုန်မှန်နေတာပေါ့…'



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကြီးသည် ဒေါသဖြင့် တုန်ယင်လျက်ရှိနေသည်။ ဇီဝရာနန်ကား သူ့အကျိုးထိခိုက်လာလျှင် ကြောက်စရာကောင်းလှသော လူတစ်ယောက်ဖြစ်လေသည်။

'မှန်တာပေါ့ ဇီဝရာနန်'ဟု တင်မောင်ဆွေက ခပ်အေးအေး အသံဖြင့် ဝင်ပြောလိုက်ပြန်သည်။

'ဘာလဲ… ခင်ဗျားက ကျုပ်ရဲဘော်ကြီး ဂျင်မီပြောခဲ့တာကို မယုံကြည်ခဲ့ဘူးလားဗျာ… ဒါမှမဟုတ်… ဟောဒီက အရုပ်ဆိုးကြီး ဒေါက်တာဟိုးက ခင်ဗျားကို ဘာတွေများလိမ့်ထားခဲ့သလဲ…'

တင်မောင်ဆွေက ပြောပြောဆိုဆို ဒေါက်တာဟိုးအား ခပ်ပြုံးပြုံးကြီး လှမ်းကြည့်လိုက်သည်။

'ဘယ့်နှယ်လဲ ထောင်ကဲ သူဌေးကြီးရဲ့။ ခင်ဗျားက စကားနည်းလှချေကလား… အခုလို အခြေအနေမှာ ခင်ဗျားဟာ သိပ်ကိုအားရကျေနပ်နေရမှာ မဟုတ်လား။ အခုတော့ ခင်ဗျားမျက်နှာကြီးက ခွေးအိုကြီးကျနေပါကလားဗျာ…'

ဤတွင်မှ ဒေါက်တာဟိုးလည်း အသက်ဝင်လာတော့သည်။

သူ့မျက်နှာကြီးသည် ကြီးမားလှသော ဒေါသကို ဖော်ပြလိုက်သည်။ သူ့အားကြည့်ရသည်မှာ ဒေါသမာန်ထနေသော သားရဲတိရစ္ဆာန်ကြီးတစ်ကောင်နှင့်သာ တူနေတော့သည်။ သူသည် တရုတ်ဘာသာစကားမျိုးဖြင့် သူ့လက်ရုံးကြီး ဟုတ်စိန်အား ဆဲဆိုကြိမ်းမောင်းလိုက်ရာ အောင်ပွဲခံရသော အပြုံးကို ဆောင်ထားသည့် ဟုတ်စိန်၏ မျက်နှာကြီးမှာ ဆီးစေ့ကလေးအလား ချက်ချင်းသေး





ငယ်သွားရှာတော့သည်။

ဤတွင် တင်မောင်ဆွေ၏ ခပ်ထေ့ထေ့အသံက ဒေါက်တာဟိုး၏ ကျိန်ဆဲသံကို ဝင်၍ ဖြတ်တောက်ပစ်လိုက်လေသည်။

'ဟုတ်စိန်ကြီးကို သိပ်လည်း အပြစ်တင်မနေပါနဲ့ ကိုရုပ်ဆိုးရာ… သူက စေတနာနဲ့ ဂျုပ်တို့ကို ဖမ်းခေါ်လာပေးတာပါဗျ…'

ထိုအခါမှ တင်မောင်ဆွေဘက်သို့ ဒေါက်တာဟိုးက မျက်မှောင်ကြီးကြုတ်ကာ လှည့်ကြည့်လိုက်သည်။

'မင်း တစ်ခါ လွတ်လာပြန်ပြီပေါ့၊ တင်မောင်ဆွေ'

'ဟုတ်ပါ့ဗျာ… ကျုပ်ဟာ ခင်ဗျားရဲ့ ထောင်ချောက်တွေထဲက အမြဲတမ်းလွတ်နေကျ မဟုတ်လားဗျ… ဒါနဲ့ ကျုပ် စီးကရက်တစ်လိပ်လောက် သောက်တာကိုတော့ ခင်ဗျားတို့ကန့်ကွက်စရာ မရှိဘူးထင်ပါရဲ့…'

တင်မောင်ဆွေက ပြောပြောဆိုဆို သူ့ရွှေစီးကရက်ဘူးပြားကလေးကို ထုတ်ယူလိုက်ရာ ဒေါက်တာဟိုး၏ ထူထဲသော နှုတ်ခမ်းကြီးများက မဲ့သွားကြသည်။

'မင်း စီးကရက်တွေအကြောင်း ငါသိထားပြီးပါပြီ… တင်မောင်ဆွေ… ပေးစမ်း ဒီစီးကရက်ဘူး…'

'ခင်ဗျား သဘောအတိုင်းပါပဲ… ဒေါက်တာဟိုး'

တင်မောင်ဆွေက သက်ပြင်းတစ်ချက် ချလိုက်ကာ စီးကရက်ဘူးကို လက်တွင်ကိုင်လျက် ဒေါက်တာဟိုးဆီသို့ လျှောက်သွားလိုက်သည်။ သို့ရာတွင် ဒေါက်တာဟိုးက တင်မောင်ဆွေ့အား အနားကပ်မခံဘဲ ၎င်း၏လက်ထဲမှ စီးကရက်ဘူးကိုသာ ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းဆွဲယူလိုက်သည်။

တင်မောင်ဆွေက သူ့ပခုံးကျယ်ကြီးများကို တွန့်ကာ စားပွဲကြီး၏ ထောင့်တစ်ဖက်တွင် ခြေတွေဆန့်လျက် ခပ်အေးအေးလက်ပိုက်၍ ရပ်နေလိုက်သည်။ ထို့နောက် သူက စားပွဲပေါ်မှ ဒေါက်တာဟိုး၏ ယွန်းသေတ္တာကလေးကို တွေ့သွားကာ အထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူနမ်းကြည့်ပြီး ခပ်တည်တည် ကိုက်ထားလိုက်သည်။

ထိုအတွင်း ဇီဝရာနန်က ဒေါက်တာဟိုးအား ရင်ဆိုင်လိုက်ပြန်သည်။

'ကဲ… ဒေါက်တာဟိုး … ခင်ဗျား ကျုပ်ကို ဘာများပြောစရာရှိသေးသလဲ…'

ဇီဝရာနန်၏အသံမှာ ချုပ်တည်းထားရသော ဒေါသဖြင့် ပြည့်နေသည်။ ဒေါက်တာဟိုးကတော့ အမူအရာ ပကတိကင်းစင်သွားသော မျက်နှာကြီးဖြင့် ဇီဝရာနန်အား ပြန်ကြည့်လိုက်သည်။

'ခင်ဗျားကို ကျုပ်က ဘာမှပြောစရာမရှိတော့ပါဘူး။ ဇီဝရာနန်က၊ တကယ်တော့ ခင်ဗျား သူ့ဆီက ကြားခဲ့ရတာတွေဟာ ဒေါက်တာဟိုးက ဂျင်မီစမတ်ဆီသို့ မေးတစ်ချက် ငေါ့ပြလိုက်သည်။ 'အားလုံးအမှန်အတိုင်းချည်းပါပဲ…'

'ဒီအတိုင်းဆိုရင် ခင်ဗျားဟာ ကျုပ်တို့တိုင်းပြည်မှာ ခင်ဗျားရဲ့ ကိုယ်ကျိုးစီးပွားရေးအတွက် စစ်မီးမွှေးတော့မှာပေါ့… ကျုပ်တို့တိုင်းပြည်မှာ စစ်ကြီးဖြစ်လာရင် ဘယ်လောက်လူတွေ ဒုက္ခများကြရမယ်ဆိုတာ ခင်ဗျားသိရဲ့မဟုတ်လား…'

'သိသားပဲ ဇီဝရာနန်… ဒါတွေကို ကျုပ်က အားလုံး





ထည့်တွက်ပြီးသားပါ…'

ဒေါက်တာဟိုးက ခပ်အေးအေးအမူအရာဖြင့်ပင် ပြန်ဖြေလိုက်သည်။

'ခင်ဗျားဟာ ခင်ဗျားရဲ့ ညစ်ပတ်စုတ်ပဲ့တဲ့ အကြံအစည်ထဲမှာ ကျုပ်ကိုထည့်ပြီး အသုံးချမလို့ပေါ့လေ… ဟုတ်စ…'

ဇီဝရာနန်က ခံပြင်းလှစွာ ထပ်မေးလိုက်ပြန်သည်။ ၎င်း၏ မေးရိုးကြီးတွေက ထောင်တက်နေ၏။ ဒေါက်တာဟိုးက ခပ်သွဲ့သွဲ့ကလေး ပြုံးလိုက်၏။

'ခင်ဗျားကို ကျုပ်က ဘာဖြစ်လို့ အသုံးမပြုရမှာလဲ၊ ကျုပ်ဟာ တစ်သက်လုံး ကျုပ်အကြံအစည် အောင်မြင်ရေးအတွက် လူတွေကို အသုံးပြုလာခဲ့တာပဲ…'

'ဟင်… ခင်ဗျားဟာ လူယုတ်မာကြီးပါကလား…'

ဒေါက်တာဟိုးက စိတ်မရှည်သလို လက်တစ်ဖက်ကို ယမ်းလိုက်၏။

'ဒီမှာ လူကြီးမင်း ဇီဝရာနန် … ဒီလူ့ လောကကြီးဟာ သူတော်စင်တွေအတွက် မဟုတ်ဘူးဗျ… ခင်ဗျားလည်း ခင်ဗျား ကိုယ်ကျိုးအတွက် ခင်ဗျားနည်းနဲ့ ခင်ဗျား ယုတ်မာတာပါပဲ… ကိုယ်ကျိုးကို ကြည့်တဲ့လူဟာ တစ်နည်းမဟုတ် တစ်နည်းတော့ ယုတ်မာရတာချည်းပါပဲ… ကဲ… ကျုပ်က… ဒီအနှောင့်အယှက်ကို ဖြေရှင်းတုန်းမှာ ခင်ဗျား အသာထိုင်နေစမ်းဗျာ…'

'ဘာ… ကျုပ်က အသာထိုင်နေရမယ်… ဟုတ်လား…'

ဇီဝရာနန်က ခြောက်ကပ်ကပ်အသံဖြင့် ရယ်မောလိုက်၏။ ၎င်း၏ မျက်နှာကြီးသည် ပကတိတင်းမာလျက်ရှိကာ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကလည်း အေးစက်မာကျောလျက် ရှိနေသည်။

'ခင်ဗျားလုပ်တာတွေကို ကျုပ်က ဘာဖြစ်လို့ ထိုင်ကြည့်နေရမှာလဲ… တကယ်တော့ ခင်ဗျားကသာ တကယ့် ရာဇဝတ်ကောင်ကြီးသက်သက်ပဲ… ပထမဦးဆုံး ခင်ဗျားကို မြန်မာထောင်ထဲမှာ ထည့်ပစ်ရမယ်… အဲ… မြန်မာထောင်ထဲက ခင်ဗျားလွတ်လာတဲ့အခါကျတော့ အာရှတိုက်မှာ ခင်ဗျားဆက်မနေနိုင်အောင် ကျုပ်က လုပ်ရဦးမယ်…'

စီဝရာနန်က ပြောပြောဆိုဆို တံခါးဝဆီသို့ ချာခနဲ လှည့်လိုက်သည်။

တံခါးနှင့် သူ့အကြားတွင် ဟုတ်စိန်က သေနတ်အသင့်ကိုင်လျက် ရပ်နေသည်။ သို့ရာတွင် စီဝရာနန်က ဘယ်လိုမှဂရုမစိုက်ဘဲ တံခါးဝဆီသို့ ခြေလှမ်းလိုက်၏။

'ခဏနေစမ်းပါဦး စီဝရာနန်…'

ဒေါက်တာဟိုးက ခပ်ဆတ်ဆတ်ကလေး လှမ်းတားလိုက်သည်။ စီဝရာနန်က ခြေလှမ်းများကို ရပ်တံ့လိုက်ကာ ဒေါက်တာဟိုးအား ဖြည်းညင်းစွာ လှည့်ကြည့်လိုက်၏။

သူက ဒေါက်တာဟိုး၏ အကြင်နာကင်းမဲ့သော မျက်နှာကြီးကို တွေ့လိုက်ရသည်။ သူသည် ဒေါက်တာဟိုး၏ အေးစက်မာကျောသော မျက်လုံးများထဲသို့ စိုက်ကြည့်လိုက်ရာက သူ ရင်ဆိုင်နေရသော အန္တရာယ်ကြီးကို အပြည့်အဝ သဘောပေါက်သွားသည့်အလား ရုတ်တရက် မျက်နှာကြီးဖြူရော်သွားတော့၏။

'ခင်ဗျားကို အခု လောလောဆယ်တော့ သွားခွင့်မပြုနိုင်သေးဘူး စီဝရာနန်… မမျှော်လင့်တဲ့ အဖြစ်အပျက်ကလေးတွေ





ကြောင့် ခင်ဗျားဟာ ကျုပ်ရဲ့ အကြံအစည်တွေကို သိသွားရပြီဆိုတော့ ကျုပ်အကြံအစည်တွေကို ဖျက်ဆီးဖို့ ခင်ဗျားကို ကျုပ်က အခွင့်အရေး မပေးနိုင်ဘူးလေ… ရှင်းရှင်းပြောရရင် ခင်ဗျားကို ဒီက လုံးဝထွက်သွားခွင့်မပေးတော့အောင်ကိုပါ၊ ကျုပ်က စဉ်းစားနေရပြီ စီဝရာနန်…'

(ခ)

တစ်ခန်းလုံးတွင် တိတ်ဆိတ်မှုက လွှမ်းမိုးသွားပြန်လေသည်။

ထိုတိတ်ဆိတ်မှုကို တင်မောင်ဆွေ၏ ချောင်းဟန့်သံက ဖျက်ဆီးပစ်လိုက်သည်။

'အဟမ်း… ကျုပ် တစ်စခန်းထလာဖို့ အချိန်တန်ပြီ ထင်ပါရဲ့…'

တင်မောင်ဆွေက စီဝရာနန်ထံသို့ ဖြူဖွေးသော သွားများပေါ်အောင် ပြုံးပြလိုက်သည်။ ထိုအပြုံးကလေးသည် ဒေါက်တာဟိုး၏ စကားများကြောင့် အခန်းထဲတွင် လွှမ်းမိုးသွားသည်ဟု ထင်မှတ်ရသော အမှောင်ထုကြီးကို ထိုးဖောက်ပစ်လိုက်သည့် လင်းရောင်ခြည်တန်းတစ်ခုလိုပင် ဖြစ်နေ၏။

'ဒီက တရုတ်သူဌေးကြီး ပြောတဲ့အတိုင်းပဲ အခိုက်အတန့်လောက်တော့ လိုက်နာပါဦး စီဝရာနန်… ခင်ဗျားလည်း လောကကြီးမှာ တော်တော်ကျင်လည်ခဲ့ဖူးတဲ့ လူတစ်ယောက်ပဲ… အခြေအနေက မပေးရင် ဘာမှလုပ်လို့မရဘူးဆိုတာ ခင်ဗျား သိမှာပေါ့…'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟိုးက တင်မောင်ဆွေဘက်သို့ ခပ်သဲ့သဲ့ အပြုံးကလေးဖြင့် လှည့်ကြည့်လိုက်၏။

'မင်းပြောတာ မှန်လိုက်တာ တင်မောင်ဆွေ… ဒါပေမဲ့ မင်းတို့အတွက် အခြေအနေက ဘယ်တော့မှပေးမှာမဟုတ်ပါဘူး… အခြေအနေက အခု ငါ့လက်ထဲမှာ ရောက်နေပြီလေ…'

တင်မောင်ဆွေက ဘာမှပြန်မဖြေ။ ဆေးပြင်းလိပ်မီးခိုးများကို ဖြည်းညင်းစွာပါးစပ်မှ မှုတ်ထုတ်လိုက်ရာက သူ့ပခုံးကျယ်ကြီးများကို မသိမသာ တွန့်ပြလိုက်၏။

ဒေါက်တာဟိုး၏ မျက်နှာကြီးသည် ရုတ်တရက် တင်းမာသွားပြန်သည်။

'ဒီမှာ တင်မောင်ဆွေ… မင်း ဒီကနေ့ည ဘယ်ရောက်လို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာကို ငါသိချင်တယ်…'

ဒေါက်တာဟိုး၏ မျက်လုံးကြီးတွေက တင်မောင်ဆွေ့အား မုန်းတီးလှစွာ စူးစိုက်ကြည့်ရှုလိုက်သည်။ တင်မောင်ဆွေတစ်ယောက်တော့ သေရွာမြန်းသွားလေပြီဟု သူက ယုံကြည်နေမိခဲ့ရာ ယခု တင်မောင်ဆွေ့အား အကောင်းပကတိ အသက်ရှင်လျက်သား တွေ့လိုက်ရခြင်းသည်၊ သူ့အတွက် ကြီးစွာသော အံ့သြတုန်လှုပ်မှုတစ်ရပ်ဖြစ်ခဲ့ရပေသည်။

ထို့ထက်ပို၍ ဆိုးသည်ကား တင်မောင်ဆွေ့အား စောနှမာလာနှင့် အတူတွေ့လိုက်ရခြင်းပင် ဖြစ်သည်။ သူ လပေါင်းများစွာ ကြံစည်ခဲ့ အားထုတ်ခဲ့ရသမျှသည် အောင်မြင်လုနီးသည့်အခါတွင်မှ ပျက်စီးသွားရခြင်းမှာ၊ ဒေါက်တာဟိုးအတွက် အင်မတန်မှ ကြီးမားလှသော အထိနာမှုကြီးတစ်ရပ်ပင် ဖြစ်နေတော့သည်။





သူ့အကြံအစည်ကို ယခုလို ထိထိရောက်ရောက် ဖျက်ဆီးလိုက်သူမှာလည်း ကိုယ်နှင့်ဘယ်လိုမှမဆိုင်သော ကိစ္စတွင် ဝင်ရှုပ်ခဲ့သော တင်မောင်ဆွေပင် ဖြစ်တော့၏။

သို့တစေလည်း ဒေါက်တာဟိုးက သူ့အကြံအစည်ကို လက်လျှော့ အရှုံးပေးရန် ဘယ်လိုမှ မရည်ရွယ်သေး။ သူ၏ပါးနပ်ဖျတ်လတ်လှသော ဦးနှောက်သည် သူ့အကြံအစည်ပျက်စီးရမှုကြီးကို ဘယ်လို တိမ်းရှောင်နိုင်ရန်၊ ယခုပင် လျင်မြန်စွာ ကြံဆတွက်ချက်နေပြန်ပြီ ဖြစ်လေ၏။

တင်မောင်ဆွေကတော့ ဒေါက်တာဟိုးအား ကြည့်ကာ လှောင်ရယ်ကလေး တစ်ချက် ရယ်လိုက်ပြန်သည်။

'ဒီညကတော့ ကျွန်တော့်အတွက် တော်တော်ကလေး ပျော်စရာကောင်းတဲ့ ညတစ်ညပါပဲ ဒေါက်တာဟိုး…'

'မင်းမှာ ဒီကပြားကောင်အပြင် တခြားအဖော် ဘယ်နှယောက်ပါသေးသလဲ'

တင်မောင်ဆွေက ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

'ဒေါက်တာဟိုး… ကျွန်တော်ဟာ ခင်ဗျားလို လူမိုက်တပည့်တွေ အများကြီးမွေးထားနိုင်တာ မဟုတ်ပါဘူး။ အခု ခင်ဗျားဆီမှာ ရောက်နေတာဟာ ကျုပ်လူအကုန်ပါပဲ… ဟောဟိုက ဇီဝရာနန်ကလည်း အခု အချိန်ကစပြီး ကျုပ်ရဲ့ဘက်တော်သားတစ်ယောက်ဖြစ်လာပြီလို့ ကျုပ်ယုံကြည်မိပါရဲ့… ဒီတော့ ကျုပ်တို့လေးယောက်ကလွဲလို့ … စောနှမာလာကိုပါ ထည့်တွက်ရင်ပြောတာပါ… ခင်ဗျားပုံစရာတခြားလူ မရှိတော့ပါဘူး ဒေါက်တာဟိုး…'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငါထပ်မေးပါ့မယ် တင်မောင်ဆွေ… မင်းမှာ နောက်ထပ် လူဘယ်နှစ်ယောက်ရှိသေးသလဲ…'

'ရော… ခက်ပါဘိ။ ခင်ဗျားဟာ လူစကား နားမလည်ဘူးလား… ဒေါက်တာဟိုး… ခင်ဗျားမေးတာကို ကျုပ် ဖြေပြီးပါပြီကော…'

ဒေါက်တာဟိုး၏ မျက်နှာကြီးတွင် ရုတ်တရက် ဒေါသသွေးတွေ လျှမ်းတက်လာ၏။ သူက ကြီးမားသော လက်ကြီးတစ်ဖက်ဖြင့် ရုတ်တရက် တင်မောင်ဆွေ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

တင်မောင်ဆွေ၏ မျက်နှာကလည်း ရုတ်တရက် တင်းမာသွားကာ ဒေါက်တာဟိုးအား အေးစက်သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။ ဒေါက်တာဟိုး ဆုပ်ကိုင်ထားသည့် သူ့လက်မောင်းမှ ကြွက်သားတွေကလည်း သံမဏိလို မာကျောလာကြ၏။

'ဒေါက်တာဟိုး… ဒီလို မလုပ်ပါနဲ့လေ… နို့မဟုတ်ရင် ဒီအခန်းထဲမှာ နောင်ချိန်ပွဲ အကြီးအကျယ်ဖြစ်သွားရလိမ့်မယ်ဗျ…'

တင်မောင်ဆွေက ထိုင်နေရာမှ မရွေ့မလျား တည်ငြိမ်သော အသံဖြင့်သာ ပြောလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် သူ့အသံ၏နောက်ကွယ်တွင် ရေခဲလိုအေးစက်မှုနှင့် စိန်လိုမာကျောမှုက အထင်းသားပါနေသည်။

ဒေါက်တာဟိုးသည် တင်မောင်ဆွေ၏ မျက်လုံးများထဲသို့ ခဏမျှ စူးစိုက်ကြည့်ရှုလိုက်ပြီးနောက်မှ ဆုပ်ကိုင်ထားသော လက်ချောင်းများကို ဖြည်ပေးလိုက်သည်။





သူသည် ကိုယ့်ကိုယ်ကို မနည်းကြီးကြိုးစား၍ ချုပ်တည်းထိန်းသိမ်းထားဟန်တူသည်။ သက်ပြင်းကြီးတစ်ချက်ကို ဖြည်းညင်းစွာ ချလိုက်ပြီးမှ သူ့ထံမှ အသံထွက်ပေါ်လာပြန်သည်။

'ကောင်းပြီ … မင်းမှာ တခြား လူပိုထပ်မရှိတော့ဘူး။ ဒီတော့ ဒီည သင်္ဘောပေါ်မှာ ဘာတွေဖြစ်ခဲ့ကြတယ်ဆိုတာကိုလည်း ငါသိချင်သေးတယ်…'

'သင်္ဘောပေါ်မှာလား။ ကျွန်တော်နဲ့ စောနုမာလာက ကန်ကြီးတစ်ပတ် အပျော်စီးခဲ့ကြတယ် ဆိုပါတော့ဗျာ…'

တင်မောင်ဆွေက ခပ်ရွှင်ရွှင်ပြန်ဖြေလိုက်ရာက စောနုမာလာထံ လှမ်းကြည့်ပြီး ပြုံးပြလိုက်၏။ စောနုမာလာကတော့ တောက်ပြောင်သော မျက်လုံးများဖြင့် သူ့အား ပြန်ကြည့်လိုက်၏။

'ပွဲချိတ်စက်လှေကလေးပေါ်မှာ သေနတ်အပစ်ခံရတဲ့ လူကကော ဘယ်သူလဲ… မင်းလူတစ်ယောက်ပဲလား…'

တင်မောင်ဆွေက သူ့ဆေးပြင်းလိပ်ထိပ်ဖျားမှ ပြာတောင့်ကို သဘောကျစွာ ကြည့်လိုက်၏။

'သေပြီးသား လူတွေအကြောင်းပြောရတာတော့ မကောင်းလှပါဘူးလေ… ဒါပေမဲ့ ပွဲချိတ်စက်လှေပေါ်မှာ အသက်စွန့်လွှတ်သွားရရှာတဲ့လူက ကျွန်တော်နဲ့အပေါင်းအသင်းလုပ်ဖို့နိုင်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ ပြီးတော့ သူနဲ့ ကျွန်တော်ဟာ ကောင်းကောင်းတောင် မသိလိုက်ရဘူး။ သူနဲ့ မျက်နှာချင်းဆိုင် တွေ့ရချင်းချင်းမှာပဲ ကျွန်တော်က မိတ်ဆွေဖြစ်သဘောနဲ့ လက်သီးတစ်လုံးပေးပြီး နှုတ်ဆက်လိုက်တယ်လေ… ပြီးတော့ သူ့ကို စက်လှေထဲမှာထည့်ထားပြီး ခင်ဗျား စီစဉ်ထားတဲ့အတိုင်းပဲ သင်္ဘောဆီကိုအသွားမှာ သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကလူတွေက ခဲတောင့်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဆီးကြိုခဲ့ကြတယ်… ခဲတောင့်တွေက လှေနောက်ဘက် ရေထဲက လိုက်လာတဲ့ ကျွန်တော့်ကို မထိဘဲ လှေထဲက ထိုင်လျက်သား လိုက်လာတဲ့ အဲဒီလူကိုသာ ထိသွားခဲ့တယ်လေ… အင်း… သူ့ခမျာ တော်တော်ကံဆိုးရှာပါတယ်ဗျာ… ကျွန်တော်ဖြင့် သူ့နာမည့်ကိုတောင် မသိလိုက်ရဘူး…'

'သူဟာ ရာရှင်ပါ သခင်…'

ဟုတ်စိန်က ရုတ်တရက် ဝင်ပြောလိုက်ခြင်းဖြစ်လေသည်။ 'စောနမာလာကို သင်္ဘောဆီကို ခေါ်သွားပြီးတော့ သူက ကမ်းစပ်မှာ ကျန်နေရစ်ပါတယ်…'

'ကြည့်စမ်း… လက်စသတ်တော့ ငါ့လူတစ်ယောက်ကိုး…'

'အဲ… ဟုတ်ပါလိမ့်မယ်…'

တင်မောင်ဆွေက အင်မတန်မှ စိတ်မကောင်းသော အမူအရာဖြင့် ပြောလိုက်သည်။

'မင်းက သင်္ဘောပေါ်ကို ဘယ်လိုရောက်သွားနိုင်သလဲ…'

တင်မောင်ဆွေက ရုတ်တရက် ပြန်မဖြေ။ ပါးစပ်ကို လက်ဝါးဖြင့်ကာလျက် ယဉ်ကျေးသိမ်မွေ့စွာ သမ်းဝေလိုက်၏။

'ငါမေးနေတယ် တင်မောင်ဆွေ… မင်းက သင်္ဘောပေါ်ကို ဘယ်လိုလုပ်ရောက်သွားနိုင်ခဲ့တာလဲ…'

ဒေါက်တာဟိုး၏အသံကြီးက ဟိန်းထွက်လာပြန်၏။

'သင်္ဘောဦးပိုင်းမှာ ချထားတဲ့ကျောက်ကြိုးကနေ တွယ်တက်သွားတာပေါ့ဗျာ… သင်္ဘောပေါ်ကျတော့ ပွတ်ရှကပ်ဆိုတဲ့





လူကြီးမင်းတစ်ယောက်နဲ့ တွေ့ရတယ်… သူ့ကိုလည်း ကျွန်တော် ကောင်းကောင်း စကားမပြောလိုက်ရပါဘူး။ လည်ပင်းတစ်ချက်သာ ညှစ်လိုက်ရတယ်… သူ့ခမျာ သတိမေ့သွားရှာတယ်။ ဂျူဒိုနည်းတတ်ထားတာ တစ်ခါတစ်ခါတော့ အသုံးဝင်သားဗျ… အဲဒါနဲ့ သူ့ကို ကျွန်တော်က ပါးစပ်မှာအဝတ်ဆို့ပြီး ကြိုးနဲ့တုတ်ထားခဲ့ရတာပေါ့… နောက်ကျတော့ တော်တော် ရယ်စရာကောင်းတဲ့ အဖြစ်တစ်ခုကို ထပ်တွေ့ရသေးတယ်'

တင်မောင်ဆွေက စကားရပ်လိုက်ကာ မီးသေနေသော ဆေးပြင်းလိပ်ကို ထပ်၍ မီးညှိလိုက်သည်။

'ဘယ်လို ရယ်စရာကောင်းတဲ့အဖြစ်မျိုးလဲ…'

ဒေါက်တာဟိုးက စိတ်မရှည်သည့် အသံကြီးဖြင့်မေးလိုက်မှ တင်မောင်ဆွေက ဆေးပြင်းလိပ်ကို ပါးစပ်မှချွတ်လိုက်ကာ ပြုံးလိုက်၏။

'ကျုပ်က ရဲဘော်ပွတ်ရှကပ်ဝတ်ထားတဲ့ ဂျာကင်အင်္ကျီကို အချမ်းလုံအောင် ယူဝတ်မိသဗျ… ပြီးတော့ သူဆောင်းထားတဲ့ သက္ကလပ်ဦးထုပ်ကြီးကိုလည်း ယူဆောင်းပြီး၊ သူဟပ်ထားတဲ့မျက်မှန်ကို ယူတပ်လို့ စောနမာလာကို လိုက်ရှာတော့တာပေါ့… ကံကောင်းချင်တော့ စောနမာလာကို ကက်ဘင်အခန်းတစ်ခန်းထဲမှာ သင်္ဘောကပ္ပတိန်နဲ့အတူ တွေ့ခဲ့ရတော့တာပဲ… သင်္ဘောကပ္ပတိန်ကလည်း ကျုပ်ကို ပွတ်ရှကပ်ရဲ့ ဂျာကင်အင်္ကျီဝတ်လျက်သားကြီး တွေ့လိုက်ရတော့၊ ကျုပ်ဟာ ပွတ်ရှကပ်ပဲလို့ တစ်ခါတည်း မှတ်ယူလိုက်တော့တာပါပဲ'

'ဒီ အမေရိကန်စုတ်ဟာ တော်တော်ရှော်တဲ့ အကောင်ပဲ…



www.burmeseclassic.com

www.burmeseclassic.com



ငွေရဖို့လောက်သာသိတယ်… နေပေစေဦး၊ ဒီကောင့်ကို ပြန်တွေ့ရတော့မှ…'

တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်ပြန်သည်။

'သူ့ကို ခင်ဗျားလောလောဆယ်ဆယ်တော့ ပြန်တွေ့နိုင်ဦးမှာ မဟုတ်သေးပါဘူး… ဒေါက်တာဟိုး… အဲ… ခင်ဗျားသူသွားရာနောက်ကို လိုက်သွားမယ်ဆိုရင်တော့ တွေ့ကောင်းတွေ့မလား မသိဘူးလေ…'

'ဘာ… မင်းက ကပ္ပတိန်ဖရန့်ကို သတ်ပစ်လိုက်ပြီပေါ့ ဟုတ်လား…'

တင်မောင်ဆွေက သူ့ပခုံးများကို မသိမသာ တွန့်လိုက်သည်။

'သတ်ပစ်တယ်လို့တော့ မဆိုနိုင်ပါဘူးလေ… သူ့ကို သင်္ဘောမစီးခိုင်းဘဲ ရေကူးခိုင်းခဲ့တာပဲ… သူဟာ တော်တော်ရေကူးသန်တဲ့ လူတစ်ယောက်ဆိုရင်တော့ အခုထက်ထိ ကမ်းဘက်ကို ရေကူးလာနေဦးမှာ ထင်ပါရဲ့…'

'အဲဒါ ဘယ်တုန်းက ဖြစ်တာလဲ…'

'အဲ အခမ်းအနားကျင်းပပေးပြီး မကြာခင်ပါပဲဆိုပါတော့…'

ဒေါက်တာဟိုးသည် မျက်မှောင်ကြီး ကုတ်သွားပြန်တော့သည်။

'ဘာ အခမ်းအနားလဲ…'

'ခင်ဗျားရဲ့ ကပ္ပတိန်ဖရန့်က ခင်ဗျားရဲ့ညွှန်ကြားချက်ကို





လိုက်နာဆောင်ရွက်ခဲ့တာလေ… သူက ကျူပ်ကို ပွတ်ရှကပ်လို့ ထင်နေတော့ ခင်ဗျားညွှန်ကြားထားတဲ့အတိုင်းပဲ၊ ကျူပ်ကို စောနမာလာနဲ့ အတင်းလက်ထပ်ပေးလိုက်တော့တာပေါ့ဗျာ… ခင်ဗျားအတွက်တော့ တော်တော် ခွကျသွားရတော့တာပေါ့၊ မဟုတ်လား၊ ဒေါက်တာဟိုး…'

ဒေါက်တာဟိုးကား သိသိသာသာကြီး မျက်နှာပျက်သွားတော့သည်။ သူက ငြိမ်သက်စွာရပ်ကာ တင်မောင်ဆွေအား အမုန်းပြည့်လွှမ်းနေသော မျက်လုံးကြီးတွေဖြင့် စူးစိုက်ကြည့်နေလိုက်သည်။

ဇီဝရာနန်ကတော့ စောနမာလာဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

'သူပြောတာ အမှန်ပဲလား… စောနမာလာ…'

စောနမာလာက နှုတ်မှပြန်မဖြေဘဲ ခေါင်းကလေးကိုသာ ညိတ်ပြလိုက်သည်။ ဇီဝရာနန်သည် မျက်နှာကြီးဖြူရော်သွားရာက ဒေါက်တာဟိုးအား အင်မတန်မှ နာကျည်းလှစွာ စူးစိုက်ကြည့်ရှုလိုက်သည်။

တင်မောင်ဆွေကလည်း ထိုအခါမှ ၎င်းအား လှမ်းကြည့်ကာ နှစ်သိမ့်သော အမူအရာဖြင့် ပြောလိုက်၏။

'ဒါပေမဲ့ မစိုးရိမ်ပါနဲ့ ဇီဝရာနန်… အဲဒီလို လက်ထပ်ခဲ့ရတာဟာ ဘယ်လိုမှ တရားမဝင်နိုင်ပါဘူး။ သတို့သမီးကိုယ်တိုင်က သဘောမတူခဲ့တဲ့အပြင်၊ သတို့သားကလည်း လူမှားနေခဲ့တာ မဟုတ်လားဗျ…'

ထိုအထိပင် ဒေါက်တာဟိုးကတော့ နှုတ်ဆိတ်ငြိမ်သက်လျက်ပင် ရှိနေသေးလေသည်။ ၎င်း၏ကြီးမားသော ဦးခေါင်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဉာဏ်နီဉာဏ်နက်တွေ ထုတ်နေသည်ကို ဘယ်သူကမှ မပြောနိုင်ချေ။

တင်မောင်ဆွေကလည်း ဘယ်လိုမှ အပူအပန်မရှိသူ တစ်ယောက်အလား ဆေးပြင်းလိပ်ကို အေးဆေးစွာ ဖွာနေလိုက်ရာက ဆေးပြင်းလိပ်ထိပ်မှ ပြာတောင့်ကို စားပွဲပေါ်ရှိ ငွေပြာခံခွက်ကလေးတွင် ဂရုတစိုက် ခြွေချလိုက်၏။

အခန်းထဲတွင် တိတ်ဆိတ်မှုက ပြန်လည်လွှမ်းမိုးသွားပြန်သည်။ ဒေါက်တာဟိုးက တင်မောင်ဆွေအားတစ်လှည့်၊ ဇီဝရာနန်အားတစ်လှည့်၊ စောနမာလာအားတစ်လှည့် ကြည့်လိုက်ပြီးနောက် အခန်းထဲတွင် စင်္ကြံလျှောက်နေလိုက်လေသည်။

တင်မောင်ဆွေကလည်း စားပွဲစွန်းတွင် တင်ပါးမှေးထိုင်ရာက ဆေးပြင်းလိပ်ကို ဖွာရှိုက်နေသည်။ သူ့အမူအရာသည် အေးအေးဆေးဆေးနိုင်လှသော်လည်း စိတ်ကတော့ သွက်လက်စွာ လှုပ်ရှားလျက်ရှိနေ၏။

ယခုထက်ထိတော့ သူတို့အတွက် ကုသိုလ်ကံတော်တော်ကောင်းခဲ့ရပေသည်ဟု တင်မောင်ဆွေက တွေးနေလိုက်သည်။ သို့သော် ယခုလောလောဆယ် အခြေအနေကတော့ ဒေါက်တာဟိုး၏ လက်ထဲတွင် ရှိနေပေ၏။ ထိုအခြေအနေကို ဒေါက်တာဟိုးက သူ့အတတ်နိုင်ဆုံး ထိန်းထားဖို့ ကြိုးစားကြံစည်ခဲ့မည်မှာလည်း သေချာလှ၏။

အကယ်စင်စစ် ယခုပင်လျှင် ဒေါက်တာဟိုးသည် အခြေအနေကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် အကြံဉာဏ်တွေထုတ်





နေခြင်းဖြစ်ပေသည်။ တင်မောင်ဆွေသည် အခန်းထဲတွင် ကျားကြီးတစ်ကောင်အလား စင်္ကြံလျှောက်နေသော ဒေါက်တာဟိုးအား ကြည့်ရာက၊ ၄င်းတို့ထံမှ သူတို့တစ်ဦးတစ်ယောက်မျှ ကြွင်းနာ ချမ်းသာပေးမှု ရလိမ့်မည်မဟုတ်သည်ကိုလည်း နားလည်လိုက်မိတော့သည်။

သို့တိုင်အောင် တင်မောင်ဆွေက စားပွဲစွန်းကို မှေးထိုင်ကာ ဒေါက်တာဟိုး၏ ဆေးပြင်းလိပ်တစ်လိပ်ကို အေးအေးဆေးဆေးပင် သောက်ရှူလျက်ရှိနေ၏။

အခန်းထဲတွင်တော့ တိတ်ဆိတ်မှုက ဆက်လက်လွှမ်းမိုးလျက်ရှိနေသည်။ အခန်း၏ တိတ်ဆိတ်မှုကို ကြာရှည်သည်းမခံနိုင်တော့ဘဲ ပထမဦးဆုံးစတင်၍ ဖောက်လိုက်သူမှာ ဇီဝရာနန်သာလျှင် ဖြစ်လေ၏။

'ကျုပ်တို့ အခုလို ဒီလိုပဲ ထိုင်နေရမှာလား၊ ကျုပ်တို့ကို အလိုမတူဘဲ ဒီလိုဖမ်းထားလို့ ရမတဲ့လား… ဒီနိုင်ငံမှာ တရားဥပဒေဆိုတာ မရှိတော့ဘူးလား'

ဇီဝရာနန်က ထိုင်ရာမှခုန်ထကာ ခံပြင်းလှသော အသံကြီးဖြင့် ကျယ်လောင်စွာ ပြောလိုက်၏။

'ဒီမှာ ဇီဝရာနန်… ခင်ဗျားအခုလို ပြောနေလို့ ဘာမှ အကြောင်းထူးမှာ မဟုတ်ပါဘူး။ ဒေါက်တာဟိုးဟာ ဘယ်နိုင်ငံက တရားဥပဒေကိုမှ လေးစားတတ်တာ မဟုတ်ဘူးဆိုတာကို ခင်ဗျားအသိသားပဲ… ဒီတော့ ခင်ဗျား ခဏကလေးဆက်ပြီး ငြိမ်ငြိမ်ကလေး နေလိုက်စမ်းပါဗျာ…'

တင်မောင်ဆွေက ဇီဝရာနန်အား လှမ်း၍ပြောလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘အို… ကျုပ် ဒီအိမ်ထဲမှာ တစ်မိနစ်ဆက်မနေတော့ဘူး’

ဗီဝရာနန်က ပြောပြောဆိုဆို တံခါးမကြီးဘက်သို့ ခြေလှမ်းလိုက်သည်။ သို့ရာတွင် တံခါးဝတွင် ရပ်စောင့်နေသော ဟုတ်စိန်၏ ပစ္စတိုသေနတ်ပြောင်းဝကို ရင်ဆိုင်လိုက်ရသည့်အခါတွင် ဗီဝရာနန်မှာ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားလေ၏။

‘သူက ကျုပ်ကို သေနတ်နဲ့ ပစ်သတ်ရဲမှာတဲ့လား’

ဗီဝရာနန်က တင်မောင်ဆွေ့ဘက်သို့ လှည့်၍မေးလိုက်သည်။ တင်မောင်ဆွေက သူ့ပခုံးကျယ်ကြီးများကို တွန့်လိုက်၏။

‘သူ့ရုပ်ကို ကြည့်ရတာတော့ လူတစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်ဖို့ ဝန်လေးပုံမရပါဘူး ဗီဝရာနန်… ခင်ဗျားကို သူက အသေပစ်မသတ်ရင်တောင် ဒီအိမ်ထဲက ထွက်မသွားနိုင်အောင်တော့ လုပ်မှာ သေချာတယ်…’

ထိုအတွင်း ဒေါက်တာဟိုးက စင်္ကြံလျှောက်နေခြင်းကို ရပ်လိုက်ကာ အခန်းအလယ်တွင် မားမားကြီးရပ်လျက် သူတို့အား ကြည့်လိုက်သည်။

‘ကဲ… ကျုပ် ဆုံးဖြတ်ပြီးပြီ…’

‘ဟုတ်လား၊ ကျုပ်တို့က သြဘာပေးရဦးမှာလား’

ဒေါက်တာဟိုးက ခပ်တည်တည်ကြီး ပြောလိုက်သည်ကို တင်မောင်ဆွေက လက်ခုပ်တီးမည့်ဟန်ပြုလျက် ခပ်လှောင်လှောင် ပြန်မေးလိုက်၏။

ထို့နောက် တင်မောင်ဆွေကလည်း ကိုယ်ကိုတည့်မတ်စွာထား၍ ရပ်လိုက်ပြီး၊ ဒေါက်တာဟိုးအား ရင်ဆိုင်လိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ရပ်နေကြသည့် ဤ





လူနှစ်ယောက်ကို ကြည့်ရာက စောနမာလာသည် ရင်ထဲတွင် တစ်မျိုးကလေး ဖိုသွားမိလေသည်။

(ဂ)

တစ်ယောက်ကိုတစ်ယောက် တောက်လက်သော… မျက်လုံးတွေဖြင့် ရင်ဆိုင်ကြည့်နေကြသူ နှစ်ယောက်ကိုကြည့်ရာက ဂျင်မီစမတ်ကိုယ်တိုင်ကလည်း သွေးတိုးမြန်လာမိလေသည်။ ဤလူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ငြိမ်သက်စွာ ကြည့်နေကြသည့်တိုင်၊ ၎င်းတို့နှစ်ယောက်မှာ ပေါက်ကွဲတော့မည့် မီးတောင်ကြီးနှစ်တောင်နှင့် အလားတူနေပေသည်ကို ဂျင်မီစမတ်က ကောင်းစွာနားလည်လိုက်မိလေသည်။

ဒေါက်တာဟိုးက တင်မောင်ဆွေထံမှ မျက်လုံးများကို အရင်လွှဲပစ်လိုက်ကာ စားပွဲဆီသို့လျှောက်သွားပြီး ဆေးပြင်းလိပ်အသစ်တစ်လိပ်ကို ယွန်းသေတ္တာထဲမှ ထုတ်ယူလျက် မီးညှိနေလိုက်သည်။ ထိုစဉ် အခန်းတံခါးက ရုတ်တရက်ပွင့်သွားကာ အခန်းတွင်းသို့ လူသုံးယောက်က တန်းစီလျက် ဝင်လာကြသည်။

၎င်းတို့သည် အိပ်ပျော်နေကြရာမှ ကပျာကယာထလာခဲ့ကြဟန်တူသည်။ ဆံပင်တွေက ကပိုကရိုနှင့် အဝတ်အစားတွေ မသပ်မရပ်နှင့် ဖြစ်ကြ၏။

တင်မောင်ဆွေက စိတ်ဝင်စားစွာပင် ၎င်းတို့ သုံးယောက်ကို အကဲခတ်ကြည့်ရှုလိုက်သည်။

ဤအိမ်ကြီးထဲတွင် ဒေါက်တာဟိုးက လူများများအားပုံ



www.burmeseclassic.com

www.burmeseclassic.com



မရချေ။ သူ ယခုတွေ့နေရသော လူသုံးယောက်အနက် နှစ်ယောက်ကို တင်မောင်ဆွေက ချက်ချင်းမှတ်မိလိုက်၏။

ဆံပင်ကို ပြောင်အောင် ရိတ်ထားကာ ရင်ကွဲအင်္ကျီနှင့် ရှမ်းဘောင်းဘီကို ဝတ်ဆင်ထားသူမှာ သူ ဝင်းခြံထဲ ခိုးဝင်ခဲ့စဉ်က တွေ့ခဲ့ရသော ရှမ်းအမျိုးသားပင် ဖြစ်နေသည်။ သူ့ဘေးတွင် လက်နှစ်ဖက်ကို ခါးပတ်တွင်ချိတ်လျက် ဘယ်သူ့ကိုမှ ဂရုမစိုက်သော အမူအရာနှင့် ရပ်နေသော ဗလကောင်းကောင်းနှင့် လူကတော့ မြန်မာလူမိုက်ပင် ဖြစ်နေသည်။ ၎င်းသည် ဆံပင်ဘုတ်သိုက်ကြီးရှိနေကာ စွပ်ကျယ်အင်္ကျီလက်ပြတ်နှင့် စစ်ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားလေသည်။

တတိယလူကိုတော့ တင်မောင်ဆွေက ယခုမှပင် တွေ့ဖူးခြင်းဖြစ်ပေသည်။ ၎င်းသည်လည်း ဒေါက်တာဟိုး၏ လက်မရွံ့သားတစ်ယောက်ပင် ဖြစ်ရမည်။ မျက်ပေါက်ကျဉ်းကျဉ်း မျက်နှာခွက်ခွက်နှင့် ခိုင်းတိုင်းလုပ်မည့် ထုံအအ မျက်နှာပေါက်ရှိသူတစ်ယောက် ဖြစ်၏။

၎င်းအား ဒေါက်တာဟိုးက လှမ်း၍ အမိန့်ပေးလိုက်သည်။

'ကြိုးတွေသွားယူပြီး သူတို့ကို မလှုပ်နိုင်အောင် တုပ်ထားလိုက်စမ်း ဆေးစံ…'

'ဒါနဲ့… ခင်ဗျားက ဘာလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတာကိုတော့ ကျုပ်တို့ မသိရဘူးလား ဒေါက်တာဟိုး'

ဒေါက်တာဟိုး၏ ညွန့်ကြားချက်ကြောင့် ဓိဝရာနန်က မျက်နှာကြီး နီတက်လာစဉ် တင်မောင်ဆွေက ခပ်အေးအေး ပြုံး၍ မေးလိုက်သည်။





ဒေါက်တာဟိုးကလည်း တင်မောင်ဆွေ့အား တည်ကြည်သော မျက်နှာကြီးနှင့် ပြန်ကြည့်လိုက်၏။

'အေး… ငါ ဘယ်လိုဆုံးဖြတ်တယ်ဆိုတာကို မင်းသိရပါစေ့မယ်… တင်မောင်ဆွေ…'

တင်မောင်ဆွေက မသိမသာ ခေါင်းညိတ်လိုက်ကာ သူ့လက်ထဲမှ မီးသေနေသော ဆေးပြင်းလိပ်ကို ပြန်၍ မီးညှိနေလိုက်သည်။ အပြင်ပန်းအားဖြင့်ဆိုလျှင်တော့ တင်မောင်ဆွေမှာ ဘယ်လိုပူပန်ကြောင့်ကြစရာမရှိသည့် အမူအရာမျိုးသာ ရှိနေသေး၏။

သို့တစေလည်း သူ၏အသိဉာဏ်နှင့် ကိုယ်ခန္ဓာကတော့ အဆုံးအဖြတ်ပေးရမည့် အချိန်အတွက် အသင့်ပြင်ဆင်ထားပြီး ဖြစ်နေတော့သည်။

သူသည် သူ့လက်ဖျံရိုးမှ ကြွက်သားများကို မသိမသာ တင်းကြည့်လိုက်သည်။ သူ့ထံမှ သေနတ်ကို ဟုတ်စိန်က သိမ်းယူထားလိုက်ပြီ ဖြစ်သော်လည်း သူ၏လက်သုံးတော် ဓားမြှောင်ကလေး ဒေဝီကတော့ သူ့လက်ဖျံတွင် ကပ်၍ ချည်နှောင်ထားသော ဓားအိမ်ကလေးထဲတွင် အသင့်ရှိနေသေးပေ၏။

ထို့ကြောင့်လည်း တင်မောင်ဆွေက သူတို့ကျရောက်နေရသော အခြေအနေကို သိပ်ပြီး စိုးရိမ်ကြောင့်ကြခြင်း ရှိမနေခြင်းဖြစ်၏။ သူ့အားကြိုးတွေနှင့် ဘယ်လိုပင် တုပ်နှောင်ထားပါစေ… သူ့လက်ဖျံရိုးက ဓားမြှောင်ကလေးဒေဝီကို သူက ဆွဲထုတ်ကာ ဖြတ်ပစ်လိုက်နိုင်သည်ဖြစ်၏။ အရေးကြီးသည်က ထိုသို့ကြိုးတွေကို ဖြတ်နေသည့်အတွင်း သူ့အား ဘယ်သူကမှ ဂရုတစိုက် ကြည့်မနေဖို့သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အခြားသူတွေအတွက် စဉ်းစားစရာက ကျန်ရှိနေသေးပေသည်။ အထူးသဖြင့် စောနုမာလာ…။

သူက စောနုမာလာအား လှမ်းကြည့်လိုက်သည်။ ဟုတ်စိန်က သူမ၏ဘေးတွင် ကပ်လျက်သား ရပ်လျက်သာ ရှိနေသေးပေသည်။ သူတို့အား ကားရပ်ပေးပြီးနောက် ဟုတ်စိန်သည် ကားနောက်တွင် စောနုမာလာအား သေနတ်ဖြင့် ချိန်ထားလိုက်ပါလာကာ တင်မောင်ဆွေအား ကားမောင်းလာခိုင်းခဲ့ခြင်း ဖြစ်သည်။

'မင်းကားကို ကောင်းကောင်းမမောင်းဘဲ ယီးတီးယားတား လုပ်ရင် စောနုမာလာကို ငါက အရင်အသေပစ်သတ်လိုက်မှာပဲ' ဟုလည်း သူက တင်မောင်ဆွေ့အား မှာထားခဲ့သည်။ သို့နှင့်ပင် သူတို့သည် ဒေါက်တာဟိုး၏ အိမ်ကြီးသို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်၏။

ယခုလည်း ဟုတ်စိန်သည် အလစ်မပေးဘဲ စောနုမာလာ အပါးတွင်သာ ရပ်စောင့်လျက်ရှိနေသည်။

ခေတ္တကြာလျှင် ဆေးစံဆိုသည့်လူက လက်ထဲတွင် ကြိုးခွေကြီးတစ်ခွေဆွဲလျက် အခန်းထဲသို့ ပြန်ဝင်လာတော့သည်။

တင်မောင်ဆွေက သူ့လက်နှစ်ဖက်ကို နောက်ဘက်တွင် အလိုက်သင့်စုပေးထားလိုက်သည်။ သူလက်ကို အချွဲခံပါက လက်ဖျံမှ ဒေဝီကလေးကို သွားစမ်းလိုက်မိမည်ကို သူက စိုးရိမ်၍ဖြစ်သည်။ သူ့ဦးခေါင်းထဲတွင်တော့ အတွေးတွေက ပလုံစီတက်လာလျက် ရှိနေ၏။

သူသည် မူလပထမကတည်းကပင် ဒေါက်တာဟိုး၏ ယုတ်မာပက်စက်သော အကြံအစည်များကို အပြီးအပိုင်တိုက်ဖျက်





ပစ်လိုက်တော့မည်ဟု သန္နိဋ္ဌာန်ချထားခဲ့သည်။ ဒေါက်တာဟိုး၏ အကြံအစည်များသည် ယာယီရပ်စဲပျက်ပြယ်သွားရခြင်း မဟုတ်ဘဲ တစ်ခါတည်း နလံမထူနိုင်တော့အောင် လုံးဝအပြီးတိုင် ပျက်စီးသွားရဖို့ကိုသာ သူက အဓိကထားခဲ့သည်။

သို့ဖြစ်၍ပင် ဒေါက်တာဟိုးထံ၌ ရှိလေသမျှသော အကြံအစည်ဟူသည်ကို သိရှိနိုင်ရန် ယခုလို စွန့်စားခန်းများကို ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပေသည်။ သူ၏ ဝင်ရောက်စွက်ဖက်ချက်ကြောင့် ဒေါက်တာဟိုး၏ မူလအကြံအစည်သည် ပျက်ပြားသွားရပြီဖြစ်သော်လည်း ယခု ဒေါက်တာဟိုးက မည်သို့သော ဉာဏ်နီဉာဏ်နက်များ ထုတ်ဦးမည်ကို သူက ယခုထပ်မံ၍ သိရှိရမည်ဖြစ်လေ၏။ ဒေါက်တာဟိုး၏… ကြီးမားသော ခေါင်းကြီးထဲတွင် ယခု မည်သို့သော အကြံအစည်များ ရှိနေပြန်သည်ကိုတော့ တင်မောင်ဆွေကလည်း မည်သို့မျှ မပြောတတ်ပေ။

ဒေါက်တာဟိုး၏ မူလက အကြံအစည်သည် မည်သို့မှ ပြန်လည် အဖတ်ဆည်၍မရအောင် ပျက်စီးသွားခဲ့ရပြီကတော့ သေချာလှပေသည်။ သို့ဖြစ်လျှင် ဒေါက်တာဟိုးသည် စောနုမာလာတို့တိုင်းပြည်၌ စစ်မီးမွှေးမည့် သူ၏ရည်ရွယ်ချက်အောင်မြင်လာအောင် အခြား မည်သို့များ လှည့်၍ကြံစည်ဦးမည်နည်း။ ဒေါက်တာဟိုးကား ဉာဏ်နီဉာဏ်နက်များလှသူ တစ်ယောက်အမှန်ပင် ဖြစ်ပေတော့သည်။

ဆေးစံဆိုသူက တင်မောင်ဆွေ၏ လက်နှစ်ဖက်ကို နောက်ပြန်ကြိုးတုပ်ထားလိုက်ပြီးနောက် ဂျင်မီစမတ်ထံသို့ ကူးသွားပြန်၏။ တင်မောင်ဆွေက သူနှင့်အနီးဆုံးနံရံသို့ ကပ်သွားလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှ ပျင်းရိသော အမူအရာဖြင့် နံရံကို ကျောမှီရပ်နေလိုက်လေသည်။ ဒေါက်တာဟိုးကတော့ သူ၏ စားပွဲနောက်တွင် သွား၍ ထိုင်နေလိုက်ပြီဖြစ်သည်။ ၎င်း၏ အမူအရာမှာ ကိုယ့်ကိုယ်ကို ပကာတိယုံကြည်စိတ်ချမှု ရှိနေသော လူတစ်ယောက်၏ အမူအရာမျိုး ဖြစ်လေသည်။

၎င်းသည် စားပွဲအံဆွဲထဲမှ မြေပုံစက္ကူခေါက်တစ်ခုကို ထုတ်ယူပြီး ၎င်း၏စားပွဲပေါ်တွင် ဖြန့်ချလိုက်သည်။ ထို့နောက် ခဲတံအနီနှင့် ပေတံတစ်ချောင်းကိုယူကာ မြေပုံတွင် တစ်စုံတစ်ရာကို တိုင်းထွာတွက်ချက်နေလိုက်ပြန်သည်။

တင်မောင်ဆွေက ဒေါက်တာဟိုးအား စဉ်းစဉ်းစားစား အမူအရာဖြင့် အကဲခတ်ကြည့်နေလိုက်၏။ ထိုစဉ် ဒေါက်တာဟိုးက ရုတ်တရက် မော့ကြည့်လိုက်ရာ သူတို့နှစ်ယောက်သည် ရုတ်တရက် မျက်လုံးချင်း ရင်ဆိုင်မိသွားကြတော့သည်။

တင်မောင်ဆွေသည် အတော်ကြာအောင် နှုတ်ဆိတ်သွားပြီး ၎င်း၏မျက်နှာတွင်လည်း အရင်ကလို ဘာကိုမှမထီသည့် အမူအရာမရှိတော့သည်ကို ဒေါက်တာဟိုးက သတိပြုမိသွားပြီး၊ သူ၏ ထူထဲသော နှုတ်ခမ်းများသည် ပြောင်လှောင်သရော်သည့် အမူအရာဖြင့် တွန့်သွားကြလေသည်။

'ဘယ့်နှယ်လဲ တင်မောင်ဆွေ… မင်းက အခုမှ မင်းရောက်နေရတဲ့ အခြေအနေဟာ မင်းအတွက် ဘယ်လောက်မျှော်လင့်ချက် ကင်းမဲ့နေရပြီဆိုတာကို နားလည်လာရပြီ မဟုတ်လား… မင်းက အရင်က ငါ့ကို ဘယ်လောက်ပဲအနှောင့်အယှက် ပေးနိုင်ခဲ့ပေမယ့်၊ နောက်ဆုံးမှာတော့ မင်းဟာ ငါ့လက်ထဲမှာပဲ မင်းဘဝ





ကို အဆုံးသတ်ရတော့မယ်ဆိုတာကို မင်းအခုတော့ စိတ်ထဲမှာ အလေးအနက် သဘောပေါက်လာရပြီ မဟုတ်လား… ဒီလို သဘောပေါက်လာရလို့ပဲ မင်းဟာ အခုတော့ စိတ်ထဲမှာ နည်းနည်းကလေးတော့ စိုးရိမ်ကြောက်ရွံ့လာနေပြီ မဟုတ်လားကွာ…'

တင်မောင်ဆွေက ဝင်းပသော အပြုံးကြီးဖြင့် ဒေါက်တာဟိုးအား ပြန်ကြည့်လိုက်၏။

'အမှန်ကို ပြောရရင်တော့ ကျုပ်ဟာ ခင်ဗျားပြောနေတာတွေကို တစ်ခုမှ တွေးနေမိတာ မဟုတ်ပါဘူးဗျာ… ရှင်းရှင်းဝန်ခံရရင်တော့ ကျုပ်ဟာ ခင်ဗျားကို ဘယ်လိုများ အသုဘချပေးရမယ်ဆိုတာကို စဉ်းစားကြည့်နေမိတာပါပဲ… ဒါမှမဟုတ်လည်း ခင်ဗျားဟာ ခင်ဗျားအသုဘအတွက် အစီအစဉ် လုပ်ပြီးသားများရှိရင် ရှိနေပြီထင်ပါရဲ့…'

တင်မောင်ဆွေ၏ စကားများကြောင့် ဒေါက်တာဟိုး၏ မျက်လုံးကြီးများသည် ဒေါသရောင်ဖြင့် ဝင်းလက်လာကြ၏။ သူသည် ထိုင်ရာမှထတော့မည်ကဲ့သို့ ကိုယ်ကိုကြွလိုက်ပြီးမှ စိတ်ကို ပြန်လည် ချုပ်တည်းလိုက်ဟန်ဖြင့် ပြန်၍ ထိုင်ချလိုက်သည်။ ပြီးမှ သူက တစ်ချက်ရယ်မောလိုက်၏။

'အေး… နောက်တစ်ခဏဆိုရင် မင်းကိုပါ အပြတ်စီစဉ်ပါ့မယ်… အဲဒီအခါကျရင်သာ မင်းလှောင်နိုင် ပြောင်နိုင်သေးရဲ့လားဆိုတာကို ကြည့်ကြတာပေါ့ကွာ…'

'ကြည့်ကြသေးတာပေါ့လေ… အမှန်ကတော့ ကျုပ်က ခင်ဗျားကို အတည်ပေါက်ပြောနေတာပါ… ခင်ဗျားအသုဘဟာ အပုံကြီးနီးကပ်လာနေပြီဆိုတာ ခင်ဗျားကို ကြိုတင် သတိပေးထား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

တင်မောင်ဆွေက နံရံတွင်ပြန်၍ ကျောမှီရပ်နေလိုက်ပြန်ရာက စောနုမာလာအား ဆေးစက ကြိုးနှင့်တုတ်နေသည်ကို စိတ်ဝင်စားစွာ ကြည့်နေလိုက်လေသည်။

ဂျင်မီစမတ်နှင့် ဇီဝရာနန်ကိုတော့ သူ့နည်းတူပင် ကြိုးနှင့် တုပ်ထားပြီးပြီ ဖြစ်လေသည်။ သူတို့နှစ်ယောက်သည် ဘေးချင်းယှဉ်လျက်သား ရပ်နေကြလေသည်။ ဇီဝရာနန်မှာ ယခုမှ မိမိကျရောက်နေရသော အခြေအနေကို ကောင်းစွာသဘောပေါက်နားလည် လာပြီး ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်လာသည့်အလားမျက်နှာကြီး က ဖြူရော်လျက်ရှိကာ နှုတ်ခမ်းတွေပင် တုန်ယင်လျက်ရှိနေ၏။ ဂျင်မီစမတ်မျက်နှာမှာလည်း မသိမသာ ဖြူရော်နေသော်လည်း သူ့ မျက်နှာထားကတော့ ပကတိတင်းမာနေသည်။

တင်မောင်ဆွေက စောနုမာလာကို တဖန် ပြန်လှည့်ကြည့်လိုက်၏။ စောနုမာလာသည် ဤအခန်းထဲသို့ ရောက်လာခဲ့သည်မှစ၍ စကားတစ်ခွန်းမှ မပြောခဲ့သေးပေ။ သူမသည်လည်း မိမိကျရောက်နေရသော အခြေအနေကို ကောင်းစွာသိရှိမည် ဖြစ်သော်လည်း သူမ၏အမူအရာကတော့ ကြောက်ရွံ့မှုကို ဘယ်လိုမှ မဖော်ပြဘဲ ရှိနေ၏။

သူမသည် အညံ့မခံ၊ အလဲမလဲဟူသော အမူအရာဖြင့် ရင်ကလေးကိုကော့ရပ်ထားသည်။ သူမ၏ မျက်လုံးများကလည်း ဒေါက်တာဟိုးအား မမှိတ်မသုန် စူးစိုက်ကြည့်ရှုရာက မုန်းတီးစက်ဆုပ်မှုကို အထင်အရှားဖော်ပြလျက် ရှိနေ၏။ တင်မောင်ဆွေက





သူမအား ကြည့်ရာက သူမ၏စိတ်ဓာတ်နှင့် သတ္တိကို စိတ်ထဲက ကြိတ်၍ ချီးမွမ်းလိုက်မိပြန်လေသည်။ သူဘယ်လိုပဲဖြစ်ရပါစေ ဤအမျိုးသမီးကလေးကိုတော့ ဒေါက်တာဟိုးလက်ထဲမှ လုံးဝလွတ်မြောက်ရအောင် ကြံဆောင်ပေးရမည်ဟု ကိုယ့်ကိုယ်ကို ထပ်မံ၍ ကတိပြုလိုက်ပြန်၏။

တကယ်တော့လည်း ကျန်လူများက သူ့ကိုသာ အားထားလျက်ရှိနေပြီး သူတို့၏လွတ်မြောက်ရေးအတွက် သူက စတင်ကြံဆောင်ရမည့်အချိန်ကိုသာ စောင့်စားလျက်ရှိနေကြခြင်း ဖြစ်သည်ကို တင်မောင်ဆွေက စိတ်ထဲတွင် သိမြင်ခံစားမိလေသည်။ စောနုမာလာနှင့်ဂျင်မီစမတ်ကို သူကပင် ဦးဆောင်လျက် ဤအခြေအနေထဲသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပေရာ ဤအခြေအနေထဲမှ လွတ်မြောက်ဖို့မှာလည်း သူ့တာဝန်ပင် ဖြစ်နေပေသည်။ အကယ်စင်စစ် သူတို့နှစ်ယောက်သည် သူ့ခေါင်းဆောင်မှုနောက်သို့ သူ့အား ပကတိယုံကြည်အားကိုးစွာဖြင့် မမှိတ်မသုန် လိုက်လာခဲ့သည်သာ မဟုတ်ပါလား။

တင်မောင်ဆွေ၏ ညာလက်ချောင်းကလေးများသည် သူ့ဘယ်လက်ကောက်ဝတ်ဆီသို့ ဂျာကင်အင်္ကျီလက်စအောက်မှ အသာထိုးဝင်သွားကြသည်။ ထို့နောက် လက်ဖျံရိုးတွင် သားရေစားအိမ်ကလေးဖြင့် ကပ်၍ချည်ထားသော သူ့ဓားမြှောင်ကလေး ဒေဝီ၏ လက်ကိုင်ရိုးကို ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်ကြသည်။ သို့သော် ဓားကို ဆွဲမနှုတ်သေးဘဲ လက်ချောင်းများကိုသာ အသာပြန်နှုတ်လိုက်သည်။ သူတို့အတွက်တစ်ခုတည်းသော မျှော်လင့်ချက်သည် ခြောက်လက်မရှည်သော ဤသံမဏိဓားသွားကလေးပေါ်တွင်သာ တည်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရကား၊ သေချာပေါက်အခွင့်အရေး အချိန်အခါကို သူက စောင့်စားနေရဦးမည် ဖြစ်ပေ၏။

နောက်ဆုံးတွင် ဆေးစံက သူတို့အားလုံးကို ကြိုးနှင့်တုတ်နှောင်ပြီးစီးသွားကား ထိုအချိန်မှာပင် ဒေါက်တာဟိုးကလည်း သူမ၏မြေပုံတိုင်းထွာတွက်ချက်မှုကို လက်စသတ်လိုက်ပြီး မော်ကြည့်လိုက်၏။ သူ့မျက်လုံးများက သူ့တပည့်ကျော်ကြီး ဟုတ်စိန်ဆီသို့ ရောက်သွားကြသည်။

'ဟုတ်စိန်...'

'ဟုတ်ကဲ့ သခင်...'

'မင်းသေနတ်ကို ထွန်းရီကိုပေးခဲ့ပြီး ငါ့ဆီလာခဲ့စမ်း...'

မြန်မာလူမိုက် ထွန်းရီသည် ကြွက်သားတွေဖုထစ်နေသော သူ၏လက်မောင်းကြီးကို ဆန့်ထုတ်ပေးလိုက်ရာ ဟုတ်စိန်က သူ၏ကြီးမားသော လက်ဖဝါးထဲသို့ ပစ္စတိုသေနတ်ကို ထည့်ပေးလိုက်၏။ ဟုတ်စိန်ကတော့ ဒေါက်တာဟိုး၏စားပွဲဆီသို့ လျှောက်လာလေသည်။ ထို့နောက် ဒေါက်တာဟိုးက ဟုတ်စိန်အား ညွှန်ကြားချက်များအသေးစိတ် ပေးလေတော့သည်။

သို့ရာတွင် ၎င်းသည် ထိုညွှန်ကြားချက်များကို တရုတ်ဘာသာစကားဖြင့်သာ ပြောဆိုခြင်းဖြစ်ရာ အခန်းထဲတွင် ရှိနေသော လူများထဲတွင် ဟုတ်စိန်မှအပ အခြား မည်သူတစ်ဦးတစ်ယောက်မျှ ဘာတွေပြောနေသည်ကို ဘယ်လိုမှ နားမလည်နိုင်ဘဲ ရှိနေ၏။

အကယ်၍ တင်မောင်ဆွေကသာ ဒေါက်တာဟိုး၏စကားများကို နားလည်ပါက ၎င်း၏ယုတ်မာပက်စက်လှသော အကြံအစည်အတွက် အတော်ကြီးခံပြင်းနာကျည်းမိမည် ဖြစ်ပေ၏။





(ဃ)

ဟုတ်စိန်သည် ဒေါက်တာဟိုးပြောသမျှကို တစ်ခွန်းတပါဒမျှ ပြန်မပြောဘဲ ပကတိ တိတ်ဆိတ်စွာသာ နားစိုက်၍ ထောင်နေသည်။ တင်မောင်ဆွေသည် ၎င်းအား ကြည့်ရာက ၎င်းသည် ဒေါက်တာဟိုးစေခိုင်းသမျှကို တသွေမတိမ်းလိုက်နာလိမ့်မည် ဖြစ်ကြောင်းကို နားလည်မိလေ၏။

ဒေါက်တာဟိုးသည် ငါးမိနစ်ခန့်မျှ ဟုတ်စိန်အား စကားပြောပြီးနောက် ထိုင်ရာမှထလျက် အခန်းထောင့်တစ်နေရာတွင်ရှိသော မီးခံသေတ္တာကြီးဆီသို့ လျှောက်သွားပြီး တံခါးကို ဖွင့်လိုက်လေ၏။

တင်မောင်ဆွေကတော့ သူ့တွင် အချိန်သိပ်မရှိတော့သည်ကို နားလည်လိုက်မိသည်။ ဒေါက်တာဟိုးက ဘာပဲကြံစည်၊ ကြံစည်၊ ထိုအကြံအစည်ကိုပျက်အောင် ဖျက်နိုင်မည့်သူမှာ မိမိသာလျှင်မဟုတ်ပါလား။ သို့ရာတွင် အခြေအနေက ပေးမလာသေးချေ။

သူ့အင်္ကျီလက်ထဲတွင် ဝှက်ထားသော ဓားမြှောင်ကလေးဒေဝီဖြင့် သူ့လက်ကိုချည်ထားသော ကြိုးတွေကို ဖြတ်လိုက်နိုင်ဦးတော့၊ သူသည် အခန်းထဲ၌ရှိနေသော လူတစ်ယောက်ကိုသာ သတ်နိုင်ပေမည်။ သို့ရာတွင် အခြားလူတွေက ရှိနေသေးရကား သူ့ကြိုးစားချက်သည် အချည်းနှီးသာလျှင် ဖြစ်ရပေမည်။

သူက ဒေါက်တာဟိုးအား သူ့ဓားမြှောင်ကလေးဖြင့် အသေသတ်လိုက်နိုင်ဦးတော့၊ သူနှင့်တကွ စောနမာလာ၊ ဂျင်မီစမတ်နှင့်ဇီဝရာနန်တို့ပါ ဒေါက်တာဟိုး၏ တပည့်များလက်ချက်ဖြင့် အသက်ဆုံးရှုံးရမည်မှာ သေချာ၍နေတော့၏။ သူက သူ့အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်စားနိုင်သော်လည်း သူ့ရဲဘော်တွေ၏ အသက်ကို စွန့်စားဖို့ အခွင့်အရေး ကတော့ သူ့ထံတွင်ဘယ်လိုမှ ရှိမနေပါချေ။

ဒေါက်တာဟိုးသည် မီးခံသေတ္တာ တံခါးကို ပြန်ပိတ်လျက် စားပွဲဆီသို့ ပြန်လျှောက်လာသည်။ သူ့လက်ထဲတွင်တော့ သံမဏိ သေတ္တာကလေးနှစ်လုံး ပါလာ၏။ ထိုသေတ္တာကလေးနှစ်လုံးကို ဟုတ်စိန်က စိတ်အားထက်သန်စွာ လှမ်းယူလိုက်သည်။

'ကဲ··· မင်း အခုချက်ချင်းပဲ သွားပေတော့။ မင်း အခုသွားရင်ဖြင့် မင်းမှာ အချိန်တွေအများကြီး ရပါလိမ့်မယ်···'

'ကောင်းပါပြီ သခင်···'

'မင်း တာဝန်ပြီးတဲ့အခါကျရင်၊ မင်းဟာ ဒီကိုချက်ချင်း ပြန်လာခဲ့ရမယ်···'

'ဟုတ်ကဲ့ သခင်···'

ဟုတ်စိန်သည် ဒေါက်တာဟိုးပေးသော သံမဏိသေတ္တာ ကလေးနှစ်လုံးကို ပိုက်လျက် အခန်းတံခါးဝသို့ လှည့်လိုက်သည်။ ဒေါက်တာဟိုးက ဟုတ်စိန်အခန်းထဲမှ ထွက်သွားသည်ကို ကျေနပ် သောအမူအရာဖြင့် ကြည့်နေလိုက်၏။ ပြီးမှ သူ့မျက်လုံးများက တင်မောင်ဆွေ့ထံဘက်သို့ လှည့်လာကြသည်။ သူ၏ ထူထဲ သော နှုတ်ခမ်းကြီးသည် ပြုံးယောင်ယောင် တွန့်သွားကြ၏။

'ကဲ··· တင်မောင်ဆွေ၊ မင်းကို ငါစီရင်ဖို့ အချိန်ရောက် လာပြီ···'

သူ့မျက်လုံးများသည် ဂျင်မီစမတ်နှင့် ခီဝရာနန်တို့ဘက် သို့ ရောက်သွားပြန်ကာ သူ့က ထပ်မံ၍ ဖြည့်စွက်လိုက်သည်။

'မင်းရဲ့ မိတ်ဆွေတွေလည်း အပါအဝင်ပေါ့ကွာ···'





သူ့အသံကြီးထဲတွင် အောင်မြင်အားရမှုက အထင်အရှား ကြီး ပါဝင်နေ၏။ တဒင်္ဂအားဖြင့်တော့ တင်မောင်ဆွေ၏ စိတ်ထဲ တွင် စိတ်ပျက်အားလျော့မှုက ဖြစ်ပေါ်လာသည်။ မိမိအနေဖြင့် မိမိနှင့်တကွ မိမိကိုအားထားနေကြသည့် ရဲဘော်မိတ်ဆွေများကို ဒေါက်တာဟိုး၏လက်တွင်းမှ ကယ်တင်နိုင်မည့်အခွင့်အရေး ပေါ် ပေါက်လာပါဦးမည်လော ဒေါက်တာဟိုး စီစဉ်သရွေ့ကို မိမိတို့က ခေါင်းငုံ့ခံနေရတော့မည်လော။

ချက်ချင်းပင် တင်မောင်ဆွေက ပြန်၍ စိတ်တင်းလိုက်၏။ သူ့မျက်လုံးများက ဒေါက်တာဟိုးကျောဘက်တွင် ရှိနေသော နံရံ ကပ်နာရီကြီးကို လှမ်းကြည့်လိုက်၏။ နာရီလက်တံများက နံနက် နှစ်နာရီထိုးပြီး၊ မိနစ်နှစ်ဆယ်အချိန်ကို ညွှန်ပြလျက်ရှိနေသည်။ သူ သည် ဒေါက်တာဟိုး၏လက်တွင်းမှ လွတ်မြောက်အောင်ကြိုးစား ပြီး ဟုတ်စိန်နောက်သို့ အမြန်ဆုံးလိုက်သွားရမည်။

ဒေါက်တာဟိုးက ဟုတ်စိန်အား ဘာတာဝန်ပဲပေးလိုက်၊ ပေးလိုက်။ ထိုတာဝန်ကို ဟုတ်စိန်က ထမ်းဆောင်ခြင်း မပြုနိုင် အောင် မိမိက တားမြစ်ရပေမည်။ သို့မှသာလျှင် ဒေါက်တာဟိုး၏ အကြံအစည်မှန်သမျှကို ဖျက်ဆီးပစ်ရမည်ဟူသော မိမိ၏အဓိဋ္ဌာန် သည် ပြည့်မြောက်ရတော့မည် မဟုတ်ပါလော။

တင်မောင်ဆွေက ဒေါက်တာဟိုး၏ မျက်စိထဲသို့ စူးစိုက် ကြည့်လိုက်ပြီး၊ ဘယ်လိုမှမမှုသည့် အပြုံးမျိုးဖြင့် ပြုံးလိုက်၏။

'ခင်ဗျားက ကျုပ်ကို သတ်ပစ်ဖို့စီစဉ်ထားတယ်ဆိုတာ ကျုပ်နားလည်ပါတယ်··· ခင်ဗျားက ကျုပ်ကို ဘယ်လိုနည်းနဲ့သတ် မယ်ဆိုတာကိုသာ ကျုပ်က မသိသေးတာပါ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

- ၁၂ -

## ဒါမှ တင်မောင်ဆွေ

(က)

ဒေါက်တာဟိုးက တင်မောင်ဆွေအား တင်းမာသော မျက်နှာထားဖြင့် ပြန်၍ ကြည့်လိုက်၏။

'အေး… မင်းသေရတော့မှာ အမှန်ပဲ တင်မောင်ဆွေ မင်းဟာ ငါ့အကြံအစည်မှန်သမျှကို အကြောင်းမဲ့ သက်သက်လိုက်ဖျက်ဆီးနေသူမို့ မင်းကို ငါက အပြစ်ပေးရမှာပဲ…'

တင်မောင်ဆွေက ခေါင်းညိတ်လိုက်သည်။ သူ့မျက်လုံးများကတော့ အရောင်တလက်လက် တောက်ပလာကြ၏။

'ဟုတ်တယ် ဒေါက်တာဟိုး… လောကကြီးမှာ ခင်ဗျားရော ကျုပ်ရော နှစ်ယောက်စလုံးအတူတူ အသက်ရှင်နေသရွေ့တော့မဖြစ်ဘူး။ ခင်ဗျားက ကျုပ်ကို သတ်နိုင်ရင်သတ်။ ခင်ဗျားကမသတ်နိုင်ရင်တော့ ကျုပ်က ခင်ဗျားကိုသတ်မယ်ဆိုတာ ခင်ဗျား





ကောင်းကောင်းကြီး နားလည်ထားတယ်မဟုတ်လား…'

'အေး… ငါနားလည်ထားပါတယ်… ဒါပေမဲ့ အခုအခြေအနေမှာ မင်းက ငါ့ကို သတ်ဖို့ဆိုတာကတော့ မဖြစ်နိုင်တော့ပါဘူး…'

တင်မောင်ဆွေက အသံထွက်အောင် ရယ်မောလိုက်၏။

'ထားပါတော့လေ… ဒါပေမဲ့ ခင်ဗျားက ကျုပ်ကို ဘယ်လိုနည်းနဲ့များ သတ်မယ်လို့ စိတ်ကူးထားသလဲ၊ ကျုပ်တို့တိုင်းပြည်မှာက လူတစ်ယောက်ကို လွယ်လွယ်ကူကူသတ်လို့ရတာ မဟုတ်ပါဘူး… ဥပမာဆိုရင် အလောင်းတွေကို ဘယ်လိုဖျောက်ဖျက်ပစ်ရမလဲ… ဒါမှမဟုတ်ရင်လည်း ခင်ဗျားက ကျုပ်တို့ကိုသတ်ပြီး ကျုပ်တို့ရဲ့ အလောင်းတွေကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင်လုပ်လို့ ခင်ဗျားရဲ့ ခြံမြေတစ်လျှောက်မှာ လျှောက်ဖြူးထားမလို့လား။ ဒီလိုသာ ခင်ဗျားလုပ်နိုင်မယ်ဆိုရင်တော့ ခင်ဗျားဟာ တော်တော်ချီးမွမ်းဖို့ကောင်းတဲ့ လူတစ်ယောက်ပဲ'

ဒေါက်တာဟိုးက တင်မောင်ဆွေအား သရော်သော အပြုံးကလေးပြုံးပြလိုက်၏။

'မင်းပြောတဲ့နည်းက ဝတ္ထုတွေထဲမှာသာ ဖြစ်နိုင်တာပါ တင်မောင်ဆွေ။ ငါ့အနေနဲ့က ဒါလောက်ဆန်းပြားတဲ့နည်းတွေကို သုံးနေဖို့မလိုပါဘူး… အလွယ်ကူဆုံးနည်းနဲ့ မင်းတို့ကို ငါသုတ်သင်မှာပါ… အဆိပ်ပြင်းတဲ့ မြွေကျင်းထဲပစ်ချပစ်ဖို့တို့၊ မြေအောက်လှိုဏ်ခေါင်းထဲမှာ ပိတ်သတ်ဖို့တို့ဆိုတာကို မျှော်လင့်မနေနဲ့၊ မင်းတို့ဟာ မတော်တဆ ထိခိုက်သေဆုံးရတဲ့နည်းနဲ့သာ သေရမှာပါ'

ဒေါက်တာဟိုးက စကားအဆုံးတွင် ပကတိအေးဆေးသော



www.burmeseclassic.com

www.burmeseclassic.com



အမူအရာဖြင့် ယွန်းသေတ္တာကလေးကို ဖွင့်ကာ ဆေးပြင်းလိပ် တစ်လိပ်ကို နှိုက်ယူလိုက်ပြန်သည်။ ဆေးပြင်းလိပ်ကို လက်ဝါးနှစ်ဖက်ဖြင့် ကျကျနနပွတ်ကာ အနံ့ခံလိုက်ပြီးမှ ပါးစပ်ကြီးတွင် ဟန်ပါပါတပ်လိုက်ပြီး မီးညှိဖွာရှိုက်နေလိုက်၏။

တင်မောင်ဆွေသည် ဒေါက်တာဟိုး၏ အမူအရာကို ကြည့်ရာက သူ့တစ်ကိုယ်လုံးရှိ ကြွက်သားများကို တင်းမာလိုက်မိသည်။ သူသည် ရန်သူအမျိုးမျိုးကို ရင်ဆိုင်ခဲ့ဖူးပြီဖြစ်၏။ သူ့အားသုတ်သင်ပစ်ရန် ကြံစည်အားထုတ်ခဲ့သူတွေကလည်း များပြားလှပြီး အချို့မှာ သူ့အပေါ် လက်စားချေချင်စိတ် ကြီးမား ပြင်းထန်လွန်းလှရကား သူ့အား မည်သို့ရက်ရက်စက်စက် သတ်ပစ်ရမည်ကို အားပါးတရ ပြောပြတတ်ကြလေ၏။

သို့ရာတွင် ယခု ဒေါက်တာဟိုးကား၊ ထိုလူတွေနှင့်တခြားစီ ဖြစ်နေတော့သည်။ ဒေါက်တာဟိုးအနေဖြင့် သူ့အပေါ်တွင် ထိုသူတွေထက်ပင် ရန်ငြိုးဖွဲ့စရာအကြောင်းတွေက ပိုရှိနေသည်။ သို့တိုင်အောင်ပင် ဒေါက်တာဟိုးသည် ထိုလူတွေကဲ့သို့ ပါးစပ်က အမြုပ်ထွက်အောင် ကြိမ်းမောင်းကျိန်ဆဲခြင်းမပြု၊ သူ့အား မည်သို့မည်ပုံသတ်ပစ်မည်ဟု အားရကျေနပ်စွာ ကြွားဝါ၍မနေ၊ ပကတိ သွေးအေးအေးနှင့်သာ သူ့သေခြင်းကို စီစဉ်လျက်ရှိနေသည်မှာ တစ်နည်းအားဖြင့်ဆိုလျှင် ထိုလူတွေထက်ပင် ကြောက်စရာကောင်းနေရပေတော့၏။

ဂျင်မီစမင်၊ ဇီဝရာနန်နှင့်စောနုမာလာတို့ကား ပကတိ နှုတ်ဆိတ်လျက် ရှိနေကြသည်။ ဇီဝရာနန်သည် မျှော်လင့်ချက်လုံးဝ လက်လျှော့လိုက်သည့်အလား၊ ခေါင်းကြီးငိုက်စိုက်ချကာ ကိုယ်ခန္ဓာ





ကြီးမှာလည်း ပျော့ခွေလျက်ရှိနေသည်။

ဂျင်မီစမင်ကတော့ တင်မောင်ဆွေ့အား လှမ်း၍ လှမ်း၍ ကြည့်နေ၏။ သူ့စိတ်ထဲတွင် အဘယ်မျှ အားမလိုအားမရဖြစ်နေရမည်ကို တင်မောင်ဆွေက ကိုယ်ချင်းစာကြည့်မိလေသည်။

စောနုမာလာတစ်ယောက်ကသာ ပကတိ အမူအရာမပျက်ဘဲ အေးဆေးတည်ငြိမ်လျက် ရှိနေသည်။ သူမသည် ဘယ်လိုအဖြစ်မျိုးကို ရင်ဆိုင်ရသည်ဖြစ်စေ၊ ရဲရဲစွာပင် ရင်ဆိုင်ရန်အသင့်ရှိနေပုံရလေသည်။

ရုတ်တရက် စူးရှစွာမြည်လာသော တယ်လီဖုန်းခေါင်းလောင်းသံက အခန်းထဲတွင် ခေတ္တမျှ လွှမ်းမိုးသွားသော တိတ်ဆိတ်မှုကို ဖောက်ဖျက်ပစ်လိုက်သည်။ ဒေါက်တာဟိုးက အေးဆေးစွာပင် ဆေးပြင်းလိပ်ကို ပါးစပ်မှချွတ်လိုက်သည်။

'အား... မစ္စတာ ယူဆွတ်ပတေးက ကျုပ်ကို သတင်းပို့တာဖြစ်မယ်...'

တင်မောင်ဆွေက ယခုမှပင် ယူဆွတ်ပတေးကို သတိရလာမိသည်။ ယူဆွတ်ပတေးသည်လည်း ဒေါက်တာဟိုး၏ လူတစ်ယောက်ဖြစ်ကာ ဒေါက်တာဟိုးက သူ့အကြံအစည်ကြီးအောင်မြင်ရေးတွင် ၎င်းအား တာဝန်တစ်ခုခုကိုတော့ ပေးထားခဲ့လိမ့်မည်သာဖြစ်၏။ ထိုတာဝန်ကား အဘယ်သို့သော တာဝန်မျိုးပေတည်း။

တင်မောင်ဆွေက အသာနားစွင့်ထားလိုက်မိသည်။

ဒေါက်တာဟိုးကတော့ တယ်လီဖုန်းဖြင့် စကားပြောနေပြီဖြစ်သည်။ သည်တစ်ခါတော့ ၎င်းက အင်္ဂလိပ်စကားကို ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟိုးပြောသော စကားတွေက သူ့အကြံအစည်ကို အရိပ်အမြွက်လောက်တော့ ဖော်ပြနေသည်။ ထိုနေ့ နံနက်ခြောက်နာရီတိတိတွင် ထိုအကြံအစည်ကို အကောင်အထည်ဖော်ဖို့ စီစဉ်ထားပြီး၊ ဟုတ်စိန်အား ဒေါက်တာဟိုးကပေးလိုက်သည့်တာဝန်နှင့်ဆက်စပ်နေသည်ကို တင်မောင်ဆွေက နားလည်လိုက်ရသည်။

တင်မောင်ဆွေက နံရံကပ်နာရီကြီးကိုမော့ကြည့်လိုက်ပြန်သည်။ အချိန်က နံနက် နှစ်နာရီခွဲနေလေပြီ။ ခြောက်နာရီထိုးရန် သုံးနာရီခွဲတိတိ လိုနေသေးပေ၏။ မိမိတို့ ဒေါက်တာဟိုး၏ လက်တွင်းမှ လွတ်မြောက်နိုင်ပါလျှင် ထိုကြံစည်မှုကြီးကို လိုက်လံတားမြစ်ဖျက်ဆီးပစ်ဖို့ အချိန်ရှိနေသေးပေသည်။

တင်မောင်ဆွေ၏ ညာလက်ချောင်းများက သူ၏ ဘယ်အင်္ကျီလက်ဝ အပေါက်ထဲသို့ ဝင်သွားကြပြန်သည်။ နောက်တစ်ခဏတွင်တော့ သူ့ဓားမြှောင်ကလေး ဒေဗီသည် သူ့ညာလက်ဝါးအတွင်းသို့ လျှောခနဲကျလာကာ သူ့လက်ချောင်းများက ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်မိပြီဖြစ်၏။

တင်မောင်ဆွေက နံရံကို ပိုမို၍ ပျင်းတွဲ့သော အမူအရာဖြင့် မှီရပ်လိုက်သည်။ သူက ဦးခေါင်းကို မော့လိုက်ကာ၊ အခန်း၏ မျက်နှာကြက်ဆီသို့ တွေဝေငေးမော၍ ကြည့်နေလိုက်သည်။ သူ့စိတ်များသည် အခြားနေရာသို့ ပျံလွင့်၍နေကြသလားဟု ထင်မှတ်ရ၏။ သို့ရာတွင် သူ့ညာလက်ကတော့ ဆုပ်ကိုင်ထားသော ဓားမြှောင်ကလေး ဒေဗီ၏ဓားသွားနှင့် လက်နှစ်ဖက်ကို ပူးလျက်ချည်နှောင်ထားသော ကြိုးတွေကို ကြိတ်လှီးလျက် ရှိနေလေ၏။





သူတို့သည် မတော်တဆ ထိခိုက်၍ သေဆုံးရမည်ဟု ဒေါက်တာဟိုးက ပြောခဲ့သည်။ ထို့ကြောင့် ဒေါက်တာဟိုးသည် သူတို့အား သုတ်သင်ပစ်ရန်အတွက် အချိန်ဆွဲနေလိမ့်မည် မဟုတ်သည်က သေချာလှသည်။ ဒေါက်တာဟိုးသည် ဝတ္ထုတွေထဲက ဇာတ်ကောင်တွေလို မိမိမုန်းတီးလှသော ရန်သူကို မိမိမျက်စိရှေ့မှောက်တွင် တမျှဉ်းမျှဉ်း နှိပ်စက်သတ်ဖြတ်ပစ်တတ်သော လူစားမျိုးတစ်ယောက် မဟုတ်ပေ။

ထို့ကြောင့်လည်း မိမိတို့၏ သေခြင်းသည်များစွာမဝေးကွာလှတော့ပြီဖြစ်သည်ကို တင်မောင်ဆွေက နားလည်မိလေသည်။ မိမိတို့၏လွတ်မြောက်ရေးကို ယခုမှကြိုးစားပါက နောင်ကြိုးစားခွင့်ရတော့မည်မဟုတ်သည်မှာ သေချာလှပေသည်။ မည်ကဲ့သို့သောစွန့်စားမှုတွေကို ရင်ဆိုင်ရသည်ဖြစ်ပါစေ၊ သူက ရင်ဆိုင်ပေတော့မည်။

'ဗွတ်နိုက် ပတေး... မင်းအခုည ကောင်းကောင်းအိပ်နိုင်ပါပြီ...'

ဒေါက်တာဟိုးက တယ်လီဖုန်း စကားပြောခွက်ထဲသို့ နောက်ဆုံးအကြိမ် ပြောလိုက်ကာ ဖုန်းကိုပုခက်ပေါ်တွင် ပြန်တင်ထားလိုက်သည်။

'ပတေးကြီး ဒီည ကောင်းကောင်း အိပ်နိုင်ပါစေလို့ ကျုပ်ဆုတောင်းပေးပါတယ်... ဒါနဲ့ ခင်ဗျား သူ့ကိုပေးထားတဲ့တာဝန်ကို သူက ဆောင်ရွက်ပြီးပြီတဲ့လားဗျာ...'

တင်မောင်ဆွေက ခပ်အေးအေး အမူအရာဖြင့်ပင် လှမ်းငေးလိုက်၏။ ဒေါက်တာဟိုးက သူ့အား လှည့်ကြည့်ကာ သနော်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်၏။

'ငါ့လူတွေဟာ ငါပေးတဲ့တာဝန်ကို ပြီးမြောက်အောင် အမြဲတမ်းဆောင်ရွက်ကြတာချည်းပါပဲ တင်မောင်ဆွေ…'

'ဟုတ်လား… ဒါက ဟိုသင်္ဘောကပ္ပတိန်တစ်ယောက် ကလွဲလို့ပေါ့လေ…'

ဒေါက်တာဟိုး၏ မျက်လုံးများထဲတွင် ရုတ်တရက် ဒေါသရောင်က လက်လာသည်။

'အေး… ဒီကောင်ဟာ တကယ်တော့ ငါ့လူအရင်း မဟုတ်ပါဘူး… ဒါပေမဲ့ ထားပါတော့လေ… ဒီတစ်ခါတော့ ငါ့အကြံအစည်ဟာ ဘယ်လိုမှ ချို့ယွင်းပျက်ပြားရတော့မှာ မဟုတ်ဘူး… ငါ စီစဉ်ထားတဲ့အတိုင်း ဖြစ်ရတော့မှာပါ… မင်းတို့က လည်း ဘယ်လိုမှ ဝင်နှောင့်ယှက်ဖျက်ဆီးနိုင်တော့မှာ မဟုတ်ဘူး… နားလည်ရဲ့လား တင်မောင်ဆွေ…'

တင်မောင်ဆွေကတော့ နှုတ်ဆိတ်နေသည်။ ဒေါက်တာဟိုး၏မျက်နှာတွင် ပထမဦးဆုံးအကြိမ် ကျေနပ်အားရလှသော အမူအရာက ပေါ်လွင်လာသည်။

'ဟုတ်တယ်… မင်းတို့ဟာ ငါ့ကို ဘယ်လိုမှအနှောင့်အယှက်ပေးနိုင်တော့မှာ မဟုတ်ဘူး… မကြာခင် အချိန်ကလေး အတွင်းမှာပဲ မင်းတို့ဟာ ဝမ်းနည်းစရာကောင်းတဲ့ မတော်တဆ ဖြစ်မှုမှာ၊ မရှုမလှကြီး အသက်ဆုံးရှုံးကြရတော့မယ်… ဇီဝရာနန် ရဲ့အပါးတော်မြဲက အကြောင်းကြားလိုက်လို့ ရဲတွေက လိုက်လာ ကြတဲ့အခါမှာလည်း မင်းတို့ရဲ့အလောင်းတွေကိုသာ တွေ့ကြရလိမ့် မယ်…'





'ဟုတ်လား… အင်း… တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲ…'

ဒေါက်တာဟိုးက ထိုင်ရာမှထလိုက်ကာ တင်မောင်ဆွေ့ထံသို့ ဖြည်းညင်းစွာ လျှောက်လာသည်။

'တင်မောင်ဆွေ… မင်းဟာ အခုထက်ထိ လေမလျှော့ သေးဘဲကိုး… မင်းဟာ မင်းကိုယ်မင်း တော်တော်ပဲ အထင်ကြီး ခဲ့တယ်… ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့ ထင်ခဲ့တယ်… မင်းက ငါ့အပေါ် အနိုင်ယူနိုင်ခဲ့ပြီလို့ ထင်ခဲ့တယ်… ကဲ… အခုတော့ ဘယ်သူကသာ အနိုင်ရခဲ့ပြီဆိုတာ မင်းသိရပြီမဟုတ်လား… မင်းက တကယ်တော့ မိုက်ရူးရဲသက်သက် တစ်ယောက်ပဲ… မင်းမှာရှိ တဲ့ မိုက်မဲမှုကလေးနဲ့များ၊ မင်းက ငါ့လိုလူမျိုးကို အနိုင်ယူနိုင်လိမ့် မယ်ထင်ခဲ့တာ ငါအံ့ဩပါရဲ့ကွာ…'

ဒေါက်တာဟိုးသည် ပြောရင်းပြောရင်းကပင် ဒေါသ ကြီးလာကာ သူ၏စည်ပိုင်းတမျှရှိသော ရင်အုပ်ကြီးကိုကော့လျက် ကြီးမားသော လက်သီးကြီးများကိုလည်း မြှောက်လိုက်လေသည်။

တင်မောင်ဆွေက သူ့မျက်နှာပေါ်သို့ ဒေါက်တာဟိုး၏ လက်သီးကြီးများက ကျရောက်လာတော့မည်ဟု ထင်မှတ်လိုက်မိ သည်။ သို့ရာတွင် ဒေါက်တာဟိုးက သူ့ဒေါသကို ချက်ချင်းပင် ပြန်၍ ချုပ်တည်းလိုက်ကာ တင်မောင်ဆွေ့ကို အထင်သေးစက်ဆုပ် လှစွာသော အမူအရာဖြင့်သာ ကြည့်လိုက်၏။

'ထွီ… မင်းလိုပါးစပ်သွားကိုမျိုး ငါက ဒေါသထွက်နေရင် မင်းကို ကြောက်ရာကျနေဦးမယ်…'

ဒေါက်တာဟိုး၏ မျက်နှာကြီးသည်ပြန်၍ တည်ငြိမ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အသံကလည်း ပြန်၍ တည်ကြည်သွား၏။

'မင်းကို ငါက သိပ်စိတ်ဝင်စားခဲ့တယ်လို့လည်း ထင်မသွားနဲ့ဦး တင်မောင်ဆွေ။ မင်းဟာ ရှမ်းပြည်နယ်မှာ ငါနဲ့စတွေ့ရကတည်းက ငါ့အကြံအစည်ကို ကံကောင်းလို့ အရိပ်အမြွက်သိသွားခဲ့တယ်… ဒီညမှာလည်း ငါ့အကြံအစည်အချို့တစ်ဝက်ကို ဝင်အနှောင့်အယှက်ပေးနိုင်ခဲ့တယ်… ဒါပေမဲ့ အခု မင်းနှောင့်ယှက်မှုတွေဟာ အလကား ဖြစ်ခဲ့ရပြီ… မင်းဟာ ငါ့အတွက်တော့ အနှောင့်အယှက်ပေးခဲ့တဲ့ ခြင်ကောင်တစ်ကောင်လိုပါပဲ… လူတစ်ယောက်ဟာ သူ့ကိုလာကိုက်တဲ့ခြင်တစ်ကောင်ကို ရိုက်သတ်သလိုပဲ မင်းကို ငါသတ်ရမှာပဲ…'

(ခ)

တင်မောင်ဆွေ၏ လက်ကောက်ဝတ်နှစ်ဖက်ကို ပူးချည်ထားသည့် ကြိုးစတစ်စသည် ဒေဝီဓားမြှောင်ကလေး၏ အောက်တွင် ပြတ်ကျသွားလေတော့သည်။ တင်မောင်ဆွေက ထိုကြိုးစကို သူ့လက်ခုပ်ထဲတွင် အသာ ဆုပ်ကိုင်ထားလိုက်သည်။ သူ့လက်ကောက်ဝတ်ကို ရစ်နှောင်ထားသော အခြားကြိုးစများကလည်း လျော့ပြေစပြုလာကြသည်။

'အင်း… ခင်ဗျားကလူ ကျွန်တော်က ခြင်ကောင်ဆိုရင် ခင်ဗျားဟာ ကျုပ်ထက် အမှန်တန်ခိုးကြီးတာပေါ့ဗျာ… ဒါနဲ့ ကျုပ်တစ်ယောက်တည်းက ခြင်ကောင်စာရင်းဝင်လား… ကျန်တဲ့ ကျုပ်အဖော်တွေကကောဗျာ…'





ဒေါက်တာဟိုးက သူ့လက်ကြီးနှစ်ဖက်ကို ဖြန့်လိုက်သည်။

'မင်းပါတနာ ဂျင်မီစမတ်ဆိုတဲ့လူဟာ ငါ့အတွက် ဘယ်လိုမှ စိတ်ဝင်စားစရာမရှိပါဘူး… သူဟာ သူ့မှာရှိတဲ့အသိဉာဏ်ကလေးနဲ့ တန်ရာတန်ရာကိုသာလုပ်ခဲ့ရင်… ဒါပေမဲ့ သူဟာ မင်းနောက်ကို မျက်စိမှိတ်လိုက်ပြီး ငါ့ကိစ္စတွေမှာ ဝင်စွက်ဖက်ခဲ့တော့လည်း သူလည်း အခု မင်းနောက်ကို လိုက်ရတော့မှာပဲ…'

'ထားပါတော့… ဇီဝရာနန်ကကောဗျာ…'

'သူကလည်း ငါ့ကိစ္စထဲမှာ ဝင်စွက်ဖက်ခဲ့ပြီပဲ… သူ့ကို မင်းက ခေါ်ခဲ့တော့ သူလည်း အခုမင်းနောက်ကို လိုက်ရမှာပဲ…'

တင်မောင်ဆွေက ညင်သာစွာ ပြုံးလိုက်သည်။

'ဒီလိုဆို ကျွန်တော်တို့ သုံးယောက်စလုံး မတော်တဆ ဖြစ်ပွားမှုတစ်ရပ်မှာ ဝမ်းနည်းဖွယ်ရာ အသက်ဆုံးရှုံးရမယ်ဆိုပါတော့…'

'မှန်တယ်လေ…'

ဒေါက်တာဟိုးက ပါးစပ်တွင် ဆေးပြင်းလိပ်ကို ပြန်တပ်လိုက်ကာ ပါးစောင်တွင်ခဲထားလိုက်ပြီးမှ ဆက်လိုက်ပြန်သည်။

'ငါ စီစဉ်ထားတဲ့ အကွက်ကလေးကို မင်းကိုပြောပြရဦးမယ်… မင်းနဲ့ မင်းရဲ့ပါတနာ ဂျင်မီစမတ်က စောနမာလာကို ခိုးပြေးရုံတင်မကသေးဘဲ ဇီဝရာနန်ကိုပါ သူတည်းနေတဲ့ ဗိုလ်တဲကနေ လှည့်ဖျားခေါ်သွားခဲ့တယ်။ ပြီးတော့ သေလာချမ်းမြကို အကြောင်းတစ်ခုခုအတွက် မင်းတို့က လိုက်လာကြရာမှာ မင်းတို့စီးလာတဲ့ကားက အရှိန်လွန်ပြီး ချောက်ထဲထိုးကျသွားတော့တယ်… ချောက်က တော်တော်နက်တော့ မင်းတို့သုံးယောက်စလုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်းပဲ ပွဲချင်းပြီးမသေတောင် ကားက မီးလောင်ရာမှာ ကားထဲကမထွက်နိုင်ဘဲ မီးထဲမှာ ပါသွားခဲ့ကြတော့တာပဲ… ဒါက ရဲဘက်က သိရမယ့်အချက်အလက်တွေပေါ့ကွာ… မင်းတို့ ဘာကြောင့် ဇီဝရာနန်ကိုခေါ်လာတယ်… စောနမာလာကို ဘယ်ခေါ်သွားပြီး ဖုက်ထားတယ်ဆိုတာတွေကိုတော့၊ မင်းတို့နဲ့အတူပါသွားတဲ့ လျှို့ဝှက်ချက်ကြီးတစ်ရပ် ဖြစ်ကျန်နေရစ်မှာပေါ့…'

'အင်း… အင်မတန်ကောင်းတဲ့ အကွက်ဆင်မှုကလေး တစ်ရပ်ပါပဲလေ'ဟု တင်မောင်ဆွေက ညင်သာစွာ ပြောလိုက်သည်။ သို့ရာတွင် ဒေါက်တာဟိုးအား စူးစိုက်ကြည့်နေကြသည့် သူ့မျက်လုံးများကတော့ ရေခဲလိုအေးစက် မာကျောနေကြလေ၏။

'ကျုပ်တို့ကားက ချောက်ထဲထိုးကျသွားအောင် ခင်ဗျား ဘယ်လိုစီစဉ်မှာတဲ့လဲ…'

'ဒါကတော့ လွယ်ပါတယ်။ ငါ့အစီအစဉ်ကိုလုပ်ရင်း မင်းသိသွားပါလိမ့်မယ်… ကဲ… အခု အစီအစဉ်စတော့မယ်'

ဒေါက်တာဟိုးက ဆေးပြင်းလိပ်ကို ပြာခံခွက်ထဲထည့်လိုက်ကာ ရှမ်းအမျိုးသား ဆေးစံဘက်သို့ လှည့်လိုက်သည်။

'ကဲ… ဆေးစံ… တို့ ခြံဂိတ်ဝမှာ ကားတစ်စီးရပ်ထားတာ တွေ့ရလိမ့်မယ်… ဟောဒီကလူ စီးလာတဲ့ကားပဲ' ဒေါက်တာဟိုးက ဂျင်မီစမတ်ဘက်သို့ မေးငေါ့ပြလိုက်သည်။ 'အဲဒီကားကို မင်းက မြကန်သာလမ်းအတိုင်း မောင်းသွားပြီး ကန်စောင်းက ချောက်ကြီးထဲ တစ်ခါတည်းမောင်းချလိုက်ပေတော့။ ကားနဲ့အတူ မင်းပါမသွားအောင်လည်း သတိထားပါ… ကားကို ချောက် ထဲ မောင်းချပြီးရင် တို့ကားရုံကို ပြန်လာပြီး ဓာတ်ဆီနှစ်ပုံး သုံး





ပုံးလောက် ယူပြီးတော့ မင်းကားမောင်းချထားတဲ့ ချောက်ထဲကို ဆင်းပြီး အဲဒီကနေ ငါလာတဲ့အထိ စောင့်နေပေတော့…'

တင်မောင်ဆွေကတော့ နံရံကို ပျင်းတွဲစွာမှီရပ်နေဆဲပင် ဖြစ်သည်။ သူ့လက်ကို ချည်နှောင်ထားသော ကြိုးတွေကတော့ အားလုံးပြတ်ကုန်ကြပြီဖြစ်ရာ သူ့လက်ခုပ်များထဲတွင် ရောက်နေကြ၏။

'အင်း… ခင်ဗျားဟာ အကြံယုတ်မာပက်စက်ရမယ့်နေရာမှာ နှစ်ယောက်မရှိတာ အမှန်ပါပဲ ဒေါက်တာဟိုး'

ဆေးစံက အခန်းထဲမှ ထွက်သွားသည့်အခါတွင် တင်မောင်ဆွေက ဒေါက်တာဟိုးအား လှမ်းပြောလိုက်ခြင်းဖြစ်သည်။

'ကဲ… မင်းတို့ ပါးစပ်တွေကို ပိတ်ထားဖို့က လိုလာပြီ ဟောကောင်… သူတို့ပါးစပ်တွေကို ဆို့ထားဖို့၊ အဝတ်တွေ သွားရှာချေစမ်း…'

ကတုံးပြောင်နှင့်လူသည် ဝါးခနဲ တစ်ချက်သမ်းဝေလိုက်ရာက အခန်းထဲမှ ထွက်သွားပြန်တော့သည်။

တင်မောင်ဆွေကတော့ အားရစွာပြုံးလိုက်မိလေသည်။ သူစောင့်မျှော်နေသော အခွင့်အရေးကြီးကား ပေါ်ပေါက်လာခဲ့ရလေပြီ။ အခန်းထဲတွင် ယခုဆိုလျှင် သေနတ်ကိုင်ထားသော မြန်မာလူမိုက် ထွန်းရီနှင့် ဒေါက်တာဟိုးတို့နှစ်ယောက်သာ ကျန်ခဲ့ရလေပြီ။ သူ့လက်များကလည်း အတုပ်အနှောင်မှ လွတ်လပ်လျက်ရှိရလေပြီ။

ထွန်းရီသည် သူ့ယာဘက်တွင် စာအုပ်ဗီရိုတစ်ခုကို မှီလျက်ရပ်နေကာ သေနတ်ကို ညာလက်ထဲတွင် တွဲလောင်းချလျက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထား၏။ ၄င်း၏ မျက်လုံးတွေကတော့ စောနမာလာ၏ လှပသော မျက်နှာကလေးတွင် စူးစိုက်ငြိတွယ်နေသည်။

ဒေါက်တာဟိုးကတော့ သူနှင့်လက်ဝဲဘက် မကျတကျ စားပွဲဘေးတွင်ရပ်ကာ စကားဆက်ပြောနေသည်။

'မင်းတို့ကို မရုန်းနိုင်အောင် ကျကျနန ကြိုးချည်၊ ဘယ်လိုမှ အသံမပြုနိုင်အောင် ပါးစပ်တွေမှာ အဝတ်ဆို့ပြီး ချောက်ကြီးထိပ်ကို ခေါ်သွားမယ်။ ပြီးတော့ ချောက်ထဲကို ကန်ချပစ်လိုက်မယ်··· ချောက်ထဲကျတော့ မင်းတို့ရဲ့ ကိုယ်ကကြိုးတွေကို ပြန်ဖြည်ပါးစပ်မှာဆို့ထားတဲ့ အဝတ်တွေကိုပြန်ထုတ်ပြီး မင်းတို့ကို ကားထဲမှာ ထည့်မီးရှို့ပစ်လိုက်ရုံပဲ··· ဘယ့်နှယ်လဲ တင်မောင်ဆွေ···'

တင်မောင်ဆွေက သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ဂျင်မီစမတ်က စောနမာလာအား လှည့်ကြည့်နေ၏။ စောနမာလာကတော့ သူထံသို့ လှမ်းကြည့်နေသည်။ ဇီဝရာနန်ကတော့ အင်မတန်မှ တုန်လှုပ်ချောက်ခြားနေသော အသံကြီးဖြင့် ဒေါက်တာဟိုးအား လှမ်း၍ အသနားခံလိုက်သည်။

'ဒေါက်တာဟိုး··· ခင်ဗျားလို လူမျိုးတစ်ယောက်ဟာ ဒါလောက် ပက်ပက်စက်စက်ကြီး မလုပ်သင့်ပါဘူး···'

ဤတွင် ဂျင်မီစမတ်ထံမှ အသံက ရုတ်တရက် ထွက်ပေါ်လာပြန်သည်။ သူက တင်မောင်ဆွေအား အားမလိုအားမရအသံဖြင့် လှမ်းမေးလိုက်ခြင်း ဖြစ်၏။

'ကိုဆွေ··· ကျွန်တော်တို့ ဘာမှ မလုပ်နိုင်တော့ဘူးလားဗျာ···'

'ဘာလို့မလုပ်နိုင်ရမှာလဲ ဂျင်မီ···'





တင်မောင်ဆွေ ပြန်ဖြေလိုက်သောအသံက ညင်သာလှပေသည်။ ဒေါက်တာဟိုးက တင်မောင်ဆွေအား မသိမသာ မျက်မှောင်ကြုတ်လျက် ကြည့်လိုက်သည်။

'မင်းက ဘာများလုပ်နိုင်သေးလို့လဲ တင်မောင်ဆွေ'

ဒေါက်တာဟိုး၏ အသံတွင် စိုးရိမ်မှုကလေး မသိမသာ ပါဝင်လာသည်။ တင်မောင်ဆွေကတော့ ရယ်မောလိုက်၏။

'ဘာလုပ်နိုင်သေးတယ်ဆိုတာကို သိချင်ရင် ကျုပ်ဂျာကင်အင်္ကျီရဲ့အတွင်း အိတ်ထဲကစာကို ဖတ်ကြည့်ပေတော့လေ··· အဲဒီအခါကျရင်တော့ ခင်ဗျား သဘောပေါက်လာပါလိမ့်မယ်··· ခင်ဗျားအစီအစဉ်ဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာ သိလာရလိမ့်မယ်···'

ဒေါက်တာဟိုးသည် ပိုမို၍ မျက်မှောင်ကြုတ်သွားရာက တင်မောင်ဆွေဘေးသို့ ချက်ချင်းရောက်လာကာ တင်မောင်ဆွေ၏ ဂျာကင်အင်္ကျီဇစ်ကို ဆွဲဖွင့်လိုက်သည်။ ထို့နောက် အင်္ကျီထဲသို့ လက်တစ်ဖက် ထိုးထည့်လိုက်၏။

တင်မောင်ဆွေကလည်း ဒေါက်တာဟိုးအား အကူအညီပေးသည့် အနေဖြင့် သူ့ကိုယ်ကို မသိမသာ ရှေ့သို့ကိုင်းပေးလိုက်ရာ ထွန်းရီထံမှ သူ့ကိုယ်လုံးကို ဒေါက်တာဟိုး၏ ကိုယ်လုံးကြီးက ကာရံထားပေးလိုက်တော့သည်။

ထိုအချိန်မှာပင် တင်မောင်ဆွေက လျှပ်တစ်ပြက် လျင်မြန်မှုဖြင့် လှုပ်ရှားလိုက်တော့သည်။ ဒေါက်တာဟိုးသည် ဂျင်မီစမတ်ထံမှ သူလုယူထားလိုက်သည့် သေနတ်ကို သူ့ကုတ်အင်္ကျီဘေးအိတ်ထဲတွင် ထိုးထည့်ထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု တင်မောင်ဆွေ၏ လက်တစ်ဖက်က ခါးပိုက်နှိုက်၏ လျှင်မြန်မှုဖြင့် ထိုသေနတ်ကို ဆတ်ခနဲ နှိုက်ယူကာ ဒေါက်တာဟိုး၏ ရင်ဝတွင် ပြောင်းကို တေ့ထားလိုက်တော့သည်။

'နည်းနည်းကလေးမှ မလှုပ်လိုက်ပါနဲ့ ဒေါက်တာဟိုး'

တင်မောင်ဆွေ၏အသံက သံမဏိကဲ့သို့ မာကျောမှုဖြင့် ကြာပွတ်ရိုက်လိုက်သလို ပြတ်သားစွာ ထွက်ပေါ်လာသည်။

'တစ်လက်မကလေးတောင်မှ မလှုပ်လိုက်ပါနဲ့ ဒေါက်တာဟိုး... ဟုတ်ပြီ ခင်ဗျားတပည့်ကို သူ့လက်ထဲက သေနတ်ချထားဖို့ပြောလိုက်ပါ... သူ့ဆီကနေဆိုရင် သူ ကျုပ်ကို မမြင်နိုင်ဘူး... ခင်ဗျားကိုယ်က ကာထားနေတယ်...'

ဒေါက်တာဟိုးဆီမှ ဘာသံမှ ထွက်မလာတော့ချေ။

'ကျုပ် သုံးအထိရေမယ်... သုံးရောက်လို့မှ ခင်ဗျားလူက လက်ထဲကသေနတ်ကို မချရင် ခင်ဗျား... ဒီနေရာမှာတင် ပွဲချင်းပြီး သေရတော့မှာပဲ... တစ်...'

တင်မောင်ဆွေ့မျက်လုံးများထဲသို့ ဒေါက်တာဟိုးက စိုက်ကြည့်နေလိုက်သည်။ ထိုမျက်လုံးများထဲတွင် သူ၏သေခြင်းကို ဒေါက်တာဟိုးက ထင်ရှားစွာ တွေ့လိုက်ရ၏။

'ဟေ့... ထွန်းရီ... မင်းလက်ထဲက သေနတ်ကို လွှတ်ချလိုက်စမ်း...'

ဒေါက်တာဟိုးက ကပျာကယာ အမိန့်ပေးလိုက်ရာ ကြမ်းပြင်ပေါ်သို့ ဒုတ်ခနဲ ကျသွားသံက ထွက်ပေါ်လာသည်။

'ဟိုအကောင်က သေနတ်လွှတ်ချလိုက်ပြီလား ဂျင်မီ...'

တင်မောင်ဆွေက ဂျင်မီ့အား လှမ်းမေးလိုက်ရာက ဂျင်မီ





၏ ပြန်ဖြေသံက ချက်ချင်းပင် ထွက်ပေါ်လာ၏။

'ဟုတ်ကဲ့... ကိုဆွေ...'

'ကဲ... ထွန်းရီ... တယ်လီဖုန်းရှိတဲ့ အခန်းထောင့်မှာ သွားရပ်နေလိုက်စမ်း...'

ထွန်းရီအား သူကောင်းစွာ မြင်ရနိုင်သောနေရာတွင် ထားလိုက်ပြီးနောက် တင်မောင်ဆွေက ဆက်၍ အမိန့်ထုတ်ပြန်သည်။

'ကဲ... ဒေါက်တာဟိုး... ခင်ဗျားကကော ခင်ဗျားတပည့်ဘေးမှာ သွားရပ်နေလိုက်ပါ... ပြီးတော့ မသေချင်ကြသေးရင် ပကတိ ငြိမ်ငြိမ်ကလေးတွေ ရပ်နေလိုက်ကြပါ...'

တင်မောင်ဆွေသည် ဒေါက်တာဟိုးနှင့် ထွန်းရီတို့ ဆရာတပည့်နှစ်ယောက်ကို သူ ကောင်းစွာ မြင်နိုင်သောနေရာတွင် ထားလိုက်ပြီးနောက် အခန်းတံခါးဘေးတွင် အသာ ရပ်စောင့်နေလိုက်သည်။

ခဏကြာလျှင် အခန်းတံခါးက ပွင့်လာကာ အထဲသို့ ကတုံးပြောင်နှင့်လူက လက်ထဲတွင်မျက်နှာသုတ်ပဝါ တစ်ထွေ့တစ်ပိုက်ကြီးဖြင့် အထဲသို့ လှမ်းဝင်လိုက်သည်။ ၎င်းအထဲသို့ရောက်လျှင် တင်မောင်ဆွေက တံခါးကို ညင်သာစွာပြန်ပိတ်လိုက်၏။

ထိုအခါမှ ကတုံးပြောင်က ၎င်းအား တွေ့သွားကာ ထခုန်လိုက်ပြီး ပါးစပ်ကြီးအဟောင်းသား ဖြစ်သွားတော့သည်။

'အင်း... ဘိုးကတုံး မင်းဟာ အမြင့်ကို ဆက်လေ့ကျင့်ရင် အလားအလာတွေ ရှိပါတယ်... ဒါပေမဲ့ အခုတော့ မင်းဆရာကြီးရပ်နေတဲ့ အခန်းထောင့်ကိုသာ လျှောက်သွားပြီး ငြိမ်ငြိမ်ကလေး ရပ်နေလိုက်စမ်းပါ...'



www.burmeseclassic.com

www.burmeseclassic.com



(၈)

'ဒါမှ ကိုယ်တို့ တင်မောင်ဆွေကွ…'

ဂျင်မီစမတ်က အားရလှစွာ ကြွေးကြော်လိုက်ခြင်း ဖြစ်သည်။ တင်မောင်ဆွေက ပြုံးလိုက်၏။

'ကဲ… ဖိုးဂျင်မီ… ဒီဘက်ကို လျှောက်ခဲ့စမ်းကွာ… မင်းလက်က ကြိုးတွေကို ငါဖြည်ပေးမယ်… ပြီးတော့ ဒီကြိုးတွေနဲ့ပဲ မင်းက သူတို့ရဲဘော်သုံးယောက်ကို ပြန်တုပ်…' ဘေးခုန်လိုက်စမ်း ဂျင်မီ…'

တင်မောင်ဆွေက နောက်ဆုံးစကားများကို အရေးတကြီး အော်ပြောလိုက်ခြင်း ဖြစ်သည်။ ဂျင်မီကလည်း ဘေးသို့လွှားခနဲ ခုန်လိုက်ရင်းကပင် တင်မောင်ဆွေဘာကြောင့် အမိန့်ပေးလိုက်သည်ကို နားလည်းလည် ကြားလည်းကြားလိုက်ရလေ၏။

ဂျင်မီက တင်မောင်ဆွေ့ဆီသို့ လျှောက်အလာတွင် တဒင်္ဂအားဖြင့်တော့ တင်မောင်ဆွေနှင့် ဒေါက်တာဟိုးတို့အကြားဖြတ် လျှောက်မိလျက်သား ဖြစ်သွားသည်။ ဤအချိန်ကလေးကိုပင် ဒေါက်တာဟိုးက လက်မလွှတ်တမ်း အသုံးချလိုက်ခြင်းဖြစ်၏။ ၎င်းသည် ဘေးတွင်ရှိနေသော တယ်လီဖုန်းကို ကောက်ကိုင်ကာ တင်မောင်ဆွေ့ဘက်သို့ တအား လှမ်းပေါက်လိုက်ခြင်းဖြစ်သည်။

တယ်လီဖုန်းသည် ဂျင်မီ့ဦးခေါင်းကို ဗိုခနဲ ဖြတ်ကျော်သွားလေသည်။ သို့ရာတွင် တင်မောင်ဆွေကိုလည်း မထိမှန်။ တင်မောင်ဆွေက ဘေးတစ်ဖက်သို့ အသာတိမ်းရှောင်လိုက်ရသဖြင့် နံရံကိုသာ ဒေါက်ခနဲ သွားမှန်ကာ ကြမ်းပြင်ပေါ်သို့သာ ကျသွားသည်။





ဒေါက်တာဟိုးနှင့် တပည့်နှစ်ယောက်သည် ရှေ့သို့ တိုးလာကြရာ တင်မောင်ဆွေ၏ တည်ငြိမ်သော သေနတ်ပြောင်းဝကို တည့်တည့်ကြီး ရင်ဆိုင်လိုက်သဖြင့် တုံ့ခနဲ ရပ်သွားကြလေတော့သည်။

'ကိုဆွေကလည်းဗျာ… 'ဒီကောင်ကြီးကို တစ်ခါတည်း အသေပစ်သတ်လိုက်ရောပေါ့…'

ဂျင်မီက မချင့်မရဲအသံကြီးဖြင့် ပြောလိုက်ကာ ဒေါက်တာဟိုးအား မကျေမချမ်း ကြည့်လိုက်သည်။ တင်မောင်ဆွေက ရယ်မောလိုက်၏။

'သူ့ကို ပစ်သတ်လိုက်ရင် သိပ်ကိုလွယ်သွားမှာပေါ့ ဂျင်မီ… ပြီးတော့ သူ့ကို တို့က အသုံးပြုစရာရှိနေသေးတယ်လေ…'

တင်မောင်ဆွေက ပြောပြောဆိုဆိုပင် သူ့အနီးသို့ ကပ်လာသော ဂျင်မီစမတ်လက်မှ ကြိုးတွေကို ဖြည်ပေးလိုက်လေ၏။ ဂျင်မီက ကြမ်းပြင်ပေါ်တွင် ကျနေသော ထွန်းရီ၏သေနတ်ကို ကောက်ယူလိုက်မည်ပြုရာ တင်မောင်ဆွေက လှမ်းတားထားလိုက်သည်။

'သေနတ်ကို ကြမ်းပြင်ပေါ်မှာဘဲ ထားလိုက်ပါဦး ဂျင်မီ မင်းအကျီအိတ်ထဲကနေ ထောင်ကဲကြီးက ငါ့အတွယူပြီး နှိုက်သွားဦးမယ်… သူတို့ကိုသာ မလှုပ်နိုင်အောင် ကြိုးနဲ့တုပ်ထားလိုက်…'

ဂျင်မီစမတ်က ဒေါက်တာဟိုးနှင့် ၎င်း၏တပည့်နှစ်ယောက်ကို ကြိုးနဲ့တုပ်နှောင်ပြီးသည့်အခါတွင် တင်မောင်ဆွေက စောနမာလာ၏ လက်တွင်ချည်နှောင်ထားသော ကြိုးတွေကိုသူ၏ ဒေဝီဓားမြှောင်ကလေးဖြင့် ဖြတ်တောက်ပေးလိုက်သည်။ ပြီးနောက် ဒီဝရာနန်



www.burmeseclassic.com

www.burmeseclassic.com



၏အလှည့်…

ဇီဝရာနန်းမှာ လေခသော သစ်ရွက်ကလေးတစ်ရွက်လို တဆတ်ဆတ် လှုပ်ခါလျက်ရှိနေသည်။ တင်မောင်ဆွေက ၎င်း၏ လက်မောင်းတစ်ဖက်ကို အသာဖျစ်ညှစ်လိုက်ပြီးမှ စောနုမာလာဘက်သို့ လှည့်၍ ကြင်နာစွာကြည့်လိုက်၏။

စောနုမာလာ… ဘယ့်နှယ်နေသလဲ…’

‘ကျွန်မ ဘာမှမဖြစ်ပါဘူး ကိုတင်မောင်ဆွေ…’

စောနုမာလာက ပကတိ တည်ငြိမ်သောအသံကလေးဖြင့် ပြန်ဖြေလိုက်၏။

‘စောနုမာလာရဲ့ သတ္တိမျိုးကတော့ တကယ့်ကို ရှာမှရှားပဲ… ကဲ… ဒီလိုဆိုရင် စောနုမာလာကို ကျွန်တော်တာဝန်တစ်ခု ပေးပါရစေ…’

‘ဘာတာဝန်လဲ… ကိုတင်မောင်ဆွေ…’

‘ပထမ ဟောဟိုကြမ်းပေါ်က သေနတ်ကို ကောက်ယူလိုက်ပါဦး… စောနုမာလာ…’

စောနုမာလာက ကြမ်းပြင်ပေါ်မှ ထွန်းရီ၏သေနတ်ကို ကောက်ယူလိုက်ပြီးသည့်နောက်တွင် လက်ထဲတွင် ချိန်ဆကြည့်နေလိုက်၏။

‘ဒီသေနတ်ကို ပစ်တတ်ရဲ့လား… စောနုမာလာ…’

‘ကျွန်မ အသက်၁၃နှစ်ထဲက သေနတ်ပစ်သင်ထားခဲ့တာပဲ ကိုတင်မောင်ဆွေ…’

‘ဒီလိုဆိုရင် စောနုမာလာက ဒီမနုဿသုံးယောက်ကို ၁၅မိနစ်လောက် တစ်ယောက်တည်း စောင့်ကြည့်နေနိုင်ပါ့မလား၊





သူတို့ယီးတီးယားတားလုပ်လာရင် ဘာမှစဉ်းစားမနေဘဲ အသေသာ ပစ်ထည့်လိုက်ပေတော့ အဲ… တစ်ခုတော့ရှိတယ်။ ဒေါက်တာဟိုး ကိုတော့ အသေပစ်မသတ်လိုက်နဲ့ဦးနော်…’

‘စိတ်ချပါ… ကိုတင်မောင်ဆွေ…’

‘ကျုပ် အခုပဲ ပြန်လာခဲ့ပါ့မယ်… ကျုပ်မှာ အရေးတကြီး လုပ်စရာကလေးတစ်ခု ရှိနေသေးတယ်လေ…’

ဂျင်မီစမတ်က တင်မောင်ဆွေ့အား ဘာမှမမေးနိုင်ခင်မှာပင်၊ ၎င်းသည် အခန်းထဲမှ လှစ်ခနဲပြေးထွက်သွားခဲ့ပြီ ဖြစ်သည်။

တကယ်တော့ တင်မောင်ဆွေတွင် အမှန်ပင် အရေးတကြီး ဆောင်ရွက်စရာ ကိစ္စတစ်ခု ရှိနေ၏။ အခြားမဟုတ် ဆေးစံနောက်သို့ အချိန်မီလိုက်ပြီး သူ့ကားကို အရပြန်ယူဖို့ဖြစ်သည်။

ဒေါက်တာဟိုးက ပါးနပ်လှတော့သည်။ ခုနက တင်မောင်ဆွေအား တယ်လီဖုန်းနှင့် လှမ်းပေါက်ခဲ့ခြင်းတွင် ၎င်း၌ အခြားရည်ရွယ်ချက်တစ်ခုကလည်း ဘယ်နည်းနဲ့မှ အသုံးမပြုနိုင်တော့အောင်ပင် ဖြစ်လေသည်။

သူ့အကြံအစည်ကို လက်တွေ့ဆောင်ရွက်ရန် ၎င်း၏ ညာလက်ရုံးကြီး ဟုတ်စိန်က ထွက်သွားခဲ့ပြီဖြစ်ရာ တင်မောင်ဆွေက ၎င်းအား တတ်နိုင်သည့်နည်းဖြင့် တားဆီးဖို့ကြိုးစားမည်ကို ဒေါက်တာဟိုးက နားလည်ထားနေပေ၏။ သို့ကြောင့်ပင် တင်မောင်ဆွေအတွက် ပို၍ပင် ခက်ခဲသွားစေရန်အတွက် သူက တယ်လီဖုန်းကို ဖျက်လိုက်ခြင်းဖြစ်လေ၏။

ပါးနပ်ကောက်ကျစ်လှသော ဒေါက်တာဟိုး…

တင်မောင်ဆွေက အိမ်ကြီးထဲမှထွက်ကာ ဝင်းခြံတံခါးဝ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ခြေကုန်သုတ်၍ ပြေးခဲ့သည်။ သူနှင့်စောနမာလာအား ဟုတ်စိန်က ခေါ်ဆောင်ခဲ့စဉ်က ဂျင်မီစမတ်၏ စက်အားကောင်းလှသော ကားကြီး ဂိတ်ဝတွင် ရပ်ထားသည်ကို သူ သတိပြုမိခဲ့ပေသည်။

ယခု ထိုကားကြီးကို ဆေးစံက မြကန်သာလမ်းသို့အဆင်း ချောက်ထိပ်မှ မောင်းချပစ်တော့မည် ဖြစ်သည်။ ဒါကို တင်မောင်ဆွေက အမီလိုက်နေခြင်းဖြစ်၏။ ဒေါက်တာဟိုးက ပေးလိုက်သောတာဝန်ကို ထမ်းဆောင်ရန်အတွက် ထွက်ခွာသွားသည့် ဟုတ်စိန်နောက်ကို အမီလိုက်နိုင်ဖို့အတွက် သူက ဤအားကောင်းလှသော ကားကြီးကို လိုပေသည်။

သို့ရာတွင် ဝင်းခြံကြီး၏ဂိတ်ဝသို့ ရောက်သွားသောအခါတွင်တော့ ထိုကားကြီးကို တင်မောင်ဆွေက မတွေ့ရတော့ပေ။ တင်မောင်ဆွေက တုံ့ဆိုင်းမနေတော့ဘဲ… မြကန်သာလမ်းသို့ဆင်းသည့် ချောက်ကမ်းပါးထိပ်သို့ ခြေကုန်သုတ်ပြေးသွားခဲ့ပြန်သည်။

ချောက်ထိပ်နားသို့ ရောက်သွားလျှင်ပင် ရုတ်တရက် ကားစက်နှိုးလိုက်သံက ထွက်ပေါ်လာသည်။ တင်မောင်ဆွေက ထပ်မံအားထုတ်၍ ပြေးလိုက်ပြန်ကာ လှမ်း၍ပင် အော်လိုက်မိသေး၏။

သို့သော် နောက်ကျခဲ့လေပြီ။ သူက ပြေးသွားစဉ်ပင် ကားကြီးက ချောက်ထဲသို့ ထိုးကျသွားသံကို ဂိုန်းခနဲ ကျယ်လောင်စွာ ကြားလိုက်ရတော့သည်။

တင်မောင်ဆွေက မှောင်ရိပ်တွင်ရပ်ကာ အသင့်စောင့်နေလိုက်သည်။ မော်တော်ကားကို မမှီတော့သည့်တိုင်… ဆေးစံတစ်ယောက်ကတော့ ရှိနေသေးသည် မဟုတ်လား…

ဆေးစံသည် ချောက်ထိပ်တွင်ရပ်လျက် ချောက်အောက်





သို့ ခေတ္တမျှ ငုံ့ကြည့်နေလိုက်သည်။ ပြီးမှ ကျေနပ်သွားသည့်အလားခေါင်းကိုတစ်ချက်ညိတ်လိုက်ကာ ပြန်လှည့်လျှောက်လာရာတွင် တင်မောင်ဆွေက မှောင်ရိပ်ထဲမှနေ၍ ၎င်းရှေ့သို့ ရုတ်တရက် လှမ်းထွက်လိုက်လေသည်။

'ရဲဘော်ကြီးဆေးစံ…'

ဆေးစံသည် ခြေလှမ်းများ တုံ့ခနဲ ရပ်သွားတော့ကာ တင်မောင်ဆွေအား ပါးစပ်ကြီးအဟောင်းသားနှင့် ငေးကြည့်နေလိုက်သည်။ ၎င်းသည် သူ့မျက်စိကို သူယုံကြည်နိုင်ပုံမရချေ။

'မင်းက ငါ့ကားကို ချောက်ထဲမောင်းချလိုက်တဲ့အတွက် ဟောဒီလို ဆုပေးရဦးမယ်…'

တင်မောင်ဆွေက ပြောပြောဆိုဆိုပင် ဘယ်ဝိုက်လက်သီးတစ်လုံးကို ဆေးစံ၏ဝမ်းဗိုက်ထဲသို့ ပခုံးအားဖြင့် ဖိ၍သွင်းလိုက်ကာ ရှေ့သို့ငုံ့ကျလာသည့် ၎င်း၏မေးရိုးကို ညာပင့်လက်သီးဖြင့် တအားဆီးကြိုလိုက်ပြန်တော့ရာ ဆေးစံခမျာ စကားတစ်ခွန်းမှမပြောနိုင်ဘဲ အရုပ်ကြိုးပြတ်ပုံလဲကျလျက် ငြိမ်သက်နေပေတော့သည်။

(ဃ)

တင်မောင်ဆွေက အိမ်ကြီးဆီသို့ ခပ်သုတ်သုတ် ပြန်လျှောက်လာရင်းက သူ့ရှေ့ခြေလှမ်းကို တွေးနေလိုက်သည်။ သူ့ရှေ့ခြေလှမ်းကတော့ ရှင်းလျက်ရှိနေသည်။

ဒေါက်တာဟိုးက တာဝန်ပေးလွှတ်လိုက်သော ဟုတ်စိန်နောက်သို့ အမီလိုက်၍ ၎င်းအား အချိန်မီတားဆီးနိုင်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ၎င်းနောက်သို့ လိုက်နိုင်သည့် ယာဉ်ကရှိမနေတော့။ ပြီးတော့လည်း ၎င်းဘယ်ကိုသွား၍ ဘာလုပ်မည်ဆိုသည်ကိုလည်း တင်မောင်ဆွေက အတိအကျ သိရသေးသည် မဟုတ်ချေ။

'ဘယ့်နှယ်လဲ ကိုဆွေ… ကားကိုလိုက်မမိရဲ့လား…'

တင်မောင်ဆွေ ဘာလုပ်ဖို့ အရေးတကြီးထွက်သွားသည်ကို ရိပ်မိသော ဂျင်မီက တင်မောင်ဆွေ အခန်းထဲသို့ဝင်လာလာချင်း မေးလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းပြလိုက်၏။

'မင်းကားတော့ အခုဆိုရင် ချောက်ထဲမှာ သံတိုသံစဖြစ်နေပြီဂျင်မီ…'

တင်မောင်ဆွေက ပြန်ဖြေလိုက်ပြီးနောက် အခန်းအလယ်တွင် ငြိမ်သက်စွာရပ်ကာ ဒေါက်တာဟိုးအား စိန်းစိန်းကြီး စိုက်ကြည့်၍ နေလိုက်သည်။ ဒေါက်တာဟိုးကလည်း သူ့အား မုန်းတီးစက်ဆုပ်လှသော အမူအရာ အထင်အရှားဖြင့် ပြန်ကြည့်နေလိုက်၏။

'ကဲ… ဒေါက်တာဟိုး… ခင်ဗျား ဟုတ်စိန်ကို ဘာတာဝန်ပေးပြီး ဘယ်ကိုလွှတ်လိုက်တယ်ဆိုတာ ခင်ဗျားက အေးအေးသက်သာ ပြောပြမလား… ဒါမှမဟုတ် ကျုပ်က ခင်ဗျားပြောပြအောင် မေးရမလား…'

ဒေါက်တာဟိုး၏ ခပ်လှောင်လှောင်ရယ်မောလိုက်သံကြီးက အခန်းထဲတွင် ဟိန်း၍ ထွက်ပေါ်လာသည်။

'ဟုတ်စိန်ကို ငါက ဘာတာဝန်ပေးပြီး ဘယ်ကိုလွှတ်လိုက်တယ်ဆိုတာ မင်းသိရဦးတော့ မင်းဘာများလုပ်နိုင်ဦးမယ်လို့ထင်သလဲ တင်မောင်ဆွေ… မင်းဘာမှ တတ်နိုင်တော့မယ် မဟုတ်ဘူး…





ငါ့အကြံအစည်ကို ဒီတစ်ခါ မင်းဘယ်လိုမှတားနိုင်တော့မှာ မဟုတ်ဘူး…'

ဤနေရာတွင် ဇီဝရာနန်က တစခန်းထလာတော့သည်။ သူသည် ရုတ်တရက် ဒေါက်တာဟိုး၏ရှေ့နားသို့ လျှောက်သွားကာ ၎င်း၏ ဘာသာစကားဖြင့် ဒေါသတကြီး အော်ဟစ်ပြောဆိုနေရာက ဒေါက်တာဟိုးက ပြန်မဖြေလျှင် မျက်နှာကို လက်ဝါးဖြင့် လေးငါးချက်ဆင့်၍ ရိုက်နေလိုက်သည်။ စောနမာလာက ခပ်ဆတ်ဆတ်အသံကလေးဖြင့် တစ်စုံတစ်ရာကို ပြောလိုက်တော့မှ ဇီဝရာနန်က အရိုက်ရပ်လေတော့ကာ စောနမာလာဘက်သို့လှည့်၍ တစ်စုံတစ်ရာ ပြန်ပြောနေလိုက်သည်။

'မင်းကို ငါအသေသတ်ဖြစ်အောင် သတ်မယ် ဇီဝရာနန်…'

ဒေါက်တာဟိုးက တလက်လက် ဖေ ါက်ပနေသော မျက်လုံးကြီးတွေဖြင့် ဇီဝရာနန်အားစူးစိုက်ကြည့်ရှုရာက တည်ငြိမ်သော အသံကြီးဖြင့် ပြောလိုက်သည်။

'မင်းကများ ငါ့ကို သတ်နိုင်ဦးမယ် ထင်သလား ခွေးကြီး မင်းကို ငါက မနက်ဖြန်ကျရင် နိုင်ငံသစ္စာဖောက်တစ်ယောက်အနေနဲ့ ငါတို့တိုင်းပြည်ကို ငါကိုယ်တိုင်ဖမ်းခေါ်သွားတော့မှာ… ဟိုကျတော့ ခုံရုံးတင်စစ်ပြီး လူတွေရှေ့မှောက်မှာ ခေါင်းဖြတ်ကွပ်မျက်ပစ်ရမယ်…'

ထိုအတွင်း တင်မောင်ဆွေက ဘယ်လိုမှဝင်မစွက်ဘဲ ဒေါက်တာဟိုး၏ စားပွဲကြီးဆီသို့သာ လျှောက်သွားကာ စားပွဲပေါ်မှ စောစောက ဒေါက်တာဟိုး ကြည့်ရှုလေ့လာနေခဲ့သည့် မြေပုံကို



www.burmeseclassic.com

www.burmeseclassic.com



ယူကြည့်နေလိုက်သည်။ မြေပုံမှာ ယခုသူတို့ရောက်ရှိနေရသော နယ်မြေ၏ အသေးစိတ်မြေပုံဖြစ်နေသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။

ဒေါက်တာဟိုးသည် သေလာချမ်းမြမှနေ၍ လေယာဉ်ကွင်းဆီသို့ ကားလမ်းကိုခဲတံအနီဖြင့် လိုက်၍မှတ်သားထား၏။ လေယာဉ်ကွင်းသို့မရောက်ခင် တံတားကလေးတစ်ခုကို မြေပုံပေါ်တွင်ဖော်ပြထားသည်ဖြစ်ရာ ထိုတံတားကလေးကိုလည်း ဒေါက်တာဟိုးက ခဲတံအနီဖြင့် ကြက်ခြေခတ်ပြထားပြီး ဘေးတွင် နံနက်ခြောက်နာရီဟု ရေးမှတ်ထား၏။

မြေပုံကို လေ့လာရင်းက တင်မောင်ဆွေသည် ဒေါက်တာဟိုး၏အကြံအစည်ကို သဘောပေါက်လာတော့သည်။ ဒေါက်တာဟိုးက ဟုတ်စိန်အား မီးခံသေတ္တာထဲမှ ထုတ်၍ ပေးလိုက်သောသံသေတ္တာပြားပြား၍ရှည်ရှည်လေး နှစ်လုံးကိုလည်း သတိရလာမိသည်။

တင်မောင်ဆွေက ဂျင်မီစမတ်အား မော့ကြည့်လိုက်သည်။

'ဂျင်မီ… ဒီမှာ လာကြည့်စမ်း…'

ဂျင်မီစမတ်ကလည်း တင်မောင်ဆွေဘေးသို့ ခပ်သွက်သွက်ကြီး ရောက်လာသည်။

'ဒီမြေပုံမှာ ဒေါက်တာဟိုးရေးမှတ်ထားတာကို ကြည့်ပြီးမင်းဘယ်လို သဘောပေါက်သလဲ…'

ဂျင်မီက မျက်မှောင် မသိမသာကုတ်ကာ မြေပုံကိုလေ့လာကြည့်ရှုနေလိုက်၏။ ပြီးလျှင် သဘောပေါက်လာသော အမူအရာဖြင့် တင်မောင်ဆွေအား ဆတ်ခနဲ မော့ကြည့်လိုက်သည်။

'ကိုဆွေ… ခုနက ဒီကောင်ကြီး ဟုတ်စိန်ကိုပေးလိုက်





တာဟာ မိုင်းဗုံးတွေမဟုတ်လား…'

တင်မောင်ဆွေက ဆတ်ခနဲခေါင်းညိတ်ပြလိုက်၏။

'ဒီလိုဆိုရင် ဒီမသာကြီးဟာ ဒီကနေ လေယာဉ်ပျံကွင်းကိုအသွားမှာ ဖြတ်ရတဲ့တံတားကို မနက်ခြောက်နာရီတိတိမှာ မိုင်းဗုံးနဲ့ဖောက်ခွဲဖို့တာဝန်ကို ဟုတ်စိန်ကို ပေးလိုက်တာပဲ…'

❖ ❖ ❖

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

- ၁၃ -

## အပက်စက်ဆုံး အကြံကြီး

(က)

ဂျင်မီစမတ် စကားအဆုံးတွင် တစ်ခန်းလုံး ငြိမ်ကျသွားလေသည်။ ဂျင်မီ့စကားများကြောင့် ဇီဝရာနန်နှင့် စောနမာလာတို့သည် ခေတ္တမျှ ကြက်သေ သေနေကြသည်။ ဒေါက်တာဟိုးကတော့ ဘာမှမပြော။ တင်မောင်ဆွေအား ဘာတတ်နိုင်သေးသလဲဟူသော အမူအရာဖြင့် ကြည့်နေလိုက်သည်။

ထိုစဉ်မှာပင် စောနမာလာထံမှ အာမေဋိတ်တစ်ခုက ပေါက်ကွဲထွက်လာသည်။

'မြတ်စွာဘုရား… သူ့အကြံက ပက်စက်လှချေကလား'

တင်မောင်ဆွေက စောနမာလာအား ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

စောနမာလာကတော့ မျက်နှာကလေး ဖြူရော်လျက်ရှိနေ





ရာက အင်မတန် ထိတ်လန့်တုန်လှုပ်သော အမူအရာကလေးဖြင့် ဒေါက်တာဟိုးအား စူးစိုက်ကြည့်ရှုနေသည်။

'ဘာဆိုလိုတာလဲ စောနမာလာ…'

တင်မောင်ဆွေက တည်ငြိမ်သော အသံဖြင့်လှမ်းမေးလိုက်မှ သူမက တင်မောင်ဆွေ့အား ဖြည်းညင်းစွာ လှည့်ကြည့်လိုက်သည်။

'ကျွန်မတို့ရဲ့နိုင်ငံ အဓိပတိ ဘုရင်ကြီးမဟာစန္ဒကဟာ မြန်မာပြည်ကို လာလည်ဖို့ စီစဉ်ထားတယ်… ဒါပေမဲ့ ဒါပေမဲ့ အခမ်းအနားနဲ့ လာမှာမဟုတ်ဘူး… အညတရတစ်ယောက် အနေနဲ့ သာမန်လာမှာ… သူဟာ ဒီကနေ့မနက် လေယာဉ်ပျံကွင်းကိုရောက်မယ်… အဲဒီကမှ ကားနဲ့ခရီးထပ်ဆက်မယ်… ဒါကို ထိပ်တန်းလျှို့ဝှက်ထားပေမယ့် မင်းသားကြီး ဝဇ္ဇာချုန်ဒရာက သိသွားခဲ့ပြီး… ဒေါက်တာဟိုးကို အသိပေးခဲ့ပါလိမ့်မယ်…'

တင်မောင်ဆွေက ခေါင်းကိုဖြည်းညင်းစွာ ညိတ်လိုက်၏။

'အင်း… ဒေါက်တာဟိုးရဲ့ အယူတ်မာ အပက်စက်ဆုံး အကြံကြီးပဲပေါ့… စောနမာလာတို့ရဲ့ နိုင်ငံအဓိပတိက ကျွန်တော်တို့ဆီကို မထင်မရှား လာလည်တဲ့အချိန်မှာ သူဟာ အလုပ်ကြံခံရလို့ရှိရင် နှစ်နိုင်ငံချစ်ကြည်ရေးဟာ ပျက်ပြားသွားရပြီး ဆက်ဆံရေးတင်းမာလာနိုင်တယ်… အကိုင်အတွယ်မတတ်ရင် သူလိုလားတဲ့အတိုင်း စစ်တောင်ဖြစ်လာနိုင်မယ်….'

ဒေါက်တာဟိုးက အောင်မြင်သောအသံကြီးဖြင့် ရယ်မောလိုက်၏။

'ဟုတ်တယ်လေ… ဒါဟာ ငါ့ရဲ့အပြောင်မြောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်ကြီးတစ်ခုပဲပေါ့… ဒီအကြံအစည်ဟာ မုချလည်းအောင်မြင်ရတော့မယ်… မင်းတို့ ဘယ်လိုမှ တားဆီးလို့လည်းရတော့မှာမဟုတ်ဘူး… ဒီကနေ့မနက်မှာ ဘုရင်ကြီးမဟာစန္ဒက,ဟာ မိုင်းဖုံးလက်ချက်နဲ့ မုချသေရတော့မယ်…'

ဒေါက်တာဟိုးက အားရကျေနပ်စွာ ပြောလိုက်ရာက အောင်မြင်သော အသံကြီးဖြင့် ရယ်မောလိုက်ပြန်သည်။ စောနုမာလာကတော့ တင်မောင်ဆွေ့အား အားကိုးသော အမူအရာကလေးဖြင့် လှမ်းကြည့်လိုက်သည်။

'ကိုတင်မောင်ဆွေ… ရှင် ဘာမှမတတ်နိုင်တော့ဘူးလား ဟင်… ကျွန်မတို့ ဘုရင်ကြီးလုပ်ကြံခံရတော့မယ့် ရန်ကို ရှင် ဘယ်လိုမှ မကာကွယ်နိုင်တော့ဘူးလား…'

တင်မောင်ဆွေက စောနုမာလာအား တစ်ချက်စူးစိုက်ကြည့်လိုက်ရာက ချက်ချင်းပင် စိတ်ဆုံးဖြတ်ချက် ချလိုက်သည်။

ယခု အိမ်ကြီး၏ဝင်းခြံထဲတွင် ဟုတ်စိန်နောက်သို့ လိုက်သွားနိုင်စရာ ယာဉ်ဆို၍ ဘာယာဉ်မှရှိမနေတော့ပေ။ အချိန်ကလည်း နံနက်လေးနာရီကျော်နေပြီဖြစ်ရာ ယာဉ်ကိုရအောင် ရှာ၍လိုက်သွားနိုင်ဦးတော့ အချိန်ကနောက်ကျနေပြီ ဖြစ်လေ၏။

ဒါကိုတွေးလျက် တင်မောင်ဆွေက ဆုံးဖြတ်ချက်တစ်ခု ချလိုက်ခြင်းဖြစ်သည်။

ယခုကိစ္စတွင် သူတစ်ယောက်တည်းဆက်၍ လူစွမ်းကောင်းလုပ်နေ၍ ဖြစ်တော့မည်မဟုတ်ပေ။ ကိစ္စကလည်းနိုင်ငံနှင့် ပတ်သက်၍လာနေပြီဖြစ်၏။

ယခင်ကဆိုလျှင်တော့ သူ ဝင်ရောက်စွက်ဖက်နေသော





ကိစ္စသည် စောနုမာလာတို့ ဇီဝရာနန်တို့၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် သူတို့နိုင်ငံနှင့်ပတ်သက်သော ကိစ္စတစ်ရပ်သာ ဖြစ်ခဲ့၏။ ထို့ကြောင့်လည်း တင်မောင်ဆွေက ထိုကိစ္စထဲတွင် တစ်ကိုယ်တော်အနေဖြင့် သူ့ဘာသာသူ ဝင်စွက်ခဲ့ခြင်းဖြစ်၏။ သက်ဆိုင်ရာ အာဏာပိုင်တွေအား သူက ဘယ်လိုမှအကြောင်းမကြားခဲ့။ အကူအညီတောင်းလျှင်လည်း ရမည်မဟုတ်သည့်အတွက် တောင်းဖို့မစဉ်းစားခဲ့ချေ။

သို့ရာတွင် ယခုမှာတော့ အခြေအနေက တစ်မျိုးပြောင်းလဲလာရပေပြီ။ ဒေါက်တာဟိုးသည် ပက်စက်လှစွာဖြင့် အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံ၏ အဓိပတိကြီးကို မြန်မာ့မြေပေါ်တွင် လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်ထားခဲ့ပေပြီ။ ထိုပက်စက်လှသော အကြံအစည်ကြီးကသာ အောင်မြင်သွားခဲ့ပါက အခြေအနေလည်း ရှုပ်ထွေးတင်းမာသွားပေမည်။ ထိုအကြံအစည်ကြီးကို တားမြစ်ဖို့မှာ မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် သူ့တာဝန်ဖြစ်နေပေတော့သည်။

သူတစ်ယောက်တည်း မတတ်နိုင်လျှင် သူ့အနေဖြင့် အနီးဆုံး အာဏာပိုင်များထံတွင် အကူအညီတောင်းရပေမည်။

သူက သူ့အား အသနားခံသော အမူအရာဖြင့် ကြည့်နေသော စောနုမာလာအား ပြုံး၍ ပြန်ကြည့်လိုက်သည်။

'မပူပါနဲ့ စောနုမာလာ၊ ကျွန်တော် တတ်နိုင်တာရှိပါသေးတယ်… ဒီကိစ္စမှာ ကျွန်တော်က သက်ဆိုင်ရာအာဏာပိုင်တွေဆီသွားပြီး အကူအညီတောင်းပေးပါ့မယ်။ ခုအခြေအနေမှာဆိုရင် ဒီကိစ္စကို သက်ဆိုင်ရာ အာဏာပိုင်တွေဆီမှာ အသိပေးပြီး၊ သူတို့ဆီက အကူအညီတောင်းဖို့ အချိန်ကျလာပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'သက်ဆိုင်ရာ အာဏာပိုင်တွေဆီမှာ အကြောင်းကြား အကူအညီတောင်းဖို့ အချိန်ရပါဦးမလားရှင်...'

စောနမာလာက စိုးရိမ်မှုမပြေသေးဘဲ ပြန်၍ စောဒက တက်လိုက်၏။ တင်မောင်ဆွေက နံရံကပ်နာရီကြီးဆီသို့ မော့ကြည့်လိုက်၏။

'အခုမှ လေးနာရီထိုးပြီး ငါးမိနစ်ကျော်ရုံရှိသေးတာပဲ။ ဒီတော့ နှစ်နာရီနီးပါး အချိန်ရှိနေပါသေးတယ်။ ဒီသေလာချမ်းမြ မှာ ကျွန်တော်တို့အစိုးရရဲ့ အကောက်ခွန်ဌာနခွဲနဲ့ ရဲတပ်စခန်းရှိနေ တာပဲ။ သူတို့ဆီကိုသွားပြီး အကြောင်းကြားရမှာပေါ့။ သူတို့က အကျိုးအကြောင်းအစုံအလင် သိကြရင် မုချ အကူအညီပေးကြမှာ ပါပဲ...'

တင်မောင်ဆွေ့စကားများကို ကြားရလျှင် ဒေါက်တာဟိုး သည် မျက်နှာကြီးမည်းသွားရာက ရုတ်တရက် လူသတ်ချင်သော မုန်းတီးစိတ်ကို ချုပ်ထိန်း၍ မရတော့သည့်အလား၊ တရုတ်ဘာသာ စကားဖြင့် တစ်စုံတစ်ရာကို အော်ဟစ်လိုက်ရာက ရှေ့သို့တိုးလာ သည်။ သို့ရာတွင် ဂျင်မီစမတ်က ရုတ်တရက် ၎င်းရှေ့တွင် ခြေတစ် ဖက် ထိုးခံလိုက်ရကား ဒေါက်တာဟိုးသည် ရှေ့သို့ဟပ်ထိုးကြီး လဲကျသွားတော့သည်။ တင်မောင်ဆွေကတော့ ဘယ်လိုမှအနှောင့် အယှက်မတွေ့ရသည့်အလား စကားဆက်ပြောနေလိုက်၏။

'ကဲ... ဒီတော့ကာ ကျွန်တော်နဲ့ဂျင်မီစမတ်က ရဲတပ် စခန်းကို အမြန်ဆုံးသွားကြမယ်။ စောနမာလာနဲ့ ဇီဝရာနန်ကို ဒီမှာ ပဲ အစောင့်ထားခဲ့ရမှာပဲ။ သေနတ်လည်းပေးထားခဲ့မယ်...'

တင်မောင်ဆွေသည် ကြမ်းပြင်ပေါ်မှ ကုန်းကုန်းကြီးပြန်





ထလာနေသော ဒေါက်တာဟိုးထံသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး မှ စကားဆက်ပြန်သည်။

'တကယ်လို့ ဒီကောင်ကြီးက နည်းနည်းကလေး ယီးတီး ယားတားလုပ်လာရင် ဘာမှညှာမနေနဲ့တော့ စောနမာလာ။ တစ်ခါ တည်းသာ အသေပစ်သတ်လိုက်ပေတော့...'

စောနမာလာက တည်ကြည်သော မျက်နှာကလေးဖြင့် ခေါင်းညိတ်လိုက်၏။ တင်မောင်ဆွေက သူ့ဂျာကင်အိတ်ထဲမှ သေနတ်ကို ထုတ်ယူကာ ဇီဝရာနန်အား လှမ်းပေးလိုက်၏။

'ကဲ... ဇီဝရာနန် ခင်ဗျားကို ကျုပ် စောနမာလာနဲ့အတူ ထားခဲ့မယ်... စိတ်ချပါရစေဗျာ...'

ဇီဝရာနန်က တင်မောင်ဆွေပေးသော သေနတ်ကို လှမ်းယူ ပြီး ဒေါက်တာဟိုးအား မုန်းတီးစက်ဆုပ်လှသော အမူအရာမျိုးဖြင့် စိုက်ကြည့်လိုက်၏။

'ဒီကောင်ကြီးကို ဘာလို့အရှင်ဆက်ထားတော့မှာလဲ။ တစ်ခါတည်းသာ အသေသတ်ပစ်လိုက်ရင် ပြီးတာပဲ...'

'ကျုပ်တို့တိုင်းပြည်မှာ တရားဥပဒေဆိုတာက ရှိပါသေး တယ် ဇီဝရာနန်။ လူတစ်ယောက်ကို သတ်ပစ်ချင်တိုင်း သတ်လို့ရ တာမဟုတ်ပါဘူး။ ကဲ... အချိန်မရှိဘူး၊ ကျုပ်တို့သွားမယ်။ လာ ဟေ့ ဂျင်မီ...'

(ခ)

တင်မောင်ဆွေနှင့် ဂျင်မီတို့သည် ဒေါက်တာဟိုး၏ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ကျောခိုင်းထားခဲ့ပြန်ပြီး လမ်းမကြီးအတိုင်းမလိုက်ဘဲ ကွင်းပြင် ချုံတောတွေကို ဖြတ်လျက် ခြေကုန်သုတ်ခဲ့ကြလေသည်။ ဒေါက်တာဟိုး၏အိမ်ကြီးမှာ သေလာချမ်းမြေမြို့ပြင် လေးမိုင်ကျော်အကွာတွင်ရှိနေသည်ဖြစ်ရကာ ကားလမ်းအတိုင်းလိုက်နေပါက အနည်းဆုံးတစ်နာရီအချိန်မျှတော့ ကုန်သွားမည်ဖြစ်လေသည်။

တင်မောင်ဆွေနှင့် ဂျင်မီတို့က ထို့ကြောင့်ပင် ဖြတ်လမ်းကို မှန်းဆလျက် ကွင်းတွေကိုကျော်ဖြတ်ပြီး တောင်ကုန်း ချောက်ကမ်းပါးတွေကို ကုတ်ကပ်တက်ဆင်းပြီး ခရီးကြမ်းနှင်ခဲ့ကြလေသည်။

တင်မောင်ဆွေကတော့ စိတ်ထဲတွင် တထင့်ထင့်ဖြစ်နေမိ၏။ ရဲတပ်စခန်းသို့ သူတို့ရောက်သွားကြလျှင် မည်သို့သောအခြေအနေကို ရင်ဆိုင်ရမည်နည်း။ အရေးအကြီးဆုံးကတော့ သူတို့၏ စကားကို ရဲတပ်စခန်းမှတာဝန်ရှိသူများ ယုံကြည်လက်ခံပြီး ပြုလုပ်စရာရှိသည်များကို ချက်ချင်းလက်ငင်းပြုလုပ်နိုင်ဖို့ပင်ဖြစ်လေ၏။

ရဲတပ်စခန်းတွင် လေယာဉ်ကွင်းနှင့် ဆက်သွယ်နိုင်မည့် အနည်းဆုံး တယ်လီဖုန်းတော့ ရှိနေရပေမည်။ တယ်လီဖုန်းဖြင့် အချိန်မီ လေယာဉ်ကွင်းသို့ဆက်သွယ်ပြီး စောနမာလာတို့၏ ဘုရင်ကြီးမဟာစန္ဒက ဆိုက်ရောက်လာပါက ကားဖြင့်ခရီးမဆက်သေးဘဲ လေယာဉ်ကွင်းတွင်ပင် ခေတ္တဆိုင်းငံ့ထားဆီးထားရန် ညွှန်ကြားချက် ပို့ပေးရပေမည်။ ထို့နောက် မိမိတို့သည် ရဲတပ်စခန်းမှ ရဲတပ်သားများကိုခေါ်ဆောင်ကာ ဟုတ်စိန်က မိုင်းဗုံးထောင်ထားသည့် တံတားဆီသို့ လိုက်သွားကြပြီး ဟုတ်စိန်အား အမိဖမ်းရပေမည်။ ၄င်းဗုံး





ကိုလည်း ရှင်းပစ်ရပေမည်။

နာရီဝက်ခန့်ကြာမျှ ခရီးနှင်မိကြလျှင် သူတို့သည် သေလာချမ်းမြေမြို့ထဲသို့သွားသော လမ်းခွဲသို့ ရောက်သွားကြလေသည်။ အဆင်သင့်ချင်တော့ မြို့ဘက်သို့ ဦးတည်၍ မောင်းနှင်လာသော ကုန်တင်ထရပ်ကားကြီးတစ်စီးနှင့် နှစ်ယောက်တိုးမိကြ၏။ သူတို့နှစ်ယောက်စလုံးက လမ်းလယ်တွင် ရပ်တားကြသည့်အတွက် ကုန်တင်ကားကြီးက ရပ်ပေးလိုက်လေသည်။

'ဒီမှာ မိတ်ဆွေ ခင်ဗျားဘာမှစကားများမနေပါနဲ့၊ သိပ်ကိုအရေးကြီးတဲ့ ကိစ္စရှိလို့ ကျုပ်တို့ပါ မြို့ထဲကိုလိုက်ခဲ့မယ်။ ဟိုကျတော့ ရဲတပ်စခန်းကိုသာ တိုက်ရိုက်မောင်းပို့ပေးပါတော့...'

တင်မောင်ဆွေက ကားဒရိုင်ဘာအား ထိုသို့ပြောပြီး ဒရိုင်ဘာခန်းတွင် နေရာမရှိတော့သည့်အတွက် ဒရိုင်ဘာခန်း၏ဘေးတစ်ဖက်တစ်ချက်တွင် တွယ်ကပ်ရပ်လျက် လိုက်ပါလာခဲ့ကြရာ ဆယ်မိနစ်အတွင်းတွင် ရဲတပ်စခန်းရှေ့သို့ သူတို့ ရောက်သွားကြလေသည်။

ရဲတပ်စခန်းတွင် ကင်းတာဝန်ကျနေသော ရဲတပ်သားကြီးသည်၊ တင်မောင်ဆွေ၏ ပြတ်သားစွာပြောသော စကားများကို နားထောင်လျက် ရဲတပ်စခန်းအတွင်းသို့ ဝင်ခွင့်ပြုလိုက်လေသည်။

'ဒီမှာ ရဲဘော်ကြီး တိုင်းပြည်နဲ့ချီပြီး အရေးကြီးနေတဲ့ ကိစ္စတစ်ခုရှိနေတယ်။ ဒီတော့ ကျုပ်စခန်းမှူးနဲ့ အမြန်ဆုံးတွေ့ပါရစေ'

ကင်းတပ်စခန်းတွင် တာဝန်ကျနေသော ဒုလုံမြို့ရေးမှူးအား တင်မောင်ဆွေက ပြောလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေ၏



www.burmeseclassic.com

www.burmeseclassic.com



အသွင်အပြင်ကို အကဲခတ်ပြီး ရဲတပ်ကြပ်ကြီးကလည်း ၄င်း၏နေအိမ်တွင် အိပ်ပျော်နေသော ရဲတပ်စခန်းမှူးအား လူစေလွှတ်အခေါ်ခိုင်းလိုက်လေသည်။

ရဲတပ်စခန်းမှူးကလည်း ချက်ချင်းပင် လိုက်လာကာ တင်မောင်ဆွေ့စကားများကို အရေးတယူ နားထောင်နေ၏။

'နောက်ဆယ်မိနစ်အတွင်းမှာ ခင်ဗျားရဲ့ပြုမူဆောင်ရွက်ချက်ဟာ တိုင်းပြည်နဲ့ကိုချီပြီးကို အရေးကြီးနေပါတယ်'

ဤစကားများဖြင့် အစချီကာ တင်မောင်ဆွေက လိုရင်းကို တိကျပြတ်သားစွာ ပြောပြလိုက်သည်။ ရဲတပ်စခန်းမှူးကလည်း သေချာစွာ ဂရုစိုက်နားထောင်ပြီးနောက် မေးခွန်းတစ်ခုကိုသာ ပြန်ထုတ်လိုက်၏။

'ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ အထောက်အထားပြနိုင်ပါသလား ခင်ဗျာ'

တင်မောင်ဆွေက သူ့မှတ်ပုံတင်ကတ်ပြားကို သားရေအိတ်ထဲမှ ထုတ်ပြလိုက်၏။ မှတ်ပုံတင်ကတ်ပြားနှင့်အတူ ရန်ကုန်အထူးသတင်းထောက်လှမ်းရေး တပ်ဖွဲ့ခွဲညွှန်ကြားရေးမှူးထံမှ ထုတ်ပေးသော ထောက်ခံချက်ကိုပါ ထုတ်ပြလိုက်လေသည်။

'လက်စသတ်တော့ ခင်ဗျားက နာမည်ကျော် စုံထောက် တင်မောင်ဆွေကိုး… ကဲ… ခင်ဗျားကို ကျွန်တော်က ဘယ်လိုများ ကူညီဆောင်ရွက်ပေးရမလဲ…'

'အခု တစ်နာရီအတွင်းမှာ ဘုရင်ကြီးမဟာစန္ဒက စီးလာတဲ့ လေယာဉ်ဟာ လေယာဉ်ကွင်းကို ရောက်လာတော့မယ်… ဒီတော့ သူဆိုက်ရောက်လာရင် လေယာဉ်ကွင်းကနေ ဘယ်ကိုမှ





မသွားစေဘဲ ဆိုင်းငံ့နေစေဖို့ လေယာဉ်ကွင်း လုံခြုံရေးတာဝန်ခံကို အကြောင်းကြားပေးဖို့ပါပဲ… ခင်ဗျားတို့ဆီမှာ လေယာဉ်ကွင်းနဲ့ ဆက်သွယ်နိုင်တဲ့ တယ်လီဖုန်းရှိတယ် မဟုတ်လား…'

'ဒီထက်ကောင်းတာရှိပါတယ်… ကြိုးမဲ့ကြေးနန်းစက်လေ… ကဲ… ပြောနေကြာတယ်… ကျွန်တော် အခုပဲ စီစဉ်ပေးပါ့မယ်… ခင်ဗျားတို့ ခဏစောင့်နေကြဦးနော်…'

ပြောပြောဆိုဆိုပင် တပ်စခန်းမှူးသည် ခပ်သုတ်သုတ်ထွက်ခွာသွားတော့သည်။ တင်မောင်ဆွေနှင့် ဂျင်မီစမတ်တို့မှာလည်း တစ်ညလုံး ဘာအစာကိုမှ စားခဲ့ကြသည်မဟုတ်ရကား ရဲတပ်ကြီး ဖျော်ပေးသော ကော်ဖီပူပူပျစ်ပျစ်ကို ကျေးဇူးတင်စွာ သောက်ရင်း စောင့်စားနေလိုက်ကြသည်။

နောက် နာရီဝက်ခန့်ကြာလျှင် တပ်စခန်းမှူးက ပြုံးရွှင်သော မျက်နှာဖြင့် ပြန်ရောက်လာ၏။

'လေယာဉ်ကွင်းက လုံခြုံရေးအရာရှိကိုယ်တိုင်နဲ့ ဆက်သွယ်လို့ရပါတယ်… ခင်ဗျား ညွှန်ကြားချက်ကိုလည်း ပို့ပေးလိုက်ပါပြီ။ ညွှန်ကြားချက်ကို လက်ခံရရှိလိုက်နာမယ့် အကြောင်းလည်း ဟိုက ပြန်အသိအမှတ် ပြုပါတယ်… ဘုရင်ကြီး မဟာစန္ဒကရဲ့ လေယာဉ်ကလည်း နောက်ဆယ့်ငါးမိနစ်အတွင်း ပြန်ရောက်မယ်လို့ ပြန်သတင်းပို့ပါတယ်…'

တင်မောင်ဆွေနှင့် ဂျင်မီစမတ်တို့သည် ပြိုင်တူသက်ပြင်းကြီးများ မှုတ်ထုတ်လိုက်ကြလေသည်။ အချိန်ကတော့ နံနက်ငါးနာရီခွဲပြီး၍ ငါးမိနစ်တိတိရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



(၈)

ခြောက်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုတွင်တော့ သေလာချမ်းမြေ့ ပြည်သူ့ရဲတပ်စခန်းမှနေ၍ ရဲကားနှစ်စီးက မောင်းထွက်လာကြသည်။

ရှေ့ဆုံးမှကားပေါ်တွင် တင်မောင်ဆွေ၊ ဂျင်မီစမတ်၊ စခန်းမှူး၊ ရဲတပ်ကြီးတစ်ယောက်နှင့် ရဲတပ်သားဒရိုင်ဘာ ပါဝင်လေသည်။ ဒုတိယ ကားပေါ်တွင် ရဲတပ်စိပ်တစ်စိပ်က လက်နက်အပြည့်အစုံနှင့် ပါလာကြသည်။

တင်မောင်ဆွေက ဒေါက်တာဟိုးအကြောင်း၊ ဇီဝရာနန်နှင့် စောနုမာလာတို့အကြောင်းကို ရဲစခန်းမှူးအား လမ်းတွင်အကျဉ်းရုံးလျက် ရှင်းလင်းပြောပြလာခဲ့ရာ စခန်းမှူးက စိတ်ဝင်စားစွာ နားထောင်လာသည်။

စောနုမာလာအား ဒေါက်တာဟိုးက ရန်ကုန်မှနေ၍ ခိုးယူလာခဲ့ပုံကအစ၊ သူမအား ဒေါက်တာဟိုးက မြကန်သာ ရေကန်ကြီးကိုဖြတ်လျက် တစ်ဖက်နယ်ခြားသို့သင်္ဘောကလေးတစ်စီးဖြင့် ခိုးပို့ခဲ့ပုံ၊ ထိုသို့ ခိုးပို့ခဲ့သည်ကို သူက ကြားဝင်၍ ဟန့်တားပြီး စောနုမာလာအား ပြန်ခေါ်လာခဲ့ပြီးနောက်၊ ဒေါက်တာဟိုး၏ နေအိမ်တွင် ၎င်းနှင့်ပြန်၍ ရင်ဆိုင်ခဲ့ကြရပုံတွေကို တင်မောင်ဆွေက လိုရင်းတိုကျစွာ ပြတ်ပြတ်သားသား တိတိကျကျ ပြောပြလိုက်သည်။

'အင်း... ဒီအတိုင်းဆိုရင်တော့ ခင်ဗျားရဲ့ဒေါက်တာဟိုးဟာ တော်တော်ကို အကြံပက်စက်ယုတ်မာလှတဲ့ လူကြီးတစ်





ယောက်ပါလား... ပြီးတော့လည်း ကိစ္စက ရောမကြီး ဖြစ်နေပါကလား... ကျုပ်တို့ နယ်ခြားတာဝန်ခံကို အသိပေးရဦးမှာပဲ... အဲဒီကမှတစ်ဆင့် အထက်ကိုတောင် တင်ကြရဦးမှာ သေချာပါတယ်လေ...'

စခန်းမှူးသည် ဤမျှကြီးကျယ်လှသော ကိစ္စတစ်ရပ်တွင် မိမိမမျှော်လင့်ဘဲ ပါဝင်လာရသည့်အတွက် အံ့လည်းသြ၊ ကျေနပ်နေပုံလည်းရလေသည်။

ဂျင်မီစမတ်ကတော့ စောနုမာလာအတွက် စိတ်သောကမအေးသေးဘဲ ဖြစ်နေ၏။

'စောနုမာလာကို ဒီကောင်ကြီး အစောင့်ခိုင်းထားခဲ့ရတာကျုပ်တော့ နည်းနည်းမှ စိတ်မချနိုင်ဘူးဗျ... ဒေါက်တာဟိုးဆိုတဲ့ကောင်ကြီးက သိပ်ကိုဉာဏ်များတာဗျ... ဇီဝရာနန်ဆိုတဲ့ လူကလည်း အကြောင်းရှိရင် သိပ်အားကိုးရမှာ မဟုတ်ပါဘူး... ကားကို ဒီထက်မြန်မြန်မောင်းလို့မရတော့ဘူးလားဗျာ...'

'ဒီထက် မြန်မြန်မောင်းရင် ဟိုကို မရောက်ဘဲ ချောက်ထဲပဲ ထိုးကျသွားလိမ့်မယ်... သိပ်မပူပါနဲ့... ရောက်နေလုပါပြီဗျ...'

စခန်းမှူးက နောက်ကနေ၍ လောဆော်နေသော ဂျင်မီအား ပြန်၍ နှစ်သိမ့်နေစဉ်မှာပင် သူတို့ရှေ့က လမ်းကွေ့၌ ဒေါက်တာဟိုး၏ ခြံဝင်းကြီးကို တွေ့လာရသည်။

အရုဏ်တက်စပြုနေပြီဖြစ်ရာ ဖျော့တော့ဖြူရော်သော အလင်းရောင်က ဝင်းခြံကြီးကို လွှမ်းခြုံတိတ်ဆိတ်လျက် ရှိနေသည်။ ဝင်းခြံကြီး၏အလယ်တွင်တော့ အိမ်ကြီးက ကြီးကြီးမားမားနှင့် တိတ်ဆိတ်စွာ ရပ်တည်လျက်ရှိနေသည်။ ဤအိမ်ကြီးကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်ကြီးထဲတွင် တစ်ညလုံးဖြစ်ပျက်ခဲ့ရသော အဖြစ်အပျက်တွေမှာ မယုံကြည်နိုင်စရာ ကောင်းနေရပေတော့သည်။

ဒေါက်တာဟိုးတို့အား ထားပစ်ခဲ့သော အခန်းပြတင်းပေါက်များတွင် မီးရောင်က လင်းလျက်ပင်ရှိနေကြသေးပေသည်။

'ကြည့်ရတာတော့ အေးအေးဆေးဆေးပါပဲလားဗျာ… ခင်ဗျားတို့ ထွက်လာပြီးနောက်မှ ဘာမှထပ်မဖြစ်ခဲ့ဘူး ထင်ပါရဲ့…'

စခန်းမှူးက အိမ်ကြီးကိုကြည့်ကာ မှတ်ချက်ချလိုက်သည်။ တင်မောင်ဆွေကတော့ ရင်ထဲတွင် စိုးရိမ်မှုကို ဖျောက်ဖျက်ပစ်၍ မရသေးပေ။ အရေးကြီးလှသဖြင့်သာ သူက စောနုမာလာအား ဤအိမ်ကြီးတွင် အစောင့်ထားခဲ့ရခြင်း ဖြစ်၏။ ဒေါက်တာဟိုးကား ဂျင်မီပြောသလိုပင် ဉာဏ်များလှသူတစ်ယောက် ဖြစ်ချေ၏။

သူတို့မရှိစဉ်အတွင်း ဒေါက်တာဟိုးသည် သူ၏မြောက်မြားလှသော ဉာဏ်နီဉာဏ်နက်တွေကို ထုတ်ကာ စောနုမာလာနှင့် ဇီဝရာနန်တို့အား ရန်ပြုရန်ကြိုးစားမည်မဟုတ်ဟု သူက ဘယ်လိုမှ အတတ်မပြောရဲနိုင်ချေ။

သူတို့၏ကားသည် သံဝင်းတံခါးဝကြီးထဲသို့ ချိုးဝင်လိုက်စဉ်မှာပင် သေနတ်သံသုံးချက်က ဆင့်ကာဆင့်ကာ ထွက်ပေါ်လာတော့သည်။ တင်မောင်ဆွေ့နှလုံးသည် ပါးစပ်ထဲသို့ ခုန်ဝင်လာသည်ဟု ထင်မှတ်လိုက်ရ၏။

ဤသေနတ်သံ သုံးချက်ကို ဘယ်သူက ပစ်လိုက်ခြင်းများလဲ… စောနုမာလာကလား… သို့မဟုတ် ဒေါက်တာဟိုးက သေနတ်ရသွားပြီး ပစ်လိုက်ခြင်းများလော…။

ကားက ကျွီခနဲ ထိုးရပ်သွားသည်နှင့်တစ်ပြိုင်နက်





တင်မောင်ဆွေကလည်း မြေပြင်ပေါ်သို့ရောက်ပြီး ဖြစ်နေကာ အိမ်ကြီး၏အဝင်ဝဆီသို့ ခြေကုန်သုတ်ပြေးသွားတော့သည်။

သူ့နောက်မှ စခန်းမှူးနှင့် ဂျင်မီစမတ်တို့က ကပ်လျက်သား လိုက်ပါလာကြသည်။

အိမ်တံခါးမကြီးကား စေ့ရုံသာစေ့ထားလေရာ တင်မောင်ဆွေက အလွယ်တကူပင် တွန်းဖွင့်ပြီးအိမ်တွင်းသို့ ခုန်ဝင်လိုက်လေသည်။ အိမ်ခန်းမကြီးထဲတွင်ကား လူရှင်းနေ၏။ သေနတ်သံများက စောနုမာလာတို့အား ထားခဲ့သည့်အခန်းတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

တင်မောင်ဆွေက သူ့လက်ထဲတွင် ဓားမြှောင်ကလေး ဒေဝီကို အသင့်ကိုင်ထားရာကပင် ထိုအခန်းတံခါးဆီသို့ ဆက်ပြေးခဲ့သည်။ ဂျင်မီနှင့်ရဲစခန်းမှူးကလည်း သူ့နောက်က ထပ်ချပ်လိုက်လာကြကာ ရဲစခန်းမှူး၏လက်တွင်းဝယ်တော့ သူ၏ ဆားဗစ္စရီဗော်လ်ဗာ သေနတ်က အသင့်ရောက်နေ၏။

တင်မောင်ဆွေက အခန်းတံခါးဝမှခုန်ဝင်လိုက်ပြီး နောက်မှ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားတော့သည်။

စောနုမာလာကို ဘယ်လိုမှ ဘေးမသီရန်မခ ကုလားထိုင်ဘေးတွင် ရပ်လျက်သား သူက တွေ့လိုက်ရသည်။ အခန်းအလယ်တွင် ရပ်လျက် ညာလက်တွင် သေနတ်တွဲလောင်း ကိုင်ထားကာ သူ့ခြေရင်းမှ ဒေါက်တာဟိုးအား ငုံ့ကြည့်နေသော ဇီဝရာနန်အား သူမက ဖြူရော်သော မျက်နှာကလေးဖြင့် ကြည့်နေသည်။

ဒေါက်တာဟိုးကတော့ ဇီဝရာနန်၏ ခြေရင်းမှကြမ်းပြင်ပေါ်တွင် သွေးအိုင်ထဲ၌ မလှုပ်မရှားငြိမ်သက်လျက် ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ၄င်းထံသို့ လျှောက်သွားကာ ဒေါက်တာဟိုးအား စစ်ဆေးကြည့်ရှုလိုက်သည်။

ဝမ်းဗိုက်တွင် ဒဏ်ရာနှစ်ချက်၊ ရင်ဘတ်တွင် ဒဏ်ရာ တစ်ချက်ရှိနေသည်။ တင်မောင်ဆွေက စစ်ဆေးကြည့်ရှုနေစဉ်မှာပင် ၄င်းသည် မျက်လုံးများဖွင့်ကြည့်လိုက်ကာ ပါးစပ်လှုပ်လာ၏။

'ဇီဝ… ရာနန်က ကျုပ်ကို တမင်သက်သက် ပစ်သတ်…'

ဒေါက်တာဟိုးသည် စကားမဆက်နိုင်ဘဲ ပါးစပ်မှသွေးတွေ ရဲခနဲ ကျလာရာကပင် ဇက်ကျိုးကျသွားတော့သည်။ ဝါဒီသမားကြီးကား သူ့ဘဝကိုဇာတ်သိမ်းသွားခဲ့လေပြီ။

(ဃ)

တင်မောင်ဆွေက ထိုင်ရာမှထလိုက်ကာ ဇီဝရာနန်အား ရင်ဆိုင်လိုက်သည်။ သူ့မျက်နှာသည် တင်းမာလျက် ရှိနေသည်။

'ခင်ဗျားက သူ့ကို တမင်သက်သက် ပစ်သတ်လိုက်တာဆို…'

ဇီဝရာနန်က ရင်ကော့ရပ်လိုက်သည်။

'ဟုတ်တယ်လေ… ကျုပ်က သူ့ကိုသုတ်သင် ကွပ်မျက်ပစ်လိုက်တာပဲ… သူဟာ သေထိုက်တဲ့ လူပဲ… ပထမ ကျုပ်ယူမယ့် မိန်းမကို အတင်းအဓမ္မခိုးပြေးပြီး ကျုပ်ကို စော်ကားခဲ့တယ်။ ဒုတိယ ကျုပ်ကိုသတ်ဖို့ကြိုးစားခဲ့တယ်…, ဒါတွေဟာတင်ပဲ ကြီးလေးလှတဲ့ အပြစ်တွေပဲ… အကြီးလေးဆုံးအပြစ်ကတော့ ကျုပ်တို့





နိုင်ငံတော်ရဲ့ အဓိပတိ မဟာစန္ဒက ဘုရင်ကြီးကို လုပ်ကြံဖို့ကြံစည်ခြင်းပဲ…'

ဇီဝရာနန်က ဒေါက်တာဟိုး၏အလောင်းပေါ်သို့ ပစ်ခနဲ တံတွေးထွေးချလိုက်သည်။

'အစကတော့ ကျုပ်က သူ့ကို ကျုပ်တိုင်းပြည်ကို ပြန်ခေါ်သွားပြီး၊ ဟိုကျမှ ခုံရုံးတင်ကွပ်မျက်ပစ်မလို့ပါပဲလေ… ဒါပေမဲ့ သူက ကျုပ်ကို ထပ်စော်ကားခဲ့ပြန်တယ်… ခင်ဗျားတို့သွားနေတုန်းမှာ သူက ကျုပ်ကို သူနဲ့ပူးပေါင်းပါတဲ့… ပူးပေါင်းရင် ကျုပ်ကို သူက ကျုပ်တို့တိုင်းပြည်မှာ အာဏာအရှိဆုံးလူတစ်ယောက်ဖြစ်အောင်လုပ်ပေးပါ့မယ်တဲ့… ရယ်စရာ ကောင်းလိုက်တာဗျာ… ကျုပ်ဟာ အခုကတည်းကပဲ ကျုပ်တိုင်းပြည်မှာ အာဏာအရှိဆုံးလူတစ်ယောက်ဖြစ်နေတာကို သူသိသားပဲ။ နောက်ဆုံးကျတော့ သူက ကျုပ်ကို လာဘ်ထိုးခဲ့ပြန်တယ်။ သူ့ကို ကျုပ်က လွှတ်ပေးရင် ကျုပ်ကို သူက အမေရိကန်ဒေါ်လာနှစ်သန်းပေးပါ့မယ်တဲ့လေ… ကျုပ်လို လူစားမျိုးကို လာလာဘ်ထိုးတာ၊ သူဟာ ကျုပ်ကို အစော်ကားဆုံးပဲ… ဒါကြောင့် ကျုပ်က သူ့ကို ကွပ်မျက်ပစ်လိုက်ရတာပဲ…'

တင်မောင်ဆွေက သူ့ပခုံးများကို တွန့်လိုက်၏။

'ဘာပဲဖြစ်ဖြစ် ဇီဝရာနန်… ကျုပ်ပြောခဲ့သလိုပဲ၊ ကျုပ်တို့ တိုင်းပြည်မှာ လူတစ်ယောက်ကို အကြောင်းမဲ့သတ်ပစ်ဖို့ ကျုပ်တို့တရားဥပဒေက ခွင့်မပြုပါဘူး။ ဒီတော့ ခင်ဗျားအခုလိုလုပ်လိုက်တာကို ကျုပ်တို့ရဲ့ တရားဥပဒေအရတော့ ဖြေရှင်းရဦးမှာပဲ… ကဲ… ဦးသန်းအောင် ခင်ဗျား ဝတ္တရားအရလုပ်ဗျာ…



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းမှူးက ဇီဝရာနန္ဒ၏ရှေ့တွင် ရပ်လိုက်သည်။

'ကဲ… လူကြီးမင်း… ခင်ဗျားလက်ထဲက သေနတ်ကို အပ်ပါ…'

ဇီဝရာနန္ဒက သူ့လက်ထဲက သေနတ်ကို ရဲစခန်းမှူးလက်ထဲသို့ ဖြည်းညင်းစွာ ထည့်ပေးလိုက်၏။ တင်မောင်ဆွေကတော့ ကုလားထိုင်တွင် ဖြူရော်သောမျက်နှာ နုံးခွေသော ကိုယ်ခန္ဓာဖြင့် ထိုင်နေသော စောနုမာလာ၏ ပခုံးကလေးကို ညင်သာစွာ ဖျစ်ညှစ်လိုက်လေ၏။

(၄)

နောက်ရက်ပေါင်းနှစ်ဆယ်ခန့်အကြာတွင် တင်မောင်ဆွေလည်း ရန်ကုန်မြို့ရှိ သူ့ရုံးခန်းထဲတွင် ထိုင်နေရာမှ သတင်းစာတစ်စောင်ကို ဖတ်ရှုနေသည်။

သူဖတ်ရှုနေသော သတင်းကား (….)ပြည်မှ၊ နိုင်ငံအဓိပတိ မဟာစန္ဒကဘုရင်အား လမ်းမှဖြတ်၍ မိုင်းဗုံးထောင်ရန် ကြိုးစားနေစဉ် လက်ရဖမ်းဆီးမိခဲ့သော ဟုတ်စိန်ဆိုသည့် ဖော်မိုဆာကျွန်းဇာတိ တရုတ်ဖြူကို ယနေ့မှစတင်၍ အထူးခုံရုံးတင်ကာ စစ်ဆေးနေပြီဟူသည့် သတင်းပင်ဖြစ်လေသည်။

တင်မောင်ဆွေက သတင်းစာကို လက်ထဲမှချလိုက်စဉ် မေစီက သူ့ရုံးခန်းထဲသို့ လက်ထဲတွင် စာအိတ်ကလေးတစ်အိတ်ကိုင်၍ ဝင်လာကာ သူ့အား လှမ်းပေးလိုက်၏။

စာအိတ်ထဲတွင် စာကလေးတစ်စောင် ပါလေသည်။





*ကိုတင်မောင်ဆွေ…*

*ကျွန်မကတော့ ခမည်းတော်ကြီးနဲ့အတူ ဒီကနေ့ပဲ ပြည်တော်ပြန်သွားပါပြီ။ ကျွန်မတို့နဲ့အတူ ဇီဝရာနန္ဒပါ တစ်ပါတည်းပြန်ပါလိမ့်မယ်။*

*ကိုတင်မောင်ဆွေကို ကျွန်မဘယ်တော့မှမမေ့ပါဘူး။ ကိုတင်မောင်ဆွေက ကျွန်မတို့တိုင်းပြည်ကိုများ ရောက်လာရင် ကျွန်မက အမြဲစောင့်ကြိုလျက် ရှိနေပါတယ်ဆိုတာကို သိထားပါနော်…*

*ချင်မီကိုလည်း နှုတ်ဆက်လိုက်ပါ…*

*သင်တို့ရဲ့*

*စောနုမာလာ*

တင်မောင်ဆွေက စာကို မေစီအား ပြလိုက်သည်။

မေစီက စာကိုဖတ်ကြည့်ပြီး တင်မောင်ဆွေ့အား ခနဲ့ပြုံးပြုံး၍ ကြည့်လိုက်သည်။

'ကိုဆွေ့ကို စောင့်ကြိုနေကြတဲ့ အမျိုးသမီးတွေကတော့ တော်တော်များနေပြီနော်…'

'ဘယ်လောက်များနေနေ၊ ကိုဆွေ့အတွက် တစ်မိုးအောက် တစ်ယောက်တည်းပဲဆိုတာကို၊ အစီက သိပြီးသားပါကွယ်…'

တင်မောင်ဆွေက ပြောပြောဆိုဆို မေစီ၏ကိုယ်လုံးကလေးကို သူ့ထံအသာဆွဲယူလိုက်လေ၏။

မိုးဝေ

www.burmeseclassic.com